

တက္ကသိုလ်
ငွေဂယင်းဝံ့ဓားကောင်း
ကုလုဏ်ဝုရဲ့ ဆွန်း း ချူး
သိုင်းဧကရာဇ်သရဖူ
လက်လှမ်းမမီသူ

# တက္ကသိုလ် နေလင်းအောင်

# သိုင်းကေရာဇ်သရဖူ လက်လှမ်းမမီသူ

စာစဉ်(၃)

စာမူခွင့်ပြုချက်အမှတ်　၅၀၁၁၄၀၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်　၅၀၁၀၈၃၀၈၀၈

၂၀၀၅ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀၀/–ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး ပုံနှိပ်**

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅–လမ်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9(H) နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး　ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး　ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး　ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆ ံကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ကျင်လင်မြို့၌ 'များ' သုံးများရှိ၏။

ထိုများသုံးများမှာ ...

အာမခံဌာနများခြင်း၊

တည်းခိုခန်းများခြင်းနှင့်

လက်ဖက်ရည်ဆိုင်များခြင်းတို့ပင် ဖြစ်ပါသည်။

ဝါယင်လုံမှာ ကျင်လင်မြို့သို့တွင်းသို့ လှည့်ပတ်ကာ ထူးဆန်းသော လူစုအား မသိမသာ ရှာဖွေခဲ့၏။

သို့သော် နေ့တစ်ဝက်ခန့်သာ ကျိုးသွားသည်။ ထူးဆန်းသော လူစုကိုမူ မတွေ့မိပါချေ။

ဤသို့ဖြင့် လျှောက်ရင်း လျှောက်ရင်းနှင့် ယန်စီမြစ်ဆိပ်ကမ်းဘက်သို့ ရောက်လာခဲ့၏။

ထိုဆိပ်ကမ်းကွက်မှာ ကျင်လင်မြို့၏ ဆင်းရဲသားရပ်ကွက် ဖြစ်သည်။

စုတ်ချာသော အိမ်များသာ ရှိ၏။

ထို့အတူ နေထိုင်သော လူများမှာလည်း မိုက်တိမိုက်ကန်းပုံစံ အောက်တန်းစား လူများသာရှိသည်။

ဝါယင်လုံက ထိုသူများကို ဂရုမစိုက်ပါ။

ထိုလူများသည် မိုက်တိမိုက်ကန်းများဖြစ်သော်လည်း သိုင်းပညာ အဆင့်နိမ့်သူများ ဖြစ်ကြောင်း အကဲခတ်မိ၍ ဖြစ်၏။

ဝါယင်လုံသည် လှျောက်လာရင်း မြစ်ကမ်းနံဘေး၌ ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်အတွင်း လှမ်းဝင်လိုက်၏။

လက်ဖက်ရည်ဆိုင်ဆိုသည်မှာ လူစုံလှ၏။

ထို့ကြောင့် သူသိလိုသော ထူးဆန်းသည့် လူစုသတင်းကို စုံစမ်းလို၍ ဖြစ်သည်။

သို့သော် လက်ဖက်ရည်ဆိုင်အောက်ထပ်၌ လူပြည့်နေသောကြောင့် အပေါ်ထပ်သို့ တက်လာခဲ့၏။

ပြီးနောက် ပြတင်းပေါက်နံဘေး ကပ်လျက် စားပွဲတွင် နေရာယူကာ မြစ်အတွင်း သွားလာနေကြသော လှေငယ်များကို ငေးကြည့်နေသည်။

သို့သော် သူ၏နားကမူ ဆိုင်ထဲမှ စကားသံများကို နားစွင့်ထားလိုက်၏။

ပထမဦးဆုံး ကြားလိုက်ရသော စကားသံမှာ ...

"အစ်ကို ... ဒီလူငယ်ကြည့်ရတာ မခေဘူး"

နောက်တစ်ယောက်က ...

"မဆိုးဘူး၊ ဒီလူငယ်က ခံ့ညားရုံတင်မကဘူး၊ မျက်လုံးလည်း စူးရှတယ်၊ သိုင်းသမားတစ်ယောက်ပဲ ဖြစ်ရမယ်"

ပထမလူက ...

"တကယ်လို့ ဒီလူငယ်ဆီကသာ အကူအညီရရင် တခြားသူ မလိုတော့ဘူး"



"အခုလည်း လူလိုက်စုနေပြီပဲ မဟုတ်လား"

"မဟုတ်သေးဘူး၊ တော်တော်ကြာ အချိန်လင့်သွားမှာ စိုးရတယ်"

"ညီလေးကလဲကွာ၊ သူနဲ့လည်း သိမှမသိဘဲ၊ ဘာဖြစ်လို့ ဒီလိုအတွေးဝင်ရတာလဲ"

"ခုနေမှာက လူအင်အား လိုနေတာကိုး"

"လူကယ်ဖို့ဆိုတာ လွတ်တာမဟုတ်ဘူး"

"အေးလေ ... ဒါကြောင့် ကျွန်တော်ပြောတာပေါ့၊ အခုပဲ တစ်ရက်နောက်ကျသွားပြီ"

ဝါယင်လုံမှာ ထိုစကားများကို ကြားလာသောအခါ စိတ်ဝင်စားသွား၏။

လူငယ်ပီပီ စူးစမ်းလိုသောစိတ်များလည်း ဖြစ်ပေါ်လာ၏။

သူသည် စကားသံကြားရာဘက်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်၏။

ထိုစားပွဲ၌ လူသုံးယောက် ထိုင်နေ၏။

တစ်ဦးမှာ မျက်နှာတွင် ဓားဒဏ်ရာရရှိထားသော လူကြီးတစ်ယောက်ဖြစ်၏။

ကျန်နှစ်ဦးမှာမူ အသက်သုံးဆယ်ကျော် ပတ်ဝန်းကျင်ခန့် ဖြစ်သည်။

လက်နက်ကိုယ်စီ ဆောင်ထားကြ၏။

စိတ်လှုပ်ရှားနေသော အသွင်သဏ္ဌာန်မှာလည်း မျက်နှာပေါ်တွင် ပေါ်လွင်နေ၏။

ဝါယင်လုံက ကြည့်လိုက်သောအခါ ထိုလူများသည် မသိချင်ဟန် ဆောင်နေကြသည်။

ဝါယင်လုံက ပြုံးပြလိုက်ပြီး ...

"ခင်ဗျားတို့ မပင်ပန်းဘူးဆိုရင် ကျွန်တော့်စားပွဲကို ကြွလာခဲ့ပါလား၊ စကားပြောလို့ အဖော်ရတာပေါ့"

ဟု ဖော်ရွေစွာ လှမ်းပြောလိုက်၏။

ထိုလူသုံးယောက်မှာ ဝါယင်လုံ၏ စကားကြောင့် တစ်ချက်ကြောင်သွား၏။

ပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး စားသောက်ဖွယ်ရာများ မ,ကာ ဝါယင်လုံ၏ စားပွဲဆီသို့ ရွေ့လာခဲ့ကြလေတော့လသည်။

❑ ❑ ❑

## အခန်း (၂၅)
## ရှာပုံတော်

ပိန်ပိန်ရှည်ရှည်လူက ဝါယင်လုံ၏ စားပွဲသို့ရောက်သည်နှင့် လက်နှစ်ဖက်ဆုပ်လိုက်ပြီး ဂါရဝပြုလေ၏။

"ကျွန်တော့်နာမည် လော့ကျန်ဘူးပါ"

ဟု ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်၏။

ဝါယင်လုံကလည်း ပြုံး၍ လက်နှစ်ဖက်ဆုပ်လိုက်၏။

"ကျွန်တော့်နာမည် ပိုင်ယီပါ"

လော့ကျန်ဘူးက သူ့နံဘေးမှလူကို ညွှန်ပြပြီး ...

"သူကတော့ မာစုကျန်ပါ"

ဝါယင်လုံ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ကဲ ... ကဲ ... ထိုင်ကြပါဦး"

အားလုံးပင် ထိုင်လိုက်ကြ၏။

အားလုံးထိုင်ပြီးတော့မှ ဝါယင်လုံက မေးလိုက်၏။

"ခင်ဗျားတို့ပြောနေတဲ့ စကားကို ကျွန်တော် ကြားမိပါတယ်၊

အဲ့ဒီအထဲမှာ လူကယ်ဖို့အကြောင်း သိလိုက်ရတယ်၊ ခင်ဗျားတို့မှာ ဘာအခက်အခဲများ ရှိနေသလဲ၊ ကျွန်တော့်ကို ပြောပြပါလား”

သူ၏စကားကြောင့် လော့ကျန်ဘူးမှာ ငေးငိုင်သွား၏။

အတန်ကြာ ငေးငိုင်နေပြီးမှ လော့ကျန်ဘူးက စိတ်မကောင်းဟန်ဖြင့် ပြောလေ၏။

“ကျွန်တော်တို့ ခင်ဗျားကို သက်သက် ဒုက္ခပေးသလို ဖြစ်နေပါ့မယ်”

ဝါယင်လုံက ပြုံးလိုက်ပြီး ...

“ပြောသာပြောပါ၊ ကျွန်တော် ကူညီနိုင်မယ်ထင်ရင် အစွမ်းကုန် ကူညီပါ့မယ်၊ မကူညီနိုင်ဘူးဆိုရင်လည်း ခင်ဗျားတို့ ထိုင်ရှိခိုးတောင် ကျွန်တော်က ကူညီနိုင်မှာမဟုတ်ဘူး၊ ခပ်ပြတ်ပြတ်ပဲ”

ဝါယင်လုံမှာ အတွေ့အကြုံ နုနယ်သေးသော လူငယ်တစ်ယောက်ဖြစ်ကြောင်း လော့ကျန်ဘူး ရိပ်မိလိုက်၏။

သို့သော် မာစုကျန်ကမူ ဝမ်းသာသွားပြီး ဒုံဒိုးပြောလေ၏။

“ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားရဲ့ အကူအညီကို လိုချင်ပါတယ်”

ဝါယင်လုံက ခေါင်းညိတ်လိုက်သည်။ ကိစ္စကို မပြောဘဲနှင့် အကူအညီ လိုသည်ကိုသာ ပြောသည်။

“ကိစ္စကို အရင်ပြောပြပါလား”

မာစုကျန်က ...

“ဒီလိုပါ ... တစ်နေ့ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ မိတ်ဆွေတစ်ယောက်နဲ့အတူ လူတစ်ယောက်ကို လိုက်ရှာကြပါတယ်၊



လိုက်ရှာဖွေရင်း ကျင်လင်ရဲ့ အနောက်ဘက်မြို့ပြင်မှာ လူတစ်စုနဲ့ တွေ့ခဲ့ပါတယ်”

ဝါယင်လုံက ...

“တိုတိုနဲ့ လိုရင်းကိုပဲပြောပါ၊ အချိန်တွေ အချည်းအနှီး မကုန်ဘူးပေါ့”

မာစုကျန်က ...

“ဟုတ်ကဲ့ ... အဲဒီလူစုနဲ့တွေ့တော့ ကျွန်တော့် မိတ်ဆွေက သူရှာနေတဲ့ လူတစ်ယောက်နာမည်ကိုပြောပြီး မေးမြန်းပါတယ်၊ ဒီလူစုဟာ အဲ့ဒီနာမည်လည်းကြားရော ကျွန်တော်တို့ကို အတင်းဝင်ပြီး တိုက်ခိုက်ပါတယ်၊ ဒီမှာတင် ကျွန်တော်တို့ကလည်း ပြန်ပြီးတိုက်ခိုက်ခဲ့ပါတယ်”

မာစုကျန် စကားသာ နားထောင်ရလျှင် အချိန်ကုန်ပြီး ရေရေရာရာ နားလည်မည်မဟုတ်ကြောင်း သိလိုက်၏။

ထို့ကြောင့် သူက ကြားဖြတ်မေးလိုက်၏။

“ခင်ဗျားတို့ လိုက်ရှာနေတဲ့ လူက ဘယ်သူလဲ”

မာစုကျန်က ပြောမည်ဟန်ပြင်ပြီးမှ ပတ်ဝန်းကျင်အား တစ်ချက်ကြည့်ကာ ပါးစပ်ပိတ်ထား၏။

ဝါယင်လုံက ပြုံးလိုက်ပြီး ...

“ဒီလိုဆိုရင် ခုံပေါ်မှာ ရေနွေးကြမ်းနဲ့ ရေးပြပါလား၊ ဒါဆို ဘယ်သူမှ မသိနိုင်ပါဘူး”

ဟု ပြောလိုက်၏။

မာစုကျန်က ခေါင်းညိတ်ပြီး ရေးပြလိုက်၏။

မာစုကျန် ရေးပြသောအမည်ကို တွေ့သောအခါ ဝါယင်လုံမှာ မျက်လုံးပြူးသွားလေတော့သည်။

မာစုကျန် ရေးပြသည်မှာ ...

"ဝါယင်လုံ ..."

ဟူသောကြောင့်ပင်တည်း။

သူက မာစုကျန်အား ကြည့်ရင်း ...

"ခင်ဗျားမိတ်ဆွေ အမည်ကကော ..."

မာစုကျန်က ရေးပြလိုက်ပြန်သည်။

"ယီကျောင်နန်"

ဝါယင်လုံက ...

"ယီကျောင်နန်"

ဟု လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

ခင် ... ခင်ဗျား ယီကျောင်နန်ကို သိလို့လား"

"စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော်က ယီကျောင်နန် ရှာနေတဲ့ ဝါယင်လုံကပါ၊ ကျူးယင်ဂိုဏ်းချုပ်ဖမ်းသွားပြီး ပြန်လွှတ်ခဲ့တာပါ"

မာစုကျန်က ဝမ်းသာသွားပြီး ရေနွမ်းကြမ်းကို လက်နှင့်တို့ကာ ခုံပေါ်တွင် စာများ ရေးချလိုက်လေသည်။

"ယီကျောင်နန် အဖမ်းခံနေရတယ်၊ အနောက်ကျေးရွာမှာ ဖြစ်ဖို့များတယ်၊ အခုအချိန်ထိ ရှိမရှိ မသေချာပါ၊ အမြန်ကယ်ဖို့ အရေးကြီး ..."

သူရေးပြနေသော စကားမဆုံးခင် ဝါယင်လုံက ထရပ်လိုက်ပြီး

"ဒါဆို ကျုပ်တို့ သွားကြမယ်"



လော့ကျန်ဘူးက ဝင်ပြောလိုက်၏။

"ကျွန်တော်တို့ လူစုနေပါတယ်၊ သူတို့ရောက်လာမှ သွားကြတာပေါ့"

ဝါယင်လုံက ...

"ယီစန်းသက်ကို သွားခေါ်တာလား၊ ယီစန်းသက်ကို သိတယ် မဟုတ်လား"

လော့ကျန်ဘူးက ...

"မဟုတ်ပါဘူး"

ဝါယင်လုံက ...

"ခင်ဗျားတို့ စကားအရ အဖမ်းခံရတာ တစ်ရက်ကျော်သွားပြီ၊ သူ့အခြေအနေ ဘယ်လိုမှန်းမသိသေးဘူး၊ ထပ်နောက်ကျလို့ မကောင်းဘူးဗျ၊ သူ ဒုက္ခရောက်နိုင်တယ်"

မာစုကျန်က ...

"ဟုတ်ပါတယ်၊ ကျုပ်တို့လူစုပြီးတာနဲ့ ချက်ချင်းသွားမှာပါ၊ ခဏလေးစောင့်ပါ"

ဝါယင်လုံက ...

"ယီကျောင်နန်ကို ဖမ်းသွားတဲ့လူတွေရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပါဦး"

လော့ကျန်ဘူးက ...

"သူတို့အားလုံး လေးယောက်ပါ၊ တစ်ယောက်ကတော့ မိန်းကလေးပါ၊ သူက ဝတ်စုံအနီရောင် ဝတ်ဆင်ထားပါတယ်၊ ယောကျ်ား သုံးယောက်မှာ နှစ်ယောက်က အဝါရောင်ဝတ်စုံရှင်ကို ဝတ်ဆင်ထား

ပြီး ကျန်တစ်ယောကကဖအသက်ငယ်တယ်၊ စာပေသမားတစ်ယောက်ပုံစံပဲ”

ဝါယင်လုံက ...

“ဒါထက် အနောက်ကျေးရွာက ဘယ်မှာလဲ”

လော့ကယန်ဘူးက ရှင်းပြသည်။

“အနောက်ကျေးရွာက ဒီကနေသွားရင် တစ်နေ့နဲ့ တစ်ညလောက် ကြာမယ်၊ အဲ့ဒီမှာရှိနိုင်တာကတော့ ကျွန်တော်တို့ ခန့်မှန်းတာပဲ၊ ဘာကြောင့်လဲဆိုရင် ဒီလူစုက အဲဒီဘက်ကို သွားတော့ နားစရာဟာ အနောက်ကျေးရွာ တစ်ခုပဲရှိတယ်၊ ရေလမ်းကသွားရင် ကျင်လင်မြို့လွန်ပြီးတာနဲ့ ပထမဆုံးတွေ့ရတဲ့ အဆောက်အအုံဟာ အနောက်ကျေးရွာပါပဲ”

ဝါယင်လုံက ငွေတုံးတစ်တုံးယူကာ စားပွဲပေါ်၌ ချထားလိုက်၏။

သူသည် စိတ်လောနေ၏။ ယီကျောင်နန်ကို ကယ်တင်နိုင်ပါမည်လော။

ထို့နောက် မာစုကျန့်တို့အား ပြောလိုက်၏။

“ခင်ဗျားတို့နဲ့ ဟိုကျရင် တွေ့ကြတာပေါ့၊ ကျုပ် သွားနှင့်မယ်”

သူသည် ဆိုင်အောက်သို့ ပြေးဆင်းသွားလေတော့သည်။

သူသည် လှေဆိပ်သို့ ပြေးလေတော့၏။

ပတ်ဝန်းကျင်က လူများက အပြေးအလွှားသွားနေသော သူ့အား အထူးအဆန်းသဖွယ် ကြည့်ကြ၏။



ဝါယင်လုံမှာ လှေငယ်တစ်စင်းကို ငှားရမ်းလိုက်၏။

လှေသမားကို အပြင်းလှော်ခတ်စေ၏။ လှေသမားကလည်း လှော်သည်။

ကျင်လင်မြို့ အနောက်ဘက်သို့ ဦးတည်လှော်ခတ်နေခြင်း ဖြစ်လေ၏။

သူ၏ရင်ထဲ၌ တထိတ်ထိတ်ခုန်နေသည်။

ယီကျောင်နန်သည် သူ့အားကယ်တင်ရန် ရှာဖွေရင်း ယခုလို အဖမ်းခံရသောကြောင့် ပို၍ဆန္ဒစောနေခြင်း ဖြစ်သည်။

ထို့ကြောင့် ယီကျောင်နန်အား မဖြစ်မနေ အသက်စွန့် ကယ်တင်မည်ဟု ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်။

အချိန်များ တရွေ့ရွေ့ ကုန်လွန်လာ၏။

တစ်နေ့နှင့် တစ်ညဟူသော အချိန် ကုန်ဆုံးပြီးနောက် မြစ်ကမ်းစပ် တစ်နေရာတွင် ရဲတိုက်တစ်ခုကို လှမ်း၍ တွေ့မြင်လိုက်ရသည်။

လှေသမားသည် ကမ်းသို့ ထိုးဆိုက်လိုက်၏။

ဝါယင်လုံလည်း ရဲတိုက်ရှိရာသို့ အပြေးအလွှား သွားလေတော့သည်။

အနောက်ကျေးရွာ။

အနောက်ကျေးရွာဟူသည်မှာ ကျေးရွာတစ်ခု မဟုတ်ပါ။

ကျင်လင်အနောက်ဘက်ရှိ ရဲတိုက်တစ်ခု၏ အမည်သာဖြစ်ပါသည်။

ရဲတိုက်ပိုင်ရှင်မှာ ဟူချင်ဖြစ်၏။

ဟူချင်မှာ သိုင်းလောကနှင့် အဆက်အသွယ်မရှိသော လူတစ်ယောက်ဟု ကျင်လင်တစ်မြို့လုံးက သိထားကြသည်။

ဟူချင်တို့မှာ စားနပ်ရိက္ခာအတွက် တစ်ပတ်တစ်ခါ ကျင်လင်သို့ လာရောက်ဈေးဝယ်သည်မှလွဲ၍ အဆက်အဆံပြုခြင်း မရှိချေ။

မြို့လူထုနှင့်လည်း ဝယ်ခြမ်းသည့်ကိစ္စမှတစ်ပါး အဆက်အဆံမရှိချေ။

ဝါယင်လုံမှာ ရဲတိုက်အနီးသို့ ရောက်၍လာ၏။

ရဲတိုက်မှာ မြင့်မားခြင်း မရှိပါ။

ထို့အတူ ရဲတိုက်အား ကာရံထားသော အုတ်တံတိုင်းမှာလည်း သာမန်မျှသာ ဖြစ်သည်။

ဝါယင်လုံက ရဲတိုက်အနီး သစ်ပင်ကွယ်မှနေ၍ အကဲခတ်စောင့်ကြည့်နေ၏။

လူသူအရိပ်အယောင်ပင် မတွေ့ရချေ။

သူက စောင့်ကြည့်နေရာမှ ထွက်မည်အပြု အနီရောင်အရိပ်တစ်ခုမှာ အုတ်တံတိုင်းအား ကျော်လွှားပြီး ရဲတိုက်အတွင်းသို့ ပြေးဝင်သွားသည်ကို တွေ့ရသည်။

သူသည် အနီရောင်အရိပ်အား ကြည့်ရင်း ငေးကြောင်သွားသည်။

ထိုအရိပ်အား တွေ့ဖူးသည်ဟုထင်မိ၏။

တစ်ဆက်တည်းပင် ဝမ်ကျောက်နီအား သတိရလာလေသည်။

"ဝမ်ကျောက်နီများလား"

သူသည် ဝမ်ကျောက်နီနှင့် တစ်ခါတွေ့ခဲ့ဖူး၏။



ယခုလို ပြန်လည်ဆုံဆည်းရမည်ဟု မထင်ခဲ့ချေ။

မာစုကျုန်တို့ ပြောသော စကားအရ ယီကျောင်နန်အား ဖမ်းဆီးသည့် လူစုတွင် အနီရောင်မိန်းကလေး ပါသည်ဟု ဆိုသောကြောင့် ဤရဲတိုက်အတွင်း၌ ထိုလူစု ရှိမှာ သေချာသလောက်ဟု တွေးမိ၏။

ထို့ကြောင့် သူသည် အုတ်တံတိုင်းကို ကျော်တက်ကာ တိုက်ဝင်းသို့ ခုန်ဝင်လိုက်တော့သည်။

သူသည် ရဲတိုက်အတွင်း ခြေချမိသည်နှင့် သူနှင့် မလှမ်းမကမ်းရှိ အခန်းတစ်ခု၏ တံခါးပွင့်သွားပြီး လူတစ်ယောက် ထွက်လာ၏။

ဝါယင်လုံမှာ ရုတ်တရက်ဖြစ်၍ ကြောင်သွားလေ၏။

ထိုစဉ် ထိုလူက သူ့အား လက်ရပ်ခေါ်လိုက်၏။

ထို့နောက် ပါးစပ်တွင် လက်ညှိုးကန့်လန့်ပိတ်ကာ အသံမထွက်စေရန်လည်း သတိပေးလိုက်သေးသည်။

ဝါယင်လုံမှာ အံ့သြသွား၏။

ထိုလူ၏အပြုအမူအရ ရန်သူမဖြစ်နိုင်ပါ။

ထို့နောက် ချက်ချင်းပင်ထိုလူ၏အခန်းတွင်းသို့ ပြေးဝင်လိုက်လေသည်။

ထောင်ချောက်ဆိုလျှင် သူခံလိုက်ပေရော ...။

အဘယ့်ကြောင့်ဆိုသော် ယီကျောင်နန်အား ကယ်တင်ရန် စိတ်စောနေသည် မဟုတ်ပါလော။

ထိုလူက တံခါးကို ပြန်ပိတ်လိုက်၏။

ဝါယင်လုံက ...

"ခင်ဗျားက အနောက်ကျေးရွာက လူလား"

ထိုလူက ခေါင်းညိတ်လိုက်၏။

ဝါယင်လုံက ...

"ဒါဆိုရင် ဒီမှာ လူစိမ်းတွေ ရောက်နေသလား"

ထိုလူက ဝါယင်လုံအား စိုက်ကြည့်လိုက်ပြီး ...

"မင်းက ..."

ဝါယင်လုံက ...

"ကျွန်တော်က ကျွန်တော့် မိတ်ဆွေ အဖမ်းခံနေရလို့ လာပြီး ကယ်မလို့ပါ"

ထိုလူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဒါဆိုရင် မင်းက ဝါယင်လုံလား"

ဝါယင်လုံက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်၊ ကျွန်တော် ဝါယင်လုံပါ"

ထိုလူမှာ မျက်နှာပျက်သွားပြီး ...

"ဒါဆို မင်း ဒီကနေ မြန်မြန်ထွက်သွားပါ"

"ဘာဖြစ်လို့လဲ"

"သူတို့တစ်တွေ ခင်ဗျားကို ရှာနေကြတာဗျ"

ဝါယင်လုံက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ပြန်လို့မဖြစ်သေးဘူး"

ထိုလူက ...

"ဒီလူတွေက သိုင်းပညာအဆင့်မမြင့်ပေမယ့် သူတို့အဆိပ်က ကြောက်ဖို့ကောင်းတယ်"



"ကျွန်တော့် လူ ကယ်ရဦးမယ်"

"ညကျမှလာပါ၊ ခင်ဗျားကို အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"ကိစ္စမရှိပါဘူး၊ သူတို့ကို ကျွန်တော် ရင်ဆိုင်နိုင်ပါတယ်၊ သူတို့ ဘယ်မှာရှိတယ်ဆိုတာ ပြောပါ"

ထိုလူက သက်ပြင်းချလိုက်ပြီး ...

"မင်းက သိပ်ပြီးခေါင်းမာလွန်းတယ်၊ တစ်ခုတော့ သတိပေးလိုက်ပါရစေ၊ ဒီလူတွေ အိုးကြီးတစ်လုံး ထုတ်လာပြီဆိုရင် မင်း ချက်ချင်းပြေးပေတော့"

ဝါယင်လုံက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

ထိုလူက ဘာမှမပြောတော့ပါ။

အခန်းထဲရှိ ပြတင်းပေါက်အနီး လျှောက်သွားပြီး လက်ညှိုးထိုး ညွှန်ပြလိုက်၏။

"ဒီကနေ ဘယ်ဘက်ချိုးလိုက်ရင် အဆောင်တစ်ဆောင်ရှိတယ်၊ မင်း မိတ်ဆွေကို သူတို့က အလယ်ခန်းမှာ ချုပ်ထားကြတယ်၊ သူတို့တစ်တွေက မင်း မိတ်ဆွေရဲ့ ဘယ်ညာ အခန်းနှစ်ခုမှာ ရှိတယ်၊ သတိထားပါ"

ဝါယင်လုံသည် ထိုလူအား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေ ပေးလိုက်၏။

ထို့နောက် ထိုသူညွှန်ပြသည့်အတိုင်း လျှောက်လာခဲ့လေတော့သည်။

သတိတော့ မပြတ်ပါ။ ရန်သူ့နယ်မြေတွင် သတိပြတ်သူသည် အကျဉ်းသားသာ ဖြစ်ပေလိမ့်မည်။

အဆောင်ကလေးရှေ့၌ မြေကွက်လပ်တစ်ခုရှိ၏။

အဆောင်ကလေးမှာ အခန်းဆယ်ခန်းခန့်ရှိ၏။

အခန်းအားလုံး တံခါးပိတ်ထားသည်။

ဝါယင်လုံက လျှောက်လာပြီး ကွက်လပ်အလယ်၌ ရပ်တန့်လိုက်၏။

ထို့နောက် ...

"ယီကျောင်နန် မင်းဘယ်မှာလဲ"

ဟု အော်ဟစ်မေးမြန်းလိုက်သည်။

သူအသုံးပြုသည့်နည်းမှာ ယီကျောင်နန်၏ အခြေအနေနှင့် မည်သည့်အခန်းတွင် ချုပ်ထားသည်ကို အတိအကျသိစေရန် ဖြစ်၏။

အကယ်၍ ယီကျောင်နန်က အဖြေပေးနိုင်လျှင်မူ ယီကျောင်နန်အတွက် စိတ်ပူစရာလိုတော့ပေ။

ခေါ်သံဆုံးသည့်တိုင်အောင် ယီကျောင်နန်၏ ပြန်လည်ဖြေကြားသံကို မကြားရပါ။

သူက ဆက်လက်အော်ခေါ်လိုက်၏။

"ယီကျောင်နန်၊ မင်းဘယ်မှာလဲ"

ထိုစဉ် အခန်းတံခါးမှာ ပွင့်သွားပြီး လူတစ်ယောက် ထွက်လာ၏။

ထိုလူ အော်ငေါက်လိုက်၏။



"ဘယ်ကကောင်လဲ၊ ဒီမှာလာဆူညံနေတာ"

ဝါယင်လုံက ထိုလူအား ကြည့်လိုက်သည်။

ထိုလူမှာ ရုပ်အလွန်အကျည်းတန်ပေသည်။

အဝါရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထား၏။

ထိုအခိုက် အခန်းတံခါးနှစ်ခုပွင့်သွားပြီး လူနှစ်ယောက် ထွက်လာသည်။

တစ်ယောက်မှာလည်း အဝါရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး အရုပ်အလွန်ရှည်၏။

ကျန်တစ်ယောက်မှာမူ အသက် ၂၅-၂၆ နှစ်ခန့်သာ ရှိမည်ဟု ထင်ရ၏။

စာပေသမားတစ်ယောက် ပုံသဏ္ဌာန် ဝတ်ဆင်ထား၏။

ရုပ်ရည်မှာ သန့်ပြန့်သော်လည်း မျက်လုံးများက ဂနာမငြိမ်ပေ။

ကောက်ကျစ်ဉာဏ်များသော သူတစ်ဦးဖြစ်မည်ဟု ယူဆလိုက်၏။

ဝါယင်လုံ လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"ကျုပ် ပိုင်ရိုပါ၊ ကျုပ်မိတ်ဆွေအတွက် လာတောင်းပန်တာပါ၊ သူ့ကိုပြန်လွှတ်ပေးပါခင်ဗျာ"

ရုပ်ဆိုးဆိုးနှင့်လူက ...

"မင်းက ဘာတွေတောင်းပန်နေမှာလဲ"

ထိုအခိုက် စာပေသမား လူရွယ်က ...

"ဦးလေး ... ဒီလူငယ်ကိုကြည့်ရတာ မဆိုးဘူးဗျ၊ ကျုပ် သူ့ကို နည်းနည်းပါးပါးလောက် မေးစမ်းလိုက်ဦးမယ်"

ဟုပြောရင်း ဝါယင်လုံဘက်သို့ လှည့်ကာ မေးလိုက်သည်။

"မင်း ဝါယင်လုံကို သိသလား၊ သူ အခု ဘယ်မှာရှိသလဲ"

သူကပြောရင်း မျက်လုံးကလည်း ဝါယင်လုံအား စိုက်ကြည့်လိုက်သည်။ ဝါယင်လုံမှာ စာပေသမားတ၏ အကြည့်၌ဆွဲငင်ဓာတ်ပါနေသည်ဟု ခံစားမိလိုက်သည်။

"အင်း ... ဒီလူရဲ့ မျက်လုံးက ထူးဆန်းတယ်၊ ပြီးတော့ သူတို့ကိုကြည့်ရတာ ဝါဂူပြောတဲ့ ထူးဆန်းတဲ့လူစုနဲ့ တူတယ်၊ ငါ့ကို ရှာနေတာလည်း ကောင်းတဲ့အကြံအစည်တော့ မဖြစ်နိုင်ဘူး"

ဝါယင်လုံ၏ စိတ်တွင်းမှတွေးတောမိ၏။

စာပေသမားလူရွယ်က ဆက်လက်မေးမြန်းလိုက်၏။

"မင်း ဘယ်သူလဲ၊ ဘယ်ဂိုဏ်းကလဲ၊ ယီကျောင်နန်တို့နဲ့ ဘယ်လိုပတ်သက်နေသလဲ၊ မှန်မှန်ပြော၊ မပြောရင်သတ်မယ်၊ ငါတို့ကို ဘာများမှတ်နေသလဲ"

ဝါယင်လုံသည် စာပေသမား လူရွယ်၏ ခြိမ်းခြောက်မှုကြောင့် စိတ်တွင်းမှကြိတ်၍ ပြုံးလိုက်၏။

သူက ပြန်မေးလိုက်၏။

"ခင်ဗျားတို့ကကော ဘယ်သူတွေလဲ"

စာပေသမား လူရွယ်မှာ သူ၏အမေးကြောင့် မျက်နှာတင်းမာခက်ထန်လာပြီး ဝါယင်လုံအား စေ့စေ့ကြည့်လိုက်သည်။

"မင်းမေးစရာမလိုဘူး၊ ငါတို့မေးဟာသာ ကောင်းကောင်းမွန်မွန် ဖြေ၊ ဒီနေရာဟာ အနောက်ကျေးရွာရဲ့တိုက်ကွ၊ မင်းကို သတ်ပစ်လိုက်လည်း ဘယ်သူမှမသိနိုင်ဘူး"



ဝါယင်လုံ ကြောက်ရွံ့ဟန်ဖြင့် လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်ပြီး ...

"ခင်ဗျားတို့က နာမည်ကျော် သိုင်းသမားတွေထင်ပါတယ်၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ဂုဏ်လည်းယူမိပါတယ် ခင်ဗျာ"

သူ့စကားကြောင့် စာပေသမားလူရွယ်မှာ သဘောကျသွားပြီး ...

"ငါ့နာမည် ကျောက်ချိဝမ်း၊ မင်း မှတ်ထားပေါ့"

"ခင်ဗျား ဦးလေးတွေက ပိုပြီးတော်မယ်ထင်တယ်"

ကျောက်ချိဝမ်းက လက်မကိုထောင်ကာ ...

"သိပ်ဟုတ်တာပေါ့၊ ဦးလေးနာမည်က ဟန်ရှင်း၊ ကြယ် ..."

ပြောရင်းတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား၏။

သူ၏စိတ်ထဲမှလည်း ဝါယင်လုံအား ထိတ်လန့်သွား၏။

"ဒီကောင့်ကြည့်ရတာ ထက်မြက်တယ်၊ သူသိချင်တာကို ရအောင်မေးနိုင်တယ်"

စိတ်ထဲမှ ကြိတ်၍ ချီးကျူးလိုက်သည်။

ဝါယင်လုံက ...

"ကျွန်တော် သိပါပြီ၊ ခင်ဗျားတို့က အနောက်ဘက် 'ကြယ်တံခွန်' ဂိုဏ်းကလူတွေ မဟုတ်လား"

ဝါယင်လုံက ကျောက်ချိဝမ်း၏ စကားကိုနင်းကာ ပြောလိုက်ခြင်းဖြစ်၏။

အနောက်ဘက်ဒေသ၌ ကြယ်တံခွန်ဂိုဏ်းမှာ နာမည်ကျော်ကြားလှသော အောက်လမ်းဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ကြယ်တံခွန်ဂိုဏ်း၏ အထက်မြက်ဆုံးပညာရပ်မှာ အဆိပ်ပင် ဖြစ်သည်။

အဆိပ်သည် သူတို့ အားအကိုးဆုံး လက်နက်ဖြစ်သည်။

သို့သော် ဂိုဏ်းချုပ် တုံကျန်ချူးမှာ သိုင်းပညာထူးချွန်သူဖြစ်သည်။

ကြယ်တံခွန်ဂိုဏ်းချုပ် တုံကျန်ချူးသည် ကိုးကွေ့တိုက်ပွဲ၌ ဝါယင်လုံ၏ ဖခင် ဝါထင်းဟုန်အား ရှုံးနိမ့်ပြီးနောက် ဇာတ်မြုပ်ခဲ့၏။

သို့သော် တစ်နေ့တွင်မူ ပြန်လည်၍ သိုင်းလောကကို စိုးမိုးမည်ဟု ကြေညာသွားခဲ့သော ဂိုဏ်းတစ်ဂိုဏ်းပင် ဖြစ်သည်။

ဟန်ရှင်းဆိုသည့် ဝတ်စုံဝါက ဝါယင်လုံအား စိုက်ကြည့်နေသည်။

အတန်ကြာမှ တစ်စုံတစ်ရာကို သတိရလာသည့်အလား ဝါယင်လုံကို လက်ညှိုးထိုးကာ အရေးတကြီး အော်လေ၏။

"မင်း ... မင်းက ပိုင်ရိ မဟုတ်ဘူး၊ မင်းဟာ ဝါယင်လုံပဲ၊ ပိုင်ကျွမ်ယိရဲ့ သား ဖြစ်ရမယ်၊ ကျောက်ချိဝမ်း သူ့ကို ဖမ်းထားလိုက်"

ဝါယင်လုံ ရင်ထိတ်သွားသည်။

ဟန်ရှင်းသည် သူ၏အမေကိုပင် သိထားသူဖြစ်၏။

ထိုစဉ် ကျောက်ချိဝမ်းသည် ကွက်လပ်ထဲသို့ ဆင်းလာပြီး ...

"အေးအေးဆေးဆေး အဖမ်းခံပါ၊ ခုခံမနေပါနဲ့"

ဝါယင်လုံက ...



"မင်းတို့ကို ငါ ဂရုမစိုက်ဘူး၊ တော်တော်ကြာမှယှဉ်ကြတာပေါ့၊ အခု ကိစ္စလေးတစ်ခု အရင်ရှင်းပါရစေ"

ဝါယင်လုံက အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

ဟန်ရှင်းက ...

"ဘာမှရှင်းမနေနဲ့၊ ကဲ ... သူ့ကို မြန်မြန်ဖမ်းထားကြစမ်း"

ကျောက်ချိဝမ်းက ခေါင်းညိတ်ပြီး ဝါယင်လုံဘက်သို့ လှည့်ကာ တိုက်ခိုက်လိုက်သည်။

ဝါယင်လုံက ရှောင်တိမ်းရင်း ...

"ခင်ဗျားတို့ ဖမ်းထားတဲ့လူ လွှတ်ပေးပါ"

ကျောက်ချိဝမ်းက ...

"ဘာလို့ လွှတ်ရမှာလဲ"

"ခင်ဗျားတို့ ကျွန်တော် ဘယ်မှာရှိတယ်ဆိုတာ သိချင်လို့ ဖမ်းထားတာ မဟုတ်လား"

ဝါယင်လုံက လှမ်းမေးသည်။

ကျောက်ချိဝမ်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"အခု ကျွန်တော် ရောက်လာပြီပဲ၊ ဘာဖြစ်လို့ မလွှတ်ပေးတာလဲ"

ကျောက်ချိဝမ်းမှာ ရုတ်တရက် ပြန်လည်အဖြေမပေးနိုင်ဘဲ ဖြစ်သွား၏။

သူသည် ဝါယင်လုံအား တရကြမ်းတိုက်ခိုက်ရင်း ...

"မလွှတ်ဘူး၊ မင်းကိုပါ ထပ်ပြီး ဖမ်းဦးမယ်"

ဝါယင်လုံ ဒေါသထွက်သွားပြီး ...

"မင်းတို့ကို ငါမနိုင်ဘူးများ ထင်နေသလား"

ဝါယင်လုံသည် ပြောရင်း တရကြမ်း ပြန်လည်တိုက်ခိုက်ရာ ကျောက်ချိဝမ်းမှာ နောက်ဆုတ်ပေးလိုက်ရသည်။

ထိုအချိန်တွင် ဝတ်စုံဝါနှင့် ပိန်ပိန်ရှည်ရှည်လူသည် နောက်ကျောဘက်မှ အလစ်ဝင်ကာ တိုက်ခိုက်လိုက်၏။

ဝါယင်လုံသည် ထိတ်လန့်ပြီး လက်ဝါးနှင့် လှည့်၍ ခံပေးလိုက် လေသည်။

"ဖုန်း ..."

"အား ..."

အဝါရောင်ဝတ်စုံနှင့် လူ၏ လက်မောင်း ကျိုးသွားလေ၏။

ဝါယင်လုံမှာ စိတ်မကောင်းဖြစ်သွား၏။

သူ့ဘဝတွင် တစ်သက်တာတွင် မိမိကြောင့် သူတစ်ပါး ဒုက္ခရောက်စေခြင်းသည် ယခု ပထမဆုံးအကြိမ်ဖြစ်သည်။

ကျောက်ချိဝမ်းမှာ ထိတ်လန့်သွားပြီး မတိုက်ခိုက်တော့ပါ။

နောက်သို့ဆုတ်သွား၏။

ဟန်ရှင်းက အံကိုကြိတ်ပြီး အမိန့်ပေးလိုက်လေ၏။

"ချိဝမ်း ... အဆိပ်အိုး အသင့်ပြင်"

ထိုစကားကြားသောအခါ ဝါယင်လုံ ရင်ထိတ်သွား၏။

အဆိပ်အိုးဟူသည် ကြယ်တံခွန်ဂိုဏ်း၏ အထက်မြက်ဆုံးသော လက်နက်ဖြစ်သည်။

ကျောက်ချိဝမ်းသည် အဆိပ်အိုးဆိုသည်နှင့် ကမန်းကတန်း ပင် အလယ်ခန်းထဲသို့ လှည့်ဝင်လိုက်၏။



ဝါယင်လုံ ထိတ်လန့်သွား၏။

သူသိထားသည်မှာ ယိကျောင်နန်သည် အလယ်ခန်း၌ ရှိ၏။ ယခု အဘယ်ကြောင့် ကျောက်ချိဝမ်းက အလယ်ခန်းသို့ သွားပါ သနည်း။

"ရပ်စမ်း ..."

ဝါယင်လုံ အော်ဟစ်ဟန့်တားလိုက်၏။

အသံနှင့်အတူ သူကလည်း ပျံဝဲသွားပြီး အထဲဝင်ရန် ပြင်နေသော ကျောက်ချိဝမ်း၏ နောက်ကျောအား ကန်ချလိုက်၏။

ကျောက်ချိဝမ်းမှာ ထိတ်လန့်သွားပြီး နံဘေးသို့ တိမ်းရှောင် လိုက်၏။

ဝါယင်လုံက ရလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ အခန်းတွင်းသို့ ပြေးဝင်သွားလေတော့သည်။

❑ ❑ ❑

## အခန်း(၂၆)
# အဆိပ်ဒဏ်ထိသူ

ကုလားထိုင်လွတ် တစ်လုံး ...။

အခန်းတွင်း၌ ကုလားထိုင်တစ်လုံးသာ ရှိ၏။

အခြား အသုံးအဆောင်ပစ္စည်း တစ်ခုမှ မရှိပါ။

ထိုအတူ လူဟူ၍လည်း တစ်စုံတစ်ယောက်မျှ ရှိမနေပါ။

အခန်းထောင့်တစ်နေရာ၌ အနီရောင်အိုးတစ်လုံးကို တွေ့လိုက်ရ၏။

ထိုအိုးမှာ ကြယ်တံခွန်ဂိုဏ်း၏ အဆိပ်အိုးဖြစ်နိုင်သည်ဟု တွက်ဆမိလေသည်။

သို့သော် ဝါယင်လုံ ဂရုမထားအားပါ။

ယီကျောင်နန်ကိုသာ လှည့်ပတ်ရှာဖွေမိ၏။

ထိုစဉ် ဟန်ရှင်းက အခန်းတွင်းသို့ လှမ်းဝင်လာ၏။

ဝါယင်လုံက ဟန်ရှင်းအား အေးစက်စွာကြည့်လိုက်ရင်း ...

"ယီကျောင်နန် ဘယ်မှာလဲ"

ဟန်ရှင်းက မဖြေပါ။



သူ၏အဆိပ်အိုးကိုသာ စိတ်မချဟန်ဖြင့် လှမ်းကြည့်နေ၏။

ဝါယင်လုံ ဒေါသထွက်လာပြီး ...

"ယီကျောင်နန် ဘယ်မှာလဲ"

မေးရင်း ဟန်ရှင်းအား တိုက်ခိုက်လိုက်သည်။

ဟန်ရှင်း၏သိုင်းပညာမှာ မဆိုးပါ။

သို့သော် ဝါယင်လုံထက်စာလျှင် များစွာ နိမ့်ကျ၏။

ထို့ကြောင့် ဟန်ရှင်းမှာ တစ်စထက်တစ်စ အရေးနိမ့်လာတော့သည်။

ထိုစဉ် ကျောက်ချိဝမ်းလည်း အခန်းတွင်းသို့ ဝင်ရောက်လာပြီး ဝါယင်လုံအား တိုက်ခိုက်လိုက်၏။

ဝါယင်လုံက အေးဆေးစွာပင် ပြန်လည်တိုက်ခိုက်လိုက်၏။

တိုက်ကွက် နှစ်ဆယ်ကျော်လာသောအခါ ဟန်ရှင်းနှင့် ကျောက်ချိဝမ်းတို့မှာ အရေးနိမ့်စ ပြုလာသည်။

ဟန်ရှင်းမှာ ထိတ်လန့်နေ၏။

ဝါယင်လုံအား အထင်သေးမိသည်မှာ မှားယွင်းကြောင်း နောင်တရမိနေကြသည်။

ထိုစဉ်မှာပင် အခန်းထဲသို့ အနီရိပ်တစ်ရိပ် ပြေးဝင်လာပြီး အော်ဟစ်ဟန့်တားလိုက်၏။

"အားလုံး ရပ်လိုက် ..."

ဟန့်တားသံမှာ ချိုလွင်လှသောကြောင့် မိန်းကလေးအသံဖြစ်ကြောင်း ဝါယင်လုံ သိလိုက်၏။

ထို့ကြောင့် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်လေသည်။

ကျောက်ချိုဝမ်းမှာ ဟန့်တားသူကို တွေ့မြင်လိုက်သည်နှင့် ဝမ်းသာအားရ ဖြစ်သွားသည်။

"ညီမလေး ... နင်ဘယ်သွားနေတာလဲ"

ဝါယင်လုံ ဝင်ရောက်လာသော မိန်းကလေးကို ကြည့်လိုက်၏။

သူ၏မျက်လုံး ပြူးကျယ်သွားသည်။

ထိုအနီရောင်ဝတ်ဆင်ထားသော မိန်းကလေးမှာ ဝမ်ကျောက်နီ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။

ဟန်ရှင်းက ...

"ညီမလေး ရောက်လာတာ အတော်ပဲ"

ဝမ်ကျောက်နီက သူတို့အား အရေးမထားပါ။

လုံးဝ စကား လှည့်မပြောပါ။

ဝါယင်လုံကို ကြည့်လိုက်ပြီး ...

"ရှင့်မိတ်ဆွေကို လာရှာတာလား"

ဝါယင်လုံက ...

"ဟုတ်တယ်"

ဟန်ရှင်းက ဝင်ပြော၏။

"မင်းမိတ်ဆွေက အသုံးမကျပါဘူး၊ တို့ အဆိပ်ကောင်တွေ ကုက်တာကို သူမခံနိုင်ဘူး"

ဝါယင်လုံမှာ ဒေါသချောင်းချောင်း ထွက်သွားပြီး ...

"သူ ... သူသေပြီလား"

"သေပြီ ... သူ့အလောင်းကို ရဲတိုက်ရှေ့မှာ ထားထားတယ်၊ ရှင် ပြန်ယူသွားပါ"



ဝမ်ကျောက်နီက ကြားဖြတ်ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ဝါယင်လုံ၏သွေးများ ဆူဝေလာ၏။

ဝမ်ကျောက်နီမှာ ထိုကဲ့သို့ ဒုစရိုက်မားတစ်ဦးဟု သူမထင်ခဲ့ပါ။

သူက တိုက်ခိုက်မည်ပြုပြီးမှ ယီကျောင်နန်၏ အလောင်းကို အလျင်ဆုံး ယူသင့်ကြောင်း သဘောပေါက်မိသည်။

မိမိ၏ မိတ်ဆွေအလောင်းကို ကျီးစာ ငှက်စာ အဖြစ်မခံနိုင်ပါ။

သူသည် အံကိုကြိတ်လိုက်ပြီး အခန်းပြင် လှမ်းထွက်လိုက်၏။

ထိုစဉ် ဝမ်ကျောက်နီ၏ လက်က လျှပ်တစ်ပြက် လှုပ်ရှားလာသည်ကို တွေ့လိုက်ရလေသည်။

ဝါယင်လုံမှာ စိတ်ထိခိုက်သွား၏။

ဝမ်ကျောက်နီမှာ မိမိအား လုပ်ကြံလာသောကြောင့် ဒေါသလည်း ချောင်းချောင်းထွက်သွားသည်။

သူသည် ပစ်လွှင့်လာသော လက်နက်ပုန်းကို ဖမ်းယူပြီး ပြန်ပစ်ရန် တွေးလိုက်၏။

လက်ကလည်း တစ်ဆက်တည်းပင် လက်နက်ပုန်းကို ဖမ်းလိုက်လေသည်။

လက်ထဲရောက်သောအခါ လက်နက်ပုန်းမဟုတ်ဘဲ စက္ကူလုံး ဖြစ်နေကြောင်းကို သိလိုက်ရသဖြင့် အံ့ဩသွားမိလေသည်။

ထိုစဉ် ဟန်ရှင်းက ...

"သူ့ကို ဟန့်တားထား၊ ငါ အဆိပ်အိုးသုံးမယ်"

ဟန်ရှင်း၏ စကားကြောင့် ဝါယင်လုံထိတ်လန့်သွားပြီး ပြေးထွက်လာခဲ့သည်။

သူသည် အရှေ့ဘက်သို့ ဦးတည်ကာ ပြေးလွှားလာခဲ့၏။

ပြေးရင်း ဝမ်ကျောက်နီမှာ သူ့ကို ထွက်သွားစေရန် ဟန်ဆောင်ပြောခြင်းဖြစ်ကြောင်း စဉ်းစားမိသည်။

ထို့ကြောင့် ယီကျောင်နန် သေသည်ဆိုသည်မှာလည်း အမှန်တကယ် မဟုတ်နိုင်ကြောင်း တွေးလိုက်မိ၏။

ထို့အပြင် ဟန်ရှင်းတို့၏ အဆိပ်အိုးကို ဖျက်ဆီးရန် သတိမရသည့်အတွက်လည်း နောင်တရမိ၏။

သူသည် အဆိပ်အိုးကို ဖျက်ဆီးပစ်ရန် အကြံရလာပြီး ဆက်မပြေးတော့ဘဲ နောက်ကြောင်းပြန်လှည့်လာသည်။

လူအားလုံးကို မည်သို့မျှ ကောင်းကျိုးမပြုသည့် အဆိပ်ကို ဒုစရိုက်သမားများ လက်ထဲ၌ ရှိနေစေခြင်းသည် အေးချမ်းစွာ နေထိုင်သူများအတွက်ကြီးမားသော အန္တရာယ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ လူကောင်း သူကောင်းများကို ခြိမ်းခြောက်အန္တရာယ်ပြုမည့် အဆိပ်အိုးကို ဖျက်ဆီးပစ်ရန် လိုအပ်သည်ဟု သူယူဆသည်။

အဆိပ်များကို ဖျက်ဆီးပစ်လိုက်မှသာ အေးချမ်းစွာ နေထိုင်သူများအတွက် အန္တရာယ်ကင်းနိုင်မည် ဖြစ်ပေသည်။

သို့မဟုတ်ပါက ဒုစရိုက်သမားများသည် ထိုအဆိပ်ကို အားကိုးတစ်ခုပြုလျက် အေးချမ်းစွာနေထိုင်သူများကို ခြိမ်းခြောက်အန္တရာယ်ပြုကြမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ဝါယင်လုံသည် အဆိပ်အိုးကို ဖျက်ဆီးရန် နောက်ကြောင်း ပြန်လှည့်လာခဲ့ခြင်း ဖြစ်သည်။

ယခုအခါတွင် သူသည် ပြောင်ဝင်လာခြင်းမဟုတ်တော့ပါ။

တိတ်တဆိတ် လျှပ်ရှားခြင်း ဖြစ်၏။



အဆောင်အနီး မြင်ရသောနေရာအရောက်၌ ပုန်းအောင်းကာ အခြေအနေကို အကဲခတ်ကြည့်လိုက်လေသည်။

အဆောင်အခန်း ဆယ်ခန်းရှေ့ စင်္ကြံလမ်းကလေးပေါ်၌ ဝတ်စုံဝါနှင့် လူတစ်ယောက်က ရပ်ကာ စောင့်ရှောက်နေ၏။

သူသည် အဆိပ်အိုး ဖျက်ဆီးရန်အလုပ်မှာ ထင်သလောက် ယ်ကူတော့ချေ။

သူက အေးအေးဆေးဆေး စဉ်းစားအကြံထုတ်လိုက်၏။

ဘိုအစောင့်အား မည်သို့ရှင်းရမည်နည်း။

သူသည် တွေးတောနေစဉ်မှာပင် လက်တစ်ဖက်က သူ့အား ဆွဲသွင်းလိုက်သည်ကို ခံစားလိုက်ရတော့သည်။

ဝါယင်လုံ ထိတ်လန့်သွားပြီး အတင်းရုန်းဖယ်လိုက်၏။

“ဝါယင်လုံ ... ငြိမ်ငြိမ်နေပါ၊ ကျုပ်က ရန်သူမဟုတ်ပါဘူး၊ မင်းကို ကူညီနေတဲ့ လူ”

ထိုစကားကြောင့် ဝါယင်လုံ ငြိမ်သွားသည်။

သူငြိမ်သွားတော့မှ ချုပ်ကိုင်ထားသော လက်သည် လျှော့ပေးလာ၏။ ဝါယင်လုံ လွတ်လပ်သွားသည်။

ဝါယင်လုံက လှည့်ကြည့်လိုက်ရာ သူ ပထမဆုံး ဝင်လာစဉ်က သတိပေးခဲ့သော လူဖြစ်ကြောင်း တွေ့လိုက်ရသည်။

ထိုလူ၏မျက်နှာမှာ တည်ကြည်၏။

သို့သော် စိုးရိမ်ပူပန်နေပုံက အထင်းသား ပေါ်လွင်နေ၏။

ဝါယင်လုံသည် ထိုလူအားကြည့်ကာ ...

“ခင်ဗျားက ဘာကိစ္စရှိလို့လဲ”

ထိုလူက လေသံဖြင့် ပြောသည်။

"တိုးတိုးပြောပါ၊ ဒီနေရာ မကောင်းသေးဘူး၊ ငါ့နောက် လိုက်ခဲ့"

သူသည် စကားဆုံးသည်နှင့် ရှေ့မှလျှောက်သွား၏။

ဝါယင်လုံကလည်း နောက်မှလိုက်သွားသည်။

စင်္ကြံအဆုံးအထိ လျှောက်ပြီးသောအခါ ဘုရားပူဇော်ရာ အဆောင်တစ်ခုဆီသို့ ရောက်ရှိလာ၏။

ထိုအဆောင်ကလေး၌ ရွှေစက္ကူ၊ ငွေစက္ကူများ မီးရှို့သည့် အိုးကြီးတစ်လုံးကို တွေ့ရသည်။

ထိုလူက ဟိုဟိုသည်သည် အကဲခတ်ကြည့်ရှုရင်း ထိုအိုးကြီး ထဲသို့ ဆင်းသွား၏။

ဝါယင်လုံကလည်း နောက်မှလိုက်ဝင်လိုက်၏။

ထိုလူက အိုးအောက်ခြေရှိ ဘုကလေးတစ်ခုကို နှိပ်လိုက်သော အခါ အောက်ခံအုတ်ပြား ရွေ့လျားသွားပြီး လှေကားထစ်များ ပေါ် လာသည်ကို တွေ့လိုက်ရသည်။

ထိုလူက ဦးဆောင်ဆင်းသွားသဖြင့် ဝါယင်လုံကလည်း နောက်မှ လိုက်သွားရသည်။

အောက်သို့ရောက်သည်နှင့် ထိုလူက လျှို့ဝှက်တံခါးကို ပြန် ပိတ်လိုက်၏။

ဝါယင်လုံက သိချင်စိတ် ပိုမိုပြင်းပြလာပြီး မေးလိုက်လေ၏။

"ခင်ဗျား ဘယ်ကိုသွားမလို့လဲ"

ထိုလူက လေသံတိုးတိုးဖြင့် ပြောသည်။

"ခင်ဗျားရဲ့ မိတ်ဆွေဆီကိုပါ"

"ဗျာ... ကျုပ်မိတ်ဆွေ ဟုတ်လား"



"ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ မိတ်ဆွေဟာ အဆိပ်မိတာ ပြင်း ထန်လန်းလို့ အခြေအနေ စိုးရိမ်နေရပါတယ်"

ဝါယင်လုံသည် ယီကျောင်နန်အ ကြွက် ပူပင်သွားပြီး ...

"သူဘယ်မှာလဲ"

ထိုလူက ရှင်းပြသည်။

"ကျုပ် အခု သူ့ဆီကို ပို့ပေးပါ့မယ်"

သူသည် ရှေ့မှဆက်လျှောက်သွား၏။

ဝါယင်လုံမှာ ဝမ်းသာ ဝမ်းနည်း ဖြစ်သွားရသည်။

ဝမ်းသာသည်မှာ ယီကျောင်နန်အား ပြန်တွေ့တော့မည် ဖြစ် သောကြောင့်ပင်။

ဝမ်းနည်းရသည်မှာ ယီကျောင်နန်အဆိပ်မိပြီး အခြေအနေဆိုး နေကြောင်း သိလိုက်ရသောကြောင့် ဖြစ်သည်။

သူတို့ဆက်လျှောက်လာရာ အတန်ကြာသောအခါ အခန်း ကလေးတစ်ခုဆီသို့ ရောက်ရှိလာ၏။

ထိုလူက ...

"ခင်ဗျားရဲ့ မိတ်ဆွေက ဒီထဲမှာပါ"

ဝါယင်လုံက အခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းထဲ၌ ခုတင်တစ်လုံးရှိပြီး ခုတင်ပေါ်တွင် ဖိုးပဲအင်္ကျီများ ဝတ်ဆင်ထားသော လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့လိုက် ရ၏။

ထိုလူ၏ ပုံသဏ္ဌာန်ကို တွေ့လိုက်သည်နှင့် ယီကျောင်နန်ဖြစ် ကြောင်း ချက်ချင်းမှတ်မိလိုက်သည်။

သူသည် ယီကျောင်နန်အနီးသို့ လျှောက်သွားပြီး အော်ခေါ်လိုက်၏။

"ယီကျောင်နန် ... ယီကျောင်နန်"

သို့သော် ယီကျောင်နန် မေ့မြောနေသဖြင့် သူ့အား ပြန်မထူးနိုင်ပါ။

ထိုသူက သက်ပြင်းချရင်း ...

"မင်း အနောက်ဘက်အဆောင်သွားနေတုန်း ဝတ်စုံနီနဲ့ မိန်းကလေး တစ်ယောက်က သူ့ကိုလာပို့တာပါ၊ လာကတည်းက ဒီပုံစံအတိုင်းပဲ"

ဟု ပြောလိုက်၏။

ဝါယင်လုံက မျက်မှောင်ကြုတ်ရင်း မေးလိုက်၏။

"သူ ဘာပြောသွားသေးလဲ"

ထိုလူက တစ်ချက်စဉ်းစားပြီးနောက် ...

"သူ ဟိုလူထူးဆန်းတွေနဲ့ တစ်ဖွဲ့တည်းပဲတဲ့၊ ဒီမိန်းကလေး ပုံစံလည်း သိပ်ကောင်းတဲ့ပုံ မပေါ်ဘူး၊ ဒါပေမယ့် စိတ်ကောင်းတော့ ရှိသား"

ဝါယင်လုံက ခပ်လောလောမေးလိုက်၏။

"သူ ဘာတွေမှာသွားသလဲဆိုတာ ပြောပြပါ"

ထိုလူက ...

"မိန်းကလေးက လောနေပုံပဲ၊ သူဒီကိုလာပို့တာ လူထူးဆန်းတွေ မသိစေနဲ့တဲ့၊ ပြီးတော့ ခင်ဗျားကိုရှာဖွေပြီး သူ့ကိုက အပ်ပါတဲ့၊ အခု မင်းရောက်လာပြီပဲ၊ မင်း မိတ်ဆွေရဲ့ အဆိပ်ကို ဖြေနိုင်ပါ့မလား"



ဝါယင်လုံက ဆက်မမေးတော့ပါ။ သူဖြေနေလျှင် အချိန်ကုန်ရုံသာ ရှိပေမည်။

ယီကျောင်နန်အား စစ်ဆေးကြည့်လိုက်၏။

အင်္ကျီကိုချွတ်လိုက်သောအခါ ရင်ဝ၌ ထူးဆန်းစွာပင် အရောင်ငါးရောင် လက်နေသည်ကို တွေ့လိုက်ရလေသည်။

ဝါယင်လုံမှာ သူဖခင်၏ ပထမဇနီး ချင်စုထံမှ အဆိပ်နှင့်ပတ်သက်သော ပညာများ သင်ကြားတတ်မြောက်ခဲ့၏။

ထို့ကြောင့် သေချာစွာ စစ်ဆေးကြည့်နေ၏။

မည်သည့်အဆိပ်ဖြစ်နိုင်ကြောင်း တွေးတောကြည့်၏။

အတန်ကြာမှ သူ၏မျက်နှာမှာ အနည်းငယ်ပြုံးလာပြီး ထိုလူဘက်သို့လှည့်ကာ ...

"ကျွန်တော် ရှာလကာရည် အိုးကြီးကြီးနဲ့တစ်လုံး လိုချင်တယ်"

ဟု ပြောလိုက်၏။

ထိုလူက သက်ပြင်းချလိုက်ပြီး ...

"ကျွန်တော်တို့ဆီမှာ ဒီလောက်များများမရှိပါဘူး၊ ကျင်လင်ကို သွားပြီးဝယ်မှဖြစ်မယ်"

ဝါယင်လုံက ...

"ဒါဆိုရင် အရက်ကော ..."

ထိုလူက ...

"အရက်ဆိုရင်တော့ လိုသလောက် ရပါစေမယ်"

ဝါယင်လုံက ...

"ဒါဆိုရင် ကျွန်တော်လိုချင်တာက လူတစ်ယောက်စိမ်နိုင်မယ့် အိုးတစ်လုံး၊ ပြီးတော့ အရက်က အိုးတစ်ဝက်စာ၊ သကြား၊ ပြီးတော့ ထင်း၊ ဒါတွေစီစဉ်ပေးနိုင်မလား"

ထိုလူက တစ်ချက်စဉ်းစားပြီးနောက် ...

"ဘာဖြစ်လို့ ဒါတွေတောင်းတာလဲ"

ဝါယင်လုံက ...

"အဆိပ်ဖြေပေးမလို့ပါ"

ထိုလူက ...

"ဒါဆို ရပါတယ်"

ဝါယင်လုံက ...

"ရေကြည်ပါ နည်းနည်းယူခဲ့ပါ"

ထိုလူက ခေါင်းတစ်ချက်ညိတ်ပြီး ပြန်ထွက်သွား၏။

မကြာခင်မှာပင် အိုးကြီးတစ်လုံးထမ်းကာ ပြန်ရောက်လာ၏။

ထို့နောက် ပြန်ထွက်သွားလေတော့သည်။

❑ ❑ ❑



အခန်း(၂၇)

## မေတ္တာစိတ်

ဝါယင်လုံအား ကူညီခဲ့သော ကျေးဖူးရှင်က ဝါယင်လုံ အလိုရှိသော ပစ္စည်းအားလုံး ပြည့်စုံစွာ ပေးပို့ခဲ့သည်။

ဝါယင်လုံသည် ရေ၊ အရက်၊ သကြားတို့ကို အချိုးကျစွာ ဖျော်စပ်လိုက်၏။

ထို့နောက် မီးမွှေးကာ ကျိုချက်လိုက်သည်။

သူ၏ရင်ပတ်ထဲရှိ မြပုလင်းသုံးလုံးကို ထုတ်လိုက်၏။

ထိုမြပုလင်းများမှာ အဆိပ်ဖြေဆေးများပင် ဖြစ်၏။

သူသည် ဆေးတစ်လုံးကို ယီကျောင်နန်အား တိုက်ကျွေးလိုက်ပြီး ဆေးတစ်လုံးကိုမူ အိုးထဲထည့်လိုက်၏။

ထို့နောက် ဆေးပုလင်းကို ပြန်လည်သိမ်းဆည်းထားလိုက်လေသည်။

ယီကျောင်နန်မှာ ဆေးသောက်ပြီးသော်လည်း အခြေအနေ ထူးခြားလာခြင်း မရှိသေးချေ။

ထိုလူက ...

"ခင်ဗျား သူ့ကို ကယ်နိုင်ပြီလား"

ဝါယင်လုံက ခေါင်းတစ်ချက်ညိတ်ကာ ...

"ကြိုးစားနေတုန်းပါပဲ"

သူသည် စကားဆုံးသည်နှင့် ယီကျောင်နန်အား အိုးထဲသို့ တိုင်လျက် အနေအထားဖြင့် ထည့်ပေးလိုက်၏။

ပြီးမှ သူသည် ထိုသူဘက်သို့လှည့်ကာ ပြောလိုက်၏။

"ကျွန်တော် အဆိပ်ပညာကို တော်တော်လေ့လာလိုက်စားခဲ့ပါတယ်၊ အခုလည်း သူ့အဆိပ်ကို ဖြေနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ထိုလူက ...

"ဘာအဆိပ်မိသွားတာလဲ၊ ရင်ဝမှာလည်း ရောင်စုံထွက်နေတယ်၊ သာမန်အဆိပ်တော့ မဟုတ်နိုင်ဘူး"

ဝါယင်လုံသည် ယီကျောင်နန်၏ ကျောပြင်အား လက်ဝါးနှင့် ကပ်ကာ အတွင်းအားကို တွန်းပို့လိုက်၏။

ပြီးမှ ထိုလူအား လှည့်မကြည့်ဘဲ ရှင်းပြလိုက်၏။

"သူ့အဆိပ်မိတာဟာ သူ့ရင်ဝကို မြွေဟောက်ရယ်၊ ကင်းမြီးကောက်၊ ပင့်ကူ စတဲ့ အဆိပ်ပြင်းတဲ့ သတ္တဝါ ငါးကောင် ကိုက်ထားလို့ပဲ၊ ထူးဆန်းတာက သူဟာအခုထက်ထိ အဆိပ်ကိုခံနိုင်ရည် ရှိနေတာပဲ"

အိုးထဲမှ အရက်မှာ တဖြည်းဖြည်း အငွေ့တထောင်းထောင်း ထလာ၏။

ယီကျောင်နန်၏ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ထွက်လာ၏။



ညိုမည်းနေသော အသားအရေတို့သည် တစ်စထက်တစ်စ လျော့လာပြီး သွေးရောင်ပြန်လွှမ်းလာ၏။

ဝါယင်လုံက စိတ်မချသေးပါ။

အတွင်းအားကိုပို့ပေးရင်း အဆိပ်ကို ထုတ်ပေးနေ၏။

အတန်ကြာသောအခါ ယီကျောင်နန်၏ အခြေအနေမှာ ပိုမိုကောင်းမွန်လာသည်။

ထိုလူမှာ ယီကျောင်နန်၏ အခြေအနေကိုကြည့်ရင်း ဝါယင်လုံကို ချီးကျူးလေးစားသော မျက်နှာထား ပေါ်လာ၏။

ဝါယင်လုံအား သူ၏လက်မောင်းကို လှန်ပြလေ၏။

"ကျုပ်ကိုလည်း ကင်းမြီးကောက်တစ်ကောင် ကိုက်ထားတယ်၊ ပြီးတော့ ကျုပ်ရဲ့ ငယ်သား ၂၇ယောက်ကိုလည်း ကင်းမြီးကောက် ကိုက်ထားတယ်"

ဝါယင်လုံ အံ့သြသွား၏။

ထိုလူက အခြေအနေကို ရှင်းပြလေ၏။

"ကျုပ်နာမည် ဟူချင်ပါ၊ ကျုပ်ဟာ ဒီအနောက်ကျေးရွာ ပိုင်ရှင်ပါ၊ တစ်နေ့က ဒီလူစုရောက်လာပြီး ကျုပ်တို့ဆီမှာ တည်းခိုခွင့်တောင်းခဲ့တယ်၊ ကျုပ်ဟာ သူတို့ပုံစံကိုကြည့်ပြီး မကောင်းတဲ့ လူတွေမှန်းသိလို့ ငြင်းပယ်ခဲ့ပါတယ်၊ ဒီအခါ သူတို့က အကောက်ကြံပြီး ကင်းမြီးကောက်နဲ့ တိုက်ခိုက်တယ်၊ အဲဒီအဆိပ်ဟာ ၄၉ ရက်ပဲ ခံမယ်လို့ပြောပြီး အကျပ်ကိုင်ခဲ့ပါတယ်၊ ကျုပ်တို့ဖြစ်နိုင်ရင် သူတို့ရဲ့ အဆိပ်အိုးကို ဖျက်ဆီးပစ်လိုက်ရင် အကောင်းဆုံးပါပဲဗျာ"

ဝါယင်လုံက ပြုံးပြလိုက်ပြီး ...

"ကင်းမြီးကောက် ကိုက်တာတော့ ကိစ္စမရှိပါဘူး၊ ကျုပ် ဖြေဆေးပေးနိုင်ပါတယ်"

"ကျုပ်ငယ်သားတွေ အတွက်ကော"

"ကျုပ် ဖြေဆေးပေးမှာပါ"

"ဒီလိုဆိုရင် ခင်ဗျားကို ဘယ်လိုကျေးဇူးတင်မှန်း မသိတော့ပါဘူးဗျာ"

စကားဆုံးသည်နှင့် ဟူချင်က ဦးညွှတ်ကာ ဂါရဝပြုလိုက်လေ၏။

ထိုစဉ် ...

ယီကျောင်နန်က သတိရလာပြီး အော်လိုက်၏။

"အား ... ပူလိုက်တာ"

ဝါယင်လုံ ဝမ်းသာသွားသည်။

"ယီကျောင်နန် သတိရပြီလား၊ နည်းနည်းတော့ ဒုက္ခခံပါ၊ အဆိပ်က သိပ်ပြင်းတယ်၊ ကုန်အောင်ထုတ်မှဖြစ်မယ်"

ယီကျောင်နန်သည် မည်မျှ မိတ်ဆွေကောင်းပီသသည်ကို သူ့အဆိပ်ဖြေနေစဉ်ကပင် ပြသလိုက်၏။ မည်သူမဆို ကိုယ့်ထံမှ အဆိပ်မကုန်မီ အခြားသူ၏ အရေးကိစ္စကို အလေးမထားကြပါချေ။ ယီကျောင်နန်ကမူ သူ့ကိုယ်ကို အလေးမထားခဲ့ပေ။ ဝါယင်လုံ၏ ကိစ္စကိုသာ အလေးထားသည်။

"ခင်ဗျားကို ကျူးယင်ဂိုဏ်းက ဖမ်းသွားတယ်မဟုတ်လား၊ ကျုပ်တို့တွေ ခင်ဗျားအတွက် စိတ်ပူလွန်းလို့ လူခွဲရှာနေတာဗျ"

သူက အော်ဟစ်ပြောဆိုလိုက်သည်။

ဝါယင်လုံက ဟန့်တားလိုက်၏။



"နောက်မှပြောတာပေါ့၊ အခု အဆိပ်ကုန်သွားဖို့က အရေးကြီးတယ်"

သူ့စကားကြောင့် ယီကျောင်နန်က အသာငြိမ်နေလိုက်ရတော့သည်။

ဟူချင်မှာလည်း ဝါယင်လုံ၏ပညာကို အထင်ကြီးလေးစားမိသည်။

အတန်ကြာသောအခါ ယီကျောင်နန်၏မျက်နှာမှာ နဂိုအတိုင်းပြန်ဖြစ်လာ၏။

ရင်ဝမှ ထူးဆန်းသော အရောင်မှာလည်း ကွယ်ပျောက်သွားသည်။

ယီကျောင်နန်က အရက်အိုးအတွင်းမှ ရှန်းကန်ထလာပြီး အပြင်သို့ ခုန်ထွက်လိုက်၏။

အရက်အိုးအတွင်းရှိ အရက်များမှာ နဂိုအရောင်မဟုတ်ဘဲ မည်းနက်နေသည်ကို တွေ့လိုက်ရသည်။

ဝါယင်လုံကို ယီကျောင်နန်က ဂါရဝပြုလိုက်လေ၏။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားကယ်တဲ့ အသက်ပဲရှိပါတော့တယ်"

သူက လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

ဝါယင်လုံက လက်ကာပြလိုက်ပြီး ပြောလိုက်၏။

"ကျုပ်ကို ကျေးဇူးမတင်ပါနဲ့၊ ခင်ဗျားက ကျွန်တော့်အတွက် သွားလာလှုပ်ရှားရင်း အဆိပ်မိရတာဆိုတော့ ခင်ဗျားကို ကျွန်တော်က ပြန်ပြီး ကျေးဇူးတင်ရမှာပါ"

ယီကျောင်နန်က ...

"ဘယ်ဟုတ်ပါ့မလဲ၊ ခင်ဗျားကူညီလို့သာ အသက်ပြန်ရှင်တာ မဟုတ်လား"

ဝါယင်လုံက အားရပါးရ ပြုံးရင်း ...

"ကဲ ... ဒီလောက်တောင် ကျေးဇူးတင်ချင်ရင်လည်း ကျုပ်ကိုတော့ မတင်နဲ့၊ ဟောဒီက ဟူချင်ကိုသာ ကျေးဇူးတင်၊ သူကူညီလို့သာ ခင်ဗျား အသက်ပြန်ရှင်တာပဲ"

ဝါယင်လုံ၏ စကားကြောင့် ယီကျောင်နန်သည် ချက်ချင်းပင် ဟူချင်ဘက်သို့ လှည့်ကာ ဂါရဝပြုလိုက်လေ၏။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟူချင်က လက်ကာပြရင်း ...

"ကျုပ်ကျေးဇူးက ဘာမှမရှိပါဘူး၊ မင်းကို ဝတ်စုံနီမိန်းကလေးက လာပို့လို့ ဝှက်ထားပေးရတာ တစ်ခုပဲ ရှိပါတယ်"

ယီကျောင်နန်က သူအဖမ်းခံရပုံကို ပြန်ပြောပြလိုက်၏။

ထို့နောက် ဝါယင်လုံ၏ အဖြစ်အပျက်ကိုလည်း မေးမြန်းသည်။

ဝါယင်လုံက သူ့အကြောင်းကို အကျဉ်းချုံး ပြောပြလိုက်၏။

ပြီးမှ ...

"ခင်ဗျားကို ကိုက်တဲ့ အဆိပ်သတ္တဝါတွေဟာ အိုးအနီထဲက သတ္တဝါတွေလား"

ယီကျောင်နန်က ခေါင်းညိတ်ရင်း ...

"ဟုတ်တယ် ... အဲ့ဒီအိုးနီထဲမှာ ပိုးကောင်တွေ အများကြီး ရှိတယ်၊ ကျုပ်ကို တစ်ခွန်းမေးလိုက်၊ အကောင်တစ်ကောင်ကိုက်ခိုင်းလိုက်နဲ့ နှိပ်စက်တာဗျ"



ဝါယင်လုံ သက်ပြင်းချမိသည်။

"အင်း ... တော်တော် ရက်စက်တဲ့ကောင်တွေပဲ"

"ဒါပေမယ့် ကျုပ်နားမလည်တာ တစ်ခုရှိသေးတယ်ဗျ"

ယီကျောင်နန်က တစ်စုံတစ်ခုကို သတိရဟန်ဖြင့် စကားစလိုက်၏။

ဝါယင်လုံ မျက်မှောင်ကြုတ်သွားပြီး မေးလိုက်၏။

"ဘာများလဲ"

ယီကျောင်နန်က ...

"ကျုပ်ကိုဖမ်းပြီး ခင်ဗျားအကြောင်း ပြောခိုင်းတာဟာ ဝတ်စုံနီရဲ့ အကြံပဲ၊ ဒါပေမယ့် သူက ကျုပ်ကို ဘာ့ကြောင့် ကယ်ရတာလဲ"

ထိုစကားကြောင့် ဝါယင်လုံမှာလည်း အံ့သြသွား၏။

"ဝတ်စုံနီ မိန်းကလေးရဲ့ အကြံဟုတ်လား"

"ဟုတ်တယ်"

တွေးတောကြည့်သော်လည်း ဝမ်ကျောက်နီ၏ အကြံအစည်ကို ဝါယင်လုံ တွေးမရချေ။

သူသည် သက်ပြင်းချရင်း ...

"ကဲ ... ကျုပ် အပြင်ခဏထွက်ဦးမယ်"

"ဘယ်သွားမလို့လဲ"

ယီကျောင်နန်က လှမ်းမေးသည်။

ဝါယင်လုံက ...

"သူတို့ရဲ့အဆိပ်အိုးကို သွားဖျက်ဆီးမလို့"

ဟူချင်က ...

"နေပါဦး ... ဒီအလုပ်က ထင်သလောက်လွယ်မှာမဟုတ်ဘူး"

ယီကျောင်နန်က ...

"စောစောက မင်းပြောတဲ့အထဲမှာ ဝတ်စုံနီမိန်းကလေးက စက္ကူလိပ်တစ်ခု ပေးသွားတယ်ဆို၊ ဖတ်ကြည့်ပြီးပြီလား"

ထိုအခါမှ ...

ဝါယင်လုံသည် ဝမ်ကျောက်နီ ပစ်ပေးခဲ့သော စက္ကူလိပ်ကို သတိရလာသည်။ ဝမ်ကျောက်နီသည် အကြောင်းတစ်ခုခုရှိ၍သာ ဤစက္ကူကို ပေးခဲ့ခြင်းဖြစ်ပေလိမ့်မည်။

စက္ကူလိပ်ကို ထုတ်၍ ဖြန့်ကြည့်လိုက်၏။

ယီကျောင်နန်ကလည်း ဝါယင်လုံနှင့်အတူ စာကိုဖတ်ကြည့်လိုက်သည်။

စက္ကူပေါ်၌ သေးငယ်၍ လှပသေသပ်သော လက်ရေးဖြင့် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရလေသည်။

ဝါယင်လုံ ...

ကျွန်မတို့ ခွဲခွာလာပြီးတဲ့နောက် မမျှော်လင့်ဘဲ လူတစ်စုနဲ့ တိုးမိခဲ့တယ်၊ အဲဒီလူစုဟာ ကြယ်တံခွန်ဂိုဏ်းက လူတွေပါပဲ ...

သူတို့ရဲ့ ပြောစကားကို အမှတ်မထင် ကြားလိုက်ရတော့ သူတို့ဟာ ရှင်တို့မိသားစုအပေါ် အကောက်ကြံဖို့နဲ့ အကြံအစည်တစ်ခု ရှိနေတယ်ဆိုတာ သိလိုက်ရတယ်၊ ဒါနဲ့ သူတို့နောက်ကို ကျွန်မ ခြေရာခံလိုက်ခဲ့တယ်၊ အကျိုးအကြောင်းသိအောင် စုံစမ်းရင်း ကျွန်မ လှုပ်ရှားမှု မပိရိလို့ သူတို့ရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရတယ်၊ ကျောက်ချီဝမ်းတို့ရဲ့ မတရားပြုလုပ်မှုကိုလည်း ခံခဲ့ရပါတယ်၊ ဒါကြောင့် ရှင့်ကိုပြန်တွေ့ဖို့ မျက်နှာမပြရဲတော့ပါဘူး"



ဝါယင်လုံမှာ စာကို ဤအထိ ဖတ်ပြီးသောအခါ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

ဝမ်ကျောက်နီ၏ သူ့အပေါ်ထားရှိသော မေတ္တာတရားကိုလည်း လေးစားမိသည်။

သူ့အတွက် အနစ်နာခံဆောင်ရွက်သည်ကို တွေးကာ စိတ်မကောင်း ဖြစ်မိလေသည်။

ယီကျောင်နန်မှာလည်း စိတ်မကောင်းဖြစ်သွား၏။

ဝါယင်လုံမှာ စာကို ဆက်ဖတ်ချင်စိတ် မရှိတော့ပါ။

ယီကျောင်နန်အား ပေးလိုက်၏။

ယီကျောင်နန်က မယူဘဲ ...

"ခင်ဗျား သူပြောတာတွေ ဆက်ဖတ်ကြည့်ဖို့ သင့်တယ်လို့ ထင်တယ်"

ဝါယင်လုံသည် မတတ်သာဘဲ ဆက်၍ ဖတ်ကြည့်လိုက်၏။

ဟူချင်ကလည်း နောက်မှလာရပ်၍ ဖတ်ကြည့်သည်။

"သူတို့တစ်တွေဟာ ရှင်တို့မိသားစုကို လုပ်ကြံမယ့်အပြင် သိုင်းလောကကိုပါ စိုးမိုးဖို့ကြံစည်နေကြတယ်၊ ဒါကြောင့် ကျွန်မက သူတို့အကြံအစည်ကို သိရအောင် သူတို့နဲ့အတူ ဆက်ပြီးနေထိုင်ခဲ့တယ်၊ သူတို့ဆီက သတင်းကို အတွင်းကျကျသိရမှ ရှင့်ကို သတင်းပေးဖို့ပဲ၊ ကျွန်မအပေါ် ရှင်နဲ့ ပြန်ဆုံတွေ့ချင်ပေမယ့် ရှင့်ကို ရှာမတွေ့ခဲ့ပါဘူး၊ ဒီတော့ ဟန်ရှင်းတို့လူစုကို အကြံပေးပြီး ရှင့်မိတ်ဆွေကို ဖမ်းပြီးမေးခဲ့ပါတယ်"

ယီကျောင်နန်က သက်ပြင်းချရင်း ...

"အင်း ... တကယ်ဆိုတော့ သူ့အပြစ်မရှိပါဘူးလေ"

ဟူချင်က စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်ဘဲ လောဆော်လိုက်၏။

"ဆက်ဖတ်ပါဦး"

အားလုံး ဆက်ဖတ်လိုက်ကြ၏။

"ကျွန်မဟာ ရှင့်မိတ်ဆွေကို ဖြေဆေးကြိုတိုက်ခဲ့ပါတယ်၊ ဒါပေမယ့် ဒီဖြေဆေးဟာ အဆိပ်ကို စုထားနိုင်ပြီး အသက်မသေရုံပဲ တတ်နိုင်ပါတယ်၊ အဆိပ်ကို အကုန်မထုတ်နိုင်ပါဘူး၊ ဒီစာဖတ်ပြီးရင် ဟူချင်ကို တွေ့အောင်ရှာပါ၊ ဟူချင်ဆီမှာ ရှင့်မိတ်ဆွေကို အပ်နှံထားပါတယ်၊ ရှင် ဒီစာကိုတဲ့နေ့ကစပြီး သုံးရက်မြောက်နေ့မှာ ဂျွန်မ ကျန်စန်တောင်မှာ စောင့်နေပါ့မယ်၊ ရှင့်မိတ်ဆွေအတွက် ဖြေဆေးကိုလည်း ယူလာခဲ့ပါ့မယ်၊ ကျွန်မ သိထားတဲ့ ကိစ္စတွေကိုလည်း ပြောပြပါ့မယ်၊ ဆက်ဆက်လာစေချင်ပါတယ်"

ဝမ်ကျောက်နီ

စာဆုံးသွားသည်နှင့် အားလုံး ပြိုင်တူ သက်ပြင်းချမိသည်။

ဟူချင်က ...

"မိန်းကလေးဟာ တကယ် မေတ္တာတရားကြီးမားတာပဲ၊ ဒီလို အနစ်နာခံရဲတဲ့ မိန်းကလေးမျိုး နောက်ထပ် ရှာတွေ့မှာမဟုတ်ပါဘူး"

ယီကျောင်နန်ကလည်း ...

"ဘဝတစ်ခုလုံး အဆုံးရှုံးခံပြီး ကူညီတဲ့စိတ်ဟာ လေးစားစရာပါပဲ"

ဝါယင်လုံမှာ ဘာမှပြန်မပြောနိုင်ပါ။

စာကိုကိုင်၍ ငိုင်နေမိ၏။

ယီကျောင်နန်က ...



"ဝမ်ကျောက်နီဟာ ခင်ဗျားကိုတွေ့ပြီး သူပြောချင်တာ ပြောပြီးရင် သူ့ကိုယ်သူ သေကြောင်းကြံမယ် ထင်တယ်"

ဝါယင်လုံသည် သက်ပြင်းချလိုက်ပြီး ...

"ငါ သူ့ကို ဖျောင်းဖျပါ့မယ်"

ဟုပြောပြီး အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်၏။

ယီကျောင်နန်က ဟန့်တားလိုက်သည်။

"ခင်ဗျား ဘယ်သွားမလို့လဲ"

ဝါယင်လုံသည် အံကိုကြိတ်ကာ ...

"ဝမ်ကျောက်နီကို ကယ်တင်မယ်၊ ကျောက်ချီဝမ်းတို့ကို သုတ်သင်ပစ်မယ်"

ယီကျောင်နန် သက်ပြင်းချကာ ...

"ဒီလိုလုပ်လို့ မဖြစ်ဘူး၊ ဝမ်ကျောက်နီက ဘဝနဲ့ရင်းပြီး ရှနဲ့စားထားရတာတွေ အလကားဖြစ်ကုန်မယ်၊ မင်း သူနဲ့တွေ့ပြီးမှ ဘာဆက်လုပ်သင့်တယ်ဆိုတာ စဉ်းစားပါ"

ဝါယင်လုံက ...

"မဖြစ်ဘူး၊ ငါ သူ့ကိုကယ်မှဖြစ်မယ်"

ယီကျောင်နန်က ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ခင်ဗျား မလောနဲ့၊ ကျုပ်ဂကားကို နားထောင်ပါ"

ဝါယင်လုံသည် စိတ်ကို ပြန်လည်တည်ငြိမ်အောင် ထိန်းချုပ်လိုက်၏။

မှန်သည်။ သူသည် အလွန်စိတ်လှုပ်ရှားသွားသည် မဟုတ်ပါလား။

ထို့နောက် အခန်းထဲ၌ ပြန်ထိုင်ချလိုက်၏။

ယီကျောင်နန်က ဝါယင်လုံအား ဖျောင်းဖျလိုက်သည်။

"ခင်ဗျား စဉ်းစားပါ၊ သူတောင် အောင့်အည်း သည်းခံပြီး ကြီးမားတဲ့ တာဝန်ကို ထမ်းဆောင်နေတာပဲ၊ ဒါဟာ ခင်ဗျားကို မြတ်နိုးလွန်းလို့ပဲ၊ ခင်ဗျားအပေါ် အန္တရာယ်ကျမှာစိုးလို့ပဲ၊ သူ အနစ်နာခံကြားတယ်ဆိုတာကည်းက သတင်းဟာ တကယ် အရေးကြီးနိုင်တယ်။ ဒီတော့ ဘာပဲဖြစ်ဖြစ် ခင်ဗျား သူနဲ့သွားပြီး တွေ့ဆုံရမယ်"

ဝါယင်လုံ ခေါင်းညိတ်လိုက်၏။

ပြီးမှ လေပူတစ်ချက် မှုတ်ထုတ်ရင်း...

"ကျွန်တော် ကြယ်တံခွန်ဂိုဏ်းအကြောင်း ကြားဖူးခဲ့ပါတယ်၊ ကိုးဝေွ့တိုက်ပွဲမှာ ကြယ်တံခွန်ဂိုဏ်းဟာ ရှုံးနိမ့်ခဲ့တယ်၊ ဂိုဏ်းရဲ့ အထိမ်းအမှတ် ရတနာတစ်ခုကို အဖေက ထိန်းသိမ်းထားခဲ့တယ်၊ အဲဒီတုန်းက ကြယ်တံခွန်ဂိုဏ်းက ပြောခဲ့တယ်၊ တစ်နေ့နေ့မှာ ဖေဖေ့ကို ပြန်ပြီး ရင်ဆိုင်မယ်၊ သူတို့ဂိုဏ်းရဲ့ ပစ္စည်းကို ပြန်ယူမယ်တဲ့၊ အခု သူတို့ ပြန်လှုပ်ရှားလာကြပြီး သူတို့က ဖေဖေ့ကို ပြန်ပြီး ရင်ဆိုင်နိုင်မယ်လို့ ယူဆလို့ပဲ ဖြစ်မယ်"

ယီကျောင်နန်က ...

"ဒါဆို ခင်ဗျားအနေနဲ့ ဝမ်ကျောက်နီကို မတွေ့လို့မဖြစ်တော့ဘူး၊ တွေ့ကိုတွေ့ရမယ်၊ သူပြောမယ့် စကားတွေ နားထောင်ရမယ်"

ဝါယင်လုံက ...

"ဟုတ်ပါတယ်"

ဟူချင်က ...

"ကျုပ်တို့ ဒီအောက်ထဲ ရောက်နေတာ အတော်ကြာပြီ၊ အပေါ်ကို ပြန်ပြီး အခြေအနေကြည့်ဦးမှပဲ"



ယီကျောင်နန်က ...

"ကောင်းတယ်"

ဟူချင်က အပေါ်သို့ သွားမည်ဟုပြောသော်လည်း ခြေထောက်ကမူ နေရာမရွေ့ပါချေ။

ဝါယင်လုံက သတိရသွားပြီး ရင်ဘတ်ကြားထဲက ဖြေဆေးဗူးကို ထုတ်ယူကာ ...

"ဒီမှာ ဖြေဆေးတွေရှိတယ်၊ ဒီအဆိပ်အတွက် တစ်ယောက်တစ်လုံးစီသောက်ရင် လုံလောက်ပါပြီ"

ဟုပြောပြီး လှမ်းပေးလိုက်၏။

ဟူချင်က လှမ်းယူကာ တစ်လုံးသောက်လိုက်၏။

ထို့နောက် ဝါယင်လုံအား ဦးညွှတ်ကာ ...

"ကျေးဇူးတင်ပါတယ်၊ ကျုပ် သူတို့အခြေအနေ ကြည့်လိုက်ဦးမယ်၊ ဒီမှာပဲ စောင့်နေပါ"

သူသည် ပြောပြီး ထွက်သွားလေတော့သည်။

❑ ❑ ❑

အခန်း(၂၈)

## ဖျက်ဆီးလိုသူတို့၏ ဗီဇ

"မီး ... မီး ... မီး"

ဟူချင်၏ စူးရှသော အသံထွက်လာ၏။

ထို့နောက် မချတင်ကဲ ရေရွတ်သံပါ ကြားလိုက်ရ၏။

"မင်းတို့ သိပ်ရက်စက်တယ်"

ဝါယင်လုံမှာ ထိတ်လန့်သွား၏။

ကမန်းကတန်းပင် ထိုင်ရာမှထကာ အပေါ်သို့ ပြေးတက်လာသည်။

ယီကျောင်နန်လည်း နောက်မှပြေးလိုက်လာလေသည်။

ဝါယင်လုံ အပေါ်သို့ရောက်သောအခါ ရဲတိုက်တစ်ခုလုံး မီးစွဲလောင်နေသည်ကို တွေ့လိုက်ရလေသည်။

ဝါယင်လုံမှာ အံကိုကြိတ်လိုက်သည်။

ဟန်ရှင်းတို့၏ ယုတ်မာမှုကို တွေးကာ ရွံရှာမိ၏။

"တောက် ... ယုတ်မာတဲ့ အကောင်တွေပဲ"

ယီကျောင်နန်ကလည်း နောက်မှထွက်လာရင်း ...



"ငါ သူတို့နဲ့ ဒီတစ်ခါတွေ့ရင်တော့ ကောင်းကောင်း ဆုံးမပစ်မယ်"

ထိုစဉ် ဟူချင်မှာ မီးတောက်မီးလျှံများကြား၌ ပြေးလွှားနေသည်ကို တွေ့လိုက်ရသည်။

ဝါယင်လုံမှာ ဟူချင်အတွက် စိတ်ပူသွားပြီး ဟူချင်နောက်သို့ ပြေးလိုက်သွား၏။

အဆောင်တစ်ခုအတွင်း၌ အတုံးအရုန်း သေဆုံးနေကြသော ဟူချင်၏ ငယ်သားများကိုလည်း စိတ်မကောင်းစရာ မြင်တွေ့လိုက်ရ၏။

မြင်ကွင်းတစ်ခုလုံးမှာ ယူကျုံးမရစရာပင်။

ဝါယင်လုံတို့ပင် စိတ်ထိခိုက်ရသည့်အတွက် ကာယကံရှင် ဟူချင်အတွက်မူ ပြောဖွယ်ရာမရှိတော့ပေ။

ဟူချင်မှာ မီးတောက်များအကြား ပြေးလွှားရင်း ကယောင်ကတမ်းနှင့် ရေရွတ်နေ၏။

"ငါ ဘာမှားလို့လဲ"

"ငါ့လူတွေ ဘာလို့သတ်ရတာလဲ"

"ငါ့ဂေဟာကို ဘာကြောင့် မီးရှို့ရတာလဲ"

"မင်းတို့ကို ငါ သတ်ပစ်မယ်ကွ"

"ငါငုံ့ခံနေတာ မင်းတို့ကို ကြောက်တယ်များ ထင်နေသလား"

ဝါယင်လုံက ဟူချင်နောက် ပြေးလိုက်လာပြီး ဟန့်တားလိုက်သည်။

"ဟူချင် သတိထားပါ"

ဟူချင်မှာ ဝါယင်လုံ၏အော်သံကို ကြားသောအခါ ပြေးလွှားနေရာမှ ရပ်တန့်လိုက်၏။

ထို့နောက် ဝါယင်လုံအား စိုက်ကြည့်ကာ ...

"ကောင်းတယ်၊ မင်းကို ငါသတ်ရမယ်"

ဟု အံကြိတ်ကာ ပြောလိုက်၏။

သူ၏မျက်လုံးအစုံမှာ နီရဲပြီး ပြူးထွက်နေ၏။

မျက်နှာတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ကောင်းအောင် တင်းမာခက်ထန်နေ၏။

ဝါယင်လုံ ထိတ်လန့်သွား၏။

ဟူချင်မှာ စိတ် ကယောင်ချောက်ချားဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထိုစဉ် ဟူချင်သည် ဝါယင်လုံအနီးသို့ ရောက်လာပြီး တ ကြမ်း တိုက်ခိုက်လေတော့သည်။

သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်ရက်စက်၏။

အဆင့်မြင့်သော တိုက်ကွက်များကြောင့် ဝါယင်လုံ ထိတ်လ ကာ အမြန်ရှောင်တိမ်းပေးလိုက်ရ၏။

ဟူချင်၏ တိုက်ခိုက်မှုမှာ ထိပ်တန်း သိုင်းသမားတစ်ဦး၏ တိုက်ခိုက်မှုဖြစ်သဖြင့် အံ့သြသွားရသည်။

ထိုစဉ် ယီကျောင်နန်မှာ ဟူချင်အား ပြန်လည်တိုက်ခိုက် ဟန်ပြင်နေသည်ကို တွေ့လိုက်ရသည်။

"ယီကျောင်နန် ခင်ဗျား သူ့ကို မနိုင်နိုင်ဘူး၊ ဖယ်နေ၊ ကျ သူ့ကို ဖမ်းချုပ်မယ်"



ဝါယင်လုံသည် ယီကျောင်နန်ကို သတိပေးပြီးနောက် ခုန်ဝင်လာလေ၏။

ယီကျောင်နန်က နောက်ဆုတ်ပေးလိုက်သည်။

ထို့နောက် တစ်ဆက်တည်း မေးလိုက်၏။

"မီး ဘယ်သူရှို့သွားတာလဲ"

ဝါယင်လုံက ...

"ဘယ်သူရှိမှာလဲ၊ ဟန်ရှင်းတို့ပဲပေါ့၊ ကျုပ်တို့ကို ရှာမတွေ့လို့ပဲဖြစ်မယ်"

ယီကျောင်နန်က အံကြိတ်ပြီး ...

"ယုတ်မာလှချည်လား၊ ဒါထက် ဟူချင်ကို ဘယ်လိုလုပ်မလဲ"

ဝါယင်လုံက ...

"မတတ်နိုင်ဘူး၊ သွေးကြောပိတ်ပြီး ခေါ်သွားရမယ်"

ဟုပြောရင်း ဟူချင်အား တိုက်ခိုက်လိုက်၏။

တိုက်ကွက် ၁၀၀ နီးပါးရောက်မှသာ ဟူချင်ကို သွေးကြောပိတ်နိုင်ခဲ့သည်။

ဝါယင်လုံက ဟူချင်အား ထမ်းလိုက်ပြီး ပြောသည်။

"တို့သွားကြမယ်၊ ကျင်လင်ကိုပဲ ပြန်ကြမယ်"

သူတို့သည် အနောက်ကျေးရွာထဲမှ ပြေးထွက်လာလေတော့၏။

အနောက်ကျေးရွာမှာ မီးမငြိမ်းသေးပါ။

သို့သော် လောင်စရာ လောင်စာ သိပ်မကျန်တော့သဖြင့် မီးညွန့်ကျိုးသွားပြီဖြစ်သည်။

ဝါယင်လုံက ပြေးလွှားရင်း မေးလိုက်လေ၏။

"ယီကျောင်နန် ကျန်စန်တောင်ကို သိသလား"

ယီကျောင်နန်က ...

"သိတယ် ... ကျင်လင်အနောက် မိုင်တစ်ရာလောက်အကွာမှာ ရှိတယ်"

"ဒါဆိုရင် ဒီကသွားလို့ လမ်းကြုံတာပေါ့"

"ဟုတ်တယ်"

"ဒါပေမယ့် စောပါသေးတယ်၊ ဟန်ရှင်းတို့လည်း အဲ့ဒီ ကျန်စန်တောင်မှာ စခန်းချမလား မသိဘူး"

ယီကျောင်နန်က ...

"ဒါလည်း ဖြစ်နိုင်တယ်၊ တို့ အခု ကျင်လင်ကို အမြန်ပြန်ကြတာပေါ့"

သူတို့သည် ကိုယ်ဖော့ပညာကို အသုံးပြုပြီး ပြေးလွှားလာရာ မကြာမီ သစ်တောအုပ်တစ်ခုဆီသို့ ရောက်ရှိလာသည်။

သစ်တောအုပ်ထဲသို့ ဝင်မည်အပြုတွင် သစ်တောအုပ်ထဲမှ လူ တစ်စု ထွက်လာသည်နှင့် ပက်ပင်းတိုးမိသွားလေတော့၏။

ဝါယင်လုံ ထိတ်လန့်သွား၏။

ရှေ့မှလူစုအား သေသေချာချာ ကြည့်လိုက်၏။

လက်နက်ကိုယ်စီ ကိုင်ထားသော လူငယ်များ ဖြစ်သည်ကို တွေ့ရသည်။

ထိုလူစုကြားထဲ၌ ချန်ရိ၊ ဟားစုကျန်၊ လော့ကျန့်ဘူးတို့အား တွေ့လိုက်ရသဖြင့် ဝါယင်လုံ စိတ်သက်သာရာ ရသွားသည်။

ယီကျောင်နန်အား ကယ်တင်ရန် လူစုလူဝေးနှင့် လာကြခြင်း ဖြစ်ကြောင်း သိရှိလိုက်သည်။



ချန်ရိမှာလည်း မမျှော်လင့်ဘဲ ဝါယင်လုံတို့နှင့် ထိပ်တိုက်တိုးမိသဖြင့် ဝမ်းသာသွား၏။

ဝါယင်လုံအား ပြေးဖက်လိုက်ပြီးပြောသည်။

"ယင်လုံ မင်းကိုလိုက်ရှာရတာကွာ ငါဖြင့် သေတော့မလို ဖြစ်နေတာကွ"

တစ်ဆက်တည်းပင် ယီကျောင်နန်ဘက်သို့ လှည့်လိုက်ပြီး ...

"ယင်လုံ မင်းကိုသွားကယ်တယ်ဆိုကတည်းက မင်းလွတ်မြောက်လာမှာလို့ ငါထင်သားပဲ၊ ဟား ... ဟား ... ဟား"

သူသည် ရယ်မောရင်း ပြောလိုက်သည်။

ယီကျောင်နန်က ပြုံးလိုက်ပြီး ...

"မင်း ဉာဏ်ကောင်းလာပြီပဲ"

ချန်ရိက ဟူချင်အား တစ်ချက်ကြည့်လိုက်၏။

ဟူချင်သည် ရန်သူတစ်ဦးဖြစ်ပြီး ဝါယင်လုံတို့က လက်ရဖမ်းဆီးလာသည်ဟု ထင်သွား၏။

ထို့ကြောင့် သူက အားရပါးရ ပြုံးလိုက်ပြီး ...

"မင်းတို့က လူတစ်ယောက်ကိုတောင် အပါခေါ်နိုင်တာပဲ"

ယီကျောင်နန်က ...

"ပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ အခု ကျင်လင်ကို ပြန်ကြမယ်"

သူတို့အားလုံး တောအုပ်အတွင်းသို့ ပြန်လှည့်ဝင်လာ၏။

အတန်ကြာ လျှောက်လာပြီးသောအခါ ချန်ရိက ဝါယင်လုံနှင့် စကားပြောလိုလာသဖြင့် ခေတ္တရပ်နားရန် ပြောလိုက်၏။

"ဟော့ ... တို့ အခု ဘာကိစ္စမှ အရေးတကြီး မရှိတော့ပါဘူး၊ ဒီတော့ ဒီမှာခဏနားပြီး စကားပြောကြရအောင်"

ချန်ရိ၏စကားမှာ မငြင်းသာသဖြင့် အားလုံးက ခေတ္တအနား ယူလိုက်ကြသည်။

ချန်ရိက သူနှင့်ပါလာသော လူအားလုံးကို ဝါယင်လုံနှင့် မိတ်ဆက်ပေးလိုက်သည်။

ယီကျောင်နန်ကလည်း အားလုံးအား အရိုအသေပေးလိုက်ပြီး လှိုက်လှဲစွာ ကျေးဇူးတင်စကား ပြောသည်။

"ခုလို ကျွန်တော့်ကို ကယ်တင်ဖို့လာကြတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ချန်ရိက ပါရှိလာသော ရေနှင့် ရိက္ခာခြောက်များကို မျှပေးလိုက်၏။

ဝါယင်လုံက စားသောက်ရင်း ချန်ရိအား မေးလိုက်၏။

"ချန်ရိ ... ခင်ဗျားက ကျင်လင်မှာပဲဆို၊ ကျုပ် ပြန်လာတော့လည်း ခင်ဗျားကိုမတွေ့ဘူး၊ ဘယ်ရောက်နေတာလဲဗျ"

ချန်ရိက ...

"မင်းနဲ့ငါ လွဲတာပါ၊ ငါကလည်း မင်းကိုသွားရှာတာနဲ့ ဆုံလို့ ဖြစ်မှာပေါ့၊ ငါက သိုင်းပညာ လေ့ကျင့်ပြီး မင်းကို ကယ်ဖို့လာတာ၊ ဟိုရောက်တော့ မင်းမရှိတော့ဘူး"

ဝါယင်လုံမှာ ချန်ရိ၏ စကားကြောင့် အံ့အားသင့်သွားသည်။

"ခင်ဗျားက ကျုပ်ကို ဖမ်းထားတဲ့နေရာ သိလို့လား"

ချန်ရိက လက်မထောင်လိုက်ပြီး ...

"သိပ်သိတာပေါ့"



ယီကျောင်နန်က ...

"မင်းသိတယ်ဆိုရင် ငါတို့ကို အကြောင်းကြားမှာပါ၊ ခုတော့ ငါတို့ကိုလည်း အကြောင်းမကြားပါလား"

ချန်ရိက ...

"မင်းတို့က မယုံလို့လား၊ ယင်လုံ မင်းကို သူတို့က ကြိုးနဲ့ တုပ်ပြီး ဓောက်ထိုးဆွဲထားတယ် မဟုတ်လား"

ဝါယင်လုံမှာပို၍ အံ့အားသင့်သွားပြီး ...

"ဟုတ်တယ် ... ဘယ်လိုသိ ..."

ချန်ရိက

"ငါကိုယ်တိုင် မြင်တာပေါ့၊ ပထမ ဝင်ကယ်ဖို့ပဲ၊ ဒါပေမယ့် ငါ သိုင်းပညာ မလုံလောက်လို့ ပြန်ပြီး သိုင်းလေ့ကျင့်ခဲ့တယ်"

ယီကျောင်နန်က မယုံကြည်ဟန်ဖြင့် ချန်ရိအား ကြည့်နေ၏။

ချန်ရိက စကားဆက်လိုက်သည်။

"ငါက သိုင်းပညာ ထပ်လေ့ကျင့်ပြီး မင်းဆီသွားတော့ မင်းကို မတွေ့တော့ဘူး၊ အခု လော့ကျန်ဘူးနဲ့ မာစုကျန်တို့ပြောမှ မင်း လွတ်လာတယ်ဆိုတာ သိရတာ"

ဝါယင်လုံက ...

"ကဲ ... ဒါတွေထားလိုက်ပါတော့၊ ခရီးဆက်ရဦးမယ်"

ချန်ရိက ဟူချင်အား ကြည့်၍ ...

"နေပါဦး ... မင်းတို့အကြောင်းလည်း ပြောပြစမ်းပါဦး၊ ဒီ ရှန်သူကို ဘယ်လိုလုပ်မလဲ"

ယီကျောင်နန်က ရယ်မောလိုက်ပြီး ...

"သူက ရန်သူမဟုတ်ပါဘူး၊ တို့အတွက်နဲ့ နစ်နာခဲ့ရတဲ့ လူတစ်ယောက်ပါ"

ချန်ရီက နားမလည်ဟန်ဖြင့် ပြန်မေးလိုက်၏။

"မင်းတို့ စကားတွေ ငါနားမလည်ဘူး၊ ရှင်းရှင်းလင်းလင်း ပြောကြစမ်းပါ"

ယီကျောင်နန်က အစအဆုံး ပြောပြလိုက်သည်။

ယီကျောင်နန်၏ စကားအဆုံး၌ ချန်ရီမှာ ဒေါသချောင်းချောင်း ထွက်သွား၏။

ဟူချင်ကိုယ်စား မခံမရပ်နိုင်သော စိတ်များ တဖွားဖွား ပေါ် ပေါက်လာ၏။

ကျင်လင်ငါးဖော်အနက် လီပုစင်းက လက်သီးကိုဆုပ်လိုက်ပြီး ဒေါသသံဖြင့် ပြောသည်။

"ကြယ်တံခွန်ဂိုဏ်းကို ဖြိုခွဲပစ်မယ်၊ ဒီကောင်တွေ သိပ်ယုတ်မာလွန်းတယ်"

ယုတ်မာကောက်ကျစ်သူများကို လူတကာက ရွံမုန်းကြသည်။

ယုတ်မာကောက်ကျစ်သူများသည် တရားဥပဒေကို ကျော်ခိုင်းပြီးထင်ရာစိုင်းနေကြသော ရာဇဝတ်သားများပင် ဖြစ်ကြသည်။

လူယုတ်မာ ရာဇဝတ်သားများအနေဖြင့်လည်း တာရှည် ဆိုးသွမ်းနိုင်ခြင်း ရှိမည်မဟုတ်ပါ။

ဥပဒေသည် အရိပ်ပမာ သူတို့နောက်သို့ ထက်ကြပ်မကွာ လိုက်နေမည်သာ ဖြစ်သည်။

ချန်ရီသည် သက်ပြင်းချလိုက်ပြီး ...



"ကြယ်တံခွန်ဂိုဏ်းက တစ်မျိုး၊ ရှန်းမုံဂိုဏ်းနဲ့ ကျူးယင်ဂိုဏ်း ကို့ ဆွေးနွေးကြတာလည်း တစ်ခုရှိသေးတယ်"

ဝါယင်လုံမှာ ထိုစကားကြောင့် အံ့သြသွား၏။

မယုံကြည်နိုင်ဟန်ဖြင့် ချန်ရီအား မေးမြန်းလိုက်၏။

"မင်း ဘာပြောလိုက်တယ်"

ချန်ရီက ...

"ရှန်းမုံဂိုဏ်းနဲ့ ကျူးယင်ဂိုဏ်း ဆွေးနွေးကြတာပါ"

"ဘာတွေ ဆွေးနွေးကြတာလဲ၊ မင်း ဘယ်လိုလုပ်သိသလဲ"

"ငါ မင်းကို လာကယ်ရင်း မမျှော်လင့်ဘဲ တွေ့ခဲ့တာပါ၊ ဒါပေမယ့် ကိစ္စမရှိတော့ပါဘူး၊ ကျူးယင်ဂိုဏ်းချုပ်က ကောင်းထိုက် သက်ချက်ကြောင့် တောင်ပိုင်းပြန်သွားပါပြီ"

"ကောင်းထိုက် ဟုတ်လား"

"မင်း သိလို့လား"

"အသက် ၄၀ လောက် ခန္ဓာကိုယ် ထွားထွားကျိုင်းကျိုင်းနဲ့ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ငါ့အဘွားရဲ့ တပည့်ပဲ"

ငြိမ်သက်စွာ နားထောင်နေသော ယီကျောင်နန်က ...

"မင်းတို့ ဘာတွေပြောနေကြတာလဲ၊ သေသေချာချာ ရှင်းလင်းလင်း ပြောစမ်းပါ"

ဝါယင်လုံကလည်း ဝင်ပြောသည်။

"ဟုတ်တယ် ချန်ရီ၊ မင်းတွေ့သမျှတွေ အကုန်ပြောပြစမ်းပါ"

ချန်ရီက ...
"ဒီလိုကွ ... ငါ မင်းကို ကယ်ဖို့လာတဲ့အခါမှာ ...

❑ ❑ ❑



၁

အခန်း(၂၉)

## သူရသည့် သတင်း

ချန်ရီမှာ မှောင်ရိပ်ကို အကာအကွယ်ယူကာ ကျူးယင်ဂိုဏ်းဆီသို့ ချဉ်းကပ်လာခဲ့၏။

လရောင်က မထွက်သေးသဖြင့် အမှောင်ထုမှာ ပိုမိုကြီးစိုးနေသည်။

ချန်ရီမှာ ကျူးယင်ဂိုဏ်းဆီသို့ တစ်ခေါက်ရောက်ဖူးထားသဖြင့် သွားလာရာ၌ အခက်အခဲမရှိပါ။

တစ်စထက်တစ်စ ချဉ်းကပ်လာနိုင်ခဲ့သည်။

သူ၏စိတ်ထဲ၌ သုံးရက်ပြည့်ပြီဖြစ်သောကြောင့် ဝါယင်လုံ၏ အခြေအနေ မည်သို့ရှိသည်ကို သိလိုလှ၏။

ဝါယင်လုံအတွက်လည်း စိုးရိမ်ပူပန်မိ၏။

ယနေ့ည မဖြစ်ဖြစ်သည့်နည်းဖြင့် ဝါယင်လုံအား ရအောင်ကယ်တင်မည်ဟုလည်း ဆုံးဖြတ်ထားသည်။

ချန်ရီမှာ အမှောင်ထုအတွင်း ချဉ်းနင်းဝင်လာရင်း ဝါယင်လုံအား ချုပ်နှောင်ထားသော သစ်ပင်ဆီသို့ ရောက်လာ၏။

သစ်ပင်ပေါ်၌ ကြိုးစအပြတ်များကိုသာ တွေ့ရပြီး ဝါယင်လုံကိုမူ မတွေ့ရတော့ချေ။

ထိုအခါ ချန်ရိမှာ ဝါယင်လုံအတွက် အကြီးအကျယ် စိတ်ပူသွားလေတော့သည်။

တကယ်တော့ ချန်ရိသည် အလောသုံးဆယ် ဆုံးဖြတ်တတ်ပြီး စိတ်မြန်လက်မြန် လုပ်တတ်၍သာ ဤအခြေအနေကို အေးအေးဆေးဆေး မတွေးမိခြင်း ဖြစ်သည်။

တကယ်တော့ ကြိုးစများ အပိုင်းပိုင်းပြတ်နေသည်ကိုကြည့်ပြီး ကိုယ် ဖြတ်တောက်သော ကြိုးစလော၊ ရန်သူများက ဖြတ်တောက်သော ကြိုးစလောဟု စဉ်းစားတွေးတောသင့်သည်။

ယခုတော့ သူသည် ဝါယင်လုံအတွက် စိတ်ပူဖို့သာ သိသည်။ ထို့ကြောင့် စိတ်ပူသွားတော့သည်။

ထို့ကြောင့် သူသည် ဝါယင်လုံအား ရှာဖွေရန် ခြံထဲ၌ ရှာဖွေလေတော့သည်။

အဆောင်နားသို့ အသာချဉ်းကပ်ပြီး ရှာဖွေလိုက်၏။

အတန်ကြာ ရှာဖွေသော်လည်း မည်သူ့ကိုမျှ မတွေ့ရချေ။

ချန်ရိ တစ်ဆောင်ပြီးတစ်ဆောင်သို့ လျှို့ဝှက်စွာ ချဉ်းကပ်ရှာဖွေရင်း အရှေ့ဆောင်ဘက်သို့ ရောက်ရှိလာလေတော့သည်။

အရှေ့ဆောင်မှာ မီးများ လင်းထိန်နေ၏။

အထဲ၌ လူများကိုလည်း တွေ့လိုက်ရသည်။

ချန်ရိ ရင်ထိတ်သွား၏။

"ယင်လုံကိုများ စစ်ဆေးနေကြသလား မသိဘူး"

သူသည် တွေးရင်း အဆောင်ထဲသို့ ဝင်ရန် စဉ်းစားလိုက်၏။



သို့သော် သူ၏သိုင်းပညာမှာ ကျူးယင်ဂိုဏ်းချုပ်၏ ပြိုင်ဘက်မဟုတ်ကြောင်း တွေးတောမိ၏။

ဝါယင်လုံအား မကယ်နိုင်သည့်အပြင် မိမိပါရောပြီး အဖမ်းခံရနိုင်သည်ဟု သဘောပေါက်လိုက်၏။

ချန်ရိ အလျင်အမြန် စဉ်းစားလိုက်၏။

ထိုအဆောင်၌ သစ်ပင်တစ်ပင်ကို တွေ့လိုက်ရသဖြင့် ထိုသစ်ပင်ပေါ်သို့ တက်ကာ အတွင်းမှ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

သူပုန်းခိုလိုက်သော နေရာမှာ ပြတင်းပေါက်နှင့် တည့်နေသဖြင့် အတွင်းသို့ ကောင်းစွာမြင်နေရ၏။

အတွင်း၌ လူ ၂၀ ခန့်ရှိ၏။

စားပွဲနှစ်ခု ခင်းကျင်းထားပြီး လူခွဲကာ ထိုင်နေကြ၏။

စားပွဲနှစ်ခုစလုံးပေါ်၌ စားသောက်ဖွယ်ရာများ အပြည့် တည်ခင်းထားသည်။

ထိုလူများထဲ၌ တစ်ဦးမှာ ထူးထူးခြားခြား ပေါ်လွင်နေကြောင်း တွေ့လိုက်ရသဖြင့် စိတ်ဝင်စားသွားလေသည်။

ထိုသူမှာ အသက်အရွယ် ငါးဆယ်ခန့်ရှိသည်။

မျက်နှာမှာ နီရဲပြီး မုတ်ဆိတ်ဖြူနှင့်ဖြစ်၏။

စားပွဲထိပ် တစ်နေရာ၌ ထိုင်နေ၏။

သူကြည့်နေစဉ်မှာပင် ကျူးယင်ဂိုဏ်းချုပ်နှင့် မေစုတို့ ရောက်ရှိလာကြသည်။

စားပွဲရှိ အားလုံးသော လူများက ထရပ်ကာ အရိုအသေပေးကြသည်။

ကျူးယင်ဂိုဏ်းချုပ်က မျက်နှာနီနီနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

မေစုကလည်း ကျူးယင်ဂိုဏ်းချုပ်ဘေးတွင် ဝင်ထိုင်လိုက်သည်။

ကျူးယင်ဂိုဏ်းချုပ်က ...

"ကဲ ... ကွမ်မု တို့ စကားပြောရအောင်"

မျက်နှာနီနီနှင့် လူက ...

"ဟုတ်ကဲ့ ... ကျွန်တော်တို့ ရှန်မုံဂိုဏ်းကို အခုလို ဖိတ်ကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒီစကားကို ကြိုတင်ပြောချင်ပါတယ်"

ကျူးယင်ဂိုဏ်းချုပ်က ...

"ဒါတွေထားလိုက်ပါတော့၊ အခု ရှင်တို့နဲ့ ကျွန်မတို့ဟာ ရည်ရွယ်ချက်ချင်း တူညီတဲ့ ဂိုဏ်းနှစ်ခုပဲ၊ ဒီတော့ ရှေ့ကို ဘာဆက်လုပ်သင့်တယ်ဆိုတာ ဆွေးနွေးကြရအောင်"

ကွမ်မုက ရယ်မောလိုက်ပြီး ...

"ကျွန်တော်တို့ အောက်လမ်းသိုင်းလောက ပြန်လည်ခေါင်းထောင်ဖို့ ကြိုးစားမယ်ဆိုရင် အတားအဆီးတစ်ခုလိုဖြစ်နေတဲ့ ဝါထင်းဟုန်ကို ရင်ဆိုင်ကြရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဝါထင်းဟုန်ဟာ အောက်လမ်းသိုင်းလောကရဲ့ ဘုံရန်သူဖြစ်နေလို့ပဲ"

ကျူးယင်ဂိုဏ်းချုပ်က ထောက်ပေးလိုက်သည်။

"ဟုတ်ပါတယ် ... ဒီတော့"

ကွမ်မုက ...



"ကျုပ်တို့ တစ်ဦးချင်းအနေနဲ့ ရင်ဆိုင်မယ်ဆိုရင် ဝါထင်းဟုန်ကို နိုင်ပါ့မလား၊ အဲ့ဒါကို စဉ်းစားကြရမယ်"

စည်းလုံးညီညွတ်ခြင်းသည် အင်အားတစ်ရပ်ဖြစ်သည်။

ကောင်းသော လုပ်ငန်းဖြစ်စေ၊ မကောင်းသော လုပ်ငန်းဖြစ်စေ စည်းစည်းလုံးလုံး တက်ညီ လက်ညီ ဆောင်ရွက်ပါက အောင်မြင်မှုကို ရရှိနိုင်ကြမည်သာဖြစ်သည်။

သို့ရာတွင် မကောင်းမှုဒုစရိုက်လုပ်ငန်းသည်ကား ယုတ်မာကောက်ကျစ်သူများ၏ လုပ်ငန်းသာဖြစ်ရာ မည်မျှပင် စည်းရုံးညီညွတ်စေကာမူ အချင်းချင်း သစ္စာစောင့်သိမှု မရှိသာကြောင့် ယာယီပေါင်းစည်းမှုသာ ရနိုင်ပြီး သူတို့၏ လုပ်ငန်းသည်လည်း တာရှည်အောင်မြင်နိုင်မှု ရရှိနိုင်မည် မဟုတ်ပေ။

လူအများအကျိုး ရပ်ရွာအကျိုး လုပ်ကိုင်ဆောင်ရွက်ကြသူများကား မူလကပင် ကိုယ်ကျိုးစွန့်လွှတ်၍ လုပ်ကိုင်နေကြသူများ ဖြစ်ရာ စည်းလုံးညီညွတ်မှုသည် ခိုင်မြဲ၏။ သစ္စာစောင့်သိမှုသည် ခိုင်မာသည်။

ထို့ကြောင့် အများအကျိုး သယ်ပိုးထမ်းဆောင်နေသူများ၏ စည်းလုံးညီညွတ်မှုသည် ခိုင်မြဲမှုရှိကာ အောင်မြင်မှုကိုလည်း ထူးထူးခြားခြား ရရှိနိုင်သည်။

စည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ရှန်းမုံဂိုဏ်းမှ ကွမ်မုက နားလည်ထားသည်။

ထင်းစည်းကို ဒူး၌တင်ချိုးသော်လည်း မချိုးနိုင်ပေ။

ထင်းတစ်ချောင်းစီခွဲ၍ ချိုးပါက ကျိုးနိုင်သည့် ဥပမာကို ကွမ်မုသိသည်။

မိမိတို့အနေဖြင့် စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်း ကွမ်မှ ခံယူထားသည်။

ထို့ကြောင့် မိမိတို့တစ်ဦးချင်းအနေဖြင့် ဝါထင်းဟုန်ကို ရင်ဆိုင်နိုင်မည်မဟုတ်ကြောင်း သတိပေးလိုက်ခြင်း ဖြစ်လေတော့သည်။

သူ့စကားကြောင့် ကျူးယင်ဂိုဏ်းချုပ် မျက်နှာတစ်ချက် ပျက်သွားသည်။

စိတ်ပျက်လက်ပျက်ဖြင့် အသာအယာ ခေါင်းခါယမ်းလိုက်သည်။

ကျူးယင်ဂိုဏ်းချုပ်က မျက်နှာတစ်ချက် ပျက်သွားပြီး ...

"နိုင်ဖို့ သိပ်မလွယ်ပါဘူး"

ကွမ်မုက သက်ပြင်းချကာပြောသည်။

"ဟုတ်ပါတယ် ... ဒီတော့ ကျုပ်တို့ သူ့ကိုရင်ဆိုင်ရတဲ့အခါမှာ ပြောင်တိုက်ခိုက်သလို ခိုးကြောင်ခိုးဝှက်နဲ့လည်း တိုက်ခိုက်ရမှာပါ၊ ရှိသမျှ နည်းမျိုးစုံသုံးပြီး တိုက်ခိုက်ရမှာပဲ"

ကျူးယင်ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

ပြီးမှ တိုးညင်းသော အသံဖြင့် ...

"ကျုပ် သဘောတူပါတယ်"

"ဟား ... ဟား ... ဟား"

ကွမ်မုက သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက် စကားဆက်သည်။

"ဒါထက် ကျုပ်တို့သိချင်တာ တစ်ခုရှိပါတယ်"

ကျူးယင်ဂိုဏ်းချုပ်က ပြောသည်။

"ဟုတ်ကဲ့ ... မေးပါ"



ကွမ်မုက ...

"ကျောက်စိမ်းပန်းအိုး ယင်ယင်အကြောင်းပါပဲ"

ကျူးယင်ဂိုဏ်းချုပ်၏ မျက်နှာမှာ ကွက်ခနဲပျက်သွား၏။

ချက်ချင်းပင် ဣန္ဒြေဆည်လိုက်၏။

ကွမ်မုက ...

"သူမသေသေးပါဘူး၊ သူ့ကို ကျုပ်တို့ အသုံးချစရာတွေ ရှိသေးတယ်"

ကျူးယင်ဂိုဏ်းချုပ်က ...

"သူ့ကို ရှင်တို့တွေ့ထားပြီလား"

ကွမ်မုက ...

"မတွေ့သေးပါဘူး"

ကျူးယင်ဂိုဏ်းချုပ်က ...

"ဒါဆို ဘာကြောင့် မသေသေးဘူးလို့ ပြောနိုင်ရတာလဲ"

ကွမ်မုက ...

"သူ့ရဲ့အကြောင်းကို ကျုပ်တို့ သေသေချာချာ စုံစမ်းပြီးပါပြီ၊ သူသေတယ် ရှင်တယ်ဆိုတာ ဘယ်သူမှ သေသေချာချာ မသိကြပါဘူး၊ ဒီတော့ သူဟာ သေဆုံးသွားတာထက် အသက်ရှင်လျက်ရှိသေးဖို့က များတယ်၊ ဖြစ်နိုင်တာကတော့ သူ ဇာတ်မြှုပ်နေတာပဲ"

ကျူးယင်ဂိုဏ်းချုပ်က မေးလေ၏။

သူ့မေးပုံက ယင်ယင့်အကြောင်း၊ ကွမ်မှ ဘယ်လောက်သိထားသလဲဟူသည်ကို သိချင်၍ မေးနေပုံတည်း။

"သူ့ကိုတွေ့တော့ကော ဘယ်လိုအသုံးချနိုင်မှာမို့လဲ"

ကွမ်မုက ...

"ယင်ယင်ကိုသာ ကျုပ်တို့ ထိန်းချုပ်နိုင်ရင် ဝါထင်းဟုန်ကိုလည်း ထိန်းချုပ်နိုင်ပါပြီ၊ အဲ့ဒါ အဓိက သော့ချက်ပဲမဟုတ်လား"

ကျူးယင်ဂိုဏ်းချုပ်က ...

"ဒီလိုမထင်နဲ့"

ကွမ်မုက ...

"ကျူးယင်ဂိုဏ်းချုပ်ဟာ ဝါထင်းဟုန်ကို မထိန်းချုပ်နိုင်ပေမယ့် ကျုပ်တို့နဲ့ပူးပေါင်းတဲ့အခါမှာ ထိန်းချုပ်လာနိုင်မှာပါ၊ ဒီတော့ ကျေးဇူးပြုပြီး ခင်ဗျားတို့ဂိုဏ်းက ကျောက်စိမ်းပန်းအိုး ယင်ယင်ကို ရှာဖွေပေးပါ"

ကျူးယင်ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်ရသည်။

"ကောင်းပြီလေ၊ ကျုပ်တို့ရဲ့ တာဝန်ပဲပေါ့"

ကွမ်မုက ...

"ဒါထက် ခင်ဗျားတို့ဂိုဏ်းချုပ်က အကြောင်းကြားတုန်းက ဝါထင်းဟုန်ရဲ့သား ဝါယင်လုံကို ဖမ်းထားတယ်ဆို"

ထိုစကားအဆုံး၌ မေစု၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

ခေါင်းမှာလည်း ငုံ့သွားသည်။

ကျူယင်ဂိုဏ်းချုပ် သက်ပြင်းချလိုက်ပြီး ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် ..."

ကွမ်မုက လက်ကာပြလိုက်ပြီး . .

"ဒီလောက်ဆိုရင် ကျုပ်သဘောပေါက်ပါပြီ၊ ဒါပေမယ့် အခုချိန်ကစပြီး ဝါယင်လုံကို တွေ့တဲ့နေရာမှာ အမိဖမ်းရမယ်၊ ဒါဟာ ကျွန်တော်တို့ ဂိုဏ်းချုပ်ရဲ့ ဆန္ဒပါပဲ"



ကျူယင်ဂိုဏ်းချုပ်က သက်ပြင်းထပ်မံချရင်း ...

"ကောင်းပြီလေ ... ကျုပ် သဘောတူပါတယ်၊ ဒါထက် ရှင်ရှန်းမုံဂိုဏ်းဌနချုပ် ဘယ်နေရာမှာလဲ"

ကွမ်မုက ...

"ကျင်မွှန် တောင်ကြားမှာပါ၊ ကျုပ်တို့ မကြာခင် ဂိုဏ်းတည်ဆောင်တဲ့အကြောင်း သိုင်းလောကကို ကြေညာတော့မှာပါ"

ကျူယင်ဂိုဏ်းချုပ်က ...

"ဝမ်းသာစရာပါပဲ၊ ဘယ်နေ့ ဘယ်ရက်လောက် ဖြစ်မယ်င်သလဲ၊ ဒါဟာ အမှတ်တရနေ့ပဲ"

ကွမ်မုက ...

"ကျုပ်တို့ ခြောက်လ၊ ခြောက်ရက်နေ့ကို ရွေးချယ်ထားပါတယ်"

ကျူယင်ဂိုဏ်းချုပ် ခေါင်းညိတ်လိုက်၏။

ကွမ်မုက စကားဆက်ပြောလိုက်၏။

ချန်ရိမှာ အတွေးလွန်နေ၏။

သူ၏အတွေးများထဲ၌ ကျူယင်ဂိုဏ်းချုပ်သည် အဘယ်ကြောင့် ရှန်းမုံဂိုဏ်းအား လိုက်လျောစွာ ဆက်ဆံနေရသနည်း။

ယခု သူကြားရသမျှထဲတွင် ကျူယင်ဂိုဏ်းက အားလုံးကို လိုက်လျောနေရသည်။ ဂိုဏ်းနှစ်ဂိုဏ်း ဆက်ဆံရာတွင် ရှန်းမုံဂိုဏ်းက အထက်စီးမှ ရှိနေပုံရသည်ကို တွေ့နေရသည်။

သူ ယခုကြားရသော စကားများသည် ဝါယင်လုံအတွက် န်စရာချည်းသာ ဖြစ်သည်။

သို့သော် ဝါယင်လုံမှာ ဤနေရာ၌မရှိသည်မှာ သေချာနေသည်။

သူက တွေးနေရာမှ ပြန်လည်၍ စကားဝိုင်းဆီသို့ နားစွင့်လိုက်သည်။ သို့သော် စကားသံမှာ တိုးလိုက်ကျယ်လိုက်ဖြစ်နေသဖြင့် အပြည့်အစုံမကြားရဘဲ အမည်များကိုသာ ကြားလိုက်ရသည်။

ရှင်ချွန်း။

လွင့်ရှန်။

ချင်ယွင်။

ထန်ရီ။

တောင်ဝါတောင် ကျိုထင်းဟောင်။

ချန်ရီမှာ ထိုနာမည်များကို ကြားသည်နှင့် မျက်မှောင်ကြုတ်သွား၏။

ထိုအမည်ရှင်များသည် သိုင်းလောကတွင် တစ်ချိန်တစ်ခါက ကျော်ကြားခဲ့သူများ ဖြစ်သည်။

သို့သော် ယခုမူ သိုင်းလောက၌ မရှိကြတော့ပါ။

ဇာတ်မြုပ်သွားကြပြီ ဖြစ်သည်။

သူက အတွေးကို ရပ်သိမ်း၍ အခန်းထဲသို့ ပြန်ကြည့်လိုက်သည်။

အခန်းထဲ၌ စကားသံ တိတ်ဆိတ်နေ၏။

အားလုံး စားသောက်နေကြပြီ ဖြစ်ပါသည်။

အတန်ကြာ စားသောက်ပြီးသောအခါ ကွမ်မုတို့လူစု ကျူးယင်ဂိုဏ်းချုပ်အား နှုတ်ဆက်ကာ ပြန်ထွက်ခွာသွားကြလေတော့သည်။

မေစုနှင့် ဌာနမှူးလေးယောက်လည်း ထွက်ခွာသွားသည်။



ယခု အခန်းထဲ၌ ကျူးယင်ဂိုဏ်းချုပ်တစ်ဦးသာ ကျန်ခဲ့တော့သည်။

ချန်ရီ ဆွေးနွေးပွဲဆုံးပြီဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် ပြန်လည်ထွက်ခွာရန် ဟန်ပြင်လိုက်၏။

သို့သော် အလွန်လျင်မြန်စွာ ပြေးလွှားလာသော အရိပ်တစ်ခုကို တွေ့လိုက်ရသဖြင့် သူက ပြန်လည် ပုန်းကွယ်နေလိုက်တော့သည်။

လူရိပ်မှာ လျင်မြန်စွာ အဆောင်အနီးသို့ ရောက်ရှိလာ၏။

အဆောင်၏ ဝရန်တာပေါ်သို့ လူရိပ် ခုန်တက်လာ၏။

ထိုစဉ် ကျူးယင်ဂိုဏ်းချုပ်၏ အသံ ထွက်ပေါ်လာသည်။

"ညဥ့်နက်သန်းခေါင် ရောက်လာတာ ဘယ်သူများလဲ၊ အထဲကို ကြွခဲ့ပါ၊ အထဲမှာ အသင့်ရှိနေပါတယ်"

လူရိပ်မှာ ပုန်းကွယ်ရန် မတတ်သာတော့ပါ။

အဆောင်ထဲသို့ လှမ်းဝင်လိုက်ရသည်။

မီးရောင်အောက်၌ ထိုသူအား ပီပီပြင်ပြင် တွေ့မြင်ရသည်။

ထိုလူမှာ အသက်လေးဆယ်ခန့် ရှိ၏။

ခန္ဓာကိုယ်မှာ ထွားကျိုင်းပြီး ခါးတွင် ဓားတစ်လက်ချိတ်ဆွဲထားသည်။

အပြာရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထား၏။

ကြည့်ရသည်မှာ အတော်ပင် ခံ့ညားသည်။

သူ့ပုံသဏ္ဌာန်နှင့် သူ့ဟန်ပန်မှာ အတော်ပင်ကြည့်ကောင်းသည်။

ထိုလူက ကျူးယင်ဂိုဏ်းချုပ် အဘွားအိုအား ဂါရဝပြုလိုက်သည်။

"ကျုပ်က ကောင်းထိုက်ပါ"

ကျူးယင်ဂိုဏ်းချုပ် အဘွားအိုက ...

"ဘာကိစ္စရှိလို့လဲ"

"ကျုပ်က ကျူးယင်ဂိုဏ်းချုပ်ကို လာတောင်းပန်တာပါ"

ကျူးယင်ဂိုဏ်းချုပ်က အံ့အားသင့်သွားလေ၏။

"ဘာကြောင့်လဲ"

"ဒီလိုပါ ... ခင်ဗျားဟာ ဝါမိသားစုရဲ့ ဒုတိယသခင်လေး ဝါယင်လုံကို ဖမ်းထားတယ်ဆိုတဲ့သတင်း ရပါတယ်၊ ဒါကြောင့် သူ့ကို ပြန်လွှတ်ပေးဖို့ ကျုပ်ကလာတောင်းပန်တာပါ"

ကျူးယင်ဂိုဏ်းချုပ်က ရယ်မောလိုက်ပြီး ...

"မင်းနဲ့ ဝါယင်လုံက ဘာဆိုင်လို့လဲ၊ လာသင့်တာက ဝါထင်းဟုန်ပဲ"

ကောင်းထိုက်က ဘာမျှပြန်မပြောပါ။

သူ၏ညာလက်ကို အသာအယာ လှုပ်ရှားပြလိုက်၏။

ကျူးယင်ဂိုဏ်းချုပ်က လက်လှုပ်ရှားပုံကို ကြည့်ရင်း ...

"ဟင် ... ပန်းခွေလက်"

ဟု လွှတ်ခနဲ ရေရွတ်မိ၏။

ထို့နောက် ကောင်းထိုက်အား စိုက်ကြည့်ကာ ...

"သြော် ... မင်းကလည်း ဝါမိသားစု လူတစ်ယောက်ပဲကိုး"

ဟု ပြောလိုက်၏။

ကောင်းထိုက်က ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ ကျုပ်က ဘွားဘွားယင်ထိုက်ကျွမ်းရဲ့ တပည့်ပါ၊ ကျုပ်အနူးအညွတ်တောင်းပန်ပါတယ်၊ ဝါယင်လုံကို ပြန်လွှတ်



ပေးပါ ခင်ဗျာ၊ ဝါယင်လုံဟာ ကျုပ်ရဲ့ ညီကလေးတစ်ယောက်လိုပဲ ခင်မင်ရတဲ့လူပါ"

သူက ရိုသေလေးစားစွာ ပြောလိုက်၏။

သို့သော် စကားသံ၏ နောက်ကွယ်၌ ခြိမ်းခြောက်မှုပါ ရောယှက်နေကြောင်း ကျူးယင်ဂိုဏ်းချုပ်က မဲ့ပြုံးပြုံးကာ ...

"ဝါယင်လုံနဲ့ပတ်သက်ပြီး ကျုပ်ပြောချင်ပါတယ်၊ ဒါပေမယ့် ခင်က ယုံကြည်ပါ့မလား"

ကောင်းထိုက်က ...

"ကျူးယင်ဂိုဏ်းချုပ်ကိုယ်တိုင် ပြောတဲ့ စကားကို ကျုပ်မယုံကြည်ဘဲ မနေပါဘူး"

ကျူးယင်ဂိုဏ်းချုပ်က ...

"ဝါယင်လုံကို ကျုပ်တို့ ဖမ်းမိခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမယ့် သူ အခုမရှိတော့ပါဘူး၊ ကျုပ်တို့လက်ထဲက လွတ်မြောက်သွားပါပြီ"

ကောင်းထိုက်က နောက်ဆုံးပြောလေ၏။

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်၊ လာပြီး အနှောင့်အယှက်ပေးမိတာကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျုပ်ကို ခွင့်ပြုပါဦး"

ကျူးယင်ဂိုဏ်း အဘွားအိုက ဟန့်တားလိုက်၏။

"နေပါဦး ..."

ကောင်းထိုက်က ဟန့်တားသံကြောင့် ခြေလှမ်းရပ်လိုက်သည်။

"ဘာကိစ္စများ ရှိနေပါသေးလဲခင်ဗျား"

ကျူးယင်ဂိုဏ်းချုပ်က ...

"ဒီနေရာဟာ ကျူးယင်ဂိုဏ်းပါ၊ လာချင်တိုင်းလာပြီး ပြန်ချင်တိုင်း ပြန်လို့မရဘူး၊ ကျူးယင်ဂိုဏ်းကို ဒီလိုအထင်သေးလို့ မရပါဘူး"

အေးစက်စွာ ပြောဆိုလိုက်၏။

ကောင်းထိုက်က ...

"ကျွန်တော် နှောင့်ယှက်မိတာ တောင်းပန်ပါတယ်"

ကျူးယင်ဂိုဏ်းချုပ်က လက်ကာပြပြီးညှ

"မလိုပါဘူး၊ ဒီကိုလာပြီးတဲ့နောက်မှတော့ မင်းရဲ့အစွမ်းအစ နည်းနည်းပါးပါးလောက် ပြသွားပါဦး၊ ပြီးတော့ ကျူးယင်ဂိုဏ်းရဲ့ ပညာတွေကိုလည်း မြည်းသွားပါဦး"

ကောင်းထိုက်က ...

"ခင်ဗျားနဲ့ ကျုပ် ဘာမှရန်ငြိုးမရှိပါဘူး၊ ဘာကြောင့် တိုက်ခိုက်ချင်ရတာလဲ၊ ကျုပ်တို့ဂိုဏ်းဟာ အောက်လမ်းဂိုဏ်းမဟုတ်ဘူး၊ အကြောင်းမဲ့ ဘယ်သူမှအနာတရ မဖြစ်စေချင်ဘူး"

ကျူးယင်ဂိုဏ်းချုပ်က ...

"ကျုပ်တို့ ကျူးယင်ဂိုဏ်းချုပ်ကို လူစိမ်းတစ်ယောက်က အလွယ်တကူ ဝင်နိုင်ထွက်နိုင်တယ်ဆိုရင် ကျုပ်တို့သိက္ခာ ရှိတော့မှာမဟုတ်ပါဘူး၊ ဂိုဏ်းတစ်ဂိုဏ်းမှာ သိက္ခာဆိုတာဟာ အရေးကြီးတယ်"

သူမက အေးတိအေးစက်ဖြင့် ပြောလိုက်၏။

ကောင်းထိုက် ဤနေရာသို့ ရောက်လာခြင်းမှာ တစ်ယောက်တည်းလာခြင်း ဖြစ်သည်။

မကြောက်၍ တစ်ယောက်တည်းလာခြင်းပင်။



ကျူးယင်ဂိုဏ်းချုပ်က သူ့အား အကြမ်းတမ်း လုပ်မည်ဆိုသောအခါ သူ့အနေဖြင့် အဆင်သင့် ဖြစ်နေပုံရသည်။

ကောင်းထိုက် သက်ပြင်းချရင်း ...

"ဒါဆိုရင်လည်း ယှဉ်ပြိုင်ရတာပေါ့ဗျာ၊ ကျုပ်ကိုခွင့်လွှတ်ပါ"

ဟုပြောရင်း လက်ဝါးဖြင့် ကျူးယင်ဂိုဏ်းချုပ်၏ ရင်ဝသို့ ရိုက်ချလိုက်သည်

ကျူးရင်ဂိုဏ်းချုပ်မှာရင်ထိတ်သွား၏။

ကောင်းထိုက်၏ လက်ဝါးသည် သိုင်းကွက်တစ်ကွက်တည်းကို အသုံးပြုကာ ရိုက်ချခြင်းဖြစ်သော်လည်း အပြောင်းအလဲအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် သူ့ထံဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

သူမသည် မည်သို့ရှောင်တိမ်းရမည်ကို စဉ်းစား၍မရပါ။

ထို့ကြောင့် ရိုက်ချလာသော လက်ဝါးကို လက်ဝါးချင်း ရင်ဆိုင်ပေးလိုက်သည်။ စဉ်းစ...မရသဖြင့် ဖြစ်သလို ခုခံပေးလိုက်ရခြင်းမျိုး ဖြစ်သည်။

"ဖုတ် ..."

လက်ဝါးနှစ်ဖက် ဆုံတွေ့သံ ခပ်အုပ်အုပ်တစ်ချက် ထွက်ပေါ်လာ၏။

ကောင်းထိုက်မှာ မည်သို့မျှ ထူးခြားခြင်းမရှိပါ။

ကျူးယင်ဂိုဏ်းချုပ်၏ ခန္ဓာကိုယ်မှာ နောက်သို့ အနည်းငယ်ယိမ်းယိုင်သွား၏။

ကောင်းထိုက် ဆက်လက်မတိုက်ခိုက်တော့ပါ။

နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်၏။

ပြီးနောက် အရိုအသေပေး ဂါရဝတစ်ချက်ပြုကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ကျူးယင်ဂိုဏ်းချုပ်မှာ ငေးငိုင်နေ၏။

သူ၏မျက်နှာတွင် စိတ်ပျက်ခြင်း၊ အားလျော့ခြင်း စသည့် အရိပ်အယောင်များ ပေါ်နေ၏။

သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"အင်း ... ငါ့အသက် တဖြည်းဖြည်း အိုစာလာပြီ"

ထို့နောက် တစ်ကိုယ်တည်း ညည်းညူလိုက်လေတော့၏။

ထို့နောက် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

အတန်ကြာ လမ်းလျှောက်နေရင်းမှ အခန်းတွင်းရှိ ငွေမောင်းကလေးအား တစ်ချက်တီးခတ်လိုက်သည်။

ငွေမောင်းသံအဆုံးတွင် ကျူးယင်ဂိုဏ်းသားများ ပြေးဝင်လာ၏။

မေစုနှင့်အတူ ကော့ထင်းတို့ ဌာနမှူး လေးယောက်လည်း ပါဝင်၏။

ကျူးယင်ဂိုဏ်းချုပ်သည် အားလုံးငြိမ်သက်စွာနေရန် အချက်ပြလိုက်၏။

ထို့နောက် သူသည် တည်ကြည်သော အသံဖြင့် ...

"ကျုပ် စကားနည်းနည်းပြောစရာရှိတယ်၊ အားလုံး နားထောင်ကြပါ"

အားလုံးသည် နားစွင့်နေကြ၏။

ကျူးယင်ဂိုဏ်းချုပ်က စကားဆက်လိုက်၏။



ကျူးယင်ဂိုဏ်းကို ကျုပ်တည်ထောင်လာခဲ့တာ နှစ်မနည်းတော့ပါဘူး၊ အခု ကျုပ်ဟာ အသက်အရွယ်ကြီးလာတဲ့အတွက် ဂိုဏ်းချုပ်ရာထူးကနေ အနားယူပါတော့မယ်"

ထိုစကားကြောင့် ဂိုဏ်းသားအားလုံး တစ်ယောက်တစ်ပေါက်နှင့် ဆူညံသွားကြ၏။

ကျူးယင်ဂိုဏ်းချုပ်က လက်ဝှေ့ယမ်းလိုက်ပြီး ဆက်ပြော၏။

"ကျုပ်စကားကို နားထောင်ပါ၊ ကျူးယင်ဂိုဏ်းချုပ်နေရာကို ကျုပ်ရဲ့တပည့် မေစုက ဆက်လက်တာဝန်ယူပါ့မယ်၊ အားလုံးက သူ့အမိန့်ကို ကျုပ်အမိန့်လိုသဘောထားပြီး နာခံကြပါ"

မေစု ကပျာကယာ ဝင်ပြောလိုက်၏။ သူမ တုန်လှုပ်နေသည်။

"ဆရာ ... ကျွန်မ"

သူမ၏ စကားမဆုံးမီ ကျူးယင်ဂိုဏ်းချုပ်က ...

"မေစု ... မငြင်းပယ်နဲ့၊ ကျူးယင်ဂိုဏ်းရဲ့ ကံကြမ္မာကို မင်းရဲ့လက်ထဲ လွှဲပြောင်းပေးလိုက်ပြီး ဂိုဏ်းရဲ့တည်မြဲမှု၊ ကျော်ကြားမှုဟာ မင်းအစွမ်းအစမှာပဲ မူတည်တယ်၊ မင်းကို ငါယုံကြည်စိတ်ချပါတယ်"

မေစု ခေါင်းငုံ့ထားလိုက်၏။

ကော့ထင်းတုက ...

"ဂိုဏ်းချုပ်က ဘယ်ကိုသွားမလို့လဲ"

ဂိုဏ်းချုပ်က ...

"ကျုပ် တောင်ပိုင်းကို ပြန်တော့မယ်၊ မေစုဟာ ငယ်ရွယ်သေးတယ်၊ ဒီတော့ မင်းတို့က သူ့ကို ဝိုင်းပြီးကူညီကြပါ"

ချန်ရှိမှာ အံ့အားသင့်သွား၏။

သူ့အနေနှင့် ဆက်လက်နားထောင်ရန် မလိုတော့ပါ။

ထွက်ခွာသင့်ပြီဖြစ်ကြောင်း သဘောပေါက်လိုက်၏။

ထို့ကြောင့် သူသည် လှို့ဝှက်စွာပညီ ကျူးယင်ဂိုဏ်းထဲမှ ထွက်ခဲ့လေတော့သည်။

❑ ❑ ❑



## အခန်း(၃၀)
## အဆုံးအဖြတ်

ချန်ရိသည် သူ၏စကားကို လက်စသတ်လိုက်လေ၏။

"အဲဒါပါပဲဗျာ"

ချန်ရိ၏ စကားဆုံး၌ အားလုံး သက်ပြင်းချလိုက်ကြသည်။

ယီကျောင်နန်က ပြောလိုက်၏။

"ကျူးယင်ဂိုဏ်းချုပ်ဟာ ကောက်ကျစ်တယ်၊ သိုင်းပညာလည်း ထက်မြက်တယ်၊အခု သူဓာတ်မြှုပ်သွားတော့မယ်ဆိုတဲ့ သတင်းဟာ တို့အတွက် ဝမ်းသာစရာပဲ၊ လူဆိုးတစ်ယောက် သိုင်းလောကို ကျော ခိုင်းသွားတာ သိုင်းလောက သက်သာရာ သက်သာကြောင်း ဖြစ်တာပါပဲ"

သူ့စကားက သင့်လျော်သည့် စကားဖြစ်ပါသည်။

ချ်ရိက ခေါင်းခါယမ်းလိုက်သည်။

သူက သဘောမတူချေ။

"ဒါ ဝမ်းသာစရာသတင်း မဟုတ်ဘူး၊ အခု ဂိုဏ်းချုပ်ဖြစ် လာမယ့် မေစုဟာ ပိုပြီးရက်စက်တယ်၊ သိုင်းပညာလည်း တော်တယ်၊

ကျုပ်အထင်တော့ ယင်လုံထက်တောင် သူကသာနိုင်သေးတယ်၊ ဟုတ်တယ်မဟုတ်လား ယင်လုံ"

သူက ဝါယင်လုံအား လှည့်မေးလိုက်၏။

ဝါယင်လုံက တွေးတောနေ၏။ ယီကျောင်နန် ပြောကတည်းက စကားများကို မကြားသလိုငိုင်နေသည်။

မေစုမှာ ကျူးယင်ဂိုဏ်းချုပ် ဖြစ်လာချေပြီ။

မိမိနှင့် မည်သို့မျှ ဆက်စပ်မရတော့ပါ။

မိတ်ဆွေအဖြစ်ပင် ရရင် မလွယ်တော့ပါ။

ရန်ဘက်အဖြစ် ထိပ်တိုက်ရောက်နေပြီ မဟုတ်ပါလား။

မေစုအား သူ့အတွေးထဲမှ ဖယ်ထုတ်လိုက်ပြီး ...

"ဒါတွေ ထားလိုက်ပါတော့ဗျာ"

ချန်ရိက ဟူချင်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး ဟူချင်၏ အနားသို့ လျှောက်သွား၏။

"သူ့ကို သွေးကြောဖွင့်ပေးရမလား"

ယခုမှ သူတို့က ဟူချင်အား သတိရလာ၏။

ဟူချင်မှာ မလှုပ်မယှက်နှင့် လဲကျနေဆဲပင် ဖြစ်၏။

ဝါယင်လုံက ...

"အေး ... ငါလာဖွင့်မယ်"

ယီကျောင်နန်က ...

"ကျုပ် ကူညီရဦးမလား"

ဝါယင်လုံက ခေါင်းညိတ်လိုက်ပြီး ပြောသည်။

"ကောင်းတယ် ... သူက စိတ်ဖောက်ပြန်တုန်းပဲဆိုရင် ခင်ဗျားက သူ့သွေးကြောကို အမြန်ပြန်ပိတ်လိုက်တာပဲ"



သွေးကြောအဖွင့်အပိတ်မှာ အရေးကြီးသော ကိစ္စမဟုတ်ပါသော ...

ယီကျောင်နန်က ဟူချင်၏အနီး၌ အသင့်နေရာယူလိုက်၏။

ဝါယင်လုံက ဟူချင်၏သွေးကြောကို ဖြေပေးလိုက်သည်။

ဟူချင်မှာ သွေးကြောပွင့်သွားသည်နှင့် လူးလဲထလိုက်ပြီး ...

"ကျုပ် ... ကျုပ် ဘယ်ရောက်နေသလဲ"

သူကမေးလာလေ၏။

ဝါယင်လုံက ...

"ကျင်လင်မြို့နဲ့တော့ နည်းနည်းဝေးသေးတယ်၊ တောအုပ်ထဲ ... "

ဟူချင်က တစ်စုံတစ်ရာကို သတိရလာဟန်ဖြင့် ...

"ကျုပ် ... ကျုပ်ရဲ့ အနောက်ကျေးရွာ"

ဝါယင်လုံက သက်ပြင်းချရင်း ...

"ပျက်စီးသွားပါပြီဗျာ၊ ခင်ဗျား သိထားပါ"

ဟူချင်၏ ခန္ဓာကိုယ်မှာ တုန်ခါသွား၏။

အံကိုတင်းတင်းကြိတ်လိုက်ပြီး မြေကြီးအား လက်ဝါးနှင့် ရိုက်ချလိုက်၏။

ဝါယင်လုံက ...

"သတိထားပါ၊ စိတ်ကိုထိန်းပါဦး"

ဖျောင်းဖျ သတိပေးလိုက်၏။

ဟူချင်က ...

"ကြယ်တံခွန်ဂိုဏ်းကလူတွေ သိပ်ရက်စက်တယ်၊ ကျုပ်တပည့်

တွေကို အကြောင်းမဲ့ လုပ်ကြံနေတယ်၊ အကုန်လုံးသတ်ခဲ့တယ်၊ သူတို့မှာ ဘာများအပြစ်ရှိလို့လဲဗျာ”

ပြောရင်း အသံတိမ်ဝင်သွားတော့သည်။

မျက်ရည်များလည်း ကျလာလေ၏။

အားလုံးက ဟူချင်၏အဖြစ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်မိကြသည်။

ချန်ရိက ငေးငိုင်နေကြသော သူ့အဖော်များနှင့် မျက်ရည်ကျနေသော ဟူချင်တို့ကို တစ်ချက်ဝေ့ကြည့်ရင်း ...

“မျက်ရည်ကျတယ်ဆိုတာ ယောကျ်ားမဟုတ်ဘူး၊ ကြယ်တံခွန်ဂိုဏ်းကိုရှာဖွေပြီး အပြစ်ပေးရမယ်၊ ဆုံးမကြရမယ်၊ တွေဝေနေတာ ယောကျ်ားမဟုတ်ဘူး၊ သိုင်းသမားတစ်ယောက် မဟုတ်ဘူး”

ယောကျ်ားကောင်းတို့မည်သည် စိတ်ပျက်စရာအဖြစ်နှင့် ကြုံရသည့်တိုင် စိတ်ပျက် အားငယ်ခြင်း မဖြစ်ကြပါ။ လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်သူသာ ယောကျ်ားကောင်းတစ်ယောက် ဖြစ်ပေသည်။

ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်များသည် စိတ်ဓာတ်ကြံ့ခိုင်သော ယောကျ်ားကောင်းပီသသူကို တုန်လှုပ်ချောက်ချားခြင်း မဖြစ်စေပါ။

တွေဝေငေးငိုင်ပြီး ဆုံးဖြတ်ချက်အခိုင်အမာ ချနိုင်ခြင်းသည် ယောကျ်ားကောင်း မဟုတ်နိုင်။

ယောကျ်ားကောင်းတို့မည်သည် မည်သည့်အခက်အခဲနှင့် တွေ့ကြုံရင်ဆိုင်စေကာမူ ဆံတစ်မျှင်မျှ နောက်တွန့်သွားရိုး ထုံးစံမရှိပေ။ မိမိ၏ ရည်မှန်းချက်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ကြသည်။



စိတ်ပျက်အားငယ်နေသော ဟူချင်ကို ချန်ရိက တွန်းအားပေးသိမ့်လိုက်ခြင်းသာ ဖြစ်သည်။

သို့ရာတွင် သူ၏အားပေးနှစ်သိမ့်မှုကြောင့် ဟူချင်မှာ ပို၍ဝမ်းနည်းသွားရလေသည်။

အားပေးစကားပင် ဖြစ်စေ၊ အရေးကြီးသော စကားပင်ဖြစ်စေ တစ်ဖက်စွန်းကို တွန်းတင်ပေးလေ့ရှိသော်လည်း မမျှော်လင့်ဘဲနဲ့ တစ်ဖက်စွန်းကိုလည်း တွန်းချတတ်သည်။

ထို့ကြောင့် ပညာရှိတို့သည် စကားကို အရမ်းမပြောကြချေ။ ဆင်ခြင်တိုင်းထွာပြီးမှ ပြောလေ့ရှိကြသည်။

ဝါယင်လုံ မနေသာတော့ဘဲ ဝင်ရောက် ဖျောင်းဖျရပြန်သည်။

“ဝမ်းနည်းမနေပါနဲ့တော့ဗျာ၊ ဝမ်းနည်းမှုကို နာကြည်းမှုနဲ့ အစားထိုးလိုက်စမ်းပါ၊ ပြီးတော့ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ”

ဟူချင်မှာ ထိုစကားကြောင့် ဝဲကျနေသော မျက်ရည်ကို လက်ဖြင့် သုတ်လိုက်လေသည်။

သူ၏ရင်ထဲ၌လည်း အားသစ်များပြန်ဝင်လာ၏။

ဝါယင်လုံက စကားဆက်ပြောလိုက်၏။

“ခင်ဗျားရဲ့အဖြစ်ကို ကျုပ်တို့အားလုံး စိတ်မကောင်းကြပါဘူး၊ ကျုပ်တို့အားလုံးဟာခင်ဗျားကို ကူညီကြမှာပါ၊ ကျုပ်တို့အားလုံး ကြယ်တံခွန်ဂိုဏ်းရဲ့ ရက်စက်ယုတ်မာမှုအားလုံးကို သိတယ်၊ ဒီတော့ သူတို့အကြွေး ပြန်ဆပ်ရမယ်”

ဟူချင်၏မျက်နှာပေါ်၌ ရဲရင့်ခြင်း အရိပ်အယောင်များ ပြန်လည် ပေါ်ပေါက်လာ၏။

သူက ထရပ်လိုက်ပြီး ဝါယင်လုံတို့အား လက်နှစ်ဖက်ဆုပ်ကာ ဂါရဝ တစ်ချက်ပြုလိုက်လေ၏။

"ကျေးဇူးတင်ပါတယ်၊ ကျုပ်ဟာ သိုင်းသမားတစ်ယောက်ပါ၊ နာမည်မကျော်ပေမယ့် ဘယ်သူ့ကိုမှ မကြောက်ခဲ့တဲ့လူပါ၊ ကျုပ်တို့တစ်နေ့ ပြန်ဆုံကြတာပေါ့"

သူသည် စကားဆုံးသည်နှင့် ထွက်သွားရန် ဟန်ပြင်လိုက်၏။

ဝါယင်လုံက ကမန်းကတန်း ဟန့်တားလိုက်၏။

နေဦး ... ခင်ဗျား ဘယ်သွားမလို့လဲ"

ဟူချင်က ...

"ကြယ်တံခွန်ဂိုဏ်းဆီကိုပါ"

ဝါယင်လုံက ခေါင်းခါယမ်းရင်း ...

"တစ်ယောက်တည်း ဖြစ်ပါ့မလား"

ဟူချင်က ရင်ကိုကော့လိုက်ပြီး ပြန်မေးလိုက်၏။

"ကျုပ်ကိုအထင်သေးလို့လား၊ ကျုပ်ကိုအထင်မသေးပါနဲ့၊ ပုရွက်ဆိတ်တောင် သူခံရရင် ပြန်ကိုက်ပါသေးတယ်"

ဝါယင်လုံက သက်ပြင်းချကာ ပြောလိုက်လေ၏။

"ခင်ဗျားရဲ့ သိုင်းပညာက ထက်မြက်ပါတယ်၊ ဒါပေမယ့် ..."

သူ့စကားမဆုံးမီ ဟူချင်က လက်ကာပြလိုက်၏။

ပြီးမှ သူက ...

"ကျုပ် သူတို့ကိုမကြောက်ပါဘူး၊ ကျုပ်ဆရာဟာ တစ်ချိန်က မိုးကြိုးဂိုဏ်းချုပ်ပါပဲ၊ ခင်ဗျားတို့ မိုးကြိုးဂိုဏ်းကိုတော့ ကြားဖူးမှာပေါ့"

သူကအံကြိတ်ပြီး ဆက်ပြောလိုက်သည်။

ဝါယင်လုံမှာ မျက်နှာပျက်သွား၏။



မိုးကြိုးဂိုဏ်းမှာ တစ်ချိန်က နာမည်ကျော်ကြားခဲ့သော အောက်လမ်းဂိုဏ်းတစ်ဂိုဏ်း ဖြစ်ပါသည်။

မိုးကြိုးဂိုဏ်းချုပ် ထန်ယိမှာ အလွန်ရက်စက်ကြမ်းကြုတ်သူ တစ်ဦးဖြစ်သည်။

သို့သော် ...

သိုင်းလောက၌ ထန်ယိသည် ပျောက်ကွယ်သွားခဲ့၏။

သူနှင့်အတူ မိုးကြိုးဂိုဏ်းသည်လည်း ပျောက်ကွယ်သွားခဲ့သည်။

ဟူချင်က စကားဆက်လိုက်၏။

"မိုးကြိုးဂိုဏ်းဆိုလို့ အံ့သြသွားကြသလား၊ ကျုပ်ကို အထင်သေးသွားကြပြီလား၊ စိတ်ချပါဗျာ ... ကျုပ်တို့ဂိုဏ်းသားတွေအားလုံးက ဒုစရိုက်လုပ်ငန်းတွေကို ဂိုဏ်းချုပ်ကြီး ထန်ယိရဲ့ အမိန့်အရ ရှောင်လွှတ်ခဲ့တာကြာပါပြီ"

သူကပြောရင်း လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

ဝါယင်လုံက ဟူချင်၏လက်မောင်းကို ဆွဲထားလိုက်သည်။

ဟူချင်က ရန်းဖယ်ရင်းပြောသည်။

"မင်းရဲ့အဖေ ဝါထင်းဟုန်ကို ကျုပ် တစ်ခါတွေ့ခဲ့ဖူးပါတယ်၊ မင်းလည်း မင်းအဖေလို စိတ်ထားကောင်းတာပဲ၊ မင်းတစ်နေ့ ကျော်ကြားဦးမှာပါ၊ အခုတော့ ငါ့ကိုသွားခွင့်ပေးပါ"

ဝါယင်လုံက ...

"ခင်ဗျား တစ်ယောက်တည်း ကျုပ်မလွှတ်နိုင်ဘူး"

ဟူချင်က ...

"ကျုပ်ကို သွားခွင့်မပေးလို့ မဖြစ်ဘူး"

သူကပြောရင်း ဝါယင်လုံအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ရာ ...

"ဝုန်း ..."

ဟူချင်မှာ မြေပေါ်သို့ လဲကျသွားလေ၏။

ဝါယင်လုံက အားတုံ့အားနာဖြစ်သွားပြီး ...

"ကျုပ် ... ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ မတော်တဆဖြစ်သွားတာပါ၊ ခင်ဗျားကို ကျုပ် နာကျင်စေလိုတဲ့ဆန္ဒ လုံးဝမရှိပါဘူး၊ ခင်ဗျားကို ကျုပ်က စေတနာနဲ့ တားတာပါ"

ဟူချင်က ပြုံးလိုက်ပြီး ...

"ကိစ္စမရှိပါဘူး"

ဝါယင်လုံက ရှေ့မှ လမ်းပိတ်၍ ဟန့်တားလိုက်ပြန်၏။

ဝါယင်လုံက ...

"ခင်ဗျား စိတ်မလောပါနဲ့၊ တကယ်တော့ ခင်ဗျားဟာ ကျုပ်အတွက်နဲ့ သက်သက် ဓားစာခံဖြစ်ခဲ့ရတာပါ"

ယီကျောင်နန်က ဝင်ပြောလိုက်ပြန်သည်။

"မဟုတ်ဘူး၊ တကယ်အပြစ်ရှိတာက ကျွန်တော်ပဲဗျ"

ဟူချင်က ...

"ခင်ဗျားတို့ စိတ်ထားတွေကို ကျုပ် လေးစားပါတယ်၊ ကျုပ်နာမည်အရင်းဟာ ချင်လျှံပါ၊ ထန်ယီရဲ့ လက်ထောက်တစ်ယောက်ပါ"

ချန်ရီက ...

"ခင်ဗျားဟာ တစ်ချိန်က လူဆိုးပဲဖြစ်ဖြစ် လူမိုက်ပဲဖြစ်ဖြစ်



ကျုပ်တို့နဲ့မဆိုင်ပါဘူး၊ အခုအချိန်မှာတော့ ကျုပ်တို့နဲ့ မိတ်ဆွေတွေပဲ၊ မိတ်ဆွေဆိုတာ သိသလား"

ချန်ရီက မိတ်ဆွေဆိုသည့် စကားကို ရှင်းပြလေ၏။

"မိတ်ဆွေဆိုတာ ရုံးပြင်ကနားရောက်တဲ့အခါ၊ ဘေးဒုက္ခကြုံတဲ့အခါ၊ သေဘေးကြုံတဲ့အခါမျိုးမှာ ကိုယ်နဲ့ယှဉ်ပြီး ဒုက္ခကို ဝေမျှစားတဲ့လူကို ခေါ်တာဗျ၊ ခင်ဗျား အခုဒုက္ခရောက်နေတယ်၊ ကျုပ်တို့ကို ခင်ဗျားက မိတ်ဆွေအဖြစ် မသတ်မှတ်ဘူးလား၊ ကျုပ်တို့အားလုံး စိတ်မကောင်းဖြစ်ကြရတော့မှာပေါ့"

ဟူချင်ခေါ် ချင်လျှံက ...

"ကျုပ်ဟာ ကိုးကွေ့တိုက်ပွဲမှာ ပါဝင်ခဲ့တဲ့ အောက်လမ်းသိုင်းသမား တစ်ယောက်ပါ၊ ခင်ဗျားတို့နဲ့ မိတ်ဆွေမဖြစ်ရဲပါဘူး"

"အကျင့်ကိစ္စတွေ ထားလိုက်ပါတော့ဗျာ၊ ခင်ဗျား အခု ဓာတ်မြှုပ်နေတာ ခင်ဗျားဆရာရဲ့ အမိန့်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို အခု ခင်ဗျားက ကြယ်တံခွန်ဂိုဏ်းနဲ့ ရင်ဆိုင်ရင် ဓာတ်မြှုပ်လို့ မရတော့ဘူး၊ ဒါဟာ ဆရာ့အမိန့်ကို လွန်ဆန်တာပဲ"

"ကိစ္စမရှိပါဘူး၊ ကျုပ်ရဲ့အခြေအနေအရ ဆရာ့စကားကို လွန်ဆန်တာမို့ ဆရာက အပြစ်တင်မှာမဟုတ်ပါဘူး၊ အပြစ်တင်ရင်လည်း ကျုပ်က ခံယူမှာပါပဲ"

"ဒါဆို ခင်ဗျားတစ်ယောက်တည်းနဲ့ အင်အားမလုံလောက်ဘူး"

"ကျုပ်မှာ ဂိုဏ်းတူညီအစ်ကိုတွေ ရှိပါသေးတယ်၊ သူတို့နဲ့ ပူးပေါင်းပြီးမှ ရင်ဆိုင်မှာပါ"

ဝါယင်လုံက ...

"သူတို့ဟာ သူတို့ဘဝကို စတင်မြုပ်ပြီး အေးချမ်းနေကြပြီ၊ ခင်ဗျား သွားပြီး အနှောင့်အယှက်ပေးလို့ မကောင်းပါဘူး"

ဟုချင် ခေါ် ချင်လျှံက ...

"ကိစ္စမရှိပါဘူး၊ ကျုပ်တို့ တစ်သက်လုံး မကောင်းမှု လုပ်ခဲ့တာတွေကို ပြန်လည်ဆေးကြောတဲ့အနေနဲ့ ဒုစရိုက်ဂိုဏ်းဖြစ်တဲ့ ကြယ်တံခွန်ဂိုဏ်းကို ဖြိုခွဲမှာပါ"

ဝါယင်လုံက သက်ပြင်းချလိုက်၏။

သူက တားရမည်မဟုတ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် သူက ...

"ခင်ဗျား ဒီလောက် ဆန္ဒပြင်းပြနေရင်လည်း သွားပါ၊ ကျွန်တော် မတားတော့ပါဘူး၊ ဒါပေမယ့် ခင်ဗျားရဲ့ ဆရာက အပြစ်တင်မယ်ဆိုရင် ကျွန်တော်တို့ကြောင့်လို့ ပြောပါ"

ချင်လျှံက ခေါင်းညိတ်လိုက်ပြီး ...

"မင်းပြောချင်တာတွေပြီးရင် ငါသွားတော့မယ်"

ဝါယင်လုံက ...

"နေဦး ... ခင်ဗျားနဲ့ ကျုပ်တို့က မိတ်ဆွေဖြစ်နေပြီ၊ ဒီတော့ ခင်ဗျားရှိမယ့်နေရာကို ပြောပြခဲ့ပါ၊ ကျုပ်တို့ကြုံရင် ဝင်လာရအောင်လို့"

ချင်လျှံက ...

"နေရာအတည်တကျ မရှိမှာမဟုတ်ဘူးဗျ၊ ဒါပေမယ့် တစ်နေ့မဟုတ် တစ်နေ့ ပြန်ဆုံကြမှာပါ"



ခင်ဗျားမှာ အခက်အခဲရှိရင် ဝါမီသားစုဂေဟာကို စာပို့လိုက်ပါ၊ တတ်နိုင်သလောက် ကူညီကြပါလိမ့်မယ်"

"ကျေးဇူးပါပဲ"

စကားဆုံးသည်နှင့် ချင်လျှံ၏ ခန္ဓာကိုယ်မှာ အဝေးသို့ ရောက်ရှိသွားတော့သည်။

❑ ❑ ❑

## အခန်း(၃၁)

# ကျင်လင်ဂေဟာ၏ ဆုံးရှုံးမှု

ဝါယင်လုံတို့ အုပ်စုတစ်ခုလုံးမှာ ကျင်လင်မြို့ဆီသို့ ဦးတည် ပြန်လာခဲ့ကြ၏။

သစ်တောအုပ်မှ လွန်လာပြီးနောက် လမ်းမကြီးတစ်ခုဆီသို့ ရောက်သောအခါ မွန်းတည့်ချိန်ရောက်နေပြီ ဖြစ်သည်။

သူတို့သည် စကားတပြောပြောနှင့် ခရီးဆက်လာကြ၏။

ယီကျောင်နန်က စကားပြောရင်း တစ်စုံတစ်ရာကို သတိရ လာဟန်ဖြင့် ...

"ယင်လုံ ... မင်း ကျူစန်းတောင်ကို သွားမယ်မဟုတ်လား"

"ဟုတ်တယ် ... မိန်းကလေးနဲ့ တွေ့ရင် ပြီးတာပဲ"

"ဒါပေမယ့် ဟန်ရှင်းတို့အုပ်စုကိုတော့ သတိထားရမယ်"

ဝါယင်လုံ မဲ့ပြုံး ပြုံးလိုက်ပြီး ဂရုမစိုက်ဟန်ဖြင့် ပြောသည်။

"တွေ့တော့ ဘာဖြစ်သလဲ၊ သူတို့ကို ကောင်းကောင်းဆုံးမ ပြီး ဝမ်ကျောက်နီကို ကယ်တင်မယ်၊ ကျောက်နီဟာ သူတို့ကြောင့် ဒုက္ခရောက်နေတာ ..."



ယီကျောင်နန်က ...

"မကောင်းဘူး"

"ဘာကြောင့်လဲ"

"ဟန်ရှင်းတို့ဟာ ကြယ်တံခွန်က အရေးပါတဲ့လူတွေ ဟုတ် ချင်မှ ဟုတ်မယ်၊ ပြီးတော့ ကြယ်တံခွန်ဂိုဏ်းဟာ ခုထိဘာလှုပ်ရှား မှုမှ မရှိသေးဘူး၊ ဟန်ရှင်းတို့ကို သုတ်သင်လိုက်ရင် ကြယ်တံခွန် ဂိုဏ်းဟာ လှုပ်ရှားလာလိမ့်မယ်၊ အခုချိန်မှာ ကျူးယင်ဂိုဏ်းနဲ့ ရှန်းမုံ ဂိုဏ်းကလည်း ရှိနေတော့ ရန်သူ မများလာစေချင်ဘူး၊ မီးဝိုင်းသလို ဖြစ်လာရင် မကောင်းဘူး"

ဝါယင်လုံက စဉ်းစားလိုက်၏။

ယီကျောင်နန်၏ စကားမှာ မှန်ကန်သည်။

ထိုစဉ် သူ၏ဦးလေး ဝါဂူပြောခဲ့သော စကားများကိုလည်း သတိရလာ၏။

ဝါဂူတွေ့ခဲ့သော လူထူးလူဆန်းတစ်စုဆိုသည်မှာ ...

ဟန်ရှင်းတို့ အုပ်စုပေလော။

ယီကျောင်နန် သတိပေးလိုက်၏။

"ဒီတော့ ဘာပဲပြောပြော မင်း ဖြောင်မသွားသင့်ဘူး၊ ပိပိရိရိ လှုပ်ရှားရမယ်၊ သိုသိပ်ရမယ်၊ ကိုယ်က အမှောင်တဲကနေရမယ်"

ဝါယင်လုံက ခေါင်းညိတ်လိုက်ပြီး ...

"ကောင်းပြီလေ"

ယီကျောင်နန်က စဉ်းစားပြီး ပြောလေ၏။

"ဒါတင်မကသေးဘူး၊ ဝမ်ကျောက်နီကိုလည်း သူတို့ သံသယ ဝင်နိုင်တယ်၊ ဒီတော့ ထောင်ချောက်တွေ ဆင်ထားနိုင်တယ"

သူက သတိပေးခြင်းဖြစ်သည်။

ဝါယင်လုံက မဲ့ပြုံး ပြုံးကာ ပြောလိုက်၏။

"ဒီတော့လည်း သူတို့ ငါ့အကြောင်း ကောင်းကောင်းသိသွားမှာပေါ့"

ယီကျောင်နန်က ...

"ဘာပဲဖြစ်ဖြစ် စိတ်ကိုမလောဘဲ စဉ်းစဉ်းစားစားနဲ့ လုပ်ရမယ်၊ ခင်ဗျားဟာ ကျုပ်ထက် ငယ်တယ်၊ စဉ်းစဉ်းစားစား လုပ်ဖို့ပဲလိုတယ်"

ဝါယင်လုံက ...

"ကောင်းပြီလေ ... ကျုပ် သတိထားပါ့မယ်၊ ကျန်စန်ကို ကျုပ် တစ်ယောက်တည်းပဲ သွားမယ်၊ ခင်ဗျားတို့ မလိုက်နဲ့"

ချန်ရီက မျက်မှောင်ကြုတ်လိုက်ပြီး ...

"မဖြစ်ဘူး၊ ငါပါလိုက်မယ်"

ဝါယင်လုံက ...

"ကျုပ်စကားကို နားထောင်ပါ၊ ကျုပ်သွားတာဟာ ဝမ်ကျောက်နီ ပြောပြမယ့် စကားကို နားထောင်ရုံပဲ၊ ဒီတော့ ထောင်ချောက်ဆင်မှာကို ပူစရာမရှိဘူး၊ ကျုပ်တို့မှာ လူများရင် သူတို့က အလွယ်တကူ ရိပ်မိသွားနိုင်တယ်၊ ခုပဲ ယီကျောင်နန် သတိပေးခဲ့သေးတာပဲ"

ချန်ရီက ...

"ဘာပဲဖြစ်ဖြစ် မင်းတစ်ယောက်တည်း ငါစိတ်မချဘူး၊ ထောင်ချောက် တစ်ခုဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

ဝါယင်လုံက ...



"ကျုပ် တစ်ယောက်တည်းက လွတ်ဖို့လည်းလွယ်တယ်၊ ခင်ဗျား ပါတော့မှ ပိုပြီးမလွတ်မှာ၊ ခင်ဗျားကို ငဲ့နေရတာကိုး၊ ပြီးတော့ ဝမ်ကျောက်နီကလည်း လိမ်မယ်မထင်ပါဘူး"

ချန်ရီက ...

"ဘာပဲပြောပြော မိန်းကလေးတွေရဲ့ စိတ်ဟာ ခန့်မှန်းရခက်တယ်၊ ငါ စိတ်မချနိုင်ဘူး"

ဝါယင်လုံက ...

"ဒါတွေထားလိုက်ပါတော့ဗျာ၊ ကျင်လင်ရောက်မှ ဆက်ပြီး တိုင်ပင်ကြတာပေါ့"

သူတို့စကားပြောရင်း လျှောက်လာကြစဉ် သူတို့၏ ရှေ့တူရူအရပ်မှ မြင်းတစ်စီး ပြေးလွှားလာနေသည်ကို တွေ့လိုက်ရသည်။

ဝတ်စုံစိမ်းဝတ်ဆင်ထားသော လူတစ်ယောက်မှာ မြင်းပေါ်၌ မှောက်လျက်သား ပါလာသည်ကိုလည်း တွေ့လိုက်ရသည်။

အားလုံးက ငေးကြောင်ကြည့်နေစဉ်မှာပင် မြင်းက သူတို့၏ အနီးသို့ ရောက်ရှိလာလေသည်။

ယီကျောင်နန်က သတိဝင်လာပြီး မြင်းကို ဖမ်းဆွဲထားလိုက်၏။

မြင်းပေါ်မှလူကိုမြင်သည်နှင့် ယီကျောင်နန်၏ မျက်နှာမှာ ဖြူရော်သွားလေသည်။

စိုးရိမ်ပူပန်သော ဟန်များ အထင်းသားပေါ်လွင်လာ၏။

ယီကျောင်နန်က မြင်းပေါ်မှလူကို ပွေ့ချီထားလိုက်ပြီး ...

"ယီမောက် ... ယီမောက်"

ဟု အော်ခေါ်လိုက်၏။

ယီမောက်ဆိုသူမှာ ယီကျောင်နန်တို့ဂေဟာမှ အိမ်ဖော်တစ်ဦး ဖြစ်သည်။

သူ၏တစ်ကိုယ်လုံး၌ သွေးများ ခြင်းခြင်းနီရဲနေ၏။

ယီကျောင်နန်မဟာ ယီမောက်၏ဖြစ်အင်ကိုက တွေ့ရသဖြင့် အိမ်အတွဲ စိတ်ပူလာလေသည်။

စိုးရိမ်စိတ်နှင်အတူ ယီမောက်၏ ခန္ဓာကိုယ်အား လှုပ်ယမ်းကာ တွင်တွင်ခေါ်နေမိတော့သည်။

"ယီမောက် ... ယီမောက်"

ဝါယင်လုံက ယီကျောင်နန်လက်မှ ယီမောက်အား လွှဲပြောင်း ယူလိုက်ပြီး အတွင်းအားဖြင့် ကုသပေးလိုက်၏။

မကြာမီ ယီမောက် သတိရလာ၏။

"သခင်လေး"

သူသည် ဝမ်းသာအားရ တစ်ခွန်းခေါ်ကာ ပြန်မေ့သွားပြန်လေ သည်။

ယီကျောင်နန်မှာ ပို၍ စိတ်ပူသွားသည်။

ဝါယင်လုံသည် ယီမောက်၏ကိုယ်ပေါ်မှ ဒဏ်ရာများကို စစ် ဆေးကြည့်လိုက်၏၊

ရင်ဝ၌ လက်ငါးချောင်းရာက အထင်းသားပေါ်လွင်နေသည်။

ဒဏ်ရာရထားသော ရင်ဝမှာ ညိုမည်းနေ၏။

အသက်ရှင်ရန် မလွယ်ကူမှန်း အားလုံးက သဘောပေါက် လိုက်ကြသည်။

ယီကျောင်နန်က ဝါယင်လုံအား အရေးတကြီး ပြောသည်။



"သူ ... သူက ကျွန်တော်တို့ ဂေဟာကလူပါ၊ သူ့ကို သတိ ရအောင် မတတ်နိုင်ဘူးလား၊ သူသတိရမှဖြစ်မယ်၊ အိမ်မှာ ဘာဖြစ် ကုန်ပြီလဲ မသိဘူး"

ဝါယင်လုံက ...

"စိတ်ကိုတည်ငြိမ်အောင် ထားပါ၊ သူ့အသက် ပြန်ရှင်ဖို့ မလွယ်တော့ဘူး၊ သတိရလာအောင်တော့ ကျွန်တော် ကြိုးစားကြည့် ပါမယ်"

သူသည် ပြောရင်း ယီမောက်အား အတွင်းအားဖြင့် ဆက် လက် ကုသပေးလိုက်သည်။

ထမင်းအိုး တစ်လုံးချက်မျှ ကြာသောအခါ ယီမောက်မှာ ညည်းညူရင်း လူးလွန့်လှုပ်ရှားလာ၏။

ယီကျောင်နန်က ဝမ်းသာအားရဖြင့် မေးလိုက်၏။

"ယီမောက် ... ယီမောက် သတိရလာပြီလား"

ယီမောက် လှုပ်ရှားလာသည်ကိုး။

ယီမောက်မှာ ယီကျောင်နန်၏ အသံကိုကြားသောအခါ အား ယူ၍ မျက်လုံးဖွင့်လိုက်ပြီး ...

"သခင်လေး"

ယီကျောင်နန်က ...

"ယီမောက် ... မင်း ဘယ်လိုဖြစ်လာတာလဲ"

ယီမောက်က ...

"သခင်လေး မြန်မြန် အိမ်ပြန်ပါ"

ယီကျောင်နန်သည် စိုးရိမ်သွားပြီး ...

"ယီမောက် ... အိမ်မှာ ဘာဖြစ်သလဲ၊ ငါ့ကို သေသေချာချာ ပြောပြစမ်း"

ယီမောက်သည် အသက်ကို ဖြည်းညင်းစွာ ရှူရှိုက်ရင်းက ...

"မနေ့က လူတစ်စု အိမ်ကိုရောက်လာတယ်၊ အိမ်ကို မီးရှို့ပြီး သခင်ကြီးတို့ကို ဖမ်း"

အသံမှာ တဖြည်းဖြည်း တိမ်ဝင်သွား၏။

မျက်လုံးများမှာလည်း လန်သွားပြီး သေဆုံးသွားလေတော့သည်။

ယီကျောင်နန်မှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ ယီမောက်၏ အလောင်းကို အတင်းလှုပ်ကာ ...

"ယီမောက် ... ဒီလူတွေ ဘယ်သလဲ၊ ငါ့ကိုပြောပြစမ်းပါ၊ မြန်မြန်ပြောပြစမ်းပါ"

ဝါယင်လုံက ...

"သူသေသွားပြီ၊ အကောင်းဆုံးကတော့ တို့ ကျင်လင်ကို အမြန်ဆုံး ပြန်ကြဖို့ပဲ"

ချန်ရိက ...

"စိတ်ကိုမလောနဲ့၊ တို့အမြန်ဆုံး ကျင်လင်ကို ပြန်ကြမယ်"

မာစုကျုန့်က ...

"ခင်ဗျားတို့ အကျင်ပြန်နှင့်ပါ၊ ယီမောက်ကို သင်္ဂြိုဟ်ဖို့ကိစ္စ ကျုပ်တို့တာဝန်ယူလိုက်ပါ့မယ်"

ဝါယင်လုံက ယီမောက်၏ အလောင်းအား မာစုကျုန့်ကို လွှဲပြောင်း ပေးလိုက်သည်။



ယီကျောင်နန်က ...

"ယီမောက် ဒဏ်ရာက ဘယ်လိုပုံစံလဲ၊ ကျုပ်ကြည့်ပါရစေဦး၊ ...မှ ဘယ်လိုရန်သူဆိုတာ သိမယ်"

ဝါယင်လုံက ...

"ကျွန်တော်ကြည့်ပြီးပြီ"

"ဘယ်သူဆိုတာ သိသလား"

"မသိဘူး၊ လက်ဝါးရာပဲ၊ ဒါပေမယ့် လက်က ခြောက်ချောင်း ...တဲ့ပုံ ရတယ်၊ လက်ငါးချောင်းရာ နံဘေးမှာ အရာကလေးတစ် ...သည်း ရှိသေးတယ်"

ချန်ရိက ...

"တို့ အမြန်ဆုံးသွားဖို့ ကောင်းပြီ"

ဝါယင်လုံက ...

"ဟုတ်တယ်၊ တို့ သွားကြစို့"

ယီကျောင်နန်သည် တစ်စုံတစ်ရာကို သတိရလာဟန်ဖြင့် ...

"ဝါယင်လုံ ... ခင်ဗျားမလိုက်နဲ့၊ ကျုပ်တို့ပဲသွားမယ်၊ ခင်ဗျား ...ာ ကျန့်စန်းကို သွားရမယ်"

ဝါယင်လုံက လက်ကာပြပြီး ...

"ကိစ္စမရှိပါဘူး၊ မသွားလို့ဘာမှမဖြစ်ဘူး၊ ခင်ဗျားကိစ္စက ...ပြီးအရေးကြီးတယ်"

ယီကျောင်နန်က ...

"မဟုတ်သေးဘူး၊ အခု ကျုပ်မိတ်ဆွေ ဒုက္ခရောက်တာက ...န်ပါတယ်၊ ဒါပေမယ့် ကျင်လင်ကို ခုမှပြန်ရောက်လည်း ဘာမှ ...တတ်နိုင်တော့ဘူး၊ အဲဒီကနေပြီး တရားခံရှာဖို့ပဲ ကြိုးစားရမှာ၊

အကောင်းဆုံးက ခင်ဗျား ဝမ်ကျောက်နီဆီက သတင်းကို ရအောင် ယူပါ၊ ကျုပ်တို့ ကျင်လင်ကနေ ခင်ဗျားအလာကို စောင့်နေပါ့မယ်"

ဝါယင်လုံ တွေဝေသွား၏။

သူကငြင်းပယ်နေ စကားစလိုက်၏။

"မဟုတ်သေးပါဘူးဗျာ၊ ခင်ဗျား မိဘတွေက ..."

သူ့စကားမဆုံးမီ ချန်ရိက ...

"ယင်လုံ ... မင်း ဘာမှစဉ်းစားမနေနဲ့၊ ယီကျောင်နန်ပြောတာ မှန်တယ်၊ ဒီတော့ ယီမုစင်းက ယီကျောင်နန်နဲ့အတူ ကျင်လင်ကို သွား၊ ကျုပ်က ယင်လုံနဲ့အတူ ကျန်စန်းကိုသွားမယ်"

ချန်ရိသည် ဝါယင်လုံနှင့်အတူသာ သွားလိုနေသည်။

ဝါယင်လုံ မတတ်သာတော့ပါ။

"ကဲ ... ဒါဆို ကျုပ်သွားမယ်၊ ဒါပေမယ့် အကုန်လုံး ကျင်လင်ကို ပြန်ကြပါ၊ ကျုပ်တစ်ယောက်တည်း သွားပါရစေ"

ချန်ရိ စိတ်ဆိုးသွား၏။

ဝါယင်လုံက မသိဟန်ဆောင်ကာ ဆက်ပြောလိုက်၏။

"ကျင်လင်ကိုသွားဖို့က လူများမှဖြစ်မယ်၊ ကျုပ်က ကိစ္စရှိနေလို့၊ နို့မဟုတ်ရင် ကျုပ်ပါ ကျင်လင်ကိုပြန်လိုက်တယ်"

ချန်ရိက သက်ပြင်းချလိုက်၏။

သူက ယီကျောင်နန်၏အရေးကို ပစ်ထားပြီး ဝါယင်လုံနောက်သို့ လိုက်မသွားသင့်ကြောင်း သဘောပေါက်သွား၏။

ထို့ကြောင့် သူက သတိပေးသည်။

"မင်း သတိဝီရိယထားပါ၊ အန္တရာယ်ရှိတယ်"

သူတို့သည် ပြောပြီးသည်နှင့် ထွက်ခွာသွားလေတော့သည်။



မကြာခင် ...

ယီကျောင်နန်တို့လူစု ကျင်လင်သို့ ဦးတည်ကာ ထွက်ခွာသွားကြသည်။

ဝါယင်လုံက ကျင်လင်ငါးဖော်၏ နောက်ကျောကိုကြည့်ရင်း တွေးနယ်ချဲ့နေမိ၏။

ကျင်လင်ငါးဖော်မှာ ကျန်းနန်သမားတော် ယီစန်းသက်၏ ...းမပဲ့ပြင်မှုကြောင့် စိတ်ထားမွန်မြတ်ကြသော လူငယ်များ ဖြစ်ကြ၏။

ကျန်းနန်သမားတော်မှာ သူတော်ကောင်းတစ်ဦးဖြစ်၍ မိတ်ဆွေ...များပြီး ရန်သူနည်းပါ၏။

ယခု သူတို့အား မည်သူက ဖမ်းဆီးသွားရပါသနည်း။

အဘယ်ကိစ္စကြောင့် ဖမ်းဆီးသွားရပါသနည်း။

မိမိကြောင့်ပင်လော ...။

မိမိခေါ်လို့ ခွဲထွက်သွားသည်မှာ မှန်မှမှန်ပါ၏လော။

တွေးမိပြီး ဝါယင်လုံမှာ စိတ်မကောင်းဖြစ်သွား၏။

သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်ပြီး ကျန်စန်းတောင်ဘက်သို့ ဦးတည်ကာ ထွက်လာခဲ့လေ

❑ ❑ ❑

## အခန်း(၃၂)

## သတင်းပို့သူ

ကျန်စန်းတောင် ...။

ကျန်စန်းတောင်မှာ ကျန်းနန်နယ်၏ ထင်ရှားသော နေရာမျ အနက် တစ်ခုအပါအဝင်ဖြစ်သည်။

ထို့ကြောင့် ကျန်စန်းတောင်သို့သွားရန် လမ်းကိုသိရှိရန်မှာ မခက်ခဲလှပါ။ နယ်သူနယ်သားတိုင်းလိုလို သိရှိကြသည်။

ကျန်စန်းတောင်သို့ ရေလမ်းခရီးဖြင့်လည်းကောင်း။

ကုန်းလမ်းဖြင့်လည်းကောင်း သွားလာနိုင်၏။

ရေလမ်းဖြင့် သွားလျှင်မူ ပိုမိုလျင်မြန်သည်။

သို့သော် ဝါယင်လုံမှာ ချိန်းဆိုထားသော ရက်က လိုနေသေ သဖြင့် ကုန်းလမ်းမှသာ သွားခဲ့သည်။

လမ်းတစ်လျှောက်၌လည်း ဟန်ရှင်းတို့ လူစုအကြောင်း စုံစ ခဲ့သည်။

ရပ်ရွာဒေသအမျိုးမျိုး၊ စားသောက်ဆိုင်အမျိုးမျိုး၌ စုံစမ်းခဲ့ခြ ဖြစ်ပါသည်။



ဝါယင်လုံမှာ ကျန်စန်းတောင်ခြေရင်းအနီးရှိ ရွာကလေးတစ်ရွာ သို့ ရောက်ရှိလာသည်။

လမ်းတစ်လျှောက်၌ သူက ဟန်ရှင်းတို့လူစုအကြောင်းကို စုံစမ်းခဲ့သော်လည်း သတင်းကိုမူ မရခဲ့ချေ။

ထို့ကြောင့် သူက အံ့သြမိ၏။

ဟန်ရှင်းတို့လူစုမှာ ထူးခြား၏။

ထို့အပြင် သူတို့နှင့် လားလားမှမအပ်စပ်သော မိန်းမလှလေး တစ်ဦး ပါနေသဖြင့် ကလူတိုင်းက သတိထားမိမည်သာ ဖြစ်သည်။

ယခုမူ မည်သူကမျှ မမြင်မိကြောင်းသာ စုံစမ်းသိရလေသည်။

ဝါယင်လုံက အတွေးစကိုဖြတ်ကာ ရွာကလေးထဲသို့ ဖြတ် လျှောက်လာ၏။

ရွာကလေး၌ဖြတ်လျှောက်စဉ် စားသောက်ဆိုင်တစ်ဆိုင်တွေ့ သောကြောင့် သူက ဝင်ထိုင်လိုက်သည်။

ရွာစားသောက်ဆိုင်ဖြစ်၍ မကြီးမားလှပါ။

စားသောက်ဆိုင်ကလေးမှာ သေးငယ်၏။

ထို့ကြောင့် စားပွဲခုံ ငါးလုံးခန့်သာ ဆံ့၏။

နံနက်စာ စားချိန်ဖြစ်သောကြောင့် အောက်ထပ်ရှိ စားပွဲအားလုံး လိုလို ပြည့်နေပြီဖြစ်သည်။

ထို့ကြောင့် သူက အပေါ်ထပ်သို့ တက်လာခဲ့လေသည်။

သူ၏ ခံ့ညားသော ရုပ်ရည်။

အဖိုးတန်သော အဝတ်အစား။

ခါး၌လွယ်ထားသော ဓားတို့ကြောင့် ဆိုင်အတွင်းရှိလူအားလုံး က သူ့အား ဝိုင်းကြည့်ကြလေသည်။ အားလုံးက လေးစားကြသည်။

သူက အားလုံးကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး အပေါ် ထပ်ရှိ ပြတင်းပေါက်တစ်ခုနံဘေး စားပွဲတွင် ဝင်ထိုင်လိုက်လေသည်။

သူ၏နားထဲ၌ သူ့အကြောင်း တီးတိုးဝေဖန်နေသံများကိုလည်း ကြားလိုက်ရလေသည်။

"ဒီလူငယ် ရုပ်ရည်ခံ့ညားတယ်ကွ"

"သိုင်းသမားတစ်ယောက် ဖြစ်ရမယ်"

"ဒီကျွန်းနန့်ကတော့ မဖြစ်နိုင်ဘူးကွ"

ထိုစဉ် ဆိုင်လုလင်လေးတစ်ဦးက ရောက်လာပြီး ...

"သခင်လေး အများသုံးဆောင်ပါမလဲခင်ဗျာ"

ဝါယင်လုံက ...

"အရက်နဲ့ စားစရာယူလာခဲ့ပါ"

ဆိုင်လုလင်ကလေးက အမြန်ပြင်ဆင်ပြီး လာရောက်ချပေး လိုက်သည်။

ဝါယင်လုံက ...

"ဒီမှာ တည်းခိုခန်းရော ရှိသလား"

ဆိုင်လုလင်ကလေးက ပြုံးလိုက်ပြီး ပြုံးရွှင်စွာ ရှင်းပြသည်။

"ကျွန်တော်တို့ရွာက သေးသေးလေးပါ၊ ဧည့်သည်တွေလည်း ဖြဘ်သန်းသွားတာ နည်းပါတယ်၊ တည်းခိုခန်းတော့မရှိပါဘူး၊ သခင် လေး တည်းခိုချင်ရင်တော့"

ဆိုင်လုလင်လေးက စဉ်းစားလိုက်၏။

ဝါယင်လုံက လက်ကာပြလိုက်ပြီး ပြောလိုက်လေ၏။

"ရပါတယ်၊ နေပါစေ၊ ငါက လူနည်းနည်းပါးပါး စုံစမ်းချင် လို့ပါ၊ ဖြတ်သွားဖြတ်လာတွေအကြောင်းပေါ့"



ဆိုင်လုလင်လေးက ...

"သခင်လေးက ဘယ်သူတွေကို သိချင်လို့လဲ"

ဝါယင်လုံက ...

"စာပေသမားပုံစံနဲ့ လူငယ်တစ်ယောက်၊ ဝတ်စုံရှည်အဝါရောင် နဲ့ လူက နှစ်ယောက်၊ ပြီးတော့ အနီရောင်မိန်းကလေးတစ်ယောက်"

ဆိုင်လုလင်ကလေးက စဉ်းစားရင်း ...

"ဒါတော့ မတွေ့မိဘူးဗျ"

ထိုစဉ် လှေကားအတိုင်း အပေါ်မှ လူနှစ်ယောက် တက်လာ ၏။

တစ်ယောက်မှာ စာပေသမား လူငယ်ပုံစံဖြစ်ပြီး ကျန်တစ် ယောက်မှာမူ ဆယ့်ငါးနှစ်ခန့် အိမ်ဖော်လူငယ်လေးတစ်ဦး ဖြစ်၏။

စာပေသမားလူငယ်မှာ ဝါယင်လုံကိုတွေ့သောအခါ မျက်နှာ ပေါ်၌ ထူးဆန်းသော အရိပ်တစ်ခု ဖြတ်သန်းသွားသည်။

ဝါယင်လုံမှာလည်း ထိုလူငယ်အား တွေ့သောအခါ စိတ်ထဲ၌ မြင်တွေ့ဖူးသည်ဟု ခံစားလိုက်ရသည်။

သို့သော် သူက စဉ်းစားမရချေ။

ထိုစဉ် စာပေသမားလူငယ်က စားပွဲတစ်လုံး၌ဝင်ထိုင်လိုက် ပြီး အော်လိုက်၏။ သူက သည်းခံနိုင်ပုံမရ၊ စိတ်တိုပုံရပါသည်။

"စားပွဲထိုးတစ်ယောက်မှ မရှိကြဘူးလား"

စာပေသမား လူငယ်၏ စကားကြောင့် ဝါယင်လုံအနီး ရပ်နေ သော ဆိုင်လုလင်ကလေးက လျှောက်သွားပြီး မေးမြန်းလေ၏။

"ဘာများ သုံးဆောင်မလဲ အစ်ကိုလေး"

ဝါယင်လုံမှာ စာပေသမားလူငယ်သည် အဘယ်ကြောင့် ဤရွာကလေးသို့ ရောက်လာရသနည်းဟု တွေးနေမိ၏။

တစ်ဆက်တည်းပင် စာပေသမားလူငယ်အား သတိထားရန် ကိုယ့်ကိုယ်ကို သတိပေးလိုက်၏။

စာပေသမားလူငယ်က မကျေမနပ်သော လေသံဖြင့် ပြောသည်။

"မင်းတို့က သိုင်းသမားတွေကိုမှ ရိုသေလေးစားကြတယ် ထင်တယ်၊ ငါ့ကိုတော့ စာပေသမားဆိုပြီး အထင်သေးတာပေါ့ ဟုတ်လား၊ ဓားကိုင်တဲ့လူနဲ့ ကလောင်ကိုင်တဲ့လူကို ခွဲခြားတဲ့ သဘောပေါ့"

ဆိုင်လုလင်ကလေးမှာ ထိုစကားကြောင့် ကြောင်သွားသည်။

သူတို့မှာ ဤသို့မခွဲခြားကြပါ။

စာပေသမား လူငယ်က သူ၏အိမ်ဖော်ဘက်လှည့်ကာ ...

"ချီအော် မင်းမှတ်ထားပါ၊ လောကမှာ မိုက်ရဲတဲ့လူမှ လူတွေကလေးစားကြတယ်"

ချီအော် တစ်ချက် ရယ်မောလိုက်၏။

ပြီးမှ ...

"မှန်ပါတယ် သခင်လေး"

ဝါယင်လုံမှာ စာပေသမား လူငယ်၏ ကလေးဆန်ပုံကို ကြည့်ကာ ရယ်ချင်မိသည်။

သို့သော် ... ပြုံးရုံသာပြုံးသည်။

ထိုစဉ် စာပေသမားလူငယ်၏ အသံက ဆက်လက်ထွက်ပေါ်လာ၏။



"အမေပြောခဲ့တဲ့ စကား တကယ်မှန်တာပဲ"

ချီအော်ဆိုသူ အိမ်ဖော်လူငယ်က ...

"ဘာပြောလို့လဲ သခင်လေး"

စာပေသမားလူငယ်က ...

"လှည်း ... လှေ ... ဆိုင်အမှုထမ်း ... ဈေးသည် ဒီဟာတွေဟာ လေကိုကြည့်ပြီး အသုံးချတတ်တဲ့ ..."

ချီအော်က ...

"သခင်လေးပြောတာ နားမရှင်းဘူး၊ ကျွန်တော် နားလည်အောင် ပြောပြပါလား သခင်လေးရှင့်"

စာပေသမားလူငယ်က ...

"အခုလည်းကြည့်လေ ... ဒီဆိုင်လုလင်ကလေးက ဥပမာတစ်ခုပဲပေါ့"

ဆိုင်လုလင်ကလေး စိတ်ညစ်သွား၏။

သူက လက်နှစ်ဖက်ကိုဆုပ်ကလေးစားစွာ ပြောသည်။

"ကျွန်တော် ပြောဆိုတာ အမှားပါရင် ခွင့်လွှတ်ပါ၊ သခင်လေးဘာများအလိုရှိသလဲပြောပါ ခင်ဗျာ၊ ကျွန်တော်တို့ အတတ်နိုင်ဆုံးအကောင်းဆုံး ဆက်ဆံကြရပါတယ်"

စာပေသမားလူငယ်က ...

"ကောင်းပြီ ... ဒီလိုဆက်ဆံမှပေါ့၊ အရက်နဲ့ စားစရာ အမြန်လာပို့ပေးပါ"

လူရွယ်၏ စကားအဆုံး၌ ဆိုင်လုလင်ကလေးက ထွက်သွားရန် ဟန်ပြင်လိုက်သည်။

စာပေသမားလူငယ်က ဟန့်တားပြီး မေးလိုက်၏။

"နေဦး ... ကျုပ်ယူခိုင်းတာ ဘာဟင်းလဲ၊ ဘာအရက်လဲဆိုတာရော သိလို့လား၊ မင်းတို့ မမေးတော့ဘူးလား"

သူ၏စကားကြောင့် ဆိုင်လုလင်ကလေးမှာ ကြောင်သွား၏။

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ"

စာပေသမားလူငယ်က ရယ်မောလိုက်သည်။

ပြီးမှ ဝါယင်လုံဘက်သို့ ညွှန်ပြပြီး မှာကြားသည်။

"သူမှာတဲ့အတိုင်းပဲ၊ သူ့ထက် များလည်းမများရဘူး၊ နည်းလည်းမနည်းရဘူး"

ဝါယင်လုံမှာ စိတ်ထဲ၌ ကြိတ်၍ပြုံးမိ၏။

သူ့အား တမင် ရန်စနေကြောင်း သဘောပေါက်လိုက်၏။

သို့သော် သူက ဖော်ရွေစွာ ပြုံးပြလိုက်ပြီး ...

"ကျုပ်စားချင်တာနဲ့ ခင်ဗျားတို့စားချင်တာက လာတူနေပါလား၊ ကျုပ်လည်း တစ်ယောက်တည်းပျင်းနေတာနဲ့ အတော်ပါပဲ၊ စားလည်း မစားရသေးပါဘူး၊ ဒီတော့ ခင်ဗျားတို့ ကျုပ်စားပွဲကို ကြွလာခဲ့ပါလားဗျာ"

လှမ်း၍ ဖိတ်ခေါ်လိုက်လေ၏။

စိတ်ထဲတွင်မူ ကြိတ်၍ ပြောမိသည်။

"ကဲ ... မင်းတို့ ဘယ်လောက်အစွမ်းရှိတယ်ဆိုတာ ကြည့်လိုက်ဦးမယ်"

စာပေသမားလူငယ်က မဲ့ပြုံးပြုံးလိုက်ပြီး ထရပ်သည်။

"ကဲ ... ချီအော်ရေ ဖိတ်တဲ့လူကဖိတ်နေပြီ၊ တို့သွားကြရအောင်၊ မသွားရင်လည်း ရိုင်းရာကျမယ်"

သူ၏အိမ်ဖော်လေးသို့လည်း ပြောခြင်းဖြစ်သည်။



တို့နောက် ဝါယင်လုံ၏ စားပွဲဆီသို့ ကူးလာခဲ့သည်။

"ကဲ ... မှာထားတဲ့ စားစရာတွေ ကျုပ်စားပွဲကိုပဲ ယူလာခဲ့ဗျို့"

ဆိုင်လုလင်လေးအား ထပ်မံမှာကြားလိုက်၏။

မကြာမီ စားစရာနှင့် အရက်များ ရောက်ရှိလာသည်။

ချီအော်က အရက်ငှဲ့ကာ ဝါယင်လုံအား လှမ်းပေးလိုက်၏။

"ကျွန်မရဲ့ သခင်လေးက အရက်မသောက်တတ်ပါဘူး၊ ဒါကြောင့် ခင်ဗျားပဲ သောက်ပါ"

ဝါယင်လုံ ပြုံးပြီး အရက်ခွက်ကို လှမ်းယူလိုက်၏။

ပြီးမှ စာပေသမားလူငယ်အား လှမ်း၍ပြုံးပြလိုက်ပြီး ...

"ဒါဆိုလည်း အတင်း မသောက်ခိုင်းတော့ပါဘူး၊ ကျုပ်ပဲ သောက်ပါ့မယ်"

သူပြောရင်း အရက်ခွက်ကို မော့ချရန် ဟန်ပြင်လိုက်၏။

စာပေသမားလူငယ်က ဟန့်တားလိုက်၏။

"နေဦး ..."

ဝါယင်လုံက အရက်ခွက်ကို ပြန်ချလိုက်သည်။

အကြောင်းရှိပေလိမ့်မည်။

"ဘာပြောမလို့လဲ"

သူက ပြန်မေးလိုက်၏။

စာပေသမားလူငယ်က ...,

"ကျုပ်ကို ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

"မသိပါဘူး"

"ခင်ဗျားရဲ့ ရန်သူ ဟုတ်မဟုတ်ဆိုတာရော သိသလား"

"မသိပါဘူး"

"ဘယ်သူမှန်းမသိဘဲနဲ့ ခင်ဗျားက ကျုပ်တို့တိုက်တဲ့ အရက်ကို သောက်မလို့လုပ်တယ်၊ ကျုပ်တပည့်မကလေးက အရက်ထဲ တစ်ခုခု လုပ်ထားရင် ခင်ဗျားသိပ်မလား"

ဝါယင်လုံက အားရပါးရ ပြုံးလိုက်၏။

သူက မေးလိုက်လေ၏။

"ဒါဆိုလည်း မေးပါရစေ၊ ခင်ဗျားနာမည်ဘယ်သူလဲ"

စာပေသမားလူငယ်က ...

"ကျုပ်နာမည် ရှင်လီပါ၊ မျိုးရိုးက အမေ့ဘက်ကိုယူထားပါတယ်"

ဝါယင်လုံက ပြန်လည်မိတ်ဆက်လေ၏။

"ကျုပ်ကတော့ ဝါယင်လုံပါ"

စာပေသမားလူငယ်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ခင်ဗျား မမေးဘူးလား၊ ကျုပ်တို့ ဒီကို ဘာကိစ္စနဲ့ ရောက်လာသလဲလို့၊ လူတိုင်းလိုလို စပ်စုတတ်ကြတာပဲလေ"

ဝါယင်လုံက ...

"မေးစေချင်လည်း မေးပါတယ်ဗျာ"

စာပေသမားလူငယ်က မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ကျုပ်က ဒီကို အစ်ကိုကြီးရဲ့အမိန့်နဲ့ လာခဲ့တာပါ၊ ကျုပ်ရဲ့ အစ်ကိုကြီးကို ခင်ဗျားမသိနိုင်ပါဘူး"

ဝါယင်လုံက ...

"အစ်ကိုကြီး ဟုတ်လား၊ မသိလည်းဖြစ်ပါတယ်"

စာပေသမားလူငယ် ရှင်လီက အေးဆေးစွာ ပြောလေ၏။



"ဟုတ်တယ် ... အစ်ကိုကြီးက ခင်ဗျားကို ကျန်စန်းတောင်ကို သွားနဲ့လို့ မှာလိုက်ပါတယ်၊ ဒီစကားပြောဖို့ ဒီကိုရောက်လာတာပါ"

ဝါယင်လုံမှာ ထိုစကားကြောင့် မျက်လုံးပြူးသွားသည်။

သူ့ကိစ္စနှင့် ရောက်လာခြင်းဖြစ်လေတကား။

ထို့ကြောင့် အလောတကြီး မေးမြန်းလိုက်သည်။

"မင်း အစ်ကိုကြီးက ဘယ်သူလဲ"

စာပေသမားလူငယ်က တစ်ချက်ပြုံးပြီး ပြောလိုက်လေ၏။

"ငါ့အစ်ကိုကြီးက မင်းအစ်ကိုကြီးပါပဲ"

သူ့အပြောမှာ ထူးဆန်းနေသည်။

ဝါယင်လုံက မျက်မှောင်ကြုတ်သွားပြီး ပြန်မေးလိုက်မိသည်။

"ဘယ်သူလဲ ... ဝါချီလား"

စာပေသမားလူငယ်က မျက်နှာကို ရှုံ့လိုက်ပြီး ...

"မင်း တော်တော်နုံတဲ့အကောင်၊ မင်းမှာ အစ်ကို ဘယ်နှစ်ယောက် ရှိလို့လဲ"

ဟု နှိမ်သလို ပြောလိုက်သည်။

ဝါယင်လုံက စိတ်ထဲမှ ပြောလိုက်၏။

"အင်း ... ဒါဆိုရင် ဝါချီပဲဖြစ်ရမယ်၊ သူက သိုင်းလောကကို ထွက်လာပြီလား"

ဝါယင်လုံက စာပေသမားလူငယ်အား ...

"မင်းက တော်တော် လျှို့လျှို့ဝှက်ဝှက်လုပ်တတ်တာပဲ၊ မင်းကို ကြည့်ရတာ တော်တော်ဆိုးမယ့်ပုံပဲ၊ မင်းက ငါ့ထက်ငယ်မှာပါ၊ ငါ့အစ်ကိုကြီးကို မင်းက အစ်ကိုကြီးလို့ခေါ်တော့ မင်းကလည်း ငါ့ကို အစ်ကိုလို့ ခေါ်ပေါ့ ဟုတ်လား"

သူကပြောရင်း အရက်တစ်ခွက် သောက်လိုက်သည်။

ပြီးမှ စကားဆက်ပြောလိုက်သည်။

"မင်း ဘယ်နေရာမှာ ငါ့အစ်ကိုနဲ့ တွေ့ခဲ့တာလဲ"

စပေသမားလူငယ်က ...

"မင်း အစ်ကိုနဲ့ ကျုပ်က အတူထွက်လာတာပါ"

"အစ်ကိုက ဝါချီ တစ်ယောက်တည်းလား၊ အဖေကိုရော မတွေ့ဘူးလား"

"မတွေ့ပါဘူး၊ ဒါပေမယ့် သိုင်းလောကထဲကိုထွက်သွားပြီ လို့တော့ ပြောတယ်၊ မင်းအတွက် သတင်းထူးပေါ့"

ဝါယင်လုံက သက်ပြင်းချလိုက်သည်။

ပြီးမှ ...

စာပေသမားလူငယ်အား ကြည့်လိုက်ကာ ...

"အစ်ကိုကြီး ဝါချီရော ဘယ်မှာလဲ၊ သူဘယ်ကိုရောက်နေတာ လဲ၊ ငါတို့ တစ်မျိုးလုံး သိုင်းလာကထဲ ထွက်လာပြီပေါ့"

စာပေသမားလူငယ် ရှင်လီက ...

"အစ်ကိုကြီးက ကျင်လင်ကို လိုက်သွားတယ်၊ မင်းကိုလည်း ကျင်လင်ကို လိုက်ခဲ့ပါတဲ့"

ဝါယင်လုံ တွေးတောလိုက်၏။

ဝါချီသည် သူ ကျန်စန်းတောင်သို့သွားကြောင်း မည်သို့ သိရှိ ပါသနည်း။ သူ သတင်းပို့ဖို့ နေနေသာသာ ဝါချီ သိုင်းလောကထဲ ဆင်းလာသည်ကိုတောင် မသိခဲ့ပါ။

ယီကျောင်နန်တို့နှင့်တွေ့၍ သိရှိခဲ့ခြင်းလော။

စာပေသမားလူငယ် ရှင်လီက စကားဆက်လိုက်၏။



"အစ်ကိုကြီးက မင်းကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ မြန်လိုက်ခဲ့ပါတဲ့"

ဝါယင်လုံက ...

"အင်း ... ဘာအကြောင်းများ ရှိနေသလဲ မသိဘူး၊ ဒီမှာလည်း န်းထားတာက မသွားလို့မဖြစ်ဘူး"

တွေးတောပြီးမှ ပြောလိုက်သည်။

"တို့ မနက်ဖြန် ပြန်ကြတာပေါ့"

စာပေသမားလူငယ်က ...

"ဘာလို့ မနက်ဖြန်မှ ပြန်မှာလဲ၊ မင်းက ကျန်စန်းတောင် ါ သွားဦးမလို့လား၊ မင်းအစ်ကိုကြီးကအရေးကြီးသလား၊ ကျန်စန်း ောင်က အရေးကြီးသလား"

ဝါယင်လုံက ...

"ဟုတ်တယ် ... တစ်ညပဲကွာတာပါ၊ နောက်နေ့မှ အမြန်သွား ာပေါ့၊ နောက်နေ့ဆိုလည်း နောက်မကျသေးပါဘူးကွာ"

စာပေသာမးလူငယ်က ခေါင်းခါယမ်းလိုက်ပြီး ...

"တစ်ညဆိုတဲ့အချိန်ဟာ မနည်းပါဘူး၊ ပြောင်းလဲမှုတွေအများ ကြီး ဖြစ်နိုင်ပါတယ်၊ တစ်ညမပြောနဲ့ တစ်နာရီတောင် ပြောင်းလဲနိုင် ယ်ကွ"

ဝါယင်လုံက ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ဒါဆိုရင်လည်း ငါ မတတ်နိုင်ဘူး"

စာပေသမားလူငယ် ရှင်လီက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ငါသိပါတယ်၊ မင်း အခုသွားတွေ့မယ့် မိန်းကလေးဟာ

လှပတယ်၊ မင်းအပေါ်လည်း မေတ္တာသိပ်ရှိတယ်၊ သူများတွေက မင်းကို မြာပွေတယ်လို့ပြောတာ ငါမယုံခဲ့ပါဘူး၊ ခုတော့ ...”

ဝါယင်လုံ ပြုံးလိုက်ပြီး ...

“ညီလေး ...”

စာပေသမားလှငယ် ရှင်လီက မျက်နှာကိုမဲ့လိုက်ပြီး ...

“ဘယ်သူက မင်းညီလေးလဲ၊ မင်းဟာ မင်းအစ်ကိုစကားကို နားမထောင်ဘူး၊ မိန်းကလေးတစ်ယောက်က ချိန်းတာကိုပဲ ဦးစားပေးတယ်၊ ငါကလာပြီးပြောတာ ပြောရုံပဲအဖတ်တင်တယ်၊ ငါ့ကို လာရကျိုးနပ်အောင် မင်းလုပ်လိုက်တာပဲ”

ဝါယင်လုံ ခေါင်းကိုခါယမ်းလိုက်သည်။

ပြီးမှ သက်ပြင်းတစ်ချက်ချရင်း ...

“ညီလေး ... မင်းထင်တာ လွဲနေပြီ၊ အတော့်ကိုလွဲနေပြီကွ၊ စကားကို အရမ်းမပြောပါနဲ့”

ရှင်လီက ...

“ဒါဆို အခုသွားမယ်ပေါ့”

ဝါယင်လုံက ...

“မဟုတ်သေးဘူး၊ ငါပြောတာ နားထောင်ပါဦး၊ မင်းကို ငါရှင်းပြပါ့မယ်”

ရှင်လီ ငြိမ်နေလိုက်၏။

ဝါယင်လုံက စကားဆက်လိုက်သည်။

“ငါနဲ့ ဝမ်ကျောက်နီဟာ တစ်ခါပဲ တွေ့ခဲ့ဖူးတာပါ၊ ခွဲခွာမရတဲ့ ချစ်သူတွေ မဟုတ်ကြပါဘူး၊ အလျင်ကိစ္စတွေကို ထားလိုက်ပါတော့၊ အခု မင်းကို ဝမ်ကျောက်နီပေးတဲ့စာကို ပြပါ့မယ်၊ ဒီစာကို



တ်ကြည့်၊ မင်း သဘောပေါက်မှာပါ၊ ငါက မိန်းကလေးလှတာနဲ့ ပြီးသွားတာ မဟုတ်ပါဘူး၊ မင်းပြောနေတာက ငါဟာ မြာရှူး ယောက်ပုံ ပေါက်နေပါတယ်”

သူသည် ပြောရင်း ရင်ဘတ်ကြားမှ စာကို ထုတ်ယူကာ င်လီအား ပေးလိုက်လေသည်။

ရှင်လီက လှမ်းမယူပါ။

“မကြည့်ချင်ပါဘူး၊ မင်းပဲပြောပြပါ”

ဝါယင်လုံက ...

“တခြားလူ ကြားသွားလို့ မကောင်းပါဘူး၊ မင်းကိုယ်တိုင်ပဲ တ်ကြည့်ပါ”

ဟုပြောရင်း စာကို ရှင်လီရှေ့သို့ ဖြန့်ပြလိုက်၏။

ရှင်လီက ဝါယင်လုံအား တစ်ချက်ကြည့်လိုက်၏။ ပြီးမှ ကို ဖတ်လိုက်လေသည်။

ဝါယင်လုံမှာမူ အရက်ကို သောက်ရင်း စားသောက်ဖွယ်ရာ ကို စားသောက်နေ၏။ ယခုအချိန် သူ့အနေဖြင့် လုပ်စရာရှိသည့် လုပ်မှာ ဒါပဲဖြစ်နေသည်။

ရှင်လီက စာကိုဖတ်ပြီးသွားသောအခါ သက်ပြင်းတစ်ချက် လိုက်၏။

“မိန်းကလေးက မင်းအပေါ် တော်တော် မေတ္တာရှိတာပဲ၊ ခံနာခံပြီး ချစ်ရဲတယ်၊ မိန်းမတွေဟာ ဒီလိုပါပဲလေ၊ သူတို့ချစ်ရင် မှမမြင်တော့ဘူး”

သူက ဖြည်းညှင်းစွာ ပြောသည်။

ဝါယင်လုံက

"ဒီလိုလည်း မဟုတ်သေးပါဘူးလေ"

ရှင်လိက မျက်မှောင်ကြုတ်သွားပြီး ...

"မင်းက ဘာငြင်းဦးမလို့လဲ၊ ဒီစာထက် သေချာတဲ့ အထောက်အထား မရှိဘူး၊ မင်းက ဝမ်ကျောက်နီကို စော်ကားမလို့လား"

ဝါယင်လုံက သက်ပြင်းချလိုက်၏။ ပြီးမှ ပခုံးတစ်ချက်တွန့်ကာ ပြောသည်။

"ငါလည်း မရှင်းပြတတ်တော့ဘူး၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ သူဟာ ဒုစရိုက်သမားတွေလက်ထဲ ရောက်နေပြီဆိုတာကို ငါက သိရက်သားနဲ့ လက်ပိုက်ပြီး ကြည့်နေနိုင်တဲ့စိတ်ထားတော့ မရှိပါဘူး၊ မင်းကိုယ်ချင်းစာကြည့်ပေါ့"

ရှင်လိက စာကိုပြန်ပေးလိုက်၏။

ဝါယင်လုံက စာကို ရင်ဘတ်ကြားထဲသို့ ပြန်ထည့်လိုက်ပြီး ...

"ငါ ဘာကြောင့် သွားရသလဲဆိုတာ မင်းသဘောပေါက်ပြီ မဟုတ်လား၊ ဒီတော့ တို့ မနက်ဖြန်ကျမှ ကျင်လင်ကို ပြန်ကြတာပေါ့"

ရှင်လိက ...

"ဒါကတော့ ..."

ဝါယင်လုံ လက်ကာပြလိုက်ပြီး ပြောလိုက်၏။

"ဒီလိုလုပ်ပါလား၊ မင်းက အလျင်သွားနှင့်ပါ၊ ငါက ကိစ္စပြီးတာနဲ့ တစ်ခါတည်း အမြန်လိုက်လာခဲ့ပါ့မယ်၊ ဒါဆိုရင် အချိန်မနှောင်းနိုင်တော့ဘူး၊ ငါလာမယ်ဆိုတဲ့ သတင်းကိုလည်း မင်းပြောပြထားနိုင်တာပေါ့"

စာပေသမားလူငယ် ရှင်လိက တောင်းပန်သည်။



"ငါ သိပါပြီ၊ မင်းကိုစော်ကားခဲ့တဲ့ စကားတွေအတွက် တောင်းပန်ပါတယ်"

မှန်သည်။ စာပေသမားလူငယ်သည် ဝါယင်လုံအား စော်ကားသည့် စကားများ ပြောခဲ့သည်။

ဝါယင်လုံက ခွင့်လွှတ်သည်။ သူမှမဟုတ် အခြားသူဆိုလျှင်လည်း ခွင့်လွှတ်သည်သာ။

"ကိစ္စမရှိပါဘူးကွာ"

ရှင်လိက ...

"မင်းတို့အကြောင်း ကျုပ်ကို ယီကျောင်နန် ပြောပြလို့ သိပြီးပါပြီ၊ တမင် မင်းကို ပြောခဲ့တာပါ၊ ဒါပေမယ့် မင်း ကျင်စန်းတောင်ဆေးခန်းကို မသွားတာက ပိုကောင်းမယ်"

ဝါယင်လုံ ခေါင်းကိုကုတ်လိုက်၏။

ရှင်လိက ဝါယင်လုံကို တစ်ချက်ကြည့်လိုက်ပြီး ...

"အစ်ကို ..."

ဝါယင်လုံက ကြောင်သွားပြီးမှ ...

"ဟာ ... ငါ့ကို အစ်ကိုခေါ်ပြီပဲ၊ ထပ်ခေါ်စမ်းပါဦး၊ နားထောင်လို့ ကောင်းတယ်ကွ"

ရှင်လိမှာ မျက်နှာနီရဲသွားပြီး ခေါင်းငုံ့ကာ ...

"မခေါ်တော့ဘူး"

ဟု တိုးတိုးကလေး ပြောလိုက်၏။

ဝါယင်လုံက သဘောကျစွာ ရယ်မောရင်း ...

"မင်းရှက်တဲ့ပုံကလည်း မိန်းကလေးကျနေတာပဲ၊ ငါ့အစ်ကို

ကိုလည်း မင်းက အစ်ကိုလို့ခေါ်တာပဲ၊ ငါ့ကိုလည်း အစ်ကိုလို့ခေါ်တာ ဘာဖြစ်သလဲ”

ရှင်လိ၏မျက်နှာမှာ ပို၍နီရဲသွား၏။

သူက ခေါင်းငုံ့ထားသဖြင့် လည်းပင်းရှိ အကြောစိမ်းစိမ်း ကလေးများကိုပင် တွေ့မြင်နေရသည်။

ဝါယင်လုံက ရှက်နေသော ရှင်လိကိုကြည့်ကာ ပြုံးလိုက်ပြ

“ကဲ ... မင်း ဘာပြောစရာရှိသေးသလဲ”

ရှင်လိက ...

“တစ်ခုပဲရှိတယ်”

“ဘာများလဲ”

“ကျန်စန်းတောင်ကို မသွားပါနဲ့”

ဝါယင်လုံက ခေါင်းကုတ်လိုက်ပြီး ....

“လုပ်ပြန်ပြီကွာ၊ ငါတောင်းပန်ပါတယ်၊ မသွားလို့မဖြစ်လို့ပ မင်းကို အခြေအနေအားလုံး ရှင်းပြခဲ့ပြီးပြီ၊ စာကိုတောင် ထုတ်ပြ တာပဲ”

ရှင်လိက ဝါယင်လုံအား စိုက်ကြည့်လိုက်၏။

ဝါယင်လုံက သက်ပြင်းချရင်း မေးလိုက်၏။

“မေတ္တာက မေတ္တာ၊ တာဝန်ကတာဝန်ပါပဲ၊ လူဆိုးတွေ လက်ထဲမှာရှိနေတာဆိုတော့ ငါမေးမယ်၊ ငါသွားသင့်သလား၊ မသွား သင့်ဘူးလားလို့ မင်းပဲအဖြေပေးပါ”

စာပေသမားလူငယ်က ...

“ဒါက ကျွန်တော့်သဘော မဟုတ်ပါဘူး၊ အစ်ကိုကြီး တာ ခိုင်းလိုက်လို့ပါ၊ အစ်ကိုကြီးရဲ့ သဘောပဲ”



ဝါယင်လုံက ...

“အစ်ကိုကြီး ဘာမှာလိုက်သေးသလဲ”

ရှင်လိက ...

“အစ်ကိုကြီးကပြောတယ်၊ အစ်ကို့ကို တားလို့မရရင် ကျင်လင်ကို ပြန်ခဲ့ပါတဲ့၊ အခုတားလို့မရတော့ပါဘူး၊ ကဲ ... ချီအော် တို့ သွားကြစို့”

ဝါယင်လုံက ...

“ငါ ဆက်ဆက်လိုက်ခဲ့ပါ့မယ်”

ရှင်လိ ဘာမျှပြန်မပြောတော့ပါ။

ချီအော်ဆိုသည့် အိမ်ဖော်မလေးက ပြောလေ၏။

“ကဲ ... သွားကြမယ်၊ ဆက်ပြောလည်း အချိန်ကုန်တာပဲ အဖတ်တင်မယ်၊ အလကား အချိန်ကုန်မခံတာကောင်းပါတယ်”

ပြောပြောဆိုဆို ဆိုင်ပေါ်မှ ဆင်းသွားကြလေတော့သည်။

ရှင်လိက ပြောလေ၏။

“အစ်ကို ကျန်စန်းတောင်မှာ ဆင်ဆင်ခြင်ခြင်နေပါ”

သူသည် ရှက်ကိုးရှက်ကန်းနှင့်ပြောကာ ဆင်းသွားသည်။

ဝါယင်လုံ ဆိုင်အောက်အထိ ဆင်းလိုက်လာ၏။

“ညီလေး မင်းနဲ့မခွဲချင်ပါဘူး”

ရှင်လိက ...

“ဒါက အကြောင်းမဟုတ်ပါဘူး၊ ကြယ်တံခွန်ဂိုဏ်းဟာ ရက်စက်ကြမ်းကြုတ်တယ်၊ သတိထားပါ”

ဝါယင်လုံက ...

“အစ်ကို့အတွက် စိတ်ချပါ”

ရှင်လိက ...

"ဘာပဲပြောပြော သတိထားတာက ပိုကောင်းတယ်"

ဝါယင်လုံက ...

"အခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ထိုစဉ် ချီအော် ခပ်ပြုံးပြုံးဖြင့် မေးလိုက်လေ၏။

"အစ်ကိုလေးက ဘယ်အထိ လိုက်ပို့မလို့လဲ"

ယခုမှ ဝါယင်လုံ ဆိုင်ပြင်သို့ ရောက်နေကြောင်း သတိထားမိသည်။

သူ ရှက်ပြုံးပြုံးကာ ...

"ကဲ ... သွားကြပေတော့"

သူက နှုတ်ဆက်ရင်း ဆိုင်ပေါ်တက်လာခဲ့၏။

ထို့နောက် အေးအေးဆေးဆေး စားသောက်နေလိုက်သည်။

ညနေ နေစောင်းလာတော့မှ ဆိုင်ထဲမှ ထွက်ခွာလာခဲ့လေတော့သည်။

❑ ❑ ❑



## အခန်း(၃၃)
## အရှုံးအနိုင် တိုက်ပွဲ

နေရောင်ခြည် ဖျော့တော့သွားလေပြီ။

အပူရှိန်မှာလည်း လျော့လာ၏။

နေရောင်လျော့သွားလျှင် အပူချိန် လျော့ကျသည်မှာ သဘာဝပင်။

ဝါယင်လုံမှာ ကျန်စန်းတောင်ပေါ်သို့ တက်လာခဲ့၏။

နေဝင်သွားသောအချိန်၌ ကျန်စန်းတောင်၏ အလယ်သို့ ရောက်ရှိလာသည်။

ကျန်စန်းတောင်အလယ်၌ ဟိုးယခင်က မိုးကြိုးဂိုဏ်း၏ ဂေဟာများကို တွေ့မြင်ရသည်။

သို့သော် နှစ်များစွာ လူသူမနေနိုင်တော့သဖြင့် ပျက်စီးယိုယွင်းနေပြီဖြစ်သည်။ အဆောက်အဦးများက ပြိုကျပျက်စီးနေလေပြီ။

လူသွားလူလာ နည်းပါးသဖြင့် ဟာန်ရှင်းတို့လူစု ဤနေရာ၌ တည်းချနိုင်သည်ဟု တွက်ဆမိလိုက်၏။

ထို့ကြောင့် သူသတိထား၍ ချဉ်းကပ်သွား၏။

သို့သော် ဂေဟာပျက်များထဲ လူသူအရိပ်အယောင်ပင် မတွေ့ရပါ။

ထို့ကြောင့် သူအထဲသို့ ဝင်ကြည့်လိုက်၏။

သူအတွင်းသို့ရောက်သောအခါ လူသူမရှိသည့်အပြင် လူနေထိုင်ခဲ့သည့် အရိပ်အယောင်မျှပင် မတွေ့ရချေ။

လူသူနေထိုင်ခဲ့လျှင် တစ်စုံတစ်ခုတော့ သူတွေ့ရပေမည်။

စိတ်တွင်းမှ တွေးတောမိ၏။

သူ၏ရင်ထဲ၌ ဝမ်ကျောက်နီအတွက် စိုးရိမ်ပူပန်သော စိတ်များ အလိုအလျောက် ဝင်ရောက်လာ၏။

သူက တီးတိုးဆုတောင်းလိုက်၏။

“ဝမ်ကျောက်နီတစ်ယောက် အန္တရာယ်မရှိပါစေနဲ့”

သူ ဂေဟာထဲမှ ပြန်ထွက်လာ၏။

တောင်ပေါ်သို့ တက်ရင်း သူသည် ထောင်ချောက်အတွင်းသို့ ဝင်လာရသည့်နှယ် စိတ်ကခံစားနေရ၏။

ဘေးဘီကို အကဲခတ်ရင်း ဆက်လက်တက်လာခဲ့ရာ မကြာမီမှာပင် တောင်ထိပ်ပေါ်သို့ ရောက်ရှိလာသည်။

တောင်ထိပ်ပေါ်၌ မညီမညာသော မြက်ခင်းပြင်တစ်ခု ရှိ၏။

မြက်ပင်များမှာ ရှည်လျားသော်လည်း လူပုန်းခိုနိုင်လောက်အောင် မထူထပ်ပေ။

သူသည် မြက်ခင်းပြင်သို့လျှောက်လာရင်း အလယ်သို့ရောက်သောအခါ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။

ဝမ်ကျောက်နီအား ခုထိ မတွေ့ရသေးပါ။



ထိုအတိုင်းဆိုလျှင် ...

သူ၏အတွေးမဆုံးမီမှာပင် ရယ်မောသံများကို ကြားလိုက်ရသည်။

ဝါယင်လုံမှာ မျက်နှာပျက်သွား၏။

သူက ရယ်သံကြားရာဘက်သို့ ကြည့်လိုက်သောအခါ လူကိုးယောက် ဆယ်ယောက်ခန့်က မြက်ခင်း၏တစ်ဖက်စပ်သို့ ရောက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူများမှာ မသိမသာ ခွဲခွာသွားပြီး မြက်ခင်းပြင်အား ဝိုင်းရံလိုက်ကြသည်။

ထိုလူသုံးဦးအနက် တစ်ဦးမှာ ဟန်ရှင်းဖြစ်ပြီး တစ်ဦးမှာမူ သူမသိပါ။

ကျောက်ချီဝမ်းက သူတို့နှင့်ကပ်လျက် ပါလာ၏။

သူမသိသော လူမှာ ဝတ်ရုံရှည် ဝတ်ဆင်ထား၏။

ပိန်ပိန်ရှည်ရှည် အသက်လေးဆယ်ကျော်ခန့် ဖြစ်သည်။

မျက်လုံးစူးရှပြီး လှုပ်ရှားမှု တည်ငြိမ်၏။

ခါးတွင် ခါးစည်းကြိုးမှာ ငွေရောင်ဖြစ်ပြီး နဂါးပုံဖော်ထားလေသည်။

ဟန်ရှင်းမှာမူ သူ့အားတွေ့သဖြင့် စိတ်လှုပ်ရှားနေဟန်ရှိ၏။

မျက်နှာပေါ်တွင်လည်း ကောက်ကျစ်မည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။ ဤသည်ကတော့ သူတို့သေမှ စွန့်လွှတ်မည့် အကျင့်ပင်။

ဝါယင်လုံမှာ သူတို့ကို တစ်ချက် အကဲခတ်ကြည့်ပြီးနောက် ပိန်ပိန်ရှည်ရှည်နှင့်လူမှာ ခေါင်းဆောင်ဖြစ်နိုင်သည်ဟု ယူဆလိုက်၏။

တိုလူအား ကြည့်ရသည်မှာ သိုင်းပညာ အတော်ထက်မြက်ဟန်ရှိ၏။

သူ့အား တိုက်ခိုက်လာလျှင် ထိုလူကိုသာ သတိထားရင်ဆိုင်ရမည်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကို သတိပေးလိုက်၏။

ထိုစဉ် ဝါယင်လုံအား ဝိုင်းရံထားသော လူများက တဖြည်းဖြည်း နီးကပ်လာကြသည်။

မကြာမီ ဝါယင်လုံအား စက်ဝိုင်းပုံသဏ္ဍာန်ဖြင့် ဝိုင်းရံမိသွားကြလေ၏။

ဟန်ရှင်းက သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား"

အတန်ကြာ ရယ်မောပြီးမှ သူက ရပ်တန့်ကာ စကားစလိုက်သည်။

"ဝါသခင်လေး ... ဝါသခင်လေးဟာ မြာအလွန်ပွေတယ်ဆိုတဲ့ သတင်းကြားခဲ့တာ၊ အခုတော့လည်း သတင်းက မှန်နေပါလား"

အနောက်ကျေးရွာ၌ ဝါယင်လုံ တိုက်ခိုက်ခဲ့သဖြင့် လက်ကျိုးခဲ့သော ဝတ်စုံဝါကလည်း ရယ်မောလျက် ပြောလေ၏။

သူတို့ပြောပုံမှာ ဒီတစ်ပွဲ၌ သူတို့ မလွဲမသွေနိုင်ပြီဟု တင်ဟန်ရှိလေသည်။

"ဟား ... ဟား ... ဟား ... မင်း ကျန်စန်တောင်ပေါ်ကို တက်လာပြီးတဲ့နောက် ပြန်လမ်းမရှိတော့ဘူး"

ကျောက်ချိဝမ်းကလည်း ဝင်ပြောသည်။

"ဝါယင်လုံ ... မင်းဟာ မိန်းကလေးတစ်ယောက်အတွက်



သေရဲတဲ့ကောင်ပါလား၊ ဟား ... ဟား ... ဟား ... ဒါကြောင့် မင်းကို တခြားလူတွေက မြာရူးလို့ခေါ်ကြတာပဲ"

ဝါယင်လုံမှာ သူတို့စကားကို မကြားဟန်ပြုလိုက်၏။

သူတို့အား ဂရုမစိုက်သည့် ပုံစံဖြင့် တစ်ချက်ကြည့်လိုက်ပြီး ပိန်ပိန်ရှည်ရှည်လူနှင့် မျက်နှာချင်းဆိုင်ရပ်တန့်လိုက်၏။

သူ၏အာရုံတစ်ခုလုံးအား ထိုလူပေါ်တွင် စုထားလိုက်လေသည်။

သူက ထိုလူအား သေချာစွာ အကဲခတ်ကြည့်လိုက်ပြီး မေးမြန်းလိုက်လေသည်။

"ခင်ဗျားနာမည်က ဘယ်သူလဲ"

ထိုလူက အေးစက်သော အပြုံးတစ်ချက် ပြုံးလိုက်ပြီး ...

"မူထင်ကုန်း"

ဟု တုံးတိတိ ဖြေလိုက်၏။

ဝါယင်လုံကမူ မူထင်ကုန်းအား စိုက်ကြည့်လိုက်ပြီး ထပ်မေးလိုက်သည်။

"ဝမ်ကျောက်နီ ဘယ်မှာလဲ"

မူထင်ကုန်းက အေးတိအေးစက်ဖြင့် ...

"သူ သေတော့ မသေသေးဘူး"

ဝါယင်လုံက မူထင်ကုန်းအား အလွယ်တကူရင်ဆိုင်၍ မရမှန်းသဘောပေါက်ထား၏။

တိုက်ပွဲစသည်နှင့် မူထင်ကုန်းအား ချုပ်ကိုင်နိုင်မှသာ သူ့အတွက် အခြေအနေ ကောင်းမည်ဖြစ်ကြောင်းလည်း နားလည်လိုက်သည်။

တိုက်ပွဲ၏ အခရာမှာ ဤသို့ပင်ဖြစ်သည်။ အဓိကလူကို ချုပ် ကိုင်နိုင်မှ ရပေမည်။

ဝါယင်လုံက ...

"ဝမ်ကျောက်နီကို ကျုပ်တွေ့လို့ရမလား"

ဝမ်ကျောက်နီမှာ သူတို့၏အကျဉ်းသားဖြစ်နေပြီကို ဝါယင်လုံ သိလိုက်လေ၏။

မူထင်ကုန်းက ပြန်မဖြေပါ။

လက်ခုပ်တစ်ချက် တီးလိုက်၏။

လက်ခုပ်သံအဆုံးဝယ် လူနှစ်ယောက်က ထမ်းစင်တစ်ခုကို ထမ်းကာ မြက်ခင်းပြင်ဆီသို့ ရောက်ရှိလာသည်။

ထမ်းစင်ပေါ်၌ အရာတစ်ခုကို အဝတ်နက်တစ်ခုက လွှမ်းခြုံ ထားသည်။

ထိုလူနှစ်ယောက်မှာ မြက်ခင်းပြင်ကို ရောက်သောအခါ ထမ်း စင်ကိုချလိုက်ပြီး အဝတ်နက်ကို ဖယ်ရှားလိုက်၏။

ဝါယင်လုံမှာ ဝမ်ကျောက်နီကို မြင်လိုက်ရသောအခါ တစ် ကိုယ်လုံး သွေးများ ဆူဝေသွားလေတော့သည်။

ဝမ်ကျောက်နီ၏ မျက်နှာမှာ ဖြူရော်နေပြီး ပါးရိုးများပင် ပေါ်ထွက်အောင် ပိန်ချုံးနေ၏။

တစ်ကိုယ်လုံးမှာလည်း အရိုးပေါ်အရေတင်မျှသာ ကျန်တော့ ကြောင်း တွေ့လိုက်ရ၏။

သူမ၏တစ်ကိုယ်လုံး အသားအရေမှာလည်း ညိုမည်းကာ နေ လေသည်။



အဆိပ်များဒဏ်ကို ပြင်းထန်စွာ ခံစားနေရကြောင်း ဝါယင်လုံ ားလည်လိုက်၏။

လူမဆန်ဘဲ ရက်စက်သော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် ါသလည်း ခြောင်းခြောင်းထွက်သွားသည်။

ဝါယင်လုံ၏မျက်နှာ တင်းမာခက်ထန်လာ၏။

မျက်လုံးများလည်း စူးရှတောက်ပလာ၏။ သွေးများလည်း ဆူပွက်ထလာသည်ဟု ထင်မှတ်ရသည်။

သူက အရှုးတစ်ယောက်နှယ်ပင် အားရပါးရ ရယ်မောလိုက် သည်။

"ဟား ... ဟား ... ဟား"

သူ၏ ရယ်သံ၌ စမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ခံပြင်းခြင်း သည့် ခံစားမှုများ ရောယှက်နေ၏။

ဝါယင်လုံ၏ ရယ်မောသံကြောင့် ဟန်ရှင်းတို့မှာ ကြောင် သွား၏။ သူတို့ လန့်သွားကြသည်။

ဝါယင်လုံက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

မူထင်ကုန်းက ...

"မင်း စိတ်ထိခိုက်နေပြီ မဟုတ်လား"

လှောင်သံနှင့် မေးလိုက်၏။

မူထင်ကုန်းတစ်ယောက်သာ အခြေအနေမှန်ကို တွက်မိသည်၊

ဝါယင်လုံက မဲ့ပြုံးပြုံးကာ ...

"မင်းတို့ သိပ်ယုတ်မာတယ်၊ လူမဆန်ဘူး"

မူထင်ကုန်းက ...

"ဟုတ်တယ် ... မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဒီမိန်းကလေးဟာ ရိုးရိုးလူမဟုတ်ဘူး၊ သူလျှို၊ ငါတို့အကြောင်းကို လာစုံစမ်းတယ်၊ ငါတို့ သူ့ကို အပြစ်ပေးတာ ဒီလောက် မရက်စက်သေးပါဘူး၊ ဒီထက်ရက်စက်တဲ့နည်းတွေ အများကြီးရှိပါသေးတယ်၊ မင်း မြည်းကြည့်မလား"

ဝါယင်လုံ၏ မျက်နှာမှာ ပို၍ တင်းမာခက်ထန်လာ၏။

မူထင်ကုန်းက စကားဆက်လိုက်သည်။

"ကဲ ... မင်း ခုခံဖို့ မစဉ်းစားပါနဲ့တော့၊ ကျုပ်ရဲ့ကြယ်တံခွန်ဂိုဏ်းကို လိုက်ခဲ့ပါ"

ဝါယင်လုံက အံကိုကြိတ်လိုက်ပြီး ...

"ခင်ဗျားတို့လောက်တော့ ကျုပ်မမှုပါဘူး၊ ကြိုက်သလိုလာခဲ့စမ်းပါ၊ ခင်ဗျားတို့ကို ကျုပ်ဂရုမစိုက်လို့ ဒီတောင်ပေါ်ကို တက်လာတာဗျ"

မူထင်ကုန်းက ...

"ငါတို့က လူများတယ်၊ ပြီးတော့ အစွမ်းထက်တဲ့ အဆိပ်တွေလည်း ရှိတယ်"

ဝါယင်လုံက ရယ်လိုက်၏။

"မင်းတို့အဆိပ်ကို ငါမမှုပါဘူး၊ ငါ ဂရုမစိုက်လို့ ဒီကိုလာတာပေါ့ကွ"

မူထင်ကုန်းက ...

"မင်း အဆိပ်ကို မမှုရင် မှားသွားမယ်၊ ငါတို့အဆိပ်ဟာ ဘယ်သူမှ အခုထိမဖြေနိုင်ခဲ့ဘူး"

ဝါယင်လုံမှာ စကားဆက်လက်မပြောလိုတော့ပါ။



အရှုံးအနိုင်ကွဲပြားအောင် တိုက်ခိုက်လိုစိတ်သာ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သူက ... မင်းတို့ စိတ်ကြိုက်လုပ်စမ်းပါ၊ တစ်ခုတော့ ကျုပ်က ပြောလိုက်မယ်၊ မင်းတို့ကသာ ဝမကျောက်နီကို အဆိပ်ဖြေပေးပြီး ပြန်လွှတ်ရင် ကျုပ်ကလည်း မင်းတို့ကို ပြန်လွှတ် ”

မူထင်ကုန်းက သဘောကျစွာ ရယ်မောလိုက်သည်။

ပြီးမှ သူက အမိန့်ပေးလိုက်၏။

"ဟန်ရှင်း သူ့ကိုသွားဖမ်းစမ်း"

ဟန်ရှင်းက သဘောကျသွား၏။

သူက ဓါးစည်းကြိုးကို ဖြုတ်လိုက်ပြီး ဝါယင်လုံထံသို့ လျှောက်သွားလိုက်၏။

"အရင်တစ်ခါက မင်း ကံကောင်းလို့ လွတ်သွားတာ၊ ဒီတစ်ခါတော့ မင်းမလွတ်နိုင်တော့ပါဘူး"

သူက မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ပြောလိုက်၏။

ဝါယင်လုံက မဲ့ပြုံး ပြုံးလိုက်ပြီး ဟန်ရှင်းနှင့် ရင်ဆိုင်လိုက်သည်။

တိုက်ပွဲကို မြန်မြန်သိမ်းနိုင်မှသာ သူ့အတွက် အခြေအနေကောင်းမည်ဟု နားလည်လိုက်၏။

ထို့ကြောင့် ဓါးမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

"ချွမ်း ..."

ဟန်ရှင်းမှာ ကြယ်တံခွန်ဂိုဏ်းချုပ် တုံလျန်ချူ၏ တပည့်တစ်ယောက် ဖြစ်၏။

တုံလျှန်ချူထံမှလည်း သိုင်းပညာသင်ကြားခဲ့သူ ဖြစ်သည်။

အနောက်ကျေးရွာ၌ ဝါယင်လုံက သူ့အား နှောင့်ယှက်ခဲ့သည်ကို သူက လုံးဝမကျေနပ်ပါချေ။

ထို့ကြောင့် ယခုတိုက်ပွဲ၌ ဝါယင်လုံအား အသေသတ်ရန် ဆုံးဖြတ်ထားလိုက်၏။ သူက အောက်လမ်းသိုင်းသမားပေပဲ။

သူတို့နှစ်ယောက်၏တိုက်ပွဲမှာ လျင်မြန်လှ၏။

တိုက်ခိုက်မှု ဆယ်ကွက်မျှကျော်သည်နှင့် အရှုံးအနိုင်ခွဲခြား၍ ရရှိလာသည်။

ဟန်ရှင်းမှာ အခြေအနေ မကောင်းတော့ပါ။

တစ်စထက်တစ်စ အရေးနိမ့်လာ၏။

မူထင်ကုန်း မျက်မှောင်ကြုတ်သွား၏။

ဝါယင်လုံအား တစ်ယောက်ချင်း ယှဉ်ပြိုင်နေပါက မိမိ၏ လူများ ရင်ဆိုင်နိုင်မည်မဟုတ်ဟု တွေးမိ၏။

သူသည် တွေးနေစဉ်မှာပင် ဝါယင်လုံ၏ ဓားကွက်က ရုတ်တရက် ပြောင်းလဲသွား၏။

ဟန်ရှင်းမှာ ရှောင်တိမ်းနိုင်ရန် မလွယ်ကူတော့ပါ။

မူထင်ကုန်း ထိတ်လန့်သွားပြီး အမြန် ဝင်ကယ်လိုက်သော်လည်း မမီတော့ပါချေ။

"အား ..."

ဟန်ရှင်းမှာ ဝါယင်လုံ၏ ဓားချက်ကြောင့် ရူးရှစွာ အော်ဟစ်ရင်း လဲကျသေဆုံးသွားတော့သည်။

ဝါယင်လုံမှာ မျက်နှာပျက်သွား၏။

သူသည် လူမသတ်ချင်ပါ။



သူ၏လက်ချက်ဖြင့် လူတစ်ယောက် သေဆုံးသွားခြင်းမှာ ယခုတစ်ကြိမ်မှာ ပထမဆုံးအကြိမ်ဖြစ်သောကြောင့် ငေးငိုင်သွား၏။

ထိုစဉ် မူထင်ကုန်းက ဝင်ရောက်တိုက်ခိုက်တော့သည်။

ဝါယင်လုံသည် ကမန်းကတန်း ပြန်လည်ခုခံတိုက်ခိုက်လိုက်၏။

မူထင်ကုန်းနှင့် ဝါယင်လုံတို့ နှစ်ယောက်စလုံးမှာ ဓားကို အသုံးပြုကြသဖြင့် တိုက်ပွဲမှာ ပို၍ပြင်းထန်လာ၏။

ဓားဓားချင်း ထိခတ်သော အသံများမှာလည်း ကျင်စန်းတောင်ပေါ်၌ ဆူညံစွာ ထွက်ပေါ်လာနေသည်။

ဝါယင်လုံ၏ ဓားကွက်တိုင်း၌ အပြောင်းအလဲ အမျိုးမျိုးရှိ၏။

ထို့ကြောင့် မူထင်ကုန်းမှာ အခက်ကြုံနေ၏။

ဓားကွက် နှစ်ဆယ်မျှ ရောက်သောအခါ ...

"ဓားလွှတ်စမ်း"

ဟု ဝါယင်လုံက အော်ငေါက်လိုက်၏။

"ချွမ် ..."

ချွမ်ခနဲမြည်သံနှင့်အတူ မူထင်ကုန်း၏ ဓားမှာ အဝေးသို့ လွင့်စဉ်သွား၏။

မူထင်ကုန်းမှာ မြေပေါ်သို့ လဲကျသွား၏။

ဝါယင်လုံက မူထင်ကုန်း၏ ကိုယ်ပေါ်၌ဓားကိုမိုးအုပ်ထားလိုက်ပြီး ...

"ခင်ဗျားကို ကျုပ်မသတ်ချင်ဘူး၊ ဒီတော့ ဝမ်ကျောက်နီကို အဆိပ်ဖြေပေး၊ ပြီးရင် ခင်ဗျားတို့လူစု ပြန်ထွက်သွားကြ"

မူထင်ကုန်းက တောင်းပန်ဟန်ဖြင့် လက်ဝှေ့ယမ်းပြလိုက်သည်။ သို့သော် စကားကတော့ မလျှော့ချေ။

"ငါ့ကို မင်းမသတ်နိုင်ပါဘူး"

ဝါယင်လုံ၏ မျက်လုံးများမှာ ရုတ်တရက် လေးလံလာလေသည်။

ရင်ဝ၌လည်း နာကျင်၏။

ခန္ဓာကိုယ်တစ်ခုလုံး၌ ရုတ်တရက် အားများကွယ်ပျောက်သွားသည်ဟု ခံစားလိုက်ရသည်။

မူထင်ကုန်းက ထပ်ပြောလိုက်၏။

"မင်းကို ငါမသတ်ချင်ပါဘူး၊ မင်း ငါ့နောက်ကို အသာတကြည် လိုက်ခဲ့ပါ"

ဝါယင်လုံမှာ ထိတ်လန့်သွားသည်။

မူထင်ကုန်းအား စိုက်ကြည့်လိုက်ပြီး ...

"မင်း ... မင်းတို့

မူထင်ကုန်းက ရယ်မောရင်း ...

"မင်း အခု ငါတို့အဆိပ်မိသွားပါပြီ၊ မင်း ငါတို့ကို အထင်သေးခဲ့တဲ့အတွက် ငါတို့ဂိုဏ်းကို လိုက်ခဲ့ပေတော့"

ဝါယင်လုံသည် ဘာမျှပြန်မပြောတော့ပါ။

ဓားကို ဝှေ့ယမ်းကာ ခုတ်ချလိုက်၏။

ဝါမိသားစု၏ ဓားချက်တိုင်း၌ အားမာန်ပြင်း၏။ တိကျ၏။

ယခု ဝါယင်လုံ၏ ဓားချက်မှာ အားမာန်မပါသည့်အပြင် လျင်မြန်ခြင်းလည်း မရှိချေ။



ထို့ကြောင့် မူထင်ကုန်းက အသာလှိမ့်ရှောင်ပြီးထရပ်ကာ ဝါယင်လုံအား ဖမ်းချုပ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ရပ်လိုက်စမ်း ... "

ဟူသော အသံနှင့်အတူ အဖြူရောင်အရိပ်တစ်ရိပ်က ပြေးဝင်လာလေ၏။

ဝါယင်လုံမှာ မဟန်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားသည်။

သို့သော် သတိမလစ်သေးသဖြင့် ရောက်ရှိလာသော လူရိပ်အား တွေ့လိုက်ရသည်။

ထိုလူရိပ်မှာ စာပေသမားလူငယ် ရှင်လိပင်ဖြစ်ပါသည်။

ရှင်လိမှာ ကျင်လင်သို့ပြန်မည်ဟု ပြောကာ ထွက်ခွာသွားသော်လည်း ယခုကျန်စန်းတောင်ပေါ်သို့ ရောက်ရှိလာသဖြင့် အံ့အားသင့်သွား၏။ သူသည် ပြန်ရန် ဟန်ပြပြီး ကျန်စန်းတောင်သို့ လိုက်လာခဲ့ခြင်း ဖြစ်ပုံရသည်။

မူထင်ကုန်းမှာ လူတစ်ယောက် ဝင်လာသည့်အတွက် အံ့အားသင့်သွား၏။

ဝါယင်လုံအား မတိုက်ခိုက်ရဲတော့ဘဲ ရပ်တန့်လိုက်၏။

သူက လူရိပ်ကိုလှည့်ကြည့်လိုက်၏။

စာပေသမားပုံစံနှင့် လူငယ်တစ်ယောက်သာ ဖြစ်သော်လည်း ပြေးလာသော ကိုယ်ဖော့ပညာမှာ အလွန် အဆင့်မြင့်သဖြင့် အထင်သေးရဲတော့ပါ။

ရှင်လိက ဝါယင်လုံအနီးသို့ ရောက်ရှိလာပြီး ...

“အစ်ကို ...”

ဟု ခေါ်လိုက်၏။

မူထင်ကုန်းမှာ ထိတ်လန့်သွား၏။

ရှင်လီကိုလည်း ဝါမိသားစုမှ လူတစ်ယောက်ဟု ထင်မှတ်သွားသည်။

သို့သော် သူသည် ကောက်ကျစ်စွာ ပြုံးလုက်၏။

ဝါမိသားစုမှ ထိုလူငယ်အား ထပ်မံ ဖမ်းဆီးသွားမည်ဟု ဆုံးဖြတ်လိုက်ပြီး ပြောလိုက်၏။

သူ့အပြောက တကယ်ပိုင်သည်။ သူ့အလိုကျ လုပ်ရမည့်ဟန် ပင်။

“မင်းလည်း ဝါမိသားစုက လူပဲကိုး၊ ကဲ ... ငါ့နောက်လိုက်ခဲ့ ပေတော့”

တိုစဉ် မူထင်ကုန်၏ အနောက်မှ စကားသံတစ်ခု ထွက်လာ၏။

“ရှင်က ဘာကောင်မို့ ဒီစကားမျိုး ပြောရဲတာလဲ၊ လျှာကိုဖြတ် ပစ်လိုက်ရမလား”

မူထင်ကုန်းမှာ ထိတ်လန့်သွား၏။

ရှေ့သို့ ကျွမ်းထိုးကာ ခုန်ထွက်သွားလိုက်၏။

သူ၏မျက်နှာလည်း နီရဲသွား၏။

သူသည် ကြည့်လိုက်ရာ အသက် ၁၄-၁၅ နှစ်ခန့်ရှိ အိမ်ဖော် အဝတ်အစားနှင့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုမိန်းကလေးမှာ ချိအော်ပင် ဖြစ်ပါသည်။



ချိအော်မှာ ကလေးစိတ်မပျောက်သေးပါ။

ထို့ကြောင့်လည်း မူထင်ကုန်းအား ချောက်လှန့်လိုက်ခြင်း ဖြစ်၏။

မူထင်ကုန်း တကယ်လန့်သွားသည်။

ရှက်သွားပြီး ဒေါသလည်း ချောင်းချောင်းထွက်သွားသည်။

ရှင်လီက အေးအေးပင်။ သူ့သိုင်းပညာ မည်သို့ရှိမည်ကိုတော့ မသိပေ။

“ကဲ ... ချိအော် သူ့ဆီက ဖြေဆေးသွားယူလိုက်ပါ”

ချိအော်က မူထင်ကုန်းထံသို့ လျှောက်သွားပြီး ...

“ကဲ ... ရှင်ကြားတယ်မဟုတ်လား၊ ဒီတော့ အသားမနာချင် ရင် ဖြေဆေးပေး”

မူထင်ကုန်းမှာ မျက်နှာပျက်သွား၏။

အံကိုကြိတ်လိုက်သည်။

“ဖြေဆေး ... ငါ့ကိုယ်ပေါ်မှာ ရှိတယ်၊ မင်းယူရဲတဲ့ သတ္တိ ရှိရင် လာယူပါ”

သူကက ပြောလိုက်သည်။

ချိအော်က မဲ့ပြုံးပြုံးလိုက်ပြီး ...

“ဘာလဲ ... ရှင်က မယူရဲဘူးများ ထင်လို့လား”

စကားဆုံးသည်နှင့် လှမ်းခုန်အုပ်လိုက်လေသည်။

မူထင်ကုန်းက ညလက်ကို တွန်းထုတ်ပြီး ဆီးကြိုတိုက်ခိုက် လိုက်၏။

ချိအော်က လျှပ်တစ်ပြက် ရှောင်ကာ နောက်ဘက်သို့ ရောက် သွားပြီး တိုက်ခိုက်လိုက်သည်။

မူထင်ကုန်းက နောက်သို့ လှည့်မကြည့်ဘဲ လက်ဝါးနစ်ဖက် အသုံးပြုကာ တိုက်ခိုက်လေတော့သည်။

ချိအော်မှာ ကမန်းကတန်း ရှောင်တိမ်းလိုက်သော်လည်း အနည်းငယ်ထိသွားပြီး မြက်ခင်းပေါ်သို့ လဲကျသွား၏။

ရှင်လီက ဝါယင်လုံအနီး၌ ထိုင်ချလိုက်ပြီး သွေးကြောများကို အတွင်းအားဖြင့် နှိပ်နယ်ပေးလိုက်၏။

ရှင်လီ၏တစ်ကိုယ်လုံးမှာ ချွေးများ ရွှဲနစ်လာလေသည်။

မူထင်ကုန်းက ရယ်မောလိုက်ပြီး ပြောလိုက်လေ၏။

“မင်းတို့ ဘာမှမတတ်နိုင်တော့ပါဘူး၊ ငါ့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ပါ”

သူက အားလုံးကို အလွယ်တကူ ဖမ်းသွားနိုင်မည်ဟု တွေးမိကာ သဘောကျနေမိ၏။

ဤကဲ့သို့ပင် သူယူဆနေသည်။

ရှင်လီမှာ တွေဝေနေ၏။

မူထင်ကုန်းကို တိုက်ခိုက်ရဦးမည်ဖြစ်၏။

သို့သော်လည်း ဝါယင်လုံကို စိတ်မချ ဖြစ်နေ၏။

ထိုစဉ် မူထင်ကုန်းက တဖြည်းဖြည်း ဝါယင်လုံအနီးသို့ ရောက်ရှိလာသည်။

ရှင်လီသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ထရပ်လိုက်၏။

ထိုအခိုက် ဝါယင်လုံသည် ညည်းညူသံတစ်ချက်ပေးပြီး သတိရလာ၏။

ရှင်လီက မူထင်ကုန်းကို အနိုင်တိုက်ခိုက်မှသာ ဝါယင်လုံအတွက် ဖြေဆေးရနိုင်မည်ဟု သဘောပေါက်လိုက်၏။



ထို့ကြောင့် သူက မူထင်ကုန်းအား တရကြမ်း ဝင်ရောက်တိုက်ခိုက်လေတော့သည်။

သူသည် မူထင်ကုန်း တစ်ယောက်တည်းအား ဦးတည်တိုက်ခိုက်ခြင်း မဟုတ်ပါ။

မူထင်ကုန်း၏ နောက်လိုက်တွေပါ နီးရာလူ အကုန်တိုက်ခိုက်ခိုက်ခြင်း ဖြစ်ပေသည်။

မမျှော်လင့်ဘဲ သူ၏တိုက်ခိုက်မှုကြောင့် မူထင်ကုန်း၏ နောက်လိုက် သုံးလေးယောက်မှာ ဒဏ်ရာရသွားပြီး လဲကျသွားသည်။

ကျန်လူများမှာလည်း မတိုက်ခိုက်ရဲဘဲ နောက်သို့ဆုတ်သွားကြသည်။

မူထင်ကုန်းပင် ထိတ်လန့်သွား၏။

ရှင်လီ၏ တစ်ခဏအတွင်း တိုက်ခိုက်မှုမှာ သူ၏ငယ်သားများ ဒဏ်ရာရသွားကြသည် မဟုတ်ပါလား။

ရှင်လီသည် မူထင်ကုန်းနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး ...

“ခင်ဗျားဟာ ကောက်ကျစ်တဲ့လူပဲ၊ အခု ဖြေဆေးပေးပါ၊ ဒါဆိုရင် ခင်ဗျားအသက်ကို ကျုပ် စဉ်းစားပါ့မယ်”

သူက အေးစက်စွာ ပြောလိုက်သည်။

မူထင်ကုန်းမှာ တွေဝေသွား၏။

သူ့အနေနှင့် စာပေသမားလူငယ်အား နိုင်မည် မနိုင်မည်ကို မခန့်မှန်းနိုင်ဖြစ်နေသည်။

ငယ်သားများရှေ့၌ ဖြစ်သောကြောင့် သိက္ခာဆည်လိုက်ပြီး ... သို့တိုးသွားရင်း မေးလိုက်လေ၏။

"မင်းက ဝါမိသားစုမှာ ဘယ်နှစ်ယောက်မြောက်လဲ"

ရှင်လီက ထပ်မံမေးသည်။

"ခင်ဗျားက ဖြေဆေးပေးမှာလား၊ ဒါမှမဟုတ် တိုက်ခိုက်မှာလား၊ ဒါမှမဟုတ် အချိန်ကုန်ခံပြီး မေးခွန်းတွေ မေးနေမှာလား"

မူထင်ကုန်းသည် မလွဲမသွေ တိုက်ခိုက်ရတော့မည်ဖြစ်ကြောင်း သိရှိလိုက်၏။

ထို့ကြောင့် သူက အံကြိတ်လိုက်ပြီး ...

"မင်းက ငါ့ကို နိုင်မယ်ထင်နေလို့လား"

ရှင်လီသည် ဘာမှပြန်ပြောမနေတော့ပါ။

ရှေ့သို့တိုးကာ ခုန်ဝင်လိုက်လေ၏။ လေတဟူးဟူ ထသွားသည်။ သူ့တိုက်ခိုက်မှုမှာ ပြင်းထန်သည်။

"မင်းတို့က သေရမှ ကျေနပ်မယ့်လူတွေပဲ"

မူထင်ကုန်းက နောက်သို့ ခုန်ဆုတ်ကာ ရှောင်ပေးလိုက်၏။

ရှင်လီသည် ခါးမှာပတ်ထားသော ခါးစည်းကြိုးကို ဖြုတ်၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

"နေပါဦး"

ဝါယင်လုံက ဟန့်တားလိုက်၏။

ရှင်လီနှင့် မူထင်ကုန်းမှာ ဝါယင်လုံ၏ ဟန့်တားသံကြောင့် တိုက်ခိုက်ရာမှ ရပ်တန့်သွားကြလေတော့သည်။

ဝါယင်လုံက ဓားကိုကိုင်ကာ မူထင်ကုန်းထံသို့ လျှောက်လာ၏။



သူလျှောက်လာပုံမှာ အေးအေးသက်သာပင်။

ရှင်လီက ဝါယင်လုံ ထလာသည်ကို တွေ့လိုက်သဖြင့် ဝမ်းသာသွားသည်။

"အစ်ကို ... ဘာဖြစ်သေးသလဲ"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"ဘာမှမဖြစ်ပါဘူး မင်း အချိန်မီရောက်လာလို့ ငါ သက်သာသွားတာ၊ နို့မဟုတ်ရင် ဒီလူယုတ်မာရဲ့ လက်ချက်နဲ့ ရေတိမ်နစ်ရမှာ"

သူသည် ပြောရင်း ရှေ့တိုးလာ၏။

ပြီးမှ မူထင်ကုန်းကို စိုက်ကြည့်ကာ အေးစက်စွာ ပြောလေ၏။

"ခင်ဗျားက ယုတ်မာတဲ့လူဆိုတော့ ကျုပ်ကဆုံးမရမှာပဲ၊ မဆုံးမရင် ကျုပ် အသုံးမကျတဲ့လူ ဖြစ်လိမ့်မယ်"

ရှင်လီက ဝါယင်လုံအတွက် စိုးရိမ်စိတ်က မပျောက်သေးသဖြင့် မေးလိုက်သည်။

"အစ်ကို တိုက်ခိုက်နိုင်ပါ့မလား"

ဝါယင်လုံက ...

"ငါတို့က သိုင်းပညာကိုသာ အဓိကယှဉ်ပြိုင်ခဲ့တယ်၊ ကောက်ကျစ်မှု မသုံးဘူး၊ သူတို့ကတော့ အသုံးပြုခဲ့တယ်၊ ဒီတော့ သူ့ကို နောင်ကြဉ်အောင် ဆုံးမမှဖြစ်မယ်၊ သူက အဆိပ်သုံးလိုက်တာကွ၊ ငါကတော့ သူ ဒီလိုယုတ်မာမယ်လို့ မထင်ခဲ့ဘူး"

စာပေသမားလူငယ် ရှင်လီက ရိပ်မိလိုက်၏။

ဝါယင်လုံ အချိန်ဆွဲနေသည်၊

ဝါယင်လုံမှာ အဆိပ်မပြေသေးပါ။

ထို့ကြောင့် သူစိတ်ပူသွားသော်လည်း ဟန်မပျက်နေနေရသည်။

မုထင်ကုန်းမှာလည်း အံ့သြနေ၏။

ဝါယင်လုံမှာ သူ၏အဆိပ်မိခဲ့သည့်တိုင်အောင် ပြန်လည်ထလာနိုင်သေး၏။

သူ့အဆိပ်၏ ညံ့ဖျင်းမှုပင်။

အဆိပ်များ မမိ၍လော ... ။

ထို့ကြောင့် သူက အကဲခတ်ကြည့်လိုက်၏။

ဝါယင်လုံ၏ သဏ္ဍာန်မှာ အဆိပ်မိနေကြောင်း သူကသိလိုက်ရသည်။

သူက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး ပြောလိုက်လေ၏။

"မင်း ငါ့ကို သိုင်းကွက် ၁၀၀ အတွင်းနိုင်ရင် ငါ ဒီကနေပြန်သွားပါ့မယ်"

ဝါယင်လုံက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ကျုပ် ခင်ဗျားကို ခွင့်မလွှတ်တော့ဘူး၊ အသေ ဒါမှမဟုတ် ကျိုးကန်းသွားအောင် တစ်ခုခု ဒဏ်ပေးမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက ယုတ်မာပြီး အဆိပ်သုံးခဲ့လို့ပဲ"

ဝါယင်လုံသည် စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောသည်။

"ဒါပေမယ့် အခုတော့ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြင်လိုက်ပြီ၊ ခင်ဗျား ထွက်သွားချင်ရင် ကျုပ်က ခင်ဗျားကို ခွင့်ပြုမယ်၊ ဒါပေမယ့် ဒီအတိုင်း လက်လွှတ်ခြေလွှတ်တော့ ထွက်သွားလို့မရဘူး၊ ဝမ်ကျောက်နီအတွက် ဖြေဆေးကို ပေးခဲ့ရမယ်"



ရှင်ဖိကလည်း ဝင်ပြောလိုက်၏။

"အဆိပ်ဖြေဆေး အကုန်ပေးထားခဲ့ရမယ်"

ဝါယင်လုံက ...

"သူ့အဆိပ်က ငါ့ကို ဘာမှမဖြစ်နိုင်ပါဘူး၊ ငါ သူ့ကိုလုံးဝဂရုမစိုက်ဘူး၊ အခု ငါပြန်ထလာတာပဲကြည့်"

မုထင်ကုန်းက ရယ်မောလိုက်ပြီး ...

"မင်း ငါ့အဆိပ်ကို မမှုဘူးဆိုတာ လိမ်ပြောတာပဲ"

ဝါယင်လုံက ...

"အဆိပ်မိမိ မမိမိ ကျုပ်က ခင်ဗျားကို သတ်ပစ်နိုင်သေးတယ်ဆိုတာ သတိထားပါ၊ အဆိပ်ကတော့ ကျုပ်ကိုမသတ်နိုင်ဘူး"

ရှင်လိကမူ ဝါယင်လုံအတွက် စိတ်မချပါ။

ထို့ကြောင့် သူက ...

"အစ်ကို ဖြစ်ပါ့မလား၊ ဒီအဆိပ်ကို ဒေါ်ဒေါ်ကတောင် မဖြေနိုင်ဘူးလို့ ပြောတယ်"

ဝါယင်လုံမှာ ထိုစကားကြောင့် မျက်နှာပျက်သွား၏။

ထိုအဆိပ်ကို သူ့ဖခင် ပထမဇနီး ချင်စုပင် မဖြေနိုင်ဟုဆိုလျှင် သူသည် ခံနိုင်ပါမည်လော။

သို့သော် ... သူမယုံပါ။

သူ့အစ်ကိုက အဘယ့်ကြောင့် တားခိုင်းသည်ကိုလည်း နားလည်လာ၏။

သို့သော် ယခုမူ ဘာမျှမတတ်နိုင်ပြီ။

သူက သက်ပြင်းချလိုက်ပြီး ...

"ကိစ္စမရှိပါဘူး"

ရှင်လီက ခေါင်းခါယမ်းလိုက်ပြီး ...

"အစ်ကို သူတို့ကို ကျွန်တော်တိုက်မယ်"

ဝါယင်လုံက ...

"နေပါစေ ..."

မူထင်ကုန်းကလည်း ရယ်မောရင်း ...

"မင်း ဝင်မစွက်တာက ပိုကောင်းမယ်၊ မင်းစွက်ရင် မင်းပဲသေမယ်"

ရှင်လီ ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားပြီး ...

"ခင်ဗျားက ကျုပ်နဲ့တိုက်ခိုက်ရမှာကြောက်လို့ ဒီစကားမျိုး ပြောတာမဟုတ်လား၊ ကဲ ... ခင်ဗျား ထွက်သွား၊ ဖြေဆေးထားခဲ့"

မူထင်ကုန်းက ...

"မင်းက ဝါမိသားစုလူမှ မဟုတ်ဘဲ၊ လူစိမ်းဆိုတော့ ငါမတိုက်ချင်တော့ဘူး"

မူထင်းကုန်မှာ ကောက်ကျစ်ဉာဏ်များသလောက် ပါးနပ်သူတစ်ဦး ဖြစ်၏။

စောစောက ရှင်လီ ဝါယင်လုံ၏အမေအား ဒေါ်ဒေါ်ဟု ခေါ်သဖြင့် ဝါမိသားစုကလူမဟုတ်ကြောင်း ချက်ချင်း ရိပ်မိလိုက်၏။

ရှင်လီမှာ မူထင်ကုန်း၏ စကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဝါယင်လုံမှာ သူတို့အခြေအနေ မကောင်းကြောင်း သိလိုက်သည်။



ထို့ကြောင့် မူထင်ကုန်းအား အနိုင်တိုက်ခိုက်မှ ဖြစ်မည်ဟု အားလည်လိုက်၏။

သူက ရှင်လီဘက်သို့လှည့်ကာ ပြောလိုက်၏။

"ညီလေး ... မင်းနားနေပါ၊ ငါ မနိုင်ဘူးဆိုမှ မင်းဝင်တိုက်ပေါ့၊ အရေးကြီးတာက ငါတို့မိသားစု သိက္ခာမကျဖို့ရယ်၊ လူကယ်ဖို့ရယ်ပဲ"

ပြီးနောက် မူထင်ကုန်းဘက်သို့လှည့်ကာ ပြောလိုက်၏။

"ခင်ဗျားအဆိပ်ကို ကျုပ်ခံစားနေရတယ်ဆိုတာ ကျုပ် ဝန်ခံပါတယ်၊ ဒါပေမယ့် ကျုပ်ဟာ ခင်ဗျားကို ကောင်းကောင်း တိုက်ခိုက်နိုင်သေးတယ်"

မူထင်ကုန်းက မဲ့ပြုံးပြုံးလိုက်ပြီး ...

"မင်းကိုယ်မင်း မသေအောင်သာ ဂရုစိုက်ပါ"

ဝါယင်လုံက ...

"စိတ်ချ ... ခင်ဗျားရှုံးရင်သာ စကားတည်ပါ၊ ဝမ်ကျောက်နီကို အဆိပ်ဖြေပြီး လွှတ်ပေးခဲ့ပါ"

မူထင်ကုန်းသည် မျက်မှောင်ကြုတ်သွားပြီး ...

"မင်းအတွက် အဆိပ်ဖြေဆေးကော မကောင်းတော့ဘူးလား"

ဝါယင်လုံက ...

"ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့အဆိပ် ကျုပ်ကြိုးစားပြီး ဖြေပါ့မယ်"

သူသည် ပြောရင်း ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။

မူထင်ကုန်း အံ့သြသွားသည်။

ဝါယင်လုံ၏ ဓားသိုင်းမှာ ထူးဆန်းပြီး အလွန်ထက်မြက်သည်။ ယခု အဘယ်ကြောင့် သူက ဓားကို မသုံးပါသနည်း။

သူသည် နားမလည်နိုင်သောကြောင့် မေးလိုက်၏။

"မင်း ဓားမသုံးတော့ဘူးလား"

ဝါယင်လုံက ...

"ကျုပ် ဓားမသုံးတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်ဓားကွက်ကို ခင်ဗျား မြင်ဖူးသွားပြီ၊ ပြီးတော့ ခင်ဗျားနဲ့ ကျုပ်ဟာ ရန်ငြိုးရှိတဲ့လူတွေ မဟုတ်ပါဘူး၊ ဓားဟာ မျက်စိရှိတာ မဟုတ်ဘူး၊ မတော်တဆ ခင်ဗျား သေသွားရင် ကျုပ် စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး၊ ကျုပ်က တတ်နိုင်သမျှ လူမသတ်ခဲ့ဘူး"

ထိုစဉ် ချီအော်က ဝင်၍ပြောလိုက်၏။

"သခင်လေး သူ့လက်ဝါးသိုင်းက ကြောက်စရာသိပ်ကောင်းတယ်၊ ဓားကိုပဲ သုံးပါ"

စာပေသမားလူငယ် ရှင်လိကလည်း ဝင်ပြောလိုက်၏။

"အစ်ကို ... ကျွန်တော် အရင်ယှဉ်မယ်"

သူသည် ရှေ့တိုးရန် ဟန်ပြင်လိုက်၏။

ဝါယင်လုံက ဟန့်တားလိုက်ပြီး ...

"ဓားသုံးရင် သွေးထွက်သံယိုဖြစ်မယ်၊ ငါတို့ လူကယ်ပို့ပဲ အရေးကြီးပါတယ်၊ ပြီးတော့ ငါ့စေတနာကိုလည်း သဘောပေါက်စေချင်တယ်၊ ငါဓားသုံးတာနဲ့ သူတို့လူတစ်ယောက် လဲသေခဲ့ပြီပြီ"

ရှင်လိက ခေါင်းခါယမ်းရင်း ...



"အစ်ကိုက သူ့ကိုမသတ်ရင် သူတို့က အစ်ကို့ကို ပြန်သတ်မှာပဲ၊ ဒီအောက်လမ်းသမားတွေကို တရားသဖြင့် တိုက်ခိုက်နေရင် ကိုယ်ပဲဒုက္ခရောက်မယ်"

ဝါယင်လုံက ...

"သူတို့ ငါ့ကို အသေ မသတ်နိုင်ပါဘူး၊ ငါ့ကို အရှင်ဖမ်းပြီး ...ယ်တဲ့ခွန်ဂိုဏ်းကို ယူသွားနိုင်ရင် သူတို့အဖွက် ဂုဏ်ယူစရာပဲ"

သူကပြောလိုက်သည်။

မူထင်ကုန်းက ...

"မင်းမဆိုးဘူး၊ ငါတို့ တိုက်ကွက်ကို တစ်ရာလို့ပဲ သတ်မှတ်မယ်၊ တစ်ရာပြည့်လို့မှ အရှုံးအနိုင်မပေါ်ရင် မင်းပြောတဲ့အတိုင်း ငါလိုက်နာပါ့မယ်"

မူထင်ကုန်းက ရိပ်မိထား၏။

ဝါယင်လုံမှာ သူ၏အဆိပ်ကို မိထားသူဖြစ်သည်။

ထို့အပြင် ဝါယင်လုံ၏ ဓားပညာ အလွန်ထက်မြက်၏။

ဝါယင်လုံက ဓားကို အသုံးပြုလျှင် သူသည် အနိုင်ရရန်မလွယ်ပါ။

ယခု သူ့အား အထင်သေးပြီး ဓားမသုံးသည့်အတွက် သူက အေးအေးဆေးဆေး အနိုင်ရနိုင်သည်ဟု တွက်ဆသည်။

ရှင်လိကမူ မူထင်ကုန်းအား ကြည့်လိုက်ပြီး ...

"ကျုပ် သတိပေးလိုက်မယ်၊ ခင်ဗျားကောက်ကျစ်ဉာဏ်သုံးရင် ကျုပ်က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ ကျုပ်က အောက်လမ်း သိုင်းသမားတွေကို မယုံဘူး"

မှုထင်ကုန်းက ...
"စိတ်ချပါ၊ ကဲ ... စကြမယ်"
သူတို့ ပြိုင်ပွဲစရန် တာစူလေတော့၏။

□ □ □



အခန်း(၃၄)

## အခက်ကြီးကြုံသူ

ဝါယင်လုံနှင့် မှုထင်ကုန်းတို့မှာ လက်ဝါးကိုသာ အသုံးပြုပြီး ရင်ဆိုင်တိုက်ခိုက်နေ၏။

လက်ဝါးများမှာ ရှုပ်ထွေးနေပြီး သဲသဲကွဲကွဲပင် မမြင်ရပါချေ။

ရှင်လိက နံဘေးမှရပ်ကာ သိုင်းကွက်ကို ရေတွက်ပေးနေ၏။

မှုထင်ကုန်းမှာ တိုက်ခိုက်နေရင်းမှ သူ၏တွက်ဆမှုများ မှားယွင်းသွားကြောင်း နားလည်လိုက်သည်။

ဝါယင်လုံမှာ ဓားပညာ ထူးချွန်သူဖြစ်သလို လက်နက်မဲ့ တိုက်ခိုက်မှု၌လည်း အလွန်ထူးချွန်ကြောင်း သိလိုက်ရသည်။

မှုထင်ကုန်း မပေါ့ဆရဲတော့ပါ။

သတိထား၍ ရင်ဆိုင် တိုက်ခိုက်နေရ၏။

"၃၀ ... ၃၁ ... ၃၂ ..."

ရှင်လိက သိုင်းကွက်များကို ရေရွတ်နေ၏။

သိုင်းကွက် ၃၂ ရောက်သည်အထိ မည်သူမျှ အသာမရသေးပါချေ။

ဤသို့ဖြင့် ဆက်လက်တိုက်ခိုက်ရင်း သိုင်းကွက် ၇၀ ကျော်မျှ အထိ ရောက်ရှိလာ၏။

ဝါယင်လုံမှာ တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေ၏။

တိုက်ခိုက်ရင်း အဆိပ်များ ပျံ့နှံ့လာမည်ကိုလည်း စိုးရိမ်မိ သည်။

ထို့ကြောင့် ပွဲမြန်ပြီးရန် တရကြမ်း တိုက်ခိုက်လိုက်သည်။

"၉၃ … ၉၄ … ၉၅ …"

သိုင်းကွက် ၉၅ အရောက်တွင် ဝါယင်လုံ၏ လက်ဝါးမှာ မူထင်ကုန်း၏ ရင်ဝသို့ ရိုက်ချမိလိုက်လေသည်။

"ဝုန်း …"

မူထင်ကုန်းမှာ နောက်သို့ လွင့်စဉ်သွား၏။

"မင်း … မင်း"

မယုံကြည်နိုင်ဟန်ဖြင့် ဝါယင်လုံအား ကြည့်နေ၏။

ရှင်လိမှာလည်း အံ့သြနေသည်။

ဝါယင်လုံ၏ မျက်နှာတစ်ခုလုံးမှာ သွေးဆုတ်ပြီး ဖြူရော်လာ သည်။

ဝါယင်လုံက မူထင်ကုန်းအား စိုက်ကြည့်ကာ လေးနက်စွာပြော လိုက်၏။

"ခင်ဗျား ကတိတည်ပါစေ"

မူထင်ကုန်းက လူးလဲထရပ်လိုက်သည်။

နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေပြီး လူမှာလည်း ယိမ်းယိုင်နေ၏။

ဝေ့ါခနဲ သွေးများ ထိုးအန်လိုက်ပြီးမှ …



"ဝမ်ကျောက်နီကို အဆိပ်ဖြေဆေးပေးခဲ့၊ တို့သွားကြမယ်"

ဟု သူ့လူများအား အမိန့်ပေးလိုက်သည်။

ပြီးမှ ဝါယင်လုံဘက်လှည့်ကာ …

"မင်းတော်တယ်၊ ဒါပေမယ့် အဆိပ်ကြောင့် သေရမှာတော့ ငါစိတ်မကောင်းဘူး၊ ငါ့အနေနဲ့ ရိုးရိုးသားသား ပြောရရင် မင်းအဆိပ် ကို ဖြေပေးဖို့ ငါ့မှာ ဖြေဆေးမရှိပါဘူး၊ တကယ်လို့များ မင်းအဆိပ် ကို မဖြေနိုင်ဘူးဆိုရင် ငါတို့ဂိုဏ်းကို လာခဲ့ပါ၊ ဂိုဏ်းချုပ်မှဒီအဆိပ် ကို ဖြေပေးနိုင်လိမ့်မယ်"

သူက လေးလေးစားစား ပြောလိုက်၏။

ဝါယင်လုံက သက်ပြင်းချလိုက်ပြီး …

"လူတစ်ယောက်ဖြစ်လာမှတော့ သေတယ် ရှင်တယ်ဆိုတာ ဘာမှမဆန်းပါဘူး၊ ခင်ဗျား သွားနိုင်ပါပြီ၊ ကျုပ်က သေမှာကို စိုး ကြောက်နေတဲ့ လူလည်း မဟုတ်ဘူး"

မူထင်ကုန်း၏ ငယ်သားများက ဝမ်ကျောက်နီအား အဆိပ် ဖြေပေးလိုက်၏။

ထို့နောက် မူထင်ကုန်းကိုတွဲကာ တောင်ပေါ်မှ ဆင်းသွားကြ လေတော့သည်။

တောင်လေက ဝှေ့ခနဲ တိုက်ခတ်လာ၏။

ကျန်စန်းတောင်ပေါ်၌ အအေးဓာတ်က ပိုကဲလာ၏။

ကျန်စန်းတောင်ပေါ်၌ မူထင်ကုန်းတို့လူစု ထွက်သွားကြပြီ ဖြစ်ပါသည်။

ဝမ်ကျောက်နီမှာမူ ထမ်းစင်ပေါ်၌ လဲလျောင်းလျက် ရှိနေသေး သည်။

ဝါယင်လုံမှာမူ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေပြီး ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေ၏။

အဖြစ်အပျက်မှာ အိပ်မက်ဆန်လွန်းနေသည်။

ရှင်လီနှင့် ချိအော်တို့မှာ ငေးငိုင်ကာ ကြောင်နေကြသည်။

ဝါယင်လုံ၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်လာပြီး ...

"ညီလေး ..."

ထိုအသံကြောင့် ရှင်လီ သတိဝင်လာသည်။

ဝါယင်လုံအနီးသို့ ကပ်သွားပြီး ဖေးမလိုက်သည်။

"အစ်ကို ဘာဖြစ်သွားသေးလဲ"

သူက စိုးရိမ်တကြီးနှင့် မေးလိုက်၏။

ဝါယင်လုံက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အခုတိုက်ပွဲမှာ ငါနိုင်တယ်လို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ ကြယ်တံခွန်ဂိုဏ်းက နိုင်သွားပါပြီ"

သူ၏ခန္ဓာကိုယ်မှာ ပို၍ ယိမ်းယိုင်လာ၏။

ရှင်လီက ဖေးမထားလိုက်ပြီး ...

"အစ်ကို သတိထားပါ၊ ဘယ်လိုခံစားနေရသလဲ"

ဝါယင်လုံက လျှာလေး အာလေးဖြင့် ...

"အဆိပ် ... အဆိပ်"

ရှင်လီမှာ မျက်နှာပျက်သွားသည်။

"အဆိပ်တက်နေပြီလား"

ဝါယင်လုံမှာ ပြန်မဖြေနိုင်ပါ။

ခေါင်းညိတ်ပြရန်လည်း အားအင်မရှိပါ။

တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ထွက်လာ၏။



ပြီးလျှင် တစ်ကိုယ်လုံး တုန်ယင်လာသည်။

ရှင်လီမှာ ဝါယင်လုံ၏အခြေအနေကို မြင်သောအခါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား၏။

ချိအော်က သတိပေးလိုက်သည်။

"သခင်လေး လှဲထားလိုက်၊ စောစောက တိုက်ပွဲမှာ အတွင်းအား အသုံးပြုလိုက်လို့ အဆိပ်တက်လာတာ"

ရှင်လီသည် သတိဝင်လာပြီး ဝါယင်လုံ၏ ခန္ဓာကိုယ်ကို ဖေးမကာ လဲလျောင်းစေ၏။

ထို့နောက် ဝါယင်လုံ၏ ရင်ဝသို့ လက်ဝါးနှစ်ဖက်ကပ်ကာ အတွင်းအားများ ပို့ဆောင်ပေးရင်း ကုသပေးလိုက်၏။

သူ၏မျက်လုံးအစုံမှာ မျက်ရည်များလည်း ကျဆင်းလာသည်။

မျက်ရည်များမှာ ဝါယင်လုံ၏ မျက်နှာပေါ်သို့ ကျရောက်သွား၏။

ဝါယင်လုံက သက်ပြင်းချလိုက်ပြီး ...

"ငါ မင်းကို ခင်မင်ချင်ပါတယ်၊ ငါ့စိတ်ထဲမှာလည်း မင်းကို သဘောကျတယ်၊ ဒါပေမယ့် ယောကျ်ားဆိုတာ လွယ်လွယ်နဲ့ မျက်ရည်မကျရဘူးကွ၊ တကယ်လို့ ငါသာ တစ်စုံတစ်ခုဖြစ်ခဲ့ရင် မင်းက ငါ့ကိုယ်စား ကြယ်တံခွန်ဂိုဏ်းကို ဖြိုခွဲပစ်ပါ"

ရှင်လီမှာ မျက်နှာနီရဲသွား၏။

ဝါယင်လုံမှာ မျက်စိမှိတ်ထားပြီး အသက်ရှူမှာလည်း တဖြည်းဖြည်း ပြင်းထန်လာသည်။

ရှင်လီမှာ စိုးရိမ်သွားပြီး ...

"အစ်ကို ... အစ်ကို"

ဟု ခေါ်လိုက်၏။

ဝါယင်လုံက ...

"ငါမခံနိုင်တော့ဘူး၊ မင်းအတွင်းအားကို ဖယ်လိုက်ပါ"

ရှင်လီသည် အတွင်းအားပို့ဆောင်ပေးနေသော လက်နှစ်ဖက်ကို ပြန်လည်ရုပ်သိမ်းလိုက်၏။

ဝါယင်လုံအား စိုးရိမ်တကြီး ကြည့်လိုက်ပြီး ...

"အစ်ကို ... ဘယ်လိုခံစားနေရသလဲ၊ ဘာဖြစ်လို့ မူထင်ကုန်းဆီက ဖြေဆေးမတောင်းဘဲ ပြန်လွှတ်လိုက်ရတာလဲ"

သူသည်ပြောရင်း ငိုရှိုက်လိုက်မိ၏။

ဝါယင်လုံက ...

"မငိုပါနဲ့ ညီလေး၊ ဒီအဆိပ်ဟာ ငါ့ကို သေစေနိုင်မယ်လို့ မယုံကြည်ခဲ့ဘူး၊ ငါဖြေနိုင်မယ်လို့လည်း ယူဆခဲ့တယ်၊ ဒါကြောင့် ငါမတောင်းခဲ့တာပါ"

ရှင်လီက နောက်ဆက်တွဲ ပြောလိုက်၏။

"မူထင်ကုန်းက ပြောသွားတယ်မဟုတ်လား၊ ဒီအဆိပ်ဟာ သူတို့ ဂိုဏ်းချုပ်မှပဲ ဖြေနိုင်မယ်လို့"

ဝါယင်လုံက ပြောလိုက်၏။

"ငါ အဆိပ်တော်တော်များများကို ခံနိုင်ရည်ရှိပါတယ်၊ ဒါပေမယ့် ဒီအဆိပ်ကျတော့ ငါမခံနိုင်ခဲ့ဘူး၊ ငါ့မှာ လူထူးလူဆန်း သင်ပေးခဲ့တဲ့ နည်းတစ်နည်းပဲရှိတယ်၊ ဒီနည်းနဲ့ ငါတစ်ကိုယ်လုံး ပျံ့နှံ့နေတဲ့ အဆိပ်ကို ထိန်းချုပ်နိုင်မလား မသိဘူး"

သူ၏စကားကြောင့် ချီအော်က စိတ်ခတ်တက်ကြွသွားပြီး ...



"ဒါဆို မြန်မြန်စမ်းကြည့်ပါလား၊ စမ်းကြည့်လို့ မှားတယ်ဆိုတာ မရှိပါဘူး"

ဝါယင်လုံက ခေါင်းခါယမ်းလိုက်ပြီး ထမ်းစင်ပေါ်ရှိ ဝမ်ကျောက်မီအား လှမ်းကြည့်လိုက်၏။

ပြီးမှ ရှင်လီဘက်သို့ လှည့်ကာမေးလိုက်၏။

"ညီလေး ဝမ်ကျောက်မီ ခုထက်ထိ သတိမရသေးဘူးလား"

ရှင်လီက မျက်မှောင်ကြုတ်လိုက်ပြီး မကျေမနပ် ပြောလေ၏။

"ခင်ဗျားက တကယ့်လူပဲ၊ ဒီအချိန်မှာ ကိုယ့်ကိုယ်ကို သက်သာအောင် မလုပ်ဘဲ သူများအတွက် စိုးရိမ်နေရသေးတယ်"

ဝါယင်လုံက ပြုံးလိုက်ပြီး ပြောလိုက်လေ၏။

"ငါ လောလောဆယ် မသေနိုင်သေးဘူး၊ အဆိပ်က တက်လာတဲ့အချိန်ပဲ ခံရခက်တာပါ၊ ပြီးတော့ ငါ ဒီကိုလာတဲ့ ရည်ရွယ်ချက်က ဘာဆိုတာရော ညီလေး မေ့နေပြီလား"

ရှင်လီက သက်ပြင်းချလိုက်ပြီး ...

"အင်း ... သူ့မှာလည်း ပြောချင်တဲ့စကား ရှိမှာပဲ၊ ချီအော်ရေ သူ့ကိုသွားကြည့်လိုက်စမ်းပါ"

ချီအော် မကျေမနပ် ဖြစ်သွားသည်။

သို့သော် ရှင်လီက အမိန့်ပေးနေသဖြင့် မတတ်သာဘဲ သွားကြည့်လိုက်ရသည်။

ဝါယင်လုံမှာ ရှင်လီအား ကျေးဇူးတင်သွား၏။

ရှင်လီမှာ မိမိအပေါ်ကွင် အတော်ပင် ကောင်းမွန်စွာ ဆက်ဆံသဖြင့် ပိုမိုခင်မင်လာသည်။

ရှင်လီမှာမူ စိတ်ထဲမှ မကျေမနပ်ဖြစ်နေ၏။

ဝါယင်လုံက ဝမ်ကျောက်နီအား ဂရုစိုက်နေသဖြင့် သူက အလိုအလိုနေရင်း စိတ်တိုနေသည်။

သူက စူစူအောင့်အောင့်နှင့် ပြောလိုက်၏။

"ဝမ်ကျောက်နီကို ချိအော်က သွားကြည့်နေပြီ၊ ဘာမှကိစ္စ မရှိပါဘူး၊ အဆိပ်ကိုကတော့ စောစောကပြောတဲ့နည်းကို အသုံးပြုပြီး အဆိပ်ဖြေပေတော့"

ဝါယင်လုံက ...

"ဒီလောက်လောဖို့ မလိုပါဘူး"

ရှင်လီက မျက်မှောင်ကြုတ်လိုက်ပြီး ...

"အစ်ကိုက အစ်ကို့အခြေအနေကို ပြန်မတွေ့ရသေးလို့ပါ၊ အခု အခြေအနေ ဆိုးနေပြီ၊ အဆိပ်ကလည်း တစ်ကိုယ်လုံး ပြန့်နေပြီ၊ ဒီတော့ မလောလို့ ဖြစ်မလား"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"ငါသိပါတယ်၊ ဒါပေမယ့် ငါ အသုံးပြုရမယ့် နည်းဟာ စိတ်အာရုံ ပြန့်လို့ မရဘူး"

ရှင်လီက ...

"ဒါဆို ဘာလုပ်ချင်သလဲ"

ဝါယင်လုံက ...

"ငါ ငြိမ်ငြိမ်နေရမယ်၊ စိတ်တည်ငြိမ်အောင် လုပ်ရမယ်၊ ဒါပေမယ့် အခု ဝမ်ကျောက်နီရဲ့ အခြေအနေကို မသိရသေးတော့ ငါ့စိတ် တည်ငြိမ်လို့ မရနိုင်ဘူး"

ထိုစဉ် ချိအော်၏အသံက ထွက်ပေါ်လာ၏။

"သခင်မလေး ... အဲ ... သခင်လေး မြန်မြန်"



ဝါယင်လုံက ချိအော်၏ အထိတ်တလန့် အသံကြောင့် လှူးလဲသလိုက်၏။

သို့သော် မဟာန်နိုင်ဘဲ မှူးလဲကျသွားသည်။

ရှင်လီက ဖမ်းကာ ဖေးမထားလိုက်ရ၏။

ရှင်လီမှာ စိုးရိမ်သွားပြီး ...

"အစ်ကို စိတ်ငြိမ်ငြိမ်ထားပါ၊ ဝမ်ကျောက်နီ ဘာပဲဖြစ်ဖြစ် အစ်ကို စိတ်သိပ်မလှုပ်ရှားပါနဲ့"

ဝါယင်လုံက မျက်လုံးကို အားယူဖွင့်လိုက်ပြီး တိုက်တွန်းလိုက်၏။

"ညီလေး သူ့ကိုသွားကြည့်ပါဦး"

ရှင်လီက ...

"ချိအော် ဘာဖြစ်လို့ အလန့်တကြား အော်ရတာလဲ၊ ဖြည်းဖြည်းပြောလည်း ရပါတယ်၊ အလန့်တကြား မလုပ်နဲ့ ..."

ချိအော်က ...

"သူတို့ ယုတ်မာတယ်၊ အဆိပ်ဖြေဆေးပေးပြီးမှ အဆိပ်အပ်ကို ပြန်စိုက်ခဲ့တယ်"

စာပေသမားလူငယ် ရှင်လီမှာ မျက်နှာပျက်သွားသည်။

"အခြေအနေ ဘယ်လိုရှိသလဲ"

ချိအော်က စိတ်ပျက်သံဖြင့် ...

"ကယ်လို့ မရတော့ဘူးထင်တယ်"

ရှင်လီက မျက်မှောင်ကြုတ်သွားသည်။

"ဒီဘက်ကို သူ့ကိုသယ်လာခဲ့ပါလား"

ရှင်လိက အမိန့်ပေးလိုက်လေ၏။

သူက ဝါယင်လုံအား ဖေးမထားရသဖြင့် ယခုကဲ့သို့ ခေါ်လာနိုင်းခြင်း ဖြစ်သည်။

ရှင်လိမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

ထိုစဉ် ဝါယင်လုံအားလည်း ငုံ့ကြည့်လိုက်ရာ ဝါယင်လုံမှာ မေ့မြောနေသည်ကို တွေ့လိုက်ရသဖြင့် အခက်ကြုံသွား၏။

သူသည် စိတ်ညစ်သွားပြီး ငိုကြွေးမိလေတော့သည်။

စာပေသမားလူငယ် ရှင်လိမှာ အမှန်စင်စစ် ယောကျာ်းလေး တစ်ယောက်မဟုတ်ပါ။

သူသည် ကျင်းလင်ငါးဖော်မှ ချန်ရီ၏ ညီမ ချန်မင်မင်ပင် ဖြစ်ပါသည်။

ချန်မင်မင်မှာ မိန်းကလေးတစ်ယောက်ဖြစ်သဖြင့် စိတ်ထား နူးညံ့၏။

ယခုကဲ့သို့ စိတ်ထိခိုက်စရာ မြင်ကွင်းကို တွေ့သောအခါ မထိန်းနိုင်ဘဲ ငိုကြွေးရခြင်းပင် ဖြစ်ပါသည်။

ချီအော်မှာ ဝမ်ကျောက်နီအား ပွေ့ချီလာ၏။

ဝါယင်လုံမှာ မေ့မြောနေပြီး ချန်မင်မင်ကလည်း ငိုကြွေးနေသည့်အတွက် ချီအော်ကမေးသည်။

"သခင်မလေး ... သခင်လေး ဘာဖြစ်သွားသလဲ"

ချန်မင်မင်က ...

"ငါလည်းမသိဘူး၊ အဆိပ်က တော်တော်ပြင်းတာပဲ"

ချီအော်က ပြန်ပြောလိုက်သည်။



"မသိရင် နည်းနည်းပါးပါး စစ်ဆေးကြည့်မှပေါ့၊ ငိုနေလို့ ဘာထူးမလဲ၊ စမ်းကြည့်တာ မမှားပါဘူး"

ထိုစဉ်မှာပင် ကျွန်စန်တောင်ပေါ်သို့ လူရိပ်ဆစ်ခု အပြေးတက်လာသည်။

မကြာခင်မှာပင် ချန်မင်မင်တို့အနီးသို့ ရောက်ရှိလာလေသည်။

ချန်မင်မင်က ထိတ်လန့်သွားပြီး ဆီးကြိုတိုက်နိုက်လိုက်၏။

လူရိပ်က ရှောင်တိမ်းလိုက်ပြီး ...

"ညီမလေး ... ငါပါ"

ချန်မင်မင်မှာ မျက်ရည်ကြားမှ ထိုလူအား လှမ်းကြည့်လိုက်၏။

ထိုသူအား မြင်တွေ့သောအခါ ဝမ်းသာသွားပြီး လှမ်းအော်မိလေ၏။

"အစ်ကိုကြီး ..."

ထိုသူမှာ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး ခါး၌ ဓား တစ်လက် ချိတ်ဆွဲထား၏။

ထိုသူမှာ ဝါယင်လုံ၏အစ်ကိုကြီး ဝါချီပင်ဖြစ်ပါသည်။

ဝါချီက လဲကျနေသော ဝါယင်လုံကို တစ်ချက်ကြည့်လိုက်၏။

သူ၏ဟန်အမူအရာမှာ အေးဆေးတည်ငြိမ်လှ၏။ စိတ်လှုပ်ရှားသွားဟန်ပင် မတွေ့ရပါချေ။

ပြီးမှ ချန်မင်မင်ဘက်သို့ လှည့်လိုက်ပြီး ပြောလိုက်သည်။

"ညီမလေး ... မငိုမနေနဲ့၊ သူ့အခြေအနေ ဒီလောက်မဆိုးပါဘူး၊ ငါ့ကိုပေး၊ လုံခြုံတဲ့ တစ်နေရာရာမှာ သွားပြီး ကုသရမယ်"

ဝါချီက ဝါယင်လုံကို ပွေ့လိုက်ပြီး ရှေ့မှဦးဆောင်ကာ တောင်အောက်သို့ ဆင်းသွား၏။

ချီအော်က နောက်မှ ဝမ်ကျောက်နီအား ပွေ့ကာ လိုက်သွားသည်။

ချန်မင်မင်ကလည်း သူတို့နောက်မှ လိုက်သွားလေတော့သည်။

❑ ❑ ❑



အခန်း(၃၅)

## ဒုက္ခမပေးလိုသူ

တောင်လယ်ရှိ မိုးကြိုးဂိုဏ်း အဆောက်အအုံပျက်ထဲ၌ ဝါချီတို့ လူစု ရောက်ရှိနေကြလေပြီ။

ချန်မင်မင်မှာ ဝါချီအား အဖြစ်အပျက်ကို ပြောပြချင်နေ၏။

သို့သော် ဝါချီက လှည့်မကြည့်သဖြင့် အောင့်အည်းနေရသည်။

ချီအော်မှာ အခန်းကို သန့်ရှင်းလိုက်၏။

ထို့နောက် ထောင့်တစ်ထောင့်တွင် ဝမ်ကျောက်နီကို ချထားလိုက်ပြီး ထောင့်တစ်ထောင့်တွင်မူ ဝါယင်လုံအား နေရာပေးလိုက်၏။

ဝါချီက စတင် စကားပြောလိုက်၏။

"ညီမလေး ... ဝမ်ကျောက်နီကို သွားကြည့်ပါ၊ ကူသလို့ ရ, ရ"

ချန်မင်မင်က ...

"သူရော ဘယ်လိုလဲ"

ဝါချီက ...

"သူ့ကိုလည်း သေသေချာချာ စစ်ဆေးရမယ်၊ ဝမ်ကျောက်နီ

က မိန်းကလေးဆိုတော့ ငါ ကုသလို့မသင့်ဘူး၊ ဒါကြောင့် ညီမလေးကို ခိုင်းတာပါ"

ချန်မင်မင်က သက်ပြင်းချလိုက်၏။

သူမ မတတ်သာတော့ပါ။

ဝမ်ကျောက်နီအား စစ်ဆေးကြည့်ရှုလိုက်ရလေတော့သည်။

ပြီးမှ ...

သူက ဝါချီအား ပြောလိုက်၏။

"အစ်ကိုကြီး သူ့တစ်ကိုယ်လုံးက ညိုမည်းနေပြီး ဒဏ်ရာနဲ့ ဆိပ်အပ်လည်း မိထားတယ်၊ ကယ်တင်ဖို့ တော်တော်မလွယ်ဘူး"

ဝါချီက မျက်မှောင်ကြုတ်သွားပြီး ...

"ဒီမိန်းကလေးက သေလို့မဖြစ်ဘူး၊ သူ့ကို အတွင်းအားနဲ့ ကုသကြည့်ပါလား"

ချန်မင်မင်က ...

"သူသွေးခုန်တာ နေးလွန်းတယ်၊ အဆိပ်က ပြန့်နေပြီ၊ ဖြစ်ပါ့မလား"

ဝါချီက ...

"ငါ့မှာ အဆိပ်ဖြေဆေးတွေ ရှိပါတယ်၊ ကယ်လို့ရမရတော့ မသိဘူး၊ စမ်းပြီး တိုက်ကြည့်ပါ"

ချန်မင်မင်က ...

"ကယ်လို့ရတောင် သူ့ရဲ့ သိုင်းပညာ ပျောက်ကွယ်သွားမှာပဲ"

ဝါချီက ...

"အသက်ရရင် ပြီးတာပဲ၊ သိုင်းပညာက နောက်ပြန်လေ့ကျင့်လည်းရတာပဲ၊ ဒါကို တချို့သိုင်းသမားတွေ မသိကြဘူး"



ချန်မင်မင်က ...

"မဟုတ်သေးဘူး၊ သူ့အတွင်းအားပါ ပျောက်ကွယ်သွားမှာ၊ သိုင်းပြန်လေ့ကျင့်ဖို့ မလွယ်တော့ဘူး"

ဝါချီက ...

"ကိစ္စမရှိဘူး၊ သူ့ သိုင်းပညာ ဆုံးရှုံးလည်း အရေးမကြီးဘူး၊ လောလောဆယ် သူ့အသက်ကပဲ အရေးကြီးတယ်"

ပြောရင်း ဆေးလုံးတစ်လုံး ပစ်ပေးလိုက်၏။

တစ်ဆက်တည်းပင် အတွင်းအားဖြင့် ကုသနည်းကိုပါ ပြောပြလိုက်သည်။

ချန်မင်မင်က မှတ်သားလိုက်ပြီး ဝမ်ကျောက်နီအား ဖြေဆေးတိုက်ကျွေးလိုက်၏။

ထို့နောက် ဝါချီပြောသည့်အတိုင်း အတွင်းအားဖြင့် စတင်ကုသလိုက်လေတော့သည်။

ဝါချီက ချန်မင်မင်တစ်ယောက် ဝမ်ကျောက်နီအား စတင်ကုသနေသည်ကို တွေ့လိုက်တော့မှ သူက ဝါယင်လုံ၏ အခြေအနေကို စတင်စစ်ဆေးလိုက်သည်။

ဤသည်မှာ ဝါမိသားစု၏ ဓလေ့ထုံးစံပင်။

သူ့အရေး ကိုယ့်အရေး ယှဉ်လာချိန်၌ သူတစ်ပါးကိုသာ ဦးစားပေးတတ်ကြ၏။ ကိုယ့်လူ အသက်ဆုံးချင် ဆုံးပါစေ၊ တခြားသူ အသက်မဆုံးစေရ။

သူတို့၏ မွန်မြတ်စိတ်ထားများမှာ လေးစားစရာပင် မဟုတ်ပါလား။

သူတို့က လူနာများနှင့် အလုပ်ရှုပ်နေစဉ်မှာပင် အဆောက်

အအုံပျက်ရှေ့၌ လူနှစ်ယောက် ရောက်ရှိလာ၏။

တစ်ဦးမှာ အသက်ငယ်ရွယ်သော မိန်းကလေးတစ်ဦးဖြစ်ပြီး လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။

တောင်ဝှေးထိပ်၌ မိန်းကလေးဦးခေါင်းလို ခေါင်းပုံသဏ္ဍာန် ထွင်းထုထားသည်။

ဤမိန်းကလေးမှာ အခြားသူမဟုတ်ပါ။

ကျူးယင်ဂိုဏ်းချုပ် အသစ်စက်စက် မေစုပင် ဖြစ်ပါသည်။

နောက်တစ်ဦးမှာ မျက်နှာပေါ်တွင် ဇာပဝါအနက်ရောင် စည်းနှောင်ထားသော ယောကျ်ားတစ်ဦး ဖြစ်၏။

သူတို့နှစ်ဦးမှာ အဆောက်အအုံအတွင်းရှိ ဝါချီတို့၏ လုပ်ရပ်များကို သေချာစွာ ကြည့်ရှုနေကြ၏။

အတန်ကြာမှ ဇာပဝါအနက် အုပ်ထားသော ယောကျ်ားက သတိပေးလိုက်၏။

"အချိန်တန်ပါပြီ ဂိုဏ်းချုပ်"

မေစုက သက်ပြင်းတစ်ချက်ချကာ ထိုနေရာမှ ပြန်လှည့်ထွက်လိုက်သည်။

ဇာပဝါစည်းနှောင်ထားသော လူက နောက်မှလိုက်ရင်း စကားဆက်ပြောလိုက်လေသည်။

"ခုလိုအခွင့်အရေးမျိုး နောက်မကြုံနိုင်ပါဘူး၊ ဒါကြောင့် စဉ်းစားပါဦး ဂိုဏ်းချုပ်"

မေစု၏ မျက်နှာ တင်းမာခက်ထန်သွား၏။

ဇာပဝါနှင့်လူအား တစ်ချက်ကြည့်လိုက်ပြီး ...

"အပိုတွေ ပြောမနေနဲ့၊ စဉ်းစားစရာမလိုဘူး၊ ငါ့ကိုလည်း



ဝေဖန်စရာမလိုဘူး"

သူမက အေးစက်စွာ ပြောလိုက်သည်။

ဇာပဝါနှင့်လူက အတွန့်တက်ရန် ဟန်ပြင်လိုက်၏။

သို့သော် မေစုက ဆက်လျှောက်သွားသဖြင့် သူကလည်း နောက်မှလိုက်ပါသွားရလေတော့သည်။

ထိုစဉ် ...

"မိန်းကလေး ... ကျေးဇူးပြုပြီး ခဏရပ်ပါဦး"

ဟူသော အသံကို ကြားလိုက်ရသဖြင့် မေစုမှာ ရပ်တန့်လိုက်ရသည်။

သူမ အံ့သြနေသည်။

ဟန့်တားလိုက်သော သူမှာ ဝါချီဖြစ်လေ၏။

ဝါချီမှာ ဝါယင်လုံအား စစ်ဆေးနေရာမှ မေစုတို့၏အသံကို ကြားလိုက်ရသောကြောင့် ထွက်လာခြင်းဖြစ်သည်။

မေစုက ဝါချီအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"ရှင် ဘာပြောချင်လို့လဲ"

ဝါချီကလည်း မေစုအား အကဲခတ်ကြည့်လိုက်၏။

လရောင်အောက်၌ အဖြူရောင်ဝတ်စုံနှင့် လှပချောမောသော မေစုကို မြင်လိုက်သောအခါ အံ့အားသင့်သွား၏။

ထို့ကြောင့် သူက လက်နှစ်ဖက်ကိုဆုပ်ကာ အရိုအသေတစ်ချက်ပြုလိုက်ပြီး မေးမြန်းလိုက်လေ၏။

"မိန်းကလေးက ဘယ်သူများပါလိမ့်၊ ဘာကိစ္စများ ရှိနေပါသလဲ"

မေစုက မဲ့ပြုံး ပြုံးကာ ပြောလိုက်သည်။

"ရှင့်ညီကိုသာ ရှင်ဂရုစိုက်ပါ၊ တခြားကိစ္စတွေကို မစပ်စုချင်ပါနဲ့"

သူ့အပြောက ရှင်းနေသည်။ ဝါချီ၏အလုပ်ကို သူ လုံးဝမစွက်ဖက်ကြောင်း ပြောသလိုဖြစ်နေ၏။

ဝါချီမှာ မေစုစကားကြောင့် ရန်သူ မိတ်ဆွေ မခွဲခြားတတ်အောင် ဖြစ်သွားတော့သည်။

သူက ပြုံးလိုက်ပြီး ...

"ညီလေးအတွက် သိပ်အရေးမကြီးပါဘူး၊ မိန်းကလေးက ညဘက်ခရီးသွားတာ ကျွန်တော် သံသယဝင်လာမိတယ်"

မေစုက ...

"ရှင် သံသယဝင်တာလည်း ကျွန်မ ဂရုမစိုက်ပါဘူး၊ မနက်ဖြန်နေ့လယ် ရှင်နဲ့ ရှင့်ညီ တောင်ခြေကို လာခဲ့ပါ"

သူမသည် ပြောပြီး လှည့်ထွက်သွား၏။

ဝါချီမှာ ပို၍ သံသယဝင်လာ၏။

သူ၏ညီနှင့် ရန်ငြိုးများရှိသလားဟုလည်း တွေးတောမိသည်၊ ထို့ကြောင့် သူက ဟန့်တားလိုက်၏။

"နေဦး ..."

မေစုက ပြန်လှည့်ကြည့်ကာ ...

"ရှင် ဘာပြောချင်လို့လဲ"

ဝါချီက ...

"မင်း အခုချိန်းသွားတာကို ငါ့ညီ လာနိုင်မှာ မဟုတ်သေးဘူး



တော့ နာမည်ပြောခဲ့ပါ၊ ဒါမှ သူ့ကို ကျုပ်ကပြောပြနိုင်ပါမယ်"

မေစုက ပြောမည်အပြုတွင် ဓာပဝါနှင့်လူက ကြားဖြတ်ပြောလိုက်၏။

"မင်းက ဝါမိသားစုကဖြစ်ပြီး ကျူးယင်ဂိုဏ်းချုပ်ရဲ့ အမှတ်အသား တောင်ဝှေးကိုတောင် မသိဘူးလား"

မေစုမှာ ထိုသို့ပြောသည့်အတွက် မကျေမနပ်ဖြစ်သွားသည်။

ဝါချီက ယခုမှ တောင်ဝှေးကို သေချာစွာ ကြည့်လိုက်လေ၏။

သို့သော် ငယ်ငယ်ရွယ်ရွယ်နှင့် မိန်းကလေးက ကျူးယင်ဂိုဏ်းချုပ်ဟုဆိုသဖြင့် သူသည် မယုံကြည်နိုင်ဟန်ဖြင့် မေစုအား လှမ်းကြည့်လိုက်မိသည်။

မေစုကတော့ မတတ်သာတော့ပါ။

"ဟုတ်ပါတယ် ... ကျွန်မက ကျူးယင်ဂိုဏ်းချုပ် မေစုပါ"

ဟု ဝန်ခံလိုက်ရလေတော့သည်။

ဝါချီမှာ အံ့အားသင့်သွား၏။

ကျူးယင်ဂိုဏ်းချုပ်သည် သူတို့အား ပုန်းခိုစောင့်ကြည့်ပြီးမှ အဘယ်ကြောင့် ထွက်ခွာသွားရသနည်း။

အဘယ်ကြောင့် မနက်ဖြန်နေ့လယ်၌ ချိန်းဆိုရပါသနည်း။ မည်သည့်ကိစ္စများကြောင့်နည်း။

သူသည် တွေးမရသဖြင့် မတွေးတော့ဘဲ မေစုအား ဦးညွှတ်ရာပြုလိုက်သည်။

"ကျွန်တော် အမြင်ကျဉ်းလွန်းပါတယ်"

မေစုက လက်ကာပြလိုက်ပြီး ...

"ကျွန်မ ချိန်းတာကို လက်ခံသလား၊ မခံဘူးလားဆိုတာကို

သာ ပြောပါ”

ဝါချိုက ပြုံးလိုက်သည်။

“စိတ်ချပါ ... ကျွန်တော့်ညီလေး မလာနိုင်တောင် ကျွန်တော်ကတော့ အရောက်လာခဲ့ပါ့မယ်”

သူက ကတိပေးလိုက်လေတော့သည်။

မေစုက ...

“ကောင်းပြီ ... ကျွန်မစောင့်နေမယ်၊ ကျန်စန်းတောင်ရဲ့ အရှေ့တောင်ဘက်ကို လာခဲ့ပါ”

သူမသည် စကားဆုံးသည်နှင့် ထွက်ခွာသွားလေတော့သည်။

ဓာပဝါအုပ်ထားသော လူက မေးလိုက်၏။

“ငါ့နာမည်ကော မမေးတော့ဘူးလား”

ဝါချိုက ရယ်လိုက်လေ၏။

“ခင်ဗျားကို ကျုပ် မေးနေစရာ လိုသေးလို့လားဗျ၊ အမွေးမြင် အပင်သိရမှာပေါ့၊ အသွေးမြင် အသွင်သိရမှာပေါ့ဗျာ”

“မင်း ဘာကိုဆိုလိုတာလဲ”

“ခင်ဗျား ဂိုဏ်းချုပ်နောက်က တကောက်ကောက်လိုက်နေတဲ့ ဥစ္စာ၊ ခင်ဗျားကို ဂိုဏ်းချုပ်ထက် မြင့်တယ်လို့ ကျုပ်ကထင်မှာလား၊ ပြီးတော့ ခင်ဗျား သတ္တိမရှိတာကိုလည်း ပြထားသေးတယ်”

ဓာပဝါနှင့်လူသည် လွန်စွာ ဒေါသထွက်သွား၏။

“ငါက ဘာပြထားလို့လဲ”

“ဓာပဝါလေ ... ဓာပဝါပေါ့၊ ခင်ဗျားမျက်နှာကို ဘာဖြစ်လို့ အုပ်ထားရတာလဲ၊ အဲ့ဒါ သတ္တိမရှိလို့ပေါ့၊ သတ္တိမရှိတာကို ခင်ဗျား ပြနေတာပဲ၊ ဒီလိုလူမျိုးကို ကျုပ်က ဘာမေးနေစရာ လိုတော့မှာလဲ”



သူက ခပ်ထေ့ထေ့ ပြောလိုက်၏။

ဓာပဝါနှင့်လူမှာ ဒေါသခြောင်းခြောင်း ထွက်သွား၏။

ပြန်လှည့်လာပြီး တိုက်ခိုက်လိုသည့်စိတ်ကို မနည်းထိန်းချုပ်ထားလိုက်ရသည်။

ဝါချိုကို စိုက်ကြည့်လိုက်ပြီး မေစုနောက်သို့ ပြေးလိုက်သွားလေတော့သည်။

ဝါချိုမှာ ဝါယင်လုံကဲ့သို့ မဟုတ်ပါ။

အရာရာကို ချင့်ချိန်တွေးတောတတ်သူ ဖြစ်သည်။

မေစုမှာ သိုင်းပညာ ထက်မြက်သော်လည်း ကြောက်စရာ မရှိပါ။

ဓာပဝါနှင့်လူမှာမူ ဉာဏ်နီဉာဏ်နက်များသူ ဖြစ်နိုင်၍ ပိုမိုသတိထားရမည်ဖြစ်ကြောင်း သတိပြုလိုက်မိသည်။

သူက သက်ပြင်းတစ်ချက်ချရင်း အထဲသို့ ပြန်လှည့်ဝင်လာခဲ့လေတော့သည်။

❑ ❑ ❑

အခန်း(၃၆)

## လျှို့ဝှက်သော သတင်းများ

ရောင်နီပင် သန်းလာချေပြီ။

ကျန်စန်းတောင်၏ သဘာဝအလှမှာ အရုဏ်ဦး၌ ပိုမိုလှပနေသည်။

သို့သော် ထိုအလှအပကို မခံစားနိုင်သူ လူတစ်စုကတော့ ကျန်စန်းတောင်ပေါ်၌ ရှိနေ၏။

ထိုလူစုမှာ ဝါချီတို့ပင် ဖြစ်ပါသည်။

ဝါချီ၊ ချန်မင်မင်း ချီအော်တို့မှာ စိတ်လှုပ်ရှားစွာဖြင့် လူနာများကို စောင့်ကြည့်နေ၏။

အတန်ကြာသောအခါ ဝါယင်လုံမှာ စတင်သတိရလာသည်။

သူ၏မျက်နှာပေါ်တွင်လည်း သွေးရောင် ပြန်လွှမ်းလာသည်ကို တွေ့လိုက်မှ ဝါချီက စိတ်သက်သာရာ ရသွားသည်။

ချန်မင်မင်က ဝါယင်လုံအား ဖေးမကာ ထူပေးလိုက်၏။

ဝါချီက ...

"ညီလေး ... သတိရလာပြီလား"



သူသည် အေးအေးဆေးဆေးပင် မေးလိုက်သည်။ စတွေ့တုန်းကသာ ပူပန်မှုရှိသည်။ ယခု ပူရန်မလိုတော့ပါ။

ဝါယင်လုံမှာ ဝါချီ၏အသံကို ကြားလိုက်ရသဖြင့် ...

"အစ်ကိုကြီး ရောက်လာပြီလား"

ဝါချီက ...

"ငါရောက်လာတာ ကြာပြီ၊ မင်းကိုယ်မှာ အဆိပ်တွေ ရှိနေသေးတယ်၊ ဒီတော့ လှဲနေတာပိုကောင်းတယ်"

ဝါယင်လုံက ...

"ကိစ္စမရှိပါဘူး၊ အစ်ကိုကြီးနဲ့ စကားပြောချင်လို့"

ဝါချီက ဝါယင်လုံအား ကြည့်လိုက်၏။

အဆိပ်မှာ မပြယ်သေးကြောင်း အကဲခတ်မိသည်။

ထို့ကြောင့် သူက သက်ပြင်းချလိုက်ပြီး မေးလိုက်လေ၏။

"ညီလေး ... သူတို့အဆိပ်က သိပ်အစွမ်းထက်တယ်၊ မေမေကောင် ဖြေဖို့ သိပ်မလွယ်ဘူးလို့ ပြောခဲ့တယ်၊ ညီလေး အဆိပ်တက်ရင် ဘယ်လိုခံစားရသလဲ"

ဝါယင်လုံမှာ ကြာကြာမထိုင်နိုင်ပါ။

ပြန်၍ လဲလျောင်းလိုက်ရသည်။

ပြီးမှ သူက ...

"သူတို့အဆိပ်က ဒီလောက်မဟုတ်ပါဘူး၊ မေမေတို့ ဖြေနိုင်ပါ"

ဝါချီက သက်ပြင်းချလိုက်ပြီး ...

"ဖေဖေကိုယ်တိုင်လည်း ပြောတယ်၊ ဒီတော့ မယုံလို့မဖြစ်ဘူးလေ၊ မင်း အရမ်းမပြောပါနဲ့"

ဝါယင်လုံက ...

"ထားလိုက်ပါတော့၊ ဖေဖေက တောင်ပိုင်းကို ရောက်လာပြီလား၊ ဘာကိစ္စနဲ့လဲ"

ဝါချီသည် ပါးစပ်ပိတ်ထား၏။

ဝါယင်လုံမှာ ဖွတ်တရွတ်နိုင်၏။

ထို့ကြောင့် မပြောပြဘဲ ပါးစပ်ပိတ်ထားလိုက်ရခြင်းဖြစ်သည်။

ဝါယင်လုံက ...

"အစ်ကိုကြီး ပြောပြလေ"

ဝါချီက သက်ပြင်းချလိုက်ပြီး ...

"မင်းက အန္တရာယ်ကြားထဲ သိပ်ပြီးလှုပ်ရှားချင်တယ်၊ ခုထိလည်း နောင်တမရသေးဘူးလား"

ဝါယင်လုံက ...

"ကျွန်တော် သတိလစ်သွားလို့ပါ၊ သူတို့ ယုတ်မာတာတွေလည်း ပါတယ်၊ သူတို့ သန့်ရှင်းရင် ကျွန်တော် ဒီလိုမဖြစ်ပါဘူး"

ဝါချီက ...

"အခု ငါတားလျက်နဲ့ မင်းအခုလိုဖြစ်ရတယ်၊ နောက်တစ်ခါဆို ငါ့မျက်နှာကို ဘယ်သွားပြမလဲ၊ ကဲ ... ပြောစမ်းပါဦး၊ အဆိပ်သင့်တဲ့ လက္ခဏာကို"

ဝါယင်လုံသည် စဉ်းစားလိုက်ပြီး ...

"အဆိပ်တက်လာတဲ့အခါ ခန္ဓာကိုယ်ထဲမှာ ယားယံလာတယ်၊ အခုတော့ ခံနိုင်ပါပြီ"

ချန်မင်မင်က ကြားဖြတ်ပြီး ပြောလေ၏။



"မဟုတ်နိုင်ဘူး၊ အဆိပ်တက်လာတာနဲ့ မင်း လဲကျသွားတာပဲ၊ ယားယံတဲ့ ခံစားမှုကို ဘယ်လိုသိသလဲ၊ ငါ့ကို အနံ့အအမျှား ထင်နေသလား"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"ငါတကယ်ပြောတာပါ၊ မလိမ်ပါဘူး၊ အခုလည်း ယားယံနေတာပဲ"

ဝါချီက ခေါင်းညိတ်လိုက်ပြီး မချိတင်ကဲပြောလေ၏။

"ဟုတ်လိမ့်မယ်၊ ဒီလက္ခဏာဟာ မေမေပြောပြတဲ့ အဆိပ်လက္ခဏာနဲ့ တူတယ်၊ ငါတို့နောက်ကျသွားလို့ ဖြစ်ရတာပဲ"

ချန်မင်မင်ကလည်း ငိုရှိုက်လိုက်ပြီး ...

"ကျွန်မကြောင့် ... ကျွန်မကြောင့်ပါ၊ ကျွန်မသာ သူ့ကိုတားနိုင်ရင် ဒီလိုဖြစ်မှာမဟုတ်ပါဘူး၊ ကျွန်မ မတားနိုင်ခဲ့လို့ပါ"

ဝါယင်လုံက ...

"ဘယ်သူ့အပြစ်မှမဟုတ်ဘူး၊ မင်းလည်း အစွမ်းကုန် ငါ့ကိုတားခဲ့တာပဲ၊ ငါ စကားနားမထောင်ဘဲ ထွက်လာတာ ငါ့အပြစ်ပါ၊ ပြီးတော့ ငါက သူတို့ကို အထင်သေးခဲ့လို့ အခုလိုဖြစ်ရတာပဲ၊ ငါ့အထင်သေးမှုက တရားခံပါပဲ"

ထိုစဉ်အချိန်၌ ဝမ်ကျောက်နီမှာ သတိရနေပြီ ဖြစ်သည်။

ဝါယင်လုံတို့၏ ပြောစကားများကို ကြားနေရ၏။

အမှန်စင်စစ် ဝါယင်လုံအဆိပ်သင့်ရခြင်းသည် မိမိကြောင့်သာဖြစ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် မျက်ရည်များ ဝဲလာပြီး အော်ဟစ်လိုက်လေသည်။

"ဘယ်သူမှ မမှားဘူး၊ တကယ်မှားတာ ကျွန်မပဲ"

အားလုံးက ဝမ်ကျောက်နီ၏ အသံကြောင့် လှည့်ကြည့်လိုက်ကြသည်။

ဝမ်ကျောက်နီက ဆက်ပြောလိုက်သည်။

"ကျွန်မသာ သူ့ကို မချိန်းဆိုခဲ့ရင် သူအဲဆိပ်မိမှာ မဟုတ်ဘူး၊ ကျွန်မ ချိန်းခဲ့လို့ သူ ဒီကိုရောက်လာတာပါ"

ဝါယင်လုံမှာ လဲလျောင်းနေသဖြင့် ဝမ်ကျောက်နီအား မမြင်ရပါ။

သို့သော် အသံကိုကြားလိုက်ရသဖြင့် ဝမ်းသာသွားပြီး မေးလိုက်လေ၏။

"ဩော် ... မင်း သတိရလာပြီကိုး၊ ဒဏ်ရာရော ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား"

မေးသာ မေးရသော်လည်း ဝမ်ကျောက်နီ၏ အသံကို ကြားကတည်းက အတွင်းအား ဆုံးရှုံးနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ဝါယင်လုံက သူမအား ဂရုစိုက်သဖြင့် ဝမ်ကျောက်နီမှာ မျက်ရည် မဆည်နိုင်တော့ပါ။

သူမသည် မျက်ရည်တွေတွေ ကျဆင်းလာသည်။

ထို့နောက် မချိတင်ကဲဖြင့် ...

"အခု ကျွန်မ ဒုက္ခိတဖြစ်သွားပြီ၊ ရှင်လည်း ကျွန်မကြောင့်"

စကားဆုံးအောင်ပင် မပြောနိုင်ပါ။

မူးမေ့သွားပြန်လေတော့သည်။ သူ၏ စိတ်ခံစားချက်မှာ ပြင်းထန်လှ၏။

တစ်ခဏချင်းပင် ပြန်လည်သတိရလာ၏။



သတိရလာသည်နှင့် နံရံအား ခေါင်းနှင့်ဆောင့်ကာ ကိုယ့်ကိုယ်ကို သေကြောင်းကြံလိုက်သည်။

ချိအော်က ထိတ်လန့်သွားပြီး ကမန်းကတန်း ဟန့်တားလိုက်၏။

ဝါချီက သက်ပြင်းချလိုက်သည်။ သူ ဒေါသထွက်လာ၏။

ထို့ကြောင့် အော်ဟစ်လိုက်သည်။

"အားလုံး အရူးတွေပဲ၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို သေချင်နေရတာလဲ"

ချိအော်က ဝမ်ကျောက်နီအား ဖေးမထားလိုက်၏။

ဝါယင်လုံကလည်း လူးလဲထထိုင်လိုက်သည်။

အားလုံး၏ အာရုံမှာ ဝမ်ကျောက်နီထံသို့ ရောက်ရှိနေ၏။

ဝမ်ကျောက်နီမှာ စိတ်ထိခိုက်လွန်းသဖြင့် အရူးတစ်ပိုင်းကဲ့သို့ ဖြစ်နေ၏။

ချိအော်က ဖေးမကာ ငေါ်လာခဲ့၏။

ချန်မင်မင်ကလည်း စိတ်မကောင်းဖြစ်သွားပြီး ...

"မမ ဘာကြောင့် ဒီလောက် စိတ်ထိခိုက်နေရတာလဲ၊ စိတ်ကို ထိန်းပါ၊ အခုကိစ္စဟာ ကံကြမ္မာကြောင့်ပါ၊ ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူး၊ ဖြစ်မယ့်အရာဟာ ဖြစ်လာမှာပါပဲ"

သူမက ဖျောင်းဖျနှစ်သိမ့်လိုက်သည်။

ဝါချီက သက်ပြင်းချရင်း ပြောလိုက်လေ၏။

"အင်း ... သူ့ကိုအပြစ်တင်နေလည်း အပြစ်တစ်နေလည်း အပိုပဲလေ၊ စိတ်ထိခိုက်ရင် ဒီလိုပဲဖြစ်တတ်ကြတာပဲ"

ချိအော်က ဝမ်ကျောက်နီအား ထိုင်ခိုင်းလိုက်သည်။

ဝမ်ကျောက်နီက ဝါချီ၏ရှေ့၌ထိုင်ချလိုက်သည်။

ဝါယင်လုံမှာ ဝမ်ကျောက်နီကိုတွေ့သောအခါ စိတ်ထိခိုက်ခြင်းများစွာ ဖြစ်သွားရသည်။

ဝမ်ကျောက်နီမှာ နဂိုက လှပသော ဝမ်ကျောက်နီ မဟုတ်တော့ပါ။

စွဲမက်ဖွယ်ကောင်းသော ခန္ဓာကိုယ်မှာ ပိန်ချုံးသွားလေပြီ။

ဝါယင်လုံက စိတ်ထိခိုက်စွာဖြင့် မေးလိုက်၏။

"ဝမ်ကျောက်နီ အခု ဘယ်လိုနေသေးသလဲ"

ဝါယင်လုံက ဝမ်ကျောက်နီအား စိတ်ထိခိုက်စွာဖြင့် မေးလေလေ ဝမ်ကျောက်နီမှာ ပို၍ ခံစားရလေလေ ဖြစ်လာသည်။

သို့သော်လည်း ခံစားချက်ကမူ မတူပါ။

ဝမ်ကျောက်နီမှာ ဝါယင်လုံက သူမအား ဂရုထားလေလေ သူမက ဝါယင်လုံ၏မေတ္တာကို မပိုင်ဆိုင်ရဲလေလေ ဖြစ်လာ၏။

သူမမှာ ယခု အပျိုစင်တစ်ဦး မဟုတ်တော့ပါ။

သူမသည် ဝါယင်လုံအား တွေ့တွေ့ချင်းပင် မေတ္တာသက်ဝင်ခဲ့သည်။

ယခုတော့ ... ။

သို့သော် သူမဘဝပျက်ရပေမယ့် သူမအဖို့ ကျေနပ်မိသည်။

ဝါမိသားစု၏ အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် သူမက တာဝန်ထမ်းဆောင် ကူညီခွင့်ရခဲ့သည် မဟုတ်ပါလော။

သူမအနေဖြင့် သိရှိထားသော သတင်းများကို ပြောပြရန် ကျန်စန်းတောင်ပေါ်သို့ ချိန်းဆိုခဲ့၏။



ဤသို့ ချိန်းဆိုခဲ့သဖြင့် ဝါယင်လုံတစ်ယောက် အဆိပ်မိလိမ့်မည်ဟု သူမ မလုံးဝ မျှော်လင့်မထားခဲ့ချေ။

ထိုစဉ် ဝါချီ၏ အသံ ထွက်ပေါ်လာ၏။

"ညီလေး ... ဝမ်ကျောက်နီကို မနှောင့်ယှက်နဲ့တော့၊ မင်းလည်း အနားယူတော့၊ နှစ်ယောက်စလုံး အနားယူဖို့ လိုအပ်နေတယ်"

ဝါယင်လုံက ...

"ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ်"

ချန်မင်မင်က ...

"အစ်ကို ဘာနားလည်တာလဲ၊ အခု ဝမ်ကျောက်နီ ဘာမှ မဖြစ်တော့ပါဘူး၊ ရှင်တတ်ထားတဲ့ ပညာကို စမ်းသပ်ကြည့်ဖို့ သင့်ပြီ"

ဝမ်ကျောက်နီကလည်း ...

ဟုတ်တယ် ... ရှင် အနားယူဖို့ ကောင်းပြီ"

ဝါယင်လုံက ပြုံးပြီးပြောလိုက်၏။

"ကိစ္စမရှိပါဘူး၊ မင်းတောင် ငါတို့ မိသားစုအတွက် ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ခဲ့သေးတာပဲ၊ ဒီတော့ မင်းအတွက်နဲ့ ငါသေရင်လည်း သေပျော်ပါတယ်"

ထိုစဉ် ချန်မင်မင်က သတိရလာပြီး ...

"မမအခု နေသာထိုင်သာ ရှိသလား"

ဝမ်ကျောက်နီက ...

"ဘာဖြစ်လို့လဲ"

ချန်မင်မင်က ...

"သက်သာတယ်ဆိုရင် ကြယ်တံခွန်ဂိုဏ်းအကြောင်းကို မမ

စုံစမ်းရသလောက် ပြောပြပါလား၊ ဒါတွေကိုသိရရင် အစ်ကိုလည်း စိတ်ချလက်ချနဲ့ အဆိပ်ဖြေဖို့ ကြိုးစားနိုင်မယ်"

ဝမ်ကျောက်နီက သက်ပြင်းချရင်း ...

"အင်း ... မမပြောပြပါ့မယ်၊ စကားအရှည်တော့ မပြောတော့ဘူး၊ အတိုးချုံးပဲ ပြောပြမယ်"

သူမက ပြောရင်း ဝါချီဘက်သို့လှည့်ကာ မေးလိုက်၏။

"ကြယ်တံခွန်ဂိုဏ်းချုပ်ဟာ ရှင်တို့အဖေကို ဘာကြောင့်မုန်းတီးရသလဲ သိသလား"

ဝါချီသည် စဉ်းစားလိုက်၏။

"ဖြစ်နိုင်ပါတယ်၊ ကိုးကျွန်းတိုက်ပွဲမှာ ကြယ်တံခွန်ဂိုဏ်းချုပ်ဟာ ဖေဖေ့ကို ရှုံးနိမ့်ခဲ့တယ်၊ သိုင်းသမားဆိုတာ ရှုံးနိမ့်မှာကို သိပ်စိုးရိမ်ကြတာ၊ သူရှုံးသွားတော့ ဖေဖေ့ကို ငြိုးမှာပေါ့"

ဝမ်ကျောက်နီက ဝါယင်လုံအား ကြည့်ကာ ...

"ဒါတင်မကသေးဘူး၊ ရှင့်အမေနဲ့လည်း ရန်ငြိုးရှိမယ်လို့ထင်တယ်"

ဝါယင်လုံက ...

"ဒါတော့ ငါလည်းမသိဘူး၊ ဒါပေမယ့် ငါ့အဘိုးဟာ တစ်ချိန်က ကိုးကျွန်းတိုက်ပွဲမှာ ပါဝင်ခဲ့တယ်၊ ရန်ငြိုးရှိရင်လည်း အဲဒီကပဲ စတာဖြစ်မှာပဲ"

ဝမ်ကျောက်နီက ...

"သူတို့ အစီအစဉ်အားလုံးဟာ ရှင်တို့မိသားစုဆီကိုပဲ ဦးတည်ထားတယ်၊ ကြယ်တံခွန်ဂိုဏ်းဟာ ခုချိန်ထိတော့ ရှင်တို့ကို ဖြောင်



ရင်ဆိုင်ဖို့ မကြိုးစားသေးဘူး၊ ဒါပေမယ့် အလစ် ဒုက္ခပေးဖို့ ကြံစည်နေကြတယ်၊ သူတို့ဂိုဏ်းခွဲတွေအများကြီး ရှိတယ်၊ နေရာအနှံ့ကို ဖြန့်ချထားတယ်၊ သူတို့မှာ အသေခံ ငယ်သားအင်အားလည်း မနည်းဖူးရှိတယ်"

ဝါချီက ကြားဖြတ်မေးလိုက်လေ၏။

"ဒါတွေထားလိုက်ပါ၊ သူတို့ရဲ့ အစီအစဉ်ကိုသာ ပြောပြပါ"

ဝမ်ကျောက်နီက ...

"သူတို့အကြံအစည်ဟာ ရေရှည်အကြံအစည်ပါပဲ၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကတည်းက အကြံအစည်ကို စတင်အကောင်အထည် ဖော်ခဲ့ကြတယ်၊ သူတို့ရဲ့ အဓိကရည်ရွယ်ချက်ဟာ သိုင်းလောကကို အုပ်စိုးဖို့ပဲ၊ သိုင်းဂိုဏ်းတွေရဲ့ရည်ရွယ်ချက်ဟာ ဒီလိုချည်း စကြတာ ပါပဲ"

ချန်မင်မင်က ...

"ဟွန်း ... သူတို့ ဒီလိုလုပ်နိုင်မလား ကြည့်ကြသေးတာပေါ့၊ သူတို့ သိုင်းပညာက ဘယ်လောက်များ ရှိလို့လဲ"

ဝမ်ကျောက်နီက ...

"ဒီလိုပြောလို့မရဘူး ညီမလေး၊ သိုင်းပညာအားကိုးနဲ့တော့ သိုင်းလောကကို အုပ်စိုးလို့မရပါဘူး၊ သိုင်းလောကကို အုပ်စိုးရေးဟာ အဘက်ဘက်က ပြည့်စုံဖို့လိုပါတယ်၊ အဓိကကတော့ အကြံဉာဏ်နဲ့ သိုင်းပညာနှစ်ခုစလုံးပါပဲ"

ဝါချီက ဝန်ခံ၏။

"ဟုတ်တယ်"

ဝမ်ကျောက်နီက ဆက်ပြောလေ၏။

"သူတို့ဟာ အဆင့်မြင့်သိုင်းသမားတွေကို အမျိုးမျိုး မက်လုံးပေးပြီး စည်းရုံးတာပဲ၊ ငွေ၊ မိန်းမ၊ အရက်၊ ရာထူး၊ အမျိုးမျိုးပါပဲ၊ စည်းရုံးလို့မရရင်တော့ သတ်ပစ်လိုက်တာပဲ၊ သတ်ပစ်လို့မဖြစ်တဲ့ သိုင်းသမားတွေကိုတော့ ဖမ်းချုပ်ထားတယ်"

ဝါချီသည် အံ့အားသင့်သွားပြီး မေးသည်။

"သူတို့ ဘယ်သူတွေကို ဖမ်းချုပ်ထားသလဲ"

ဝမ်ကျောက်နီက ...

"ဒါတွေဟာ လျှို့ဝှက်ချက်ပဲ၊ ဟန်ရှင်းတို့တောင် သေသေချာချာ မသိပါဘူး၊ ဖမ်းချုပ်ထားတာပဲ သိကြတယ်"

ချန်မင်မင်က မယုံကြည်ဟန်ဖြင့် ...

"ဒါ မဖြစ်နိုင်ပါဘူး"

ဝါချီက လက်ကာပြလိုက်ပြီး ...

"ဆက်ပြောပါ"

ဝမ်ကျောက်နီက ...

"သူတို့ဖမ်းထားတဲ့ လူ မနည်းဘူးဆိုတာတော့ သေချာပါတယ်၊ ပြီးတော့ သူတို့ဟာ လျှို့ဝှက်တဲ့ အဖွဲ့အစည်းတွေ သုံးဆယ်လောက်ခွဲပြီး ဖွဲ့ထားတယ်၊ ဟန်ရှင်းတို့က တစ်ဖွဲ့၊ သူတို့တာဝန်က ဌာနချုပ်က သတ်မှတ်ပေးလိုက်တဲ့ လူရအောင် ဖမ်းဖို့ပဲ"

ဝါယင်လုံမှာ နားထောင်ရင်း ရင်ထိတ်လာ၏။

ဝမ်ကျောက်နီက မောသွားဟန်ဖြင့် စကားကို ခေတ္တ ရပ်နားလိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"အခုလည်း သူတို့က ရှင်တို့ကို ဖမ်းဖို့ကြံစည်နေကြတယ်၊ ရှင်တို့ကို ဖမ်းဆီးနိုင်ရင် ရှင်ရဲ့အဖေကို အကျပ်ကိုင်နိုင်မယ် မဟုတ်



လား၊ ရှင်တို့အဖေကို အကျပ်ကိုင်နိုင်ရင် သိုင်းလောကဟာ လွယ်လွယ်လေးနဲ့ သူတို့အောက်ရောက်ပြီ"

ဝါချီသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ဝါယင်လုံမှာ ထိုစကားကြားသောအခါ ရဲနန်နှင့် ယောဂီရောင်ဝတ်ထားသော မိန်းကလေးအား သတိရလာ၏။

သူတို့သည်လည်း ကြယ်တံခွန်ဂိုဏ်း၏ အကျပ်ကိုင်မှုကို ခံနေရကြောင်း ယခုမှ သူက နားလည်လိုက်သည်။

သူသည် ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးအား ကူညီလိုစိတ်များဖြစ်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင် ကြယ်တံခွန်ဂိုဏ်းအား ဖြိုခွဲချေမှုန်းပစ်ရန် သန္နိဋ္ဌာန်ချမှတ်လိုက်သည်။

ဝါချီက သက်ပြင်းချကာ ...

"နောက်ထပ် ဘာများ သိသေးသလဲ"

ဝမ်ကျောက်နီက ...

"သူတို့က ဝါမိသားစုကို 'ရှိန်' နေကြတယ်၊ ဒါကြောင့် သူတို့ ဖမ်းထားတဲ့လူတွေကို အကျပ်ကိုင်ပြီး ရှင်တို့မိသားစုကို လုပ်ကြံကြလိမ့်မယ်"

ချန်မင်မင်သည် ဒေါသထွက်သွားပြီး အော်လိုက်မိ၏။

"တော်တော် ယုတ်မာကြပါလား"

ဝါချီက ...

"ကဲ ... ဆက်ပြောပါဦး"

ဝမ်ကျောက်နီက ...

"တစ်နေ့ညကတော့ မျက်နှာဖုံးစွပ် လူတစ်ယောက် ရောက်

လာပြီး ဟန်ရှင်းနဲ့တွေ့ပါတယ်၊ ဒီလူဟာ ရှန်းမုံဂိုဏ်းက လူလို့ ပြောပါတယ်၊ သူပြန်သွားပြီး မကြာခင်မှာပဲ ကျွန်မကို ဖမ်းဆီးသွားကြတော့တာပါပဲ”

ဝါယင်လုံက အံ့သြသွားလေ၏။

“ရှန်းမုံဂိုဏ်းနဲ့ ကြယ်တံခွန်ဂိုဏ်းဟာ အဆက်အသွယ်ရှိတယ် ဟုတ်လား၊ ဒီလူပုံစံကရော ဘယ်လိုလဲ”

ဝါချီကလည်း ...

“သူ့နာမည်ရော ကြားလိုက်သေးသလား၊ ပြီးတော့ ကျူးယင်ဂိုဏ်းနဲ့ရော အဆက်အသွယ်များ ရှိသလား”

ဝင်ရောက် မေးမြန်းလိုက်လေ၏။

ဝမ်ကျောက်နီသည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ ...

“နာမည်တော့ မသိဘူး၊ လှုပ်ရှားမှုကတော့ ဖျတ်လတ်တယ်၊ အသက်ကြီးမယ်လို့ မထင်ဘူး၊ ခန္ဓာကိုယ် အရပ်အမောင်းကလည်း အနေတော်ပဲ၊ ကျူးယင်ဂိုဏ်းနဲ့ အဆက်အသွယ် ရှိမရှိဆိုတာတော့ ကျွန်မလည်း မသိပါဘူး”

ဝါချီသည် သက်ပြင်းချလိုက်၏။

သူသည် အပြင်သို့ အကဲခတ်ကြည့်ရာ နေပင်အတော်ပူနေပြီဖြစ်ကြောင်း တွေ့လိုက်ရ၏။

တစ်ဆက်တည်းပင် ကျူးယင်ဂိုဏ်းချုပ်နှင့် ချိန်းဆိုထားသည်ကိုသတိရလာသည်။

ဝါချီသည် ဝမ်ကျောက်နီအား အရိအသေပေးလိုက်သည်။

“ခုပြောပြတာ ကျေးဇူးတင်ပါတယ်၊ အခု ကျုပ် ကိစ္စရှိသေးလို့ သွားရဦးမယ်၊ အကူအညီလိုရင် ကျုပ်ညီကို ပြောပါ”



သူသည် ဝါယင်လုံဘက်သို့ လှည့်ကာ ပြောလိုက်၏။

“ညီလေး ... ဝမ်ကျောက်နီဟာ စကားပြောတာ အတော်ကြာသွားပြီ၊ သူ့ကို အနားယူခိုင်းဖို့ သင့်ပြီ၊ ပြီးတော့ မင်းရဲ့ တဇွတ်ထိုးလုပ်တတ်တဲ့ အကျင့်ကိုလည်း ဖျောက်ပါ၊ အဆိပ်ကတော့ ငါလည်းမဖြည်နိုင်ဘူး၊ အဆိပ်နဲ့ပတ်သက်လို့ ညီလေးက အစ်ကို့ထက် တော်ပါတယ်၊ ဒါကြောင့် ကြိုးစားဖြည်ကြည့်ပါ”

ဝါယင်လုံမှာ သူ၏အစ်ကိုအား တစ်ချက်ကြည့်လိုက်ပြီး ...

“အစ်ကိုက ဘာကိစ္စကြောင့် ဒီလောက် လောနေရတာလဲ”

ဝါချီက တစ်ဆက်တည်း ပြောသည်။

“ငါနဲ့ ကျူးယင်ဂိုဏ်းချုပ်နဲ့ ဒီနေ့ နေ့လယ်မှာ ချိန်းထားတယ်၊ ငါမသွားလို့မဖြစ်ဘူး၊ ငါပြန်မလာခင် ညီမလေးက ညီလေးနဲ့ ဝမ်ကျောက်နီကို ဂရုစိုက်လိုက်ပါ”

ချန်မင်မင်အား ရည်ရွယ်၍ပြောခြင်း ဖြစ်သည်။

ဝါယင်လုံသည် ထိုစကားကြောင့် အံ့အားသင့်သွားပြီး ...

“ကျူယင်ဂိုဏ်းချုပ် ဟုတ်လား၊ အစ်ကိုနဲ့ ဘယ်တုန်းက တွေ့တာလဲ”

ဝါချီက ...

“မနက်လင်းခါနီးကပါ၊ သူနဲ့အတူ ဓားပဝါအုပ်ထားတဲ့ လူတစ်ယောက်လည်း ပါလာတယ်၊ သူတို့က မင်းကိုပါ ခေါ်လာဖို့ ပြောခဲ့တယ်”

ဝါယင်လုံက လူးလဲထလိုက်ပြီး ...

“ဒါဆို ကျွန်တော်ပါ လိုက်မယ်”

ချန်မင်မင်က ...

"အစ်ကိုသွားလို့ မဖြစ်ဘူး၊ အဆိပ်တွေက ပြေသေးတာမဟုတ်ဘူး"

ဝါယင်လုံက ...

"မင်းမသိဘူး၊ ကျူးယင်ဂိုဏ်းချုပ်နဲ့ ဆက်ဆံရတာ မလွယ်ဘူး၊ အစ်ကိုက ရှိးသားတော့ ..."

ဝါချီက လက်ကာပြလိုက်ပြီး ...

"မင်း လိုက်ခဲ့လို့မဖြစ်ဘူး၊ သူတို့က ဘယ်လောက်ပဲ ကြောက်စရာကောင်းကောင်း ငါ ရင်ဆိုင်နိုင်ပါတယ်၊ ငါပြန်လာတဲ့အထိတော့ ဒီမှာစောင့်ကြပါ"

ဝါယင်လုံက သက်ပြင်းချလိုက်ပြီး ...

"ဘယ်နေမှာ ချိန်းထားတာလဲ"

ဝါချီက ...

"ကျန်စစ်နဲ့တောင်ခြေ အရှေ့တောင်ဘက်မှာ"

စကားဆုံးသည်နှင့် ထွက်ခွာသွားလေတော့သည်။

❑ ❑ ❑



## အခန်း(၃၇)
## ချစ်လိုလျက်နှင့် ဝေးရသူ

ဝါယင်လုံမှာ ငေးငိုင်နေ၏။

ချန်မင်မင်က ...

"ကဲ ... ချီအော်ရေ ရိက္ခာခြောက်တွေ ထုတ်ကွယ်၊ စားကြရအောင်၊ အားလုံးဆာရောပေါ့"

အားလုံးက ဝိုင်း၍ စားသောက်လိုက်ကြသည်။

ချန်မင်မင်က ဝမ်ကျောက်နီအား တောင်းပန်လိုက်၏။

"မမ ... ညီမလေး အတွင်းအား မလုံလောက်လို့ မမ သိုင်းပညာ ဆုံးရှုံးရတာပါ၊ မမ ညီမလေးကို ခွင့်လွှတ်ပါနော်"

ဝမ်ကျောက်နီက ပြုံးလိုက်ပြီး ...

"ကိစ္စမရှိပါဘူး၊ မမ ခွင့်လွှတ်ပါတယ်၊ မမရဲ့ အသက်ကိုတောင် ကယ်တင်ခဲ့တာပဲ၊ ဒါကိုသွားပြီး အပြစ်တင်ရရင် မမဟာ လူမဟုတ်တော့ဘူး"

ဝါယင်လုံမှာ သူတို့စကားပြောနေသည်ကို နားထောင်ပြီးနောက် ချန်မင်မင်အား စိုက်ကြည့်လိုက်၏။

ပြီးမှ တစ်စုံတစ်ရာကို သတိရလာဟန်ဖြင့် ...

"မင်း ... မင်း ... က ... ချန် ..."

ချန်မင်မင်မှာ ခေါင်းငုံ့သွား၏။

ဝါယင်လုံက ချန်မင်မင်အား စိုက်ကြည့်လိုက်ပြီး ...

"ငါသိပြီ၊ မင်းက ချန်ရိရဲ့ ညီမပဲ၊ ရုပ်ဖျက်ထားတာ မဆိုးဘူးကွ"

ဟုပြောရင်း လက်က လျှပ်တစ်ပြက် လှုပ်ရှားသွားလေတော့သည်။

ချန်မင်မင်က ရင်ထိတ်သွားပြီး ခေါင်းငဲ့ကာ ရှောင်တိမ်းလိုက်သည်။

သို့သော်လည်း မရတော့ပါ။

သူမ၏ ခေါင်း၌ ပေါင်းထားသော ပဝါမှာ မြေကျသွား၏။

ပဝါပြေသွားသည်နှင့် နက်မှောင်သော ဆံကေသာမှာ ပြေလျော့ ကျလာသည်။

လှပနုနယ် ချစ်စဖွယ်မျက်နှာကလေးမှာလည်း ပေါ်လာသည်။

ချန်မင်မင်၏ မျက်နှာတစ်ခုလုံးမှာ ရှက်ပြီး နီရဲသွား၏။

ကမန်းကတန်း ဝါယင်လုံ၏လက်ကို ဖယ်ထုတ်လိုက်၏။

သို့သော်လည်း သူမ၏ပခုံးမှာ ဝါယင်လုံ၏ ဖမ်းဆုပ်ကိုင်ခြင်းကို ခံလိုက်ရသည်။

ချန်မင်မင်က အတင်းရုန်းဖယ်သည်။

ဝမ်ကျောက်နီက ...

"ညီမလေး ... သူ အဆိပ်မပြေသေးဘူး၊ သူ့ကို အရမ်းမလုပ်လိုက်နဲ့"



ဟု လှမ်း၍ သတိပေးလိုက်၏။

ချန်မင်မင်မှာ ထိုစကားကြောင့် ပို၍ရှက်သွား၏။

ဝါယင်လုံအား မကျေမနပ်ဖြင့် ပြောသည်။

"အစ်ကို ... ဒီလိုအနိုင်မကျင့်နဲ့"

ဝါယင်လုံက ချန်မင်မင်၏ မျက်နှာကို စိုက်ကြည့်လိုက်၏။

"ငါအနိုင်မကျင့်ပါဘူး၊ အံ့ဩလွန်းလို့ပါ"

ချန်မင်မင်မှာ ဝါယင်လုံ၏ စိုက်ကြည့်မှုကြောင့် မျက်နှာမထားတတ်အောင် ဖြစ်သွား၏။

အတင်းပင် ဝါယင်လုံ၏လက်ထဲမှ ရုန်းဖယ်လိုက်လေသည်။

ထိုစဉ်မှာပင် ဝါယင်လုံမှာ အဆိပ်ပြန်တက်လာ၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တုန်ယင်လာသည်။

ဝမ်ကျောက်နီမှာ ကြည့်ရင်း မျက်လုံးပြူးကျယ်သွားလေ၏။

"သူ ... သူ ... ဘယ်လိုဖြစ်သွားတာလဲ"

ချန်မင်မင်မှာလည်း သတိဝင်လာပြီး လဲကျလုမတတ် ဖြစ်နေသော ဝါယင်လုံ၏ ခန္ဓာကိုယ်အား ဖေးမလိုက်ရလေတော့သည်။

ဝါယင်လုံ၏ စိုးရိမ်စရာ အခြေအနေကို မြင်သောအခါ သူမအဖို့ အလိုလိုပင် မျက်ရည်များ စီးကျလာသည်။

ဝမ်ကျောက်နီမှာ ချန်မင်မင်က မျက်ရည်ကျလာသည်ကို တွေ့သောအခါ ပထမ အံ့အားသင့်သွားသည်။

သို့သော် မိန်းကလေးချင်းဖြစ်သဖြင့် ချန်မင်မင်၏ ရင်ထဲမှ ခံစားချက်ကို ချက်ချင်း ရိပ်မိလိုက်သည်။

သူမက သက်ပြင်းချလိုက်ပြီး သတိပေးလိုက်၏။

“ညီမလေး ငိုနေလို့ အကျိုးမရှိပါဘူး၊ တို့ သူ့ကိုကယ်ဖို့ စဉ်းစားရမယ်”

ချန်မင်မင်ကလည်း မကျေနပ်သော အသံဖြင့် ...

“သူက စကားမှ နားမထောင်ဘဲ၊ သူ့မှာ လေ့ကျင့်မှုတစ်ခု ရှိတယ်ဆိုပြီး မလေ့မှ မလေ့ကျင့်ဘဲ”

ဝါယင်လုံ လူးလွန့်လာပြီး ...

“အေးပါ ... စိတ်မဆိုးပါနဲ့၊ ငါစမ်းကြည့်ပါ့မယ်”

ဝါယင်လုံက လျှာလေးအာလေးဖြင့် ပြောလာလေ၏။

ချန်မင်မင်မှာ ထိုစကားကြောင့် ငိုနေရာမှ ပြုံးလာပြီး ...

“ရှင် ... လိမ္မာလာပြီ”

ဝါယင်လုံသည် စတင်လေ့ကျင့်ရန် ဟန်ပြင်လိုက်၏။

ချန်မင်မင်မှာ ဝါယင်လုံကိုကြည့်ပြီး စိတ်လှုပ်ရှားနေ၏။

ဝမ်ကျောက်နီမှာ ချန်မင်မင်ကိုကြည့်ပြီး သူမလည်း ဝါယင်လုံနှင့်တွေ့ပြီး စိတ်လှုပ်ရှားခဲ့ပုံကို သတိရလာ၏။

သူမသည် ဝါယင်လုံနှင့် စတင်တွေ့ဆုံခဲ့ပုံကို ပြန်မြင်ယောင်လာလေသည်။

သူမက ဝါယင်လုံကို နက်ရှိုင်းစွာပင် ချစ်မြတ်နိုးခဲ့၏။

ယခုလည်း ချန်မင်မင်က ဝါယင်လုံအား ချစ်မြတ်နိုးနေကြောင်း ရိပ်စားမိလိုက်သဖြင့် သူမက နောက်ဆုတ်ပေးသင့်ကြောင်း စဉ်းစားမိသည်။

သူမ၏ဘဝမှာ ဝါယင်လုံနှင့် မတန်တော့ပါ။

သူမသည် ဝါယင်လုံနှင့် ခွဲခွာရန် တွေးလိုက်သည်နှင့် တစ်ကိုယ်လုံး အားအင်မရှိတော့ဘဲ ပျော့ခွေသွားသလို ခံစားမိလိုက်သည်။



ချီအော်မှာ ဝမ်ကျောက်နီ၏ ရင်တွင်းခံစားချက်ကို မသိပါ။

မျက်နှာ ဖြူရော်လာသည်ကို တွေ့လိုက်ရသဖြင့် စိုးရိမ်သွားပြီး ...

“မမ ... အဆိပ်ပြန်တက်လာတာလား”

ဝမ်ကျောက်နီမှာ ဘာမျှပြန်မပြောနိုင်ပါ။

ချန်မင်မင်အား ငေးကြည့်နေ၏။

နုနယ်သော၊ လှပသော၊ ချန်မင်မင်နှင့် သူမ မည်သို့မျှ ယှဉ်မရပါ။

ချီအော်သည် ဝမ်ကျောက်နီအား ဖေးမလိုက်ပြီး ...

“မမ ... ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ၊ သခင်လေးအတွက် မပူပါနဲ့၊ ကျွန်မ အစ်မ ရှိပါတယ်”

ဝမ်ကျောက်နီမှာ သူရူးတစ်ယောက်နှယ် တတွတ်တွတ်ရေရွတ်နေ၏။

“အင်း ... ပွင့်စပန်းနဲ့ နွမ်းကြေနေတဲ့ ပန်းဟာ ဘယ်လိုမှ ယှဉ်လို့မရတော့ပါဘူးလေ၊ ဘဝချင်း ခြားသွားပြီမဟုတ်လား”

ချီအော်မှာ ကြောင်သွား၏။

ဝမ်ကျောက်နီက ...

“မင်းတို့ကို မမ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးဆပ်ဖို့ကတော့ မမ မတတ်နိုင်တော့ပါဘူး၊ စိတ်ထဲမှာပဲ မှတ်ထားပါတော့မယ်၊ မမသွားတော့မယ်၊ ညီမလေးကပဲ သူတို့ကို ပြန်ပြောလိုက်ပါတော့”

သူမသည် ပြောရင်း ထွက်သွားရန် ဟန်ပြင်လိုက်၏။

ချီအော်သည် ပို၍အံ့အားသင့်သွားသည်။

“သခင်မလေး ... မမသွားတော့မလို့တဲ့”

လှမ်းအော်လိုက်လေသည်။

ချန်မင်မင်မှာ ထိုစကားကြောင့် ဝါယင်လုံအား စောင့်ကြည့်နေရာမှ လှည့်ထွက်ပြီး ဝမ်ကျောက်နီအား လှမ်းမေးလိုက်၏။

"မမ ဘယ်သွားမလို့လဲ"

ဝမ်ကျောက်နီက သက်ပြင်းချပြီး ...

"မမ ဆရာဆီကိုပါ"

ချန်မင်မင်က ...

"မဖြစ်ဘူး၊ အခု အခြေအနေမှာ မသွားသင့်ဘူး၊ အခြေအနေဆိုးနေတယ်"

ဝမ်ကျောက်နီမှာ မျက်ရည်များ စီးကျလာ၏။

ချန်မင်မင် အံ့ဩသွားပြီး ...

"ဟင် ... မမ ဘာလို့ငိုနေတာလဲ၊ မမ ဘယ်မှမသွားပါနဲ့"

ဝမ်ကျောက်နီမှာ အားယူပြုံးလိုက်ပြီး ...

"မမဟာ ဒုက္ခိတတစ်ယောက်ပါ၊ မမရှိနေရင် ညီမတို့တာဝန်ပိုနေမယ်၊ ညီမတို့မှာ ရန်သူကို ရင်ဆိုင်ရဦးမယ်"

ချန်မင်မင်က ပြုံးလိုက်ပြီး ...

"ကိစ္စမရှိပါဘူး၊ မမ မသွားပါနဲ့"

ဝမ်ကျောက်နီက ...

"ငါရှိနေရင် ညီမတို့ ရန်သူကို ရင်ဆိုင်ရတာ လွတ်လပ်မှုရှိမှာမဟုတ်ဘူး"

"ဒါတွေသာထားလိုက်စမ်းပါ၊ မမသာ ထွက်သွားရင် အစ်ကိုကို ကျွန်မတို့ ဘယ်လိုပြန်ပြောမလဲ၊ သူပြန်ကောင်းလာရင် မမကို သူတို့အဘွားဆီ ပို့ပေးမယ်၊ သူတို့က မမကို ကူညီနိုင်မှာပါ"



မှန်ပါသည်။

ဝါယင်လုံ၏ အဘွား ယင်ထိုက်ကျွမ်မှာ တစ်ခါက သိုင်းပညာကွယ်ပျောက်သွားခဲ့၏။

သို့သော် ပြန်လေ့ကျင့်ရာ အောင်မြင်ခဲ့ဖူးသည်။

ဝမ်ကျောက်နီမှာ ချန်မင်မင်၏ ဆိုလိုချက်ကို ကောင်းစွာသဘောပေါက်သည်။

သို့သော် ချန်မင်မင်နှင့် သူမ ဝါယင်လုံ၏ မေတ္တာကို ပြိုင်ဆိုင်၍ ရယူရန်မလွယ်ကြောင်း တွေးမိသဖြင့် သူမက ငြင်းပယ်လိုက်၏။

ချန်မင်မင်က ဝမ်ကျောက်နီ၏ လက်မောင်းကို ကိုင်ကာ ...

"လာပါ မမရယ်၊ သူတို့အဘွားဆီက အကူအညီရရင် မမလည်း သိုင်းပညာပြန်ရမယ်၊ အစ်ကိုလည်း စိတ်ချမ်းသာမှာပဲ၊ ကျွန်မကောင်းကို နားထောင်ပါ၊ မသွားပါနဲ့နော်"

ဝမ်ကျောက်နီက ...

"ညီမလေး ... မသိပါဘူး"

"ကျွန်မ သိပါတယ်၊ မမဟာ အစ်ကို့အပေါ် စေတနာသိပ်ကောင်းတယ်"

ဝမ်ကျောက်နီမှာ အံ့ဩသွား၏။

ချန်မင်မင် ဝါယင်လုံအား အတော်ချစ်မြတ်နိုးဟန်ရှိ၏။

သို့သော် မိမိအား မနာလိုစိတ်မရှိဘဲ အဘယ်ကြောင့် တားမြစ်နေရပါသနည်း။

သူမအဖို့ ဝင်မရှုပ်သင့်ကြောင်း တွေးလိုက်မိ၏။

"အင်း ... ညီမလေးလိုလူမျိုး ရှားပါတယ်"

ချန်မင်မင်က ကြောင်သွားသည်။

ဝမ်ကျောက်နီ၏ စကားကို သူမ နားမလည်ချေ။

"မမ ဘာပြောတာလဲ"

သူမက ပြန်မေးလိုက်၏။

ဝမ်ကျောက်နီက ချန်မင်မင်အား စိုက်ကြည့်ကာ ...

"ညီမလေး ... ညီမလေးဟာ သိပ်လှတယ်ဆိုတာ သိသလား။ မမကတောင် ပြန်ပြီးငေးကြည့်ရတယ်"

ချန်မင်မင်က ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး ...

"အို ... မမက ဘာတွေပြောနေတာလဲ၊ ညီမလေးလှတာကို မနာလိုဘူးလား"

"ဟုတ်တယ် ... ဘယ်မိန်းကလေးမဆို ညီမလေးရဲ့ အလှကို မနာလိုဖြစ်ကြမှာအမှန်ပဲ"

"အစ်မလည်း လှတာပါပဲ၊ နေကောင်းလာရင် ညီမလေးထက် ပိုလှမယ်ဆိုတာ ပြောရဲပါတယ်၊ ဒါထက် မမ မသွားတော့ဘူးမဟုတ်လား"

"သွားမှာပါပဲ"

ချန်မင်မင်က နှုတ်ခမ်းစူလိုက်ပြီး ...

"မမက ဘာဖြစ်လို့ ဒီလောက်သွားချင်နေရတာလဲ"

ဝမ်ကျောက်နီက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီးမှ ...

"မမ မေးမယ်၊ ညီမလေး သူ့ကို သဘောကျသလား"

ချန်မင်မင် ကြောင်သွားပြီး ...

"မမ ဘာမေးတာလဲ"

"ဝါယင်လုံ ကိုပါ"

ချန်မင်မင်မှာ ရှက်သွားပြီး ...



"ကျွန် ... ကျွန်မ ..."

"မရှက်ပါနဲ့၊ မေတ္တာဆိုတာ သိပ်ဆန်းကြယ်ပါတယ်၊ ညီမလေး သူ့ကို သဘောကျတယ်မဟုတ်လား"

ချန်မင်မင်မှာ မျက်နှာတစ်ခုလုံး နီရဲသွားပြီး ...

"မမ ... မမလည်း သူ့ကို သဘောကျတယ်မဟုတ်လား"

"ဟုတ်တယ် ... မမလည်း သူ့ကို သဘောကျပါတယ်၊ ဒါကြောင့် ညီမလေးနဲ့ ဆွေးနွေးမလို့"

"ဘာဆွေးနွေးမှာလဲ"

"မင်းလည်း သူ့ကို သဘောကျတယ်၊ ငါလည်း သူ့ကို သဘောကျတယ်၊ မင်း ငါ့ကို မနာလိုမဖြစ်ဘူးလား"

"ဘာလို့ မနာလိုဖြစ်ရမှာလဲ"

"မင်းက ငယ်သေးတော့ မေတ္တာရေးရာကို သိပ်နားမလည်သေးပါဘူး၊ မင်းရဲ့အစ်ကိုကို ငါက လုယူလိုက်ရင် မင်းစိတ်ထဲ ဘယ်လိုခံစားရမလဲ"

"ဒါ ... ဒါကတော့ ..."

ဝမ်ကျောက်နီက ရယ်မောလိုက်ပြီး ...

"အဲဒါကိုပြောတာပေါ့၊ ဒါဟာ ညီမလေးက သူ့ကို ချစ်နေလို့ မမကို မနာလိုဖြစ်တာပဲ"

ချန်မင်မင်မှာ ဘာပြောရမှန်းမသိ ကြောင်နေမိ၏။

အတန်ကြာမှ ...

"ကျွန်မ နားလည်ပါပြီ၊ မမလည်း ညီမကို မနာလိုဖြစ်နေတယ် မဟုတ်လား"

ဝမ်ကျောက်နီ၏ မျက်နှာမှာ နီရဲသွား၏။

"အမှန်ပြောရရင်တော့ ညီမလေးကို မမလည်း မနာလို ဖြစ်မိတာပဲ"

ချန်မင်မင်က ...

"ကဲ ... မမ မမာပေါ် ကျွန်မ မနာလိုစိတ် လုံးဝမထားတော့ပါဘူး၊ မမ မသွားတော့ဘူး မဟုတ်လား"

ဝမ်ကျောက်နီက သက်ပြင်းချရင်း ...

"သွားရမှာပါပဲ"

ချန်မင်မင်က ...

"အစ်ကိုနဲ့ စကားမပြောချင်တော့ဘူး"

ဝမ်ကျောက်နီက ...

"မမ ဘဝပျက်ခဲ့ပြီးပြီ၊ ဒီတော့ မမ ဝါယင်လုံကို မချစ်ချင်တော့ပါဘူး၊ အခု မမသာ မင်းတို့နဲ့ အတူရှိနေရင် ရန်သူကို ရင်ဆိုင်တဲ့နေရာမှာ ပိုခက်ခဲမယ်၊ သူ့အတွက်လည်း ပိုပြီး အန္တရာယ်တွေ့နိုင်တယ်၊ အစစအရာရာ မကောင်းတာတွေချည်းပါပဲ"

သူမမှာ စကားလှအောင် ပြောနေရသော်လည်း ရင်ထဲ၌ မချိပေ။ ရင်ထဲ ဆို့နေသည်။

ချန်မင်မင်က သက်ပြင်းချလိုက်ပြီး ...

"မမတစ်ယောက်တည်းသွားတော့ လမ်းမှာ အန္တရာယ်တွေ့ရင် ဘယ်လိုလုပ်မလဲ"

ဝမ်ကျောက်နီက ...

"ဘာပဲဖြစ်ဖြစ် ညီမလေး သူ့ကိုချစ်ရင် မမအတွက် မစဉ်းစားပါနဲ့၊ မပူပါနဲ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ"



"မမက နယ်စပ်ကိုသွားမယ်၊ မမ ဆရာဆီကို သွားမှာပါ"

"မမဆရာက ဘယ်သူလဲ၊ မမကို သိုင်းပညာ ပြန်ရအောင် ကူညီနိုင်ပါ့မလား"

"မျှော်လင့်ချက်တော့ ရှိမယ်ထင်ပါတယ်၊ ကဲ ... မမတို့ နောက်မှပြန်ဆုံကြတာပေါ့"

"မမ မသွားလို့ မဖြစ်ဘူးလား"

ဝမ်ကျောက်နီ သက်ပြင်းချလိုက်ပြီး ပြောသည်။

"ညီမလေး ကလေးဆန်မနေပါနဲ့၊ သူ့ကိုသာ ဂရုစိုက်ပါ"

သူမ လှည့်ထွက်သွားလေတော့သည်။

ချန်မင်မင်၏ ရင်ထဲ၌ အမျိုးအမည် ခွဲခြားဖော်ပြခြင်းငှာ မတတ်သာသော ဝေဒနာတစ်ခု စွဲကပ်သွားသည်။

"ချီအော် သူ့နောက်ကို အမြန်လိုက်သွားပါ"

ချီအော် ကြောင်သွားပြီး ...

"ဘာလုပ်ဖို့လဲ"

"သူ့ကို နယ်စပ်ပို့ပေး"

"နယ်စပ်အထိ ... ဟုတ်လား"

"ဟုတ်တယ်၊ သူလမ်းမှာ တစ်စုံတစ်ခုဖြစ်ရင် မင်းအပြစ်ပဲ"

"သခင်မလေးကို ဘယ်သူပြုစုမလဲ"

"စကားမရှည်နဲ့၊ သွားဆိုသွား"

ချီအော်မှာ ပေရပ်န၏။

သူမမှာ ငယ်စဉ်ကတည်းကပင် ချန်မင်မင်နှင့် မခွဲမခွာနေထိုင်လာသူ ဖြစ်သည်။

ထို့ကြောင့် မခွဲခွာသွားရက်ပေ။

ချန်မင်မင်လည်း မခွဲခွာချင်ပါ။

သို့သော် အခြေအနေအရ ခွဲခွာရမည် မဟုတ်ပါလား။

ချန်မင်မင် ချီအော်မသွားသေးကြောင်း တွေ့လိုက်ရသဖြင့် ...

"ငါ့အတွက် မပူနဲ့၊ မမဟာ သိုင်းပညာမရှိတော့ဘူး၊ ဒီတော့ သူ့ဆရာထံ ရောက်တဲ့အထိ စောင့်ရှောက်ပြီး ပို့ပေးပါ"

ချီအော်မှာ နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ပြေးထွက်သွားလေတော့သည်။

❑ ❑ ❑



အခန်း(၃၈)

## အမျိုးသမီး ဂိုဏ်းသားများ

ဝါယင်လုံမှာ တစ်စထက်တစ်စ အခြေအနေကောင်းလာ၏။

သို့သော် အဆိပ်များ ပျောက်မသွားသေးပါ။

ယခင်ကထက်စာလျှင် အခြေအနေများစွာ ကောင်းလာသည်ဟု ဆိုရပေမည်။

ချန်မင်မင်မှာ ဝါယင်လုံကိုကြည့်ရင်း စိတ်သက်သာရာ ရသွားသည်။

နေမှာ တဖြည်းဖြည်း စောင်းလာ၏။

ဝါယင်လုံမှာ တစ်စထက်တစ်စ အသက်ရှူသံမှန်လာပြီး မျက်လုံးဖွင့်လာသည်။

ချန်မင်မင် ဝမ်းသာသွား၏။

ထို့အပြင် ဝါယင်လုံ လေ့ကျင့်သောနည်းမှာ သူမ ဘိုးဘိုး၏ သိုင်းပညာတစ်မျိုးဖြစ်ကြောင်း သိလိုက်ရသဖြင့် ပြောလိုက်လေ၏။

"အစ်ကို ... သတိရလာပြီလား၊ အစ်ကိုက ဘိုးဘိုးနဲ့ တွေ့လာခဲ့တာကိုး"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"အဆိပ်က တော်တော်ပြင်းတယ်၊ ငါ ဒီလောက် လေ့ကျင့်တာတောင် မထုတ်နိုင်ဘူး၊ တစ်နေရာပဲ ရောက်အောင် စုထားနိုင်ခဲ့တယ်၊ ဒါထက် မင်းကို ငါ ဘယ်လိုခေါ်ရမလဲ"

သူ့စကားကြောင့် ချန်မင်မင်မှာ ရှက်သွား၏။

"ညီမနာမည် ချန်မင်မင်ပါ"

"ငါကတော့ ညီမလေးလို့ပဲ ခေါ်မယ်"

ဝါယင်လုံက ပြောရင်း ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်လိုက်၏။

မည်သူ့ကိုမျှ မတွေ့ရသောကြောင့် အံ့ဩသွားပြီး မေးလိုက်လေ၏။

"သူတို့ ဘယ်ရောက်သွားကြပြီလဲ"

ချန်မင်မင်က ...

"မမကတော့ နယ်စပ်ကို သွားပါပြီ"

"ဘာသွားလုပ်တာလဲ"

"သူ့ဆရာဆီကို ပြန်မယ်လို့ ပြောပါတယ်၊ ညီမက ချီအော်ကို သူ့ဆရာဆီရောက်တဲ့အထိ လိုက်ပို့ခိုင်းလိုက်ပါတယ်"

ဝါယင်လုံက သက်ပြင်းချလိုက်ပြီး ...

"ဒါဆို သူ့အတွက် ငါ စိတ်ချပါပြီ၊ ဒါထက် အစ်ကိုကြီးရော ပြန်မလာသေးဘူးလား"

"ဟုတ်ကဲ့ ... ပြန်မလာသေးပါဘူး"

ချန်မင်မင်သည် ဝါယင်လုံ၏ ပြောဟန်ဆိုဟန်ကို အကဲခတ်နေသူဖြစ်၏။



ယခု ဝါယင်လုံ၏ ပြောဟန်မှာ ဝမ်ကျောက်နီအပေါ် သာမန်မိန်းကလေးတစ်ဦးကဲ့သို့သာ သဘောထားကြောင်း သိလိုက်သည်။ တခြား မိန်းကလေးများထက် စေတနာပိုနေရခြင်းမှာ ဝမ်ကျောက်နီသည် သူ့အသက်ကို တန်ဖိုးမထားဘဲ ဝါမိသားစုကို ကူညီနေ၍ဖြစ်ကြောင်း သိလိုက်သည်။ သူမ အလွန် ကျေနပ်သွားလေ၏။

ဝါယင်လုံက မတ်တတ်ရပ်လိုက်ပြီး ...

"ကဲ ... တို့ သွားကြမယ်"

"ဘယ်ကိုလဲ"

ဝါယင်လုံက တောင်အောက်ဘက်ဆီသို့ ကြည့်ရင်း ...

"အစ်ကိုကြီးဆီကိုပေါ့"

ဟုပြောရင်း ချန်မင်မင်၏ လက်ကိုဆွဲကာ အဆောက်အအုံထဲမှ ပြေးထွက်လာခဲ့လေတော့သည်။

ချန်မင်မင်က ပြေးလွှားသွားရင်းက ...

"အစ်ကို့အဆိပ်က ပြေသေးတာမဟုတ်ဘူး၊ ဒါကြောင့် ဟိုကျရင် ဘာပဲဖြစ်ဖြစ် မလှုပ်ရှားရဘူး"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"ညီမ ရှိနေမှတော့ ဘာမှ စိတ်ပူစရာ မလိုပါဘူး"

ချန်မင်မင်က ...

"ညီမ စကားကို နားထောင်ပါနော်"

"အေးပါ ... ကျူးယင်ဂိုဏ်းချုပ်ဟာ ရက်စက်တယ်၊ အစ်ကိုကြီး သူ့ကို ယှဉ်နိုင်ပါ့မလား မသိဘူး၊ ညီမလည်း သူ့ကိုနိုင်မှာမဟုတ်ဘူး၊ တို့ မြန်မြန်သွားကြမှ ဖြစ်မယ်"

သူကပြောရင်း ပြေပြဲနှုန်းကို မြှင့်လိုက်ကြသည်။

ဝါယင်လုံမှာ ချန်မင်မင်၏လက်ကို ဆွဲကာ ပြေးလွှားနေ၏။

ဝါယင်လုံ၏ရင်ထဲ၌ မည်သို့ရှိမည် မသိသော်လည်း ချန်မင်မင်၏ ရင်ထဲမှာမူ တထိတ်ထိတ်ဖြင့် ခုန်နေ၏။ သူမသည် ချစ်သူနှင့် သွားလာလည်ပတ်ဖူးသူမဟုတ်ချေ။

ယခု သွားလာနေရပေပြီ။

ထို့ကြောင့် သူမစိတ်လှုပ်ရှားနေ၏။

ဝါယင်လုံက ပြေးလွှားရင်းမှ ချန်မင်မင်၏ ကိုယ်ဖော့ပညာကို ချီးကျူးမိသည်။

"ညီမလေး ကိုယ်ဖော့ပညာ ကောင်းလှချည်လား၊ ဘယ်သူ သင်ပေးတာလဲ"

"ဖေဖေပါ၊ ဒါထက် အစ်ကိုက ညီမအဘိုးနဲ့ ဘယ်တုန်းက တွေ့ခဲ့သလဲ"

ဝါယင်လုံက ကြောင်သွားပြီး ...

"ညီမအဘိုး ဟုတ်လား"

"ဟုတ်တယ် ... ညီမအဘိုးရဲ့ သိုင်းပညာကို အစ်ကို လေ့ကျင့်တာ တွေ့တယ်၊ ဒီပညာဟာ ညီမတို့မိသားစုရဲ့ ကိုယ်ပိုင်ပညာပါ၊ အပြင်လူ ဘယ်သူမှ မတတ်ပါဘူး"

ဝါယင်လုံက စဉ်းစားရင်း ...

"ညီမအဘိုးကို ငါမသိဘူး၊ ငါ့ကို လူထူးလူဆန်းတစ်ဦးက သင်ပေးခဲ့တာပါ၊ ဒါတောင် လူကို မမြင်လိုက်ရပါဘူး"

"အဲ့ဒီသိုင်းပညာ လေ့ကျင့်မှုအစမှာ လက်ခံတစ်ခုပါသလား"



"ပါတယ်"

ဟု ပြောရင်း သူသည် လက်ကလေးအား ရွတ်ပြလိုက်လေသည်။

"ကိုယ့်ခန္ဓာကိုယ် ကိုယ်မပိုင်ဘူး၊ ကိုယ့်စိတ် ကိုယ်မပိုင်ဘူး၊ သူ့ဟာသူလာ၊ သူ့ဟာသူ သွားပါစေ"

ချန်မင်မင်က ရယ်မောလိုက်လေ၏။

သင်ပေးသူမှာ သူမအဘိုးပင် ဖြစ်လေ၏။

"ဒါဆို ကျိန်းသေပါတယ်၊ ဘိုးဘိုးသင်ပေးသွားတာပဲ"

ဝါယင်လုံက ...

"မင်းတို့ မိသားစုပိုင် သိုင်းပညာလည်း ကောင်းပါတယ်၊ ဒါပေမယ့် နောက်မှ ဆွေးနွေးတော့မယ်၊ အခုအစ်ကိုကြီးဆီ ရောက်ဖို့ အရေးကြီးတယ်"

ဝါယင်လုံတို့မှာ ကျန်စန်းတောင်ခြေရှိ ရွာကလေးသို့ ပြန်လည်ရောက်ရှိခါနီး လမ်းခုလတ်တွင် အရှေ့ဘက်မှ ဖြတ်ပြေးသွားသော မီးခိုးရောင် လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်။

ချန်မင်မင်က သံသယဖြစ်သွား၏။

"ဘယ်သူလဲ ... ရပ်စမ်း"

အော်ငေါက်ကာ နောက်မှ ပြေးလိုက်သည်။

လူရိပ်ကလည်း ရှေ့မှ လျင်မြန်စွာ ပြေးသွား၏။

ဝါယင်လုံက မနေသာတော့ပါ။

လူရိပ်နောက်သို့ အမြန်လိုက်သည်။

"မိတ်ဆွေ ခဏရပ်ပါ"

လှုိဂ်မှာ သစ်တောအုပ်ထဲသို့ ဝင်ခါနီးမှ ဝါယင်လုံ၏ အသံကြောင့် ရပ်တန့်သွားပြီး …

"ဝါယင်လုံလား"

ဝါယင်လုံ အံ့သြသွား၏။

ထိုအသံကို ကြားဖူးသည်ဟုထင်ကာ ပြန်မေးလိုက်၏။

"ဟုတ်တယ် … မင်းဘယ်သူလဲ"

ထိုသူက ပြန်လှည့်လာသောအခါမှ ကျင်လင် ငါးဖော်အနက် တစ်ယောက်ဖြစ်သော ရိပျောင်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ချန်မင်မင်က …

"ရှင် ကျွန်မတို့မှန်း သိလျက်နဲ့ ဘာကြောင့် ခိုးကြောင်ခိုးဝှက် လိုက်လာရတာလဲ"

ရိပျောင်းက …

"ညီမလေး … မင်းတို့မှန်း ငါတကယ်မသိပါဘူး"

"ရှင် မလိမ်နဲ့"

ရိပျောင်းက …

"ညီမလေးတို့မှန်း သိရင် ပြေးပါမလား၊ အခုသိလို့ ရပ်ပြီပဲ"

ချန်မင်မင်က …

"မဟုတ်ဘူး၊ ရှင့်မှာ အကြောင်းရှိမယ်၊ ဘာကြောင့် ထွက်ပြေးရတာလဲ"

ရိပျောင်းသည် ခေါင်းကုတ်လိုက်ပြီး …

"ငါသာ ဒီတောအုပ်ထဲ ဝင်ပြေးရင် ညီမလေးတို့ လိုက်ဖို့ မလွယ်ပါဘူး၊ အခုလည်း ညီမလေးတို့မှန်း မသိလို့ ပြေးမိတာပါ"



ချန်မင်မင်က ပို၍ စိတ်တိုလာပြီး …

"ရှင် မှန်မှန်ပြောရင်ပြော၊ မပြောရင်တော့ ဒီနေ့ ရှင့်ကို ကျွန်မ လွှတ်မယ်မထင်နဲ့"

ဝါယင်လုံက ဝင်၍ ဖျန်ဖြေလိုက်၏။

"ညီမလေးကလဲ၊ သူက လူမှားလို့ဖြစ်မှာပါ၊ ဘာကြောင့် အစ်ကိုတို့ကို တွေ့တာနဲ့ ထွက်ပြေးရမှာလဲ၊ သူက အမှန်ကိုပြောနေတာပဲ၊ ညီမလေးက အတင်းမေးနေတော့ သူမှာက ဖြေရခက်မှာပေါ့"

"အစ်ကို မသိပါဘူး၊ သူ့စကားက ယုံကြည်ရတာ မဟုတ်ဘူး"

ရိပျောင်းက …

"ကဲ … ဒီလောက် မကျေမနပ်ဖြစ်နေရင်လည်း ကျုပ် မရှက်တော့ပါဘူး၊ ပြောပြပါ့မယ်၊ ညနေမှောင်မှောင်မှာ ညီမလေးမှန်း မသိဘူး၊ ဒါပေမယ့် မိန်းကလေး သိုင်းသမားတွေ ထင်လို့ ထွက်ပြေးခဲ့တာပါ"

"မိန်းကလေးမြင်တာနဲ့ လန့်ရသလား"

ရိပျောင်းက …

"ညီမလေး မယုံကြည်ရင်လည်း မတတ်နိုင်ဘူး၊ ငါသွားတော့မယ်"

သူသည် စကားဆုံးသည်နှင့် လှည့်ထွက်လိုက်၏။

ဝါယင်လုံက …

"နေပါဦး၊ သူ့အစား … "

ရှိပျောင်းက လက်ကာပြရင်း ...

"ယင်လုံ ပြောနေစရာ မလိုပါဘူးဗျာ၊ သူ့စိတ်ကို ကျုပ်နား လည်ပါတယ်၊ ကဲ ... ငါသွားတော့မယ်"

"ခင်ဗျား ဘယ်ကိုသွားမှာလဲ"

"ယီကျောင်နန်တို့ အနောက်ဘက်ကိုသွားနေကြပြီ၊ ကျုပ် လိုက်သွားမလို့ပါ"

"ဘာဖြစ်လို့ သူတို့က အနောက်ဘက်ကို သွားတာလဲ"

"ယီကျောင်နန် မိဘကို ဖမ်းသွားတာဟာ ကြယ်တံခွန်ဂိုဏ်း ဆိုတဲ့ သတင်းရလို့"

ပြောပြီးသည်နှင့် ရှိပျောင်း ပြေးထွက်သွား၏။

ဝါယင်လုံမှာ နောက်မှလိုက်သွားမည်ပြုသော်လည်း ချန်မင်မင် က ဆွဲထားသဖြင့် သွားမရဖြစ်သွား၏။

ဝါယင်လုံက ...

"ဘာဖြစ်လို့ တားထားရတာလဲ"

ချန်မင်မင်က ...

"အစ်ကိုကြီးကိစ္စ ရှိသေးတယ်၊ ပြီးတော့ သူတို့စကားက သိပ်မယုံကြည်ရဘူး"

"ဘာဖြစ်လို့ မင်းက ရှိပျောင်းကို မုန်းနေရတာလဲ"

"သူက ယုတ်မာတဲ့အကျင့်ရှိလို့၊ အစ်ကိုလည်း သူနဲ့ တတ် နိုင်ရင် မပေါင်းပါနဲ့"

ဝါယင်လုံ ဘာမှပြန်မပြောတော့ပါ။

ပါးစပ်ပိတ်ထားလိုက်သည်။



ထို့နောက် သူတို့က ဆက်သွားရာ ကျန်စန်းတောင်ခြေရှိ ရွာကလေးဆီသို့ ရောက်ရှိလာခဲ့လေတော့၏။

ဝါယင်လုံနှင့် ချန်မင်မင်မှာ စားသောက်ဆိုင်အပေါ်ထပ်သို့ တက်လာခဲ့၏။

ဆိုင်လုလင်ကလေးက မှတ်မိနေသဖြင့် ဆီးကြိုနှုတ်ဆက်လိုက် သည်။

ဝါယင်လုံက ...

"ငါသွားပြီးတဲ့နောက် ငါတို့ကို လာမေးတဲ့သူများ ရှိသလား"

ဆိုင်လုလင်လေးက ...

"ရှိတယ်၊ တိုးတိုးပြော ... ဟိုးအစွန်ပိုင်းက မိန်းကလေး သုံးယောက်ပဲ"

ဟု သတိပေးလိုက်၏။

ဝါယင်လုံတို့က အကဲခတ်ကြည့်လိုက်၏။

မိန်းကလေးသုံးဦးမှာ လှပချောမောသော်လည်း သိုင်းသမား များ ဖြစ်ကြောင်း သတိထားမိလိုက်၏။ သိုင်းသမားဖြစ်ကြောင်း သိသာပုံမှာ စားကိုယ်စီ သိုင်းလွယ်ထား၍ဖြစ်ပါသည်။

သူတို့အပြင် အခြားသိုင်းသမားများ မရှိကြောင်းလည်း အကဲ ခတ်မိလိုက်သည်။

မိန်းကလေးသုံးဦးမှာ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင် အရောင်တစ်မျိုးစီ ဝတ်ဆင်ထားကြသည်။

ခါးစည်းကြိုး၌ လိပ်ပြာတစ်ကောင်ပုံ ချိတ်ဆွဲထားကြ၏။

ဆိုင်လုလင်ကလေးက လေသံဖြင့် ဆက်ပြောလိုက်၏။

"သူတို့က သခင်လေး ပုံသဏ္ဍာန်ကိုပြောပြပြီး ကျွန်တော့်ကို လာစုံစမ်းတယ်၊ ဘာကိစ္စလဲဆိုတာတော့ မမေးရဲလို့ ကျွန်တော် မမေးမိဘူး"

ချန်မင်မင်က ...

"ဒီတစ်ခါတော့ ရီပျောင်းပြောတာ မှန်ပြီထင်တယ်၊ သူတို့ကို ကြည့်ရတာ ရီပျောင်းထက် သိုင်းပညာထက်မြက်ပုံရတယ်"

ဝါယင်လုံက ...

"စားမှာသာ စား၊ တို့အလုပ်က အစ်ကိုကြီးကိုရှာဖို့၊ တခြားကိစ္စ ဝင်မစပ်စုနဲ့၊ အစ်ကို့ ဖေဖေက အလေးအနက် မှာထားတာ တစ်ခုရှိတယ်၊ မစပ်စုနဲ့တဲ့"

ချမ်မင်မင်က ခေါင်းငုံ့ကာ စားသောက်လိုက်လေတော့သည်။

❑ ❑ ❑

ညမှာ လမထွက်သေးသဖြင့် မှောင်မည်းနေ၏။

ညအမှောင်အောက်ဝယ် ဝါယင်လုံနှင့် ချန်မင်မင်တို့မှာ ကျန်စန်းတောင်ခြေ၏ အရှေ့တောင်ဘက်ဆီသို့ ဦးတည်ထွက်လာခဲ့သည်။

အရှေ့ဘက်တစ်ခွင် နေရာအနှံ့ သူတို့ရှာဖွေလိုက်၏။

နောက်ဆုံး ဝါချီတို့ ချိန်းဆိုထားသော နေရာသို့ ရောက်ရှိလာခဲ့လေတော့သည်။

သစ်တောအုပ်အလယ်၌ အတော်အတန် ကျယ်ဝန်းသော မြက်ခင်းပြင်တစ်ခု ရှိ၏။



မြက်ခင်းပေါ်၌ လူနင်းထားသော အရာများ တွေ့လိုက်ရသည်။

သို့သော် တိုက်ခိုက်ထားသည့် ပုံစံမျိုး မဟုတ်ချေ။

ထို့အပြင် လူ ဆယ်ယောက်ခန့်၏ ခြေရာများကိုလည်း တွေ့လိုက်ရ၏။

တောင်ဝှေးရာများလည်း တွေ့ရ၏။

လူများကိုမူ မတွေ့ပါ။

ဝါချီသည် ထောင်ချောက်၌ မိသွားပြီလောဟုလည်း သံသယဝင်လာ၏။

သို့သော် စေ့စပ်သေချာသူ ဖြစ်၏။

ထို့ကြောင့် ထောင်ချောက်မမိနိုင်ဟုလည်း တွေးမိ၏။

ထိုစဉ် ...

သူ၏မျက်လုံးအစုံက သစ်ပင်ကြီးတစ်ပင်ဆီသို့ စိုက်ကြည့်လိုက်ပြီး အော်လိုက်လေ၏။

"ဘယ်က မိတ်ဆွေလဲ၊ ထွက်လာခဲ့ပါ"

ချန်မင်မင်က ပထမ ကြောင်သွားပြီးမှ ဝါယင်လုံ ကြည့်ရာ သစ်ပင်ကို လိုက်ကြည့်သည်။

"သခင်လေး မဆိုးဘူး"

အသံနှင့်အတူ သစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်လာ၏။

ဝါယင်လုံက ...

"နောက်နှစ်ယောက် ကျန်ပါသေးတယ်"

သူ့စကားအဆုံး၌ တခစ်ခစ်ရယ်မောသံနှင့်အတူ သစ်ပင်ပေါ်မှ မိန်းကလေးနှစ်ယောက် ခုန်ချလာသည်။

"သခင်လေးရဲ့ နားနဲ့ မျက်စိက အတော်လျင်တာပဲ"

စုစုပေါင်း မိန်းကလေး သုံးယောက်ဖြစ်၏။

အစိမ်းရောင်၊ အနီရောင်၊ အဝါရောင် ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

ချန်မင်မင်က ပြောလိုက်၏။

"ဘယ်သူများလဲမှတ်တယ်၊ ရှင်တို့ကိုး"

မိန်းကလေးသုံးဦးက ဝါယင်လုံရှေ့သို့ ရောက်ရှိလာရပြီး အရိုအသေပေးလိုက်၏။

အဝါရောင် ဝတ်ဆင်ထားသော မိန်းကလေးက ...

"ကျွန်မတို့ ဘယ်သူဘယ်ဝါဆိုတာ သခင်လေး သိပါသလား"

ဝါယင်လုံက အပြေးအလွှား စဉ်းစားလိုက်ပြီးနောက် ...

"ကျုပ် ထင်တာမှားမယ်မထင်ဘူး၊ ခင်ဗျားတို့ဟာ ဖန်စုရိရဲ့ အမျိုးသမီးဂိုဏ်းက မဟုတ်လား"

သူက စဉ်းစဉ်းစားစား ပြောလိုက်လေ၏။

အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက ...

"သခင်လေး ဉာဏ်ထက်မြက်တယ်"

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးက ...

"သခင်လေးက ကျွန်မတို့ဂိုဏ်းကို အောက်လမ်းဂိုဏ်းလို့ ပြောခဲ့တယ် မဟုတ်လား"



ဝါယင်လုံက ပြုံးလိုက်ပြီး ပြန်မေးလိုက်လေ၏။

"ဒါကတော့ ကျားယန်ကို စိတ်ဆိုးပြီး ပြောမိတာပါ၊ မဟုတ်မှန်း ကျုပ်သိပြီးပါပြီ၊ ဒါထက် မင်းတို့ ဂိုဏ်းဖွဲ့စည်းပြီးပြီလား မင်းတို့ ရာထူးတွေကရော ဘာတွေလဲ"

အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက ပြောလေ၏။

"ပြောလို့မဖြစ်ပါဘူး၊ ဂိုဏ်းစည်းကြောင့်ပါ၊ ကျွန်မတို့ကို ခွင့်လွှတ်ပါ၊ ဒါထက် ဒီဘက်က ချန်မင်မင်ဆိုတာလား"

ချန်မင်မင်မှာ ကြောင်သွား၏။ သူမ အံ့သြသွားသည်။

ထိုမိန်းကလေးများသည် သူ၏အမည်ကို မည်သို့ သိရှိနေပါသနည်း။

ချန်မင်မင်က ...

"ကျွန်မနာမည် ရှင်တို့ ဘယ်လိုသိသလဲ၊ ကျွန်မ အံ့သြ ..."

အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက ဖြတ်၍ပြောသည်။

"ဝါယင်လုံနဲ့ ပတ်သက်တဲ့ ကိစ္စမှန်သမျှ ကျွန်မတို့သိထားပါတယ်"

ဝါယင်လုံက လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"ငါ့ကို အခုလို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်၊ အခုလာတာ ဘာကိစ္စများပါလိမ့်"

အဝဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက စက္ကူလိပ်တစ်ခုကို ဆွဲထုတ်လိုက်ပြီး ...

"ဒီစာကိုသာ ဖတ်ကြည့်ပါ"

ပြောရင်း ဝါယင်လုံအား လှမ်းပေးလိုက်၏။

ထို့နောက် ချက်ချင်းပင် ထွက်ခွာသွားကြလေတော့သည်။

ဝါယင်လုံမှာ သူတို့သုံးယောက် ပျောက်ကွယ်သွားသည်အထိ ကြည့်နေပြီးမှ စက္ကူလိပ်ကို ဖြေလိုက်၏။

ချန်မင်မင်က ...

"ဘာများရေးထားသလဲမသိဘူး၊ အစ်ကိုကြီး သတင်းများ လား"

ဝါယင်လုံက စက္ကူလိပ်ကို ဖြန့်ပြီး ဖတ်ကြည့်လိုက်လေ၏။

စာစဉ် (၃) ပြီး၏

တက္ကသိုလ် နေလင်းအောင်

တက္ကသိုလ်နေလင်းအောင်

# ချင်းစကြာကျင်သရုပ္ပလက်လှမ်းမမီသူ

စာစဉ် (၄)

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၅၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၆၀၉၀၈
၂၀၀၉ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း။
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## အခန်း(၃၉)

## အမှောင်ထဲက အသံရှင်၊ အလင်းထဲက၊ လူနှစ်ယောက်

အမျိုးသမီးဂိုဏ်းမှ စာတစ်စောင် ဝါယင်လုံတို့ ဖတ်ရှုရ၏။

ယင်းစာသည် ဝါယင်လုံနှင့် ချန်မင်မင်တို့ကို လွန်စွာ စိတ်ဝင်စားစေခဲ့သော စာတစ်စောင်ဖြစ်သည်။

ထိုစာထဲတွင် ဝါချီအားကယ်တင်ပြီး ကျင်လင်မြို့တွင် ကောင်းကောင်းမွန်မွန် ထားရှိကြောင်းပါသည်။

ဝါယင်လုံ၏ အစ်ကိုမှာ အန္တရာယ်မှ လွတ်မြောက်ခဲ့ရပြီဖြစ်သည်။

အမျိုးသမီးဂိုဏ်းကို ကျေးဇူးတင်ရပေတော့မည်။

ချန်မင်မင်သည် ဝါယင်လုံအား အမျိုးသမီးဂိုဏ်းကို ကျေးဇူးတင်နေကြောင်း သိလျှင် ...

"အစ်ကို... ရှင်အဆိပ်မိထားတာ အဆိပ်မပြေသေးဘူး မဟုတ်လား"

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"အဆိပ်မပြေသေးတော့ သူများနဲ့တိုက်ခိုက်ဖို့ မဖြစ်သေးဘူးပေါ့၊ ပြီးတော့ အမျိုးသမီးဂိုဏ်းရဲ့ စကားဟာ ယုံရပါ့မလား၊ သူတို့က မိတ်ဆွေပုံစံဆက်ဆံပြီးမှ ညီမလေးတို့ ယုံကြည်စိတ်ချတဲ့အခါမှ လုပ်ကြံလာရင် အခက်ကြုံတွေ့ရလိမ့်မယ်"

ဝါယင်လု ပြုံးလိုက်သည်။

ချန်မင်မင်မှာ သံသယများလှ၏။

"အစ်ကို သတိထားပါ့မယ်"

ချန်မင်မင်သည် သူ့အား စိုးရိမ်စွာ ကြည့်နေသည်။

သူတစ်ဖွတ်ထိုးလုပ်မိမည်၊ အမှားအယွင်းလုပ်မိမည်ကို စိုးရိမ်ပြီး အစ်မကြီးတစ်ယောက်သဖွယ် လမ်းညွှန်ချက်များ ပေးသည်။ တကယ်တော့ သူမသည် ဆယ့်ခြောက်နှစ်ကျော်ကျော် ဆယ့်ခုနစ်နှစ်မျှသာ ရှိသေးသည်။

သူမက အကျိုးအကြောင်း ရှင်းပြသည်။

ဝါယင်လုံ သူမအား ငေးကြည့်နေသည်ကိုတော့ အတန်ကြာအောင် သတိမပြုမိခဲ့ချေ။

"အစ်ကိုကြီးကို ကယ်တင်ရမယ်"

ဝါယင်လုံ၏စကားကို ချန်မင်မင် ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်တယ် ... ကယ်တင်ရမယ်"

ဝါယင်လုံ သူမကိုစိုက်ကြည့်ရင်း ...

"ညီမ သိပ်ချောတာပဲနော်"



ရုတ်တရက် အဆက်အစပ်မရှိ ပြောလိုက်ရာ ချန်မင်မင် မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရတော့သည်။

ဝါယင်လုံ၏ ပါးစပ်ကို လက်ဖဝါးဖြင့် ပိတ်ရင်း ...

"ဒီလိုမပြောပါနဲ့ရှင်"

သူမ၏လေသံ နူးညံ့ပျော့ပျောင်းနေသည်။

တောင်းပန်တိုးလျှိုးမှုပါသလို တစ်ဖက်သားကို သိမ်းသွင်းရန် ညှို့ငင်သည့် သဘောလည်း ပါသည်။

ချန်မင်မင်သည် ဝါယင်လုံ၏ မျက်လုံးများနှင့် ရင်မဆိုင်ဝံ့တော့သည့် အလား မျက်လွှာချလိုက်ပြီး ...

"အစ်ကိုကြီး ... ဘယ်ရောက်နေသလဲမသိဘူး၊ သူ့ကို ရှာရခက်လိုက်တာ"

ဟု တီးတိုးညည်းလိုက်သည်။

သူမသည် အခြေအနေကို လမ်းညွှန်လိုက်ခြင်းသာ ဖြစ်ပါ၏။

ဝါယင်လုံသည် ချန်မင်မင်အနေကျုံ့မည်ကို မလိုလားသဖြင့် အကြည့်ကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် ပခုံးချင်းယှဉ်၍ ထွက်လာခဲ့ကြလေသည်။

ည ...။

ဝန်းကျင်တွင် ကြယ်ကလေးများ၏ မှိတ်တုတ်မှိတ်တုတ် အလင်းရောင်သာ ရှိသည်ဟုဆိုရပေမည်။

ဝါယင်လုံနှင့် ချန်မင်မင်တို့ အတော်ကလေးကြာအောင် စကား မပြောဖြစ်ကြချေ။

အတန်ကြာမှ ဝါယင်လုံ စတင်၍ တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်၏။

"အမျိုးသမီးတွေ ထွက်လာတာ အကြောင်းရှိရမယ်၊ အစ်ကိုကြီး သွားတာကြာပြီ၊ အန္တရာယ် ဘယ်လိုရှိတယ်ဆိုတာ မသိဘူး၊ စဉ်းစားရခက်တယ်"

ချန်မင်မင်က ...

"အမျိုးသမီးသုံးယောက်ဟာ အစ်ကိုကြီး ဘယ်မှာရှိတယ်ဆိုတာ တိတိကျကျတော့ ပြောနိုင်မှာ မဟုတ်ဘူလထင်တယ်"

ဝါယင်လုံက အနည်းငယ်စဉ်းစားပြီး ...

"အမျိုးသမီးဂိုဏ်းချုပ်ဟာ အစ်ကို့ဖခင်နဲ့ ခင်မင်ရင်းနှီးတယ် ဘာဖြစ်လို့ ရိပျောင်းကို တိုက်ခိုက်ချင်သလဲ"

"ရိပျောင်း ပြောစကား ယုံရပါ့မလား၊ သူ့စကားကို အမှန်ယူဆလို့ ရနိုင်ပါ့မလား"

"ညီမပြောတာလည်း ဖြစ်နိုင်တာပဲ၊ အမျိုးသမီးဂိုဏ်းကတော့ အကြောင်းတစ်ခုခုရှိလို့ ထွက်လာကြတာ ဖြစ်နိုင်တယ်"

ချန်မင်မင်သည် လူတစ်ယောက်ကို သတိရလာဟန်ဖြင့် ...

"အစ်ကို ... ဖန်စုရိတို့ ဆရာတပည့် ပြောတဲ့လျှက ... "

သူမ၏စကားမဆုံးမီ ဝါယင်လုံက ကြားဖြတ်ပြောလိုက်လေသည်။

"သူတို့က ယင်ယင်ကို ပြောတာပါ၊ သူက အခု ယောဂီဝတ်ထားပြီလေ၊ 'မုန်းယောဂီ' လို့ ခေါ်ကြတယ်"



ချန်မင်မင် သက်ပြင်းချလိုက်သည်။

"အင်း ... ယင်ယင်က လေးစားကြည်ညိုဖို့ကောင်းတဲ့ လူတစ်ယောက်ပါပဲရှင်၊ တကယ့် မေတ္တာရှင်ပါပဲ"

ဝါယင်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အစ်ကိုက တတ်နိုင်ရင် သူ့ကို ဝါမိသားစု ဂေဟာမှာတောင် ထားလိုက်ချင်ပါရဲ့၊ ဘာကြောင့်လဲဆိုရင် သူဟာ အခုအချိန်အထိ ကျုပ်အဖေအပေါ် မေတ္တာသက်ဝင်နေတုန်းပဲလို့ ထင်မိတယ်၊ ဆံဖြူသွားကျိုးတဲ့ မေတ္တာမျိုးဟာ တုနှိုင်းမရတဲ့ မေတ္တာမျိုးပါ"

ချန်မင်မင်၏မျက်နှာ နီရဲသွားသည်။

ခေါင်းငုံ့ကာ လေသံတိုးတိုးဖြင့် ...

"ကျွန်မတို့လည်း သူ့ကို လိုက်ရှာဦးမှ ထင်တယ်"

"ရှာရမှာပေါ့၊ ကျုပ် သူ့ကို သိပ်တွေ့ချင်တယ်"

သူတို့၏စကားသည် ကျယ်လောင်သည်ဟု မဆိုသာသော်လည်း တိတ်ဆိတ်နေသော ညတွင် ပီပီပြင်ပြင် ကြားနိုင်ပါ၏။

ည၏လေပြည်လေညင်းကလေး မွှေးယမ်းတိုက်ခတ်လာသည်။

ညမှောင်မိုက်နေသော်လည်း ဝါယင်လုံနှင့် ချန်မင်မင်တို့အဖို့ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ဖြစ်နေသည်။

သူတို့၏ ပြောစကားအဆုံးတွင် သက်ပြင်းချသံ ကြားလိုက်ရသည်။

ချန်မင်မင် သက်ပြင်းချခြင်း မဟုတ်ပါ။

ဝါယင်လုံက သက်ပြင်းချလိုက်ခြင်းလည်း မဟုတ်ပါ။

သူတို့၏ ပတ်ဝန်းကျင်ရှိ အမှောင်ထုအတွင်းမှ သက်ပြင်းချသံ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

ဝါယင်လုံ ခေါင်းနားပန်းကြီးသွား၏။

ချန်မင်မင်က သူ့အား မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသည်။

ဝါယင်လုံက သက်ပြင်းချသံထွက်ပေါ်လာရာဘက်သို့ မျက်နှာမူလိုက်ပြီးလျှင် ...

"ဘယ်သူလဲ ... ထွက်လာကဲ့ပါဗျာ၊ ကျေးဇူးပြုပြီး ထွက်လာခဲ့ပါလို့ တောင်းပန်ပါတယ်"

ဝါယင်လုံက ဖိတ်ခေါ်လိုက်လေ၏။

သူ၏စကားသည် အနည်းငယ် ကျယ်လောင်နေသည်။

ပတ်ဝန်းကျင်ရှိ လူတိုင်း ကြားနိုင်လောက်သည်။

ချန်မင်မင်က အသင့်အနေအထား ပြင်ထားသည်။ သူမသည် သိုင်းကွက်ခင်းထားသည်။ အချိန်မရွေး ခုခံနိုင်သည်။

ရန်သူသည် အချိန်မရွေး ထွက်ပေါ်လာနိုင်ကြောင်း ကောင်းစွာ နားလည်ထားသည်။

ဝါယင်လုံက ...

"ဘယ်သူလဲ ... ထွက်လာခဲ့ပါဗျာ"

ထပ်မံဖိတ်ခေါ်လိုက်သည်။

ဒုတိယအကြိမ် ထပ်မံဖိတ်ခေါ်ပြီးလျှင် သူတို့၏ နောက်ကျောဘက်မှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။



"ငါက မင်းတို့ကို အနှောင့်အယှက်မပေးပါဘူး၊ မစိုးရိမ်ကြပါနဲ့"

စကားသံသည် ညင်သာပျော့ပျောင်းသည်။

ပြောသည့်အတိုင်း ရန်လိုသည့် အရိပ်အယောင် မပါချေ။

ဝါယင်လုံ အသံကြားရာဘက်သို့ လှည့်ကြည့်မိသည်။

သက်ပြင်းချသံမှာအရှေ့ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

သို့သော် စကားသံမှာမူ နောက်ကျောဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

သူတို့ပတ်ဝန်းကျင်သို့ လူတစ်ယောက် ရောက်နေသည်လား၊ ရှေ့နောက် နှစ်ယောက် ရောက်နေသည်လား မခန့်မှန်းတတ်တော့ချေ။

ဝါယင်လုံ နောက်ဘက်သို့ ချာခနဲလှည့်ပြီး မေးလိုက်၏။

"ခင်ဗျားက ဘယ်သူလဲ"

သူတို့အဖို့ မည်သူနားထောင်နေသည်ကို သိလိုသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ...

"မင်းတို့ လိုက်ရှာချင်တဲ့လူပေါ့"

ယခုတစ်ကြိမ် စကားသံမှာ တစ်ဖက်မှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

ဝါယင်လုံ အလိုလို ဝဲဘက်သို့ မျက်နှာလှည့်ပြီးသား ဖြစ်သွားတော့သည်။

စကားသံသည် အရှေ့အနောက် ဝဲယာမှ ထွက်ပေါ်လာနေခြင်း ဖြစ်သည်။

အသံရှင်သည် တည်နေရာ မခန့်မှန်းမိနိုင်စေရန် နေရာအမျိုးမျိုးပြောင်းကာ ပြောနေခြင်းဖြစ်ကြောင်း ထင်ရှား၏။

သက်ပြင်းချသူနှင့် စကားပြောသူမှာ တစ်ယောက်တည်းသာဖြစ်ကြောင်း ဝါယင်လုံ နားလည်တော့သည်။

ဝါယင်လုံက အမှောင်ထဲသို့ ယောင်ယမ်းမှန်းဆရင်း ...

"ကျေးဇူးပြုပြီး ထွက်လာခဲ့ပါခင်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားကို တွေ့ပါရစေခင်ဗျာ"

ယဉ်ကျေးသိမ်မွေ့စွာ ဖိတ်ခေါ်သော်လည်း အသံရှင်က ငြင်းချက်ထုတ်လိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်ကို မင်းတို့တွေ့လို့အပိုပါပဲ၊ ကျုပ်က လူသိမခံချင်တဲ့ လူတစ်ယောက် မှတ်ထားရင် လုံလောက်ပါပြီ၊ လူ့လောကအပြင်ဘက်က လူတစ်ယောက်ကို မင်းတို့ မတွေ့ချင်ပါနဲ့"

ဝါယင်လုံ အသာငြိမ်ကာ စဉ်းစားလိုက်သည်။

သူ၏ဦးခေါင်းထဲတွင် အလင်းရောင်တစ်ချက် ဝင်းလက်သွားသည်။

ချက်ချင်းပင် ဝမ်းသာအားရ မေးလိုက်လေသည်။

"ကြီးတော်က ယင်ယင် မဟုတ်လားခင်ဗျာ"

အမှောင်ထဲမှ အသံ တိတ်ဆိတ်နေသည်။

ဝါယင်လုံ ထပ်မေးရန် ဟန်ပြင်၏။

ထိုစဉ် အမှောင်ထဲက အသံထွက်ပေါ်လာသည်။



"ဟုတ်တယ် ... ကျုပ်က ယင်ယင်ပဲ၊ အခုတော့ မှန်းယောဂီဖြစ်နေပြီ၊ မင်းတို့ကို ကျုပ်မညာချင်တော့ပါဘူး"

ထိုစကားကြားလျှင် ချန်မင်မင် လွန်စွာ ဝမ်းသာသွားလေတော့သည်။

"ဝမ်းသာလိုက်တာရှင်၊ ကျွန်မတို့ကို တွေ့ခွင့်ပြုပါလား"

မှန်းယောဂီက သူတို့နှစ်ယောက်အား လက်ခံတွေ့ဆုံလိမ့်မည်ဟု သူမ ယုံကြည်ထားသည်။

သို့သော် သူမ ထင်သလို ဖြစ်မလာပါချေ။

မှန်းယောဂီက ငြင်းပယ်လိုက်လေသည်။

"ကျုပ်ကို တွေ့လို့လည်း ဘာအကြောင်းထူးမှာလဲ၊ ကျုပ်က ယောဂီဖြစ်နေပြီ၊ မင်းတို့ လုပ်စရာရှိတာ ဆက်လုပ်ကြပါ၊ ကျုပ်အတွက်တော့ တန်ဖိုးရှိတဲ့အချိန်တွေ မဖြုန်းစေချင်ဘူး"

ချန်မင်မင် ပြုံးလိုက်သည်။

မှန်းယောဂီ၏အသံ ထွက်ပေါ်လာရာဘက်သို့ မျက်နှာမူရင်း

"ကျွန်မ နားလည်ပါတယ်၊ ကြီးတော်ဟာ ကျွန်မတို့ကိုယ်စား လုပ်ပြီးလောက်ပြီဆိုတာ တွေးမိတယ်၊ ဒါကြောင့်လည်း ကြီးတော်ကို တွေ့ချင်တာပါ"

အမှောင်ထဲမှ အသံထွက်ပေါ်လာ၏။

ယခုတစ်ကြိမ် အနောက်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ရယ်သံက ဦးစွာ ထွက်ပေါ်လာသည်။

"ဟင်း ... ဟင်း ... မိန်းကလေးက စကားတော်တော်တတ်တာပဲ၊ နာမည် ဘယ်လိုခေါ်သလဲ"

ချန်မင်မင်က ရည်မွန်စွာ ဖြေလိုက်၏။

"ကျွန်မနာမည် ချန်မင်မင်တို့ ခေါ်ပါတယ်ရှင်"

"ကောင်းပြီလေ ... ကျုပ် မှတ်ထားပါ့မယ်၊ နောက် တွေ့ကြ သေးတာပေါ့"

ချန်မင်မင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ... အခုတွေ့ချင်ပါရစေရှင်"

ချန်မင်မင်ကို ဝါယင်လုံက ဟန့်တားရန်ကြံရွယ်မိလိုက်သည်။

သို့သော် မဟန့်တားဖြစ်ခဲ့ချေ။

ချန်မင်မင်က ဆက်ပြောသည်။

"ကျွန်မတို့ကို ကြီးတော် ဘာကြောင့် မတွေ့ချင်ရတာလဲ၊ ပြောပါဦးရှင်"

"ပြောစရာမလိုဘူးရှင်၊ ကျုပ် ပြောပြီးပြီပဲ"

"ကြီးတော်ပြောတာ အဓိပ္ပာယ်မှမရှိတာ"

"အဓိပ္ပာယ် ရှိတာ မရှိတာ အပထား၊ ကျုပ်ကိုတွေ့လို့ အကျိုးမှမရှိတာ၊ ဘာကြောင့် တွေ့ချင်တာလဲ၊ ကျုပ်ကတော့ ထွက်တွေ့မှာ မဟုတ်ဘူး"

စကားသံသည် ရှေ့နောက် ဗဲယာ လေးဘက်လေးတန်မှ ထွက်ပေါ်နေခြင်းဖြစ်ရာ ပြေး၍ သွားတွေ့မည့်အကြံကို ချန်မင်မင် နှင့် ဝါယင်လုံတို့ နှစ်ယောက်စလုံး လက်လျှော့ထားလိုက်ကြ၏။

ချန်မင်မင်က ပျော့ပျောင်းသော လေသံဖြင့် ...

"ကျွန်မတို့ လူချင်းတွေ့ခွင့်မရရင်တောင် အခုလို ခဏခဏ တွေ့ဖို့ ခွင့်ပြုပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်"



ဝါယင်လုံသည် စကားတစ်လုံးမျှမပြောဘဲ ကြားနေရသော အသံကိုသာ နားစိုက်ထောင်နေသည်။

မုန်းယောဂီ၏ ကိုယ်ဖျောက်ပညာကို လွန်စွာ အံ့သြနေမိသည်။

မုန်းယောဂီရှိနေသည့် နေရာကို မည်သို့မျှ မှန်းဆမရနိုင်ချေ။

ဝါယင်လုံက သက်ပြင်းချကာ ...

"ကျွန်တော်တို့လည်း ကြီးတော်ကို မလိမ်ညာချင်တော့ဘူး၊ ကြီးတော် ဖန်စုရီတို့ စကားပြောတာ ကြားခဲ့ပါတယ်၊ ကျွန်တော် နားထောင်ရင်း မျက်ရည်ကျခဲ့ရပါတယ်၊ ကြားတော်ဟာ ခုထိ သံယောဇဉ် မပြတ်နိုင်သေးတာကို သိလို့ တော်တော့်ကို စိတ်မကောင်း ဖြစ်မိပါတယ်ဗျာ"

မုန်းယောဂီ ရယ်မောလိုက်သည်။

သူမ၏ ရယ်မောသံသည် အက်ကွဲနေ၏။

ဝမ်းနည်းကြေကွဲစွာ ရယ်မောလိုက်ခြင်းပင်တည်း။

"ဟင်း ... ဟင်း ... မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ခံစားတတ် ပါလား၊ နှလုံးသား အင်မတန် နုနယ်တာကိုး၊ နုနယ်လွန်းရင်လည်း မကောင်းဘူးလေ"

ဝါယင်လုံက ...

"ကျွန်တော့်နာမည် ဝါယင်လုံလို့ ခေါ်ပါတယ်၊ ကြီးတော်ကို ခေါ်ခေါ်လို့ခေါ်ခွင့်ပြုပါဗျာ"

သူသည် လိုက်လိုက်လှဲလှဲ ပြောလိုက်မိသည်။

မုန်းယောဂီ၏အသံ ထွက်ပေါ်လာသည်။

"တကယ်လို့များ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကဆိုရင် မင်း ခေါ်တာ ငါလက်ခံချင် လက်ခံလိမ့်မယ်၊ အမေလို့တောင် ခေါ်စေချင် ဦးမှာကွယ့်၊ အခုတော့ အချိန်နှောင်းသွားပါပြီ"

"ဘာပဲဖြစ်ဖြစ် ဒေါ်ဒေါ်လို့တော့ ခေါ်ခွင့်ပြုပါခင်ဗျာ"

ဝါယင်လုံ မရမနေပြောသည်။

ထိုအချိန်တွင် ချန်မင်မင်က ကြိတ်၍ တွေးလိုက်၏။

"ဟုတ်ပြီ ... သူတို့ စကားပြောနေတာကို အခွင့်ကောင်းယူပြီး မုန်းယောဂီကို ရအောင်လိုက်ရှာရမယ်"

ထို့နောက် အသာကိုယ်ဖျောက်ကာ မုန်းယောဂီအား လိုက်လံရှာ ဖွေ့ပိုက်သည်။ သူမ၏ ကိုယ်ဖျောက်ပညာမှာလည်း တစ်ဖက်ကမ်းခတ် ကောင်းမွန်လှသည် မဟုတ်ပါလား။

ဝါယင်လုံမှာ စကားကောင်းနေသဖြင့် ချန်မင်မင်၏ အကြံကို မသိလိုက်ချေ။

ဝါယင်လုံက မရှင်းသည်ကို မေးလိုက်သည်။

"ဒေါ်ဒေါ် ယောဂီဆိုတာ ဘယ်လိုသဘောလဲဟင်၊ ဘာကြောင့် ယောဂီဝတ်လိုက်တာလဲ"

"ယောဂီဆိုတာ ပုထုဇဉ်တစ်မျိုးပဲပေါ့၊ သံယောဇဉ်ဖြတ်နိုင် ပြီဆိုရင် သီလရှင်ဝတ်လိုက်တော့မှာပေါ့"

ဝါယင်လုံ သက်ပြင်းချကာ ...

"အင်း ... ကျွန်တော် ဒေါ်ဒေါ်နဲ့တွေ့ချင်တာ စိတ်ရင်းအမှန်ပါ ဗျာ၊ ကျွန်တော့်ကို နားလည်ပေးပါ"



"အေး ... ကျုပ်လည်း တစ်ချိန်က မေတ္တာ စေတနာ လူတိုင်း အပေါ် ထားနိုင်ခဲ့တဲ့ လူတစ်ယောက်ပဲ၊ ဒါပေမယ့် မေတ္တာ စေတနာ တွေဟာ ကိုယ့်ကိုပြန်ပြီး ဒုက္ခပေးသလိုဖြစ်နေတယ်၊ မင်းကော ဘာထူးသလဲ၊ မင်းလည်း ငါ့လိုအဖြစ်မျိုး ကြုံတွေ့နေရပြီထင်တယ်"

ဝါယင်လုံ ပြုံးလိုက်သည်။

"ကျွန်တော်ကတော့ ဘယ်သူ့အပေါ်မှ မေတ္တာမပျက်မိဖို့ သတိထားပါတယ်၊ ကျွန်တော့်ရဲ့ ကံတရားအတိုင်းပဲပေါ့ မဟုတ်ဘူး လား"

"ဒီလိုဆိုရင် မင်း မှားသွားမယ်"

"ဗျာ ..."

"မင်းရန်သူအပေါ် မေတ္တာထားနိုင်လို့လား"

ဝါယင်လုံ ရုတ်တရက် မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွား သည်။

မုန်းယောဂီက ဆက်ပြောသည်။

"မေတ္တာ စေတနာဆိုတာ ဒုက္ခပေးတတ်တဲ့ အမျိုးအစားလို့ မင်း မြဲမြဲမှတ်ထားသင့်တယ်၊ ဒါက ဘဝအတွေ့အကြုံပဲလေ"

ဝါယင်လုံ ပခုံးတွန့်လိုက်သည်။

"ဒေါ်ဒေါ် တိရစ္ဆာန်တွေတောင်မှ ချစ်ချစ်ခင်ခင် ရှိကြတာ တွေ့မြင်နိုင်သေးတာပဲ၊ လူတွေအတွက်တော့ ..."

သူ၏စကားမဆုံးမီ မုန်းယောဂီက ကြားဖြတ်ပြောသည်။

"လူနဲ့ တိရစ္ဆာန် ဘာမှမဆိုင်ဘူး၊ လူကပိုပြီးအသိဉာဏ်ရှိတယ်၊ ပြီး ကြောက်စရာကောင်းတယ်၊ ပိုပြီး မယုံရဘူးကွယ့်"

ဝါယင်လုံ စာဒကတက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် မုန်းယောဂီက စကားအမျှင်မပြတ်ဘဲ ဆက်ပြောသည်။

"လူနဲ့ တိရစ္ဆာန် မတူတာ မင်း ကောင်းကောင်းကြီး နားလည်မှာပါကွယ်"

မုန်းယောဂီက ...

"လူဆိုတာ တစ်ခါတလေမှာ တိရစ္ဆာန်ထက်တောင် ပိုပြီး ရက်စက်ကြမ်းကြုတ်တယ်၊ ကောက်ကျစ်စည်းလဲသေးတယ်ကွယ့်"

"သူမ ထိုသို့ စကားဆိုလာသည်နှင့် ရှေ့မည်သို့ဆက်တော့မည်ကို ဝါယင်လုံ တဖြည်းဖြည်း ရိပ်မိလာသည်။

မုန်းယောဂီ၏ စကားဦးသည် သူ့ဘက်လှည့်လာလေသည်။

"တစ်ချိန်က မင်းအမေဟာ မင်းအဖေကို ချစ်ခဲ့မိတယ်၊ ဒါကြောင့်လည်း အခက်အခဲ ဒုက္ခတွေ တွေ့ခဲ့ရမလို့"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

"ဒေါ်ဒေါ် မဟားပြီ"

"ဟော့ ... ငါဘာမှားတာလဲ"

"ကျွန်တော် မိဘတွေဟာ တစ်ယောက်အပေါ် တစ်ယောက် အင်မတန်ချစ်ခင်ခဲ့ကြတယ်၊ ဒါကြောင့် အခက်အခဲ အန္တရာယ်တွေ့တော့လည်း မှုစရာမလိုတော့ဘူးပါ"

သူတို့နှစ်ယောက်စကားကောင်းနေစဉ် ချန်မင်မင် တစ်ယောက် ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည်ကို သတိမပြုမိလိုက်ကြပါချေ။



ဝါယင်လုံ စကားပြောနေခြင်းမှာ ချန်မင်မင်က ယင်ယင်(ဝါ) ယောဂီမုန်းအား ရှာတွေ့နိုင်ရန် အချိန်ဆွဲထားခြင်း မဟုတ်ချေ။

သူ့စိတ်ထဲက ယင်ယင်နှင့် အကြာကြီး စကားပြောချင်နေ၍သာ ဖြစ်ပါသည်။ ယင်ယင်နှင့် စကားပြောရသည့်အချိန်မှာ အေးခမ်းလှသည်။

ဖြစ်နိုင်လျှင် ယင်ယင်ကို ဝါမိသားစုဂေဟာသို့ လိုက်ခဲ့ရန် အမ်ခေါ်လိုသည်။

သူမအား ခေါ်ယူနိုင်သည်အထိ ကြိုးစားရန် တမင် စကားတွေ့ပတ်ပြောနေခြင်းသာ ဖြစ်၏။

ယင်ယင်၏စိတ်ကို ပျော့ပျောင်းလာစေပြီးမှ လိုက်လိုရာသို့ ဆွဲဆောင်နိုင်မည်ဟု ယူဆထားသည်။

ဝါယင်လုံက ...

"ဒေါ်ဒေါ် ... ဝါမိသားစုဂေဟာကလူတွေက ဘယ်လိုအခက်အခဲ ပြဿနာမျိုးကိုမဆို ရင်ဆိုင်ကြုံတွေ့လာတဲ့အခါ ဖွဲ့ရှိရှိ ရင်ဆိုင်တတ်ကြပါတယ်"

သူက ဆက်ပြောသည်။

"မိသားစု အင်မတန် စည်းလုံးညီညာပြီး သာမန်အချိန်တွေမှာ အင်မတန် ပျော်စရာကောင်းတယ်၊ ချစ်ချစ်ခင်ခင် သိုက်သိုက်ဝန်းဝန်းရှိတယ်၊ ကျွန်တော့် သဘောပြောရရင် ဒေါ်ဒေါ်လည်း ဝါမိသားစုဂေဟာကို လိုက်ခဲ့သင့်ပါတယ် ခင်ဗျာ"

ယင်ယင်(ဝါ) ယောဂီမုန်းက ...

"အင်း ... နောက်ဆုံးတော့လည်း မင်းက ကိုယ်လိုချင်တဲ့ စကား မရောက်ရောက်အောင် ပြောနေတာပဲကိုး"

"ကျွန်တော် အမှန်ပြောတာပါ၊ အရင်က ဒီကိစ္စတွေ မသိခဲ့ပါဘူး၊ ဝါမိသားစုဟာ ဒေါ်ဒေါ်အပေါ် စိမ်းစိမ်းကားကား ပစ်ထားခဲ့သလို ရှိနေခဲ့တာ ကျွန်တော် စိတ်မကောင်းပါဘူးခင်ဗျာ"

အမှန်တော့ သူ၏ဖခင်က ယင်ယင်၏သတင်း လိုက်မစုံစမ်းဘဲ စိမ်းကားစွာ ပစ်ထားခဲ့သည်ဆိုခြင်းအတွက် တောင်းပန်စကား ဆိုခြင်းဖြစ်သည်။

ဝါယင်လုံ ဆက်ပြောသည်။

"ဝါမိသားစုဟာ ဒေါ်ဒေါ့်ကို ပစ်ထားခဲ့ကြတယ်၊ ဒေါ်ဒေါ်ဟာ အခက်အခဲဒုက္ခတွေကို တစ်ယောက်တည်း ရင်ဆိုင်တယ်၊ သံယောဇဉ်ကို ကြိတ်မှိတ်မျိုသိပ်ပြီး သည်းခံခဲ့တယ်၊ အဖြစ်မှန်ကို သိလာချိန်မှာ ကျွန်တော် ဒေါ်ဒေါ့်ကို အလွန်ပဲ လေးစားမိခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို တွေ့ခွင့်ပြုပါခင်ဗျာ"

ယင်ယင် သက်ပြင်းချလိုက်သည်။

"မင်း စကားသိပ်တတ်ပါလား၊ ဟိုကောင်မလေးနဲ့ အတူတူပဲ၊ ကိုယ်လိုချင်တဲ့ စကားကို လူတစ်ဖက်သား နားထောင်လာအောင် ဆွဲဆောင်ပြီး ပြောနိုင်တယ်"

ထိုစကားကြားမှ ဝါယင်လုံသည် ချန်မင်မင်ကို သတိရလာလေသည်။

သတိထားကြည့်သောအခါ ချန်မင်မင်ကို မတွေ့ရတော့ချေ။



ဝါယင်လုံ ငေးငိုင်သွားသည်။

ချန်မင်မင်သည် ထူးခြားပြီး ဉာဏ်ထက်သူဖြစ်ကြောင်း ရိပ်မိသားရာ စိုးရိမ်ပူပန်ခြင်း မဖြစ်မိချေ။

ယင်ယင် ထွက်မသွားမီ ပြောစရာရှိတာ ပြောဖို့ အရေးကြီးသည်ဟု ယူဆပြီး စကားပြောလိုက်သည်။

"ကျွန်တော် စကားကြွယ်တာ မဟုတ်ပါဘူး ခင်ဗျာ၊ မေမေချင်စု ပြောဖူးပါတယ်၊ ကျွန်တော်တို့ ဝါမိသားစုဟာ ဒေါ်ဒေါ့်အပေါ် အများကြီး ရက်စက်ခဲ့ကြတယ်၊ ကျွန်တော် အမှန်ပြောတာပါ၊ မယုံရင် ဘွားဘွားကို မေးကြည့်ပါ၊ ကျွန်တော် ဇဒိမ်ပြောတယ်ဆိုရင် ၁၀ ချက်ရိုက်ပါခင်ဗျာ"

ဝါယင်လုံစကားက ရိုးစင်းလှ၏။

ယင်ယင်က ...

"တော်ပြီ ... တော်ပြီ၊ စကားဆက်ပြောရင် မင်းပြောချင်တာပဲ ပြောနေမှာပဲ"

ဝါယင်လုံက မချိပြုံး ပြုံးလိုက်၏။

"ဒေါ်ဒေါ်ရယ် ... ကျွန်တော်ပြောချင်ရာ ပြောနေတာ မဟုတ်ပါဘူး၊ ဒေါ်ဒေါ် ဘာမှမပြောတော့ ကျွန်တော်က ပြောနေရတာပါ၊ ဒေါ်ဒေါ်နဲ့ စကားပြောရတာဟာ အင်မတန် အေးချမ်းတဲ့ အချိန်ပါပဲခင်ဗျာ"

"ကောင်းပြီ ... ကျုပ်ပြောမယ်၊ မင်းအစ်ကိုကို ရန်သူတွေက သွေးကြောပိတ်ပြီး ဖမ်းသွားကြတယ်၊ ဒါပေမယ့် အမျိုးသမီးဂိုဏ်းက

ပြန်လုနိုင်ခဲ့ကြတယ်၊ ပြီးတော့ ကျင်လင်ကို ပြန်ပို့လိုက်ကြတယ်၊ သူတို့သွေးကြောပိတ်တဲ့ နည်းဟာ ထူးခြားတယ်၊ ကျုပ်တောင် ဖွင့် မပေးနိုင်ဘူး၊ မင်း မြန်မြန်သွားကြည့်ဖို့ ကောင်းတယ်"

သူမက ဝါယင်လုံကို တိုက်တွန်းသည်။

"ဟုတ်ကဲ့ ... ကျွန်တော်လိုက်သွားပါ့မယ်"

"အေး ... မင်းအစ်ကိုကိစ္စကအရေးကြီးတယ်၊ မင်းသွားတွေ့ပါ၊ ပြီးမှ ကျုပ် မင်းကို လာတွေ့ဦးမယ်"

ထိုစကားကြောင့် ယင်ယင် သွားတော့မည်ဖြစ်ကြောင်း သိသာထင်ရှား၏။

ဝါယင်လုံ ကပျာကယာ ဟန့်တားလိုက်လေသည်။

"ဒေါ်ဒေါ် ခဏနေပါဦး"

"မင်း ဘာပြောမလို့လဲ"

"ကျွန်တော် အခုပဲ ဒေါ်ဒေါ်နဲ့ တွေ့ပါရစေလားဗျာ"

"ကျုပ်နဲ့တွေ့လို့ အကျိုးမှမရှိတာ၊ ကြာရင် မင်းအစ်ကိုအတွက် မလွယ်ဘူး"

ထိုသို့ပြောလေလေ ဝါယင်လုံက တွေ့ချင်လာလေလေပင်။

သူ့အစ်ကို အရေးတကြီး အကူအညီလိုမည်မဟုတ်ဟု နားလည်၏။

သူ စိတ်ပူပြီး ထွက်သွားစရန် ပြောခြင်းဟု ထင်မိလေသည်။

ယင်ယင် သက်ပြင်းချကာ ဆက်ပြောသည်။

"ကျုပ်လည်း အချိန်မရှိဘူး၊ မင်းနဲ့ ဆက်ပြီး စကားပြောနေရင်



ကျုပ်စိတ်တွေ တည်ငြိမ်မှာမဟုတ်တော့ဘူး၊ မင်း အစ်ကိုအတွက် အရေးကြီးတယ်ဆိုတာ အမှန်ပဲ၊ လိုအပ်ရင် သူ့ကို အိမ်ပြန်ပို့သင့်ရင် ပို့ရလိမ့်မယ်၊ ကဲ ... တို့ ရေစက်မကုန်သေးရင် ပြန်တွေ့ကြတာပေါ့"

စကားသံဆုံးလျှင် သစ်ရွက်များ လှုပ်ခတ်သွားသော အသံတစ်သံကြားလိုက်ရသည်။

ဝါယင်လုံ ရင်ထိတ်ကာ ...

"ဒေါ်ဒေါ် ခဏနေပါဦး"

ဟု ဟန့်တားလိုက်သည်။

သို့သော် ယင်ယင်၏ စကားသံကို မကြားရတော့ချေ။

ယင်ယင် ထွက်သွားပြီဟုသိလျှင် စိတ်မကောင်းဖြစ်သွားလေတော့သည်။

သူက ယင်ယင်နှင့် စကားပြောလိုသည်မှာ အကြောင်းရှိသည်။

သူ၏ဖခင်တွင် ဇနီးနှစ်ယောက်ရှိပြီး ဝါမိသားစု ဂေဟာတွင် အတူတူနေထိုင်ကြသည်။

ယင်ယင် ရောက်လာသည့်အတွက် ပိုပြီး ထူးခြားလာမည် မဟုတ်ချေ။

ယင်ယင်အား ဝါမိသားစုဂေဟာသို့ ခေါ်သွားလိုသည်။

အနစ်နာခံခဲ့သော ယင်ယင်အတွက် ဝါမိသားစုဂေဟာတွင် နေရာတစ်နေရာ ရှိရမည်ဖြစ်လေသည်။ သူတို့သည် သူတို့၏ အကြွေးများ ကြေစေရန် အတိုးချ၍ ပြုစုကြမည် ဖြစ်ပါသည်။

သူ၏ တွေးတောချက်နှင့် အကြံကို ယင်ယင်ကလည်း ရိပ်မိထားပုံရသည်။

ဝါယင်လုံက ငိုင်နေစဉ်မှာပင် ...

"ဒေါ်ဒေါ် ... ဒေါ်ဒေါ်နဲ့တွေ့ဖို့ သမီး စောင့်နေပါမယ်"

ချန်မင်မင်၏ ကြည်လင်သော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

❋ ❋ ❋



အခန်း(၄၀)

## အစ်ကို့ သတင်းအစန

ချန်မင်မင်၏ ရယ်မောသံလေး ထွက်ပေါ်လာလေ၏။

"ဒေါ်ဒေါ် ... သမီးတို့ကို ဘာကြောင့်မတွေ့ချင်တာလဲဟင်"

ထိုစကားကြားရလျှင် ဝါယင်လုံ လွန်စွာ ဝမ်းသာသွားသည်။ ချန်မင်မင်သည် ယင်ယင်အား ရှာဖွေတွေ့သွားပြီဖြစ်ကြောင်း သူ အတပ်သိလိုက်သောကြောင့် ဖြစ်သည်။

သူတွေးတောနေစဉ် ယင်ယင်၏ စကားသံ ထွက်ပေါ်လာသည်။

"မင်း မဆိုးဘူး၊ ငါ့ကို ဘယ်လိုလုပ်ရှာတွေ့တာလဲ"

"ဒေါ်ဒေါ် အသံပို့လွှင့်နည်းပညာ အင်မတန်ထူးချွန်ပါတယ်၊ ကျွန်မ မရှာနိုင်ပါဘူး၊ အခုလိုတွေ့တာလည်း အင်မတန် ကံကောင်းလို့ တွေ့တာပါရှင်၊ ကဲ ... ကျွန်မတို့ အောက်ဆင်းကြပါစို့လား"

စကားသံဆုံးလျှင် သစ်ရွက်များလှုပ်ရှားသွားသည့် အသံ ဆက်တိုက်ထွက်ပေါ်လာသည်။

ထိုအခါမှ သူတို့နှစ်ယောက်သည် အနီးရှိ သစ်ပင်များမှာ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ရောက်နေကြကြောင်း ဝါယင်လုံ ရိပ်စားမိလေတော့သည်။

ချက်ချင်းပင် သူတို့၏ လှုပ်ရှားသံ ထွက်ပေါ်လာရာဆီသို့ ပြေးသွားလိုက်သည်။

သူထင်သည့်အတိုင်း ယင်ယင်နှင့် ချန်မင်မင်တို့ သစ်ပင်ကြီးတစ်ပင်ပေါ်မှ ရှေ့ဆင့်နောက်ဆင့် ခုန်ဆင်းလာကြသည်ကို တွေ့ရလေ၏။

အောက်သို့ရောက်လျှင် ချန်မင်မင်က ရယ်သံလွင်လွင်ကလေးဖြင့် ...

"ဒေါ်ဒေါ်ဟာ အလွန်အဆင့်မြင့်ပါတယ်၊ တကယ်လို့များ သစ်ရွက်ကလေး တစ်ရွက်ဟာ အောက်ကျမလာဘူးဆိုရင် ကျွန်မလည်း ရှာလို့တွေ့မှာမဟုတ်ပါဘူး"

ယင်ယင်လည်း ရယ်မောလိုက်သည်။

"အေးပေါ့လေ ... မင်းတို့ ကျုပ်ကိုဖမ်းမိတယ်လို့ပဲ ပြောရတော့မှာပေါ့၊ မိန်းကလေးက အင်မတန် ဉာဏ်ကောင်းတာပဲ၊ ကျုပ်ကို ဘယ်လိုဖမ်းရမယ်ဆိုတာ သိတယ်"

ဝါယင်လုံမှာ ယင်ယင်အား လူကိုယ်တိုင် တွေ့ရပြီဖြစ်၍ လွန်စွာဝမ်းသာနေတော့သည်။

ယင်ယင်က ...

"ကဲ ... တွေ့ပြီဆိုတော့ ပြောစရာရှိတာမြန်မြန်ပြော၊ မေးစရာရှိတာ မြန်မြန်မေးကြ"



ဝါယင်လုံက သူတို့အနီးသို့ ချဉ်းကပ်သွားသည်။

ယင်ယင်ရှေ့၌ ဒူးထောက်ထိုင်ချကာ ဦးညွှတ်ရှိခိုးလေ၏။

"ဒေါ်ဒေါ့်ကို ကျွန်တော် ဂါရဝပြုပါတယ် ခင်ဗျာ"

ယင်ယင်က လက်ကာပြလိုက်သည်။ ဖေးမပြီး ထစေသည်။

"မလိုပါဘူးကွယ်၊ ထပါ ... ထပါ"

"ဒေါ်ဒေါ်ခဏလောက်တော့ ထိုင်ပါဦး"

ယင်ယင်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိလိုက်လေသည်။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ညဦးနက်ပြီဖြစ်ရာ လခြမ်းပုံကလေး ထွက်ပေါ်လာသည်။

ဝိုးတဝါးလရောင်နှင့် ကြယ်ရောင်အကြားတွင် အန္တရာယ်ရှိမည်ဟု မထင်မိချေ။

ယင်ယင်လည်း သက်ပြင်းချကာ အေးအေးဆေးဆေး ထိုင်ချလိုက်သည်။

သူမ ထွက်သွားဦးမည်မဟုတ်ကြောင်း သိရလျှင် ဝါယင်လုံ ပျော်ရွှင်သွား၏။

ဝါယင်လုံနှင့် ချန်မင်မင်တို့လည်း ထိုင်ချလိုက်ကြသည်။

လရောင်ကလေးသည် သစ်ပင် သစ်ရွက်များအကြားမှ ထိုးဖောက် ကျဆင်းလာ၏။

ယင်ယင်၏ မျက်နှာပေါ်သို့ ထိုးကျလာသည်။

ထို့ကြောင့် သူမ၏မျက်နှာကို မြင်တွေ့ရလေသည်။

ယင်ယင်သည် အလွန်ရင့်ကျက်တည်ကြည်သော မျက်နှာထား ပိုင်ရှင် ဖြစ်ပြီး ငယ်စဉ်က အလွန်ချောလှမည်ဖြစ်ကြောင်း ဝါယင်လုံ တို့ သိလိုက်ကြ၏။

လှပချောမောပြီး ပိပြားသော နှုတ်ခမ်းရှိသည်။

အလုပ်တစ်ခုကို ဖွဲ့နပဲဖြင့် လုပ်ဆောင်တတ်သူ ဖြစ်ကြောင်း ဖော်ပြရာ ရောက်လေသည်။

ယင်ယင်သည် သူတို့နှစ်ယောက်အားကြည့်ကာ ပြုံးလိုက်သည်။

"မင်းတို့နှစ်ယောက် ငါ့ကို ဘာကြောင့် အတင်းလိုက်ရှာကြ တာလဲ၊ ငါ့မျက်နှာကို မြင်ဖူးကြလို့လား"

ဝါယင်လုံ ရုတ်တရက် အဖြေမပေးနိုင်ချေ။

ယင်ယင်ကိုသာ ငေးမောကြည့်နေကြသည်။

အတန်ကြာမှ ဖြည်းညင်းစွာ ပြောမိသည်။

"ဒေါ်ဒေါ်ဟာ သိပ်ပြီးချောတာပဲနော်"

သူ၏စကားကို ချန်မင်မင်က ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... သိပ်ချောတာပဲနော်"

လရောင်ကလေး ထိုးကျနေရာ ယင်ယင်၏မျက်နှာကို တွေ့ မြင်နေရသည်။

ယင်ယင်သည် လွန်စွာ ချောမောလှပသူဖြစ်ကြောင်း မငြင်း နိုင်ချေ။

ရုပ်ရည် ချောမောလှပသော်လည်း ကံဆိုးရှာသည့် ယင်ယင် အတွက် ဝါယင်လုံ စိတ်မကောင်းဖြစ်နေမိလေတော့၏။



သူတို့နှစ်ယောက်စလုံး ငေးကြည့်နေ၍ ယင်ယင် နေမထိ ထိုင်မသာ ဖြစ်လာသည်။

သက်ပြင်းတစ်ချက် တီးတိုးချရင်း ...

"ငါဟာ ယောဂီဆိုတာ မင်းတို့ မမေ့ကြနဲ့ဦး"

ဝါယင်လုံ ပြုံးကာ ...

"ဘာဆိုင်လို့လဲ ဒေါ်ဒေါ်"

"ဆိုင်တာပေါ့ ... သံယောဇဉ်ဖြတ်ချင်လို့ ယောဂီဝတ်ထားတာ၊ သံယောဇဉ်ကို တကယ်တမ်းဖြတ်နိုင်မယ်ဆိုရင် သီလရှင်ဝတ်လိုက် တော့မယ်"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ဘူး၊ ကျွန်တော်သိတာက ယောဂီဝတ်စုံ ချွတ်လိုက် ရင် ဒေါ်ဒေါ် ပိုပြီးချောမောလှပလာမယ်ဆိုတာပဲ"

သူက ယောဂီဝတ်စုံချွတ်ကာ ဝါဂေဟာသို့ လိုက်လာစေရန် ဖျောင်းဖျနေခြင်းဖြစ်ကြောင်း ယင်ယင် ကောင်းစွာ နားလည်သည်။

ထို့ကြောင့် စိတ်ရှုပ်လာပြီး ...

"မင်းတို့ ဘာမှမသိပါဘူးကွယ်"

ဝါယင်လုံက မသိဟန်ဆောင်ကာ ဆက်ပြောသည်။

"ဒေါ်ဒေါ် ဘာကြောင့် ယောဂီဝတ်ရတာလဲဟင်"

သူသည် ယင်ယင်အား စိတ်ရှုပ်စေရန် လှည့်ပတ်ပြောဆိုပြီးမှ လိုရာဆွဲရန် ကြံရွယ်ထားသည်။

ယင်ယင်၏ စိတ်ထဲမှ ခံစားနေရသော အကြောင်းခြင်းရာ များကို ကောင်းစွာ နားလည်သဘောပေါက်ထားမိသည်။

ယင်ယင် မျက်မှောင်ကြုတ်ကာ ...

"မင်း ဘာကြောင့် ဒီစကားကိုချည်း ထပ်ခါတလဲလဲ မေးနေတာလဲ၊ ငါပြောပြီးပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဒါပေမယ့် အကြောင်းအမှန်ကို မသိရသေးဘူး ထင်လို့ပါ"

ယင်ယင်က သူ့ကိုစိုက်ကြည့်လိုက်သည်။

"မင်း တကယ်မသိဘူးလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား၊ မင်းစကားကို ငါမဝေခွဲတတ်ဘူး"

ဝါယင် ပြုံးလိုက်သည်။

"ကျွန်တော်လည်း သိတယ်လို့ ထင်တာပဲ၊ ဒါပေမယ့် မှားများမှားနေမလား၊ သံသယရှိလို့ပါ"

ယင်ယင် ပခုံးတွန့်လိုက်သည်။

"မှားရင်လည်း မှားမယ်၊ မှန်ရင်လည်း မှန်မယ်၊ လူ့ဘဝအဖြစ်အပျက်ဟာ စိတ်ကူးယဉ် ခန့်မှန်းတာထက် ပိုပြီး ဆန်းကြယ်နေတတ်တယ် မဟုတ်လား"

ဝါယင်လုံ ရယ်မောလိုက်လေ၏။

"ဒါပေမယ့် တစ်ခါတစ်ခါတော့ ခန့်မှန်းချက်ဟာ မှန်တတ်တယ်ဆိုတာ ရှိသေးတယ်မဟုတ်လား"

ယင်ယင် မဲ့ပြုံး ပြုံးလိုက်သည်။

"ဘာမှတွေးမနေနဲ့၊ ငါ သိလရှင်ဝတ်ချင်လို့ ဝတ်တာ၊ ကဲ မင်း ကျေနပ်ပြီလား"



ဝါယင်လုံက ...

"ဒေါ်ဒေါ် ညာတာ ..."

"ဘာ ..."

ယင်ယင်၏အသံ အနည်းငယ် ကျယ်လောင်သွားသည်။

ဝါယင်လုံ စိတ်မကောင်းဖြစ်သွား၏။

သူမ စိတ်ဆိုးသွားပြီဟု ဝါယင်လုံ နားလည်သည်။

ထို့ကြောင့် ကပျာကယာ တောင်းပန်လိုက်ရလေ၏။

"ကျွန်တော် စကားမပြောတတ်တာ ခွင့်လွှတ်ပါ ဒေါ်ဒေါ်၊ စကားပြော လောကြီးသွားပါတယ်၊ တကယ်တော့ ဒေါ်ဒေါ့်ရင်ထဲက ခံစားချက်တွေကို ကျွန်တော်သိနေတယ် ထင်မိလို့ပါခင်ဗျာ"

"မင်း ဒီလိုထင်ရင် မှားမှာပေါ့ကွယ်"

ယင်ယင်၏ အသံ ပျော့ပျောင်းသွားသည်။

ဝါယင်လုံလည်း သွယ်ဝိုက်မနေဘဲ တဲ့တိုးပြောချလိုက်လေတော့သည်။

"မမှားပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် မှန်ပါတယ်၊ တကယ်တော့ မှားနေတဲ့လူဟာ ဒေါ်ဒေါ်ပါ"

ဘာ ... ငါမှားနေတယ်"

ယင်ယင် မျက်နှာမျက်သွားသည်။

ဝါယင်လုံကို မျက်လုံးပြူး၍ ကြည့်သည်။

ဝါယင်လုံက ပြောစရာရှိတာ ဆက်ပြောသည်။

"ဒေါ်ဒေါ့်အပေါ် ကျွန်တော်တို့ ဝါဂေဟာက လူအားလုံး

အမှန်အတိုင်း မြင်ကြ သဘောပေါက်ကြပေမယ့် ဒေါ်ဒေါ်က အမှန်ကို မမြင်နိုင်ခဲ့ဘူး၊ ဒါကြောင့် ဒေါ်ဒေါ်တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရတာပါ”

ယင်ယင် ငိုင်ကျသွားသည်။

စိတ်မကောင်း ဖြစ်သွားပုံရသည်။

ဝါယင်လုံက စကားနိုင်လုကာ ပြောနေသည် ထင်မိ၏။

သို့သော် ဝါယင်လုံ၏ အသံသည် ရင်ထဲမှခံစားချက်အပြည့်ဖြင့် ပြောနေခြင်းဖြစ်ကြောင်း သိသာနိုင်ရာ အံ့သြစရာကောင်းနေ၏။

ဝါယင်လုံက သူမအား အကဲခတ်ကြည့်နေ၏။

အတန်ကြာမှ ယင်ယင်၏ စကားသံ ထွက်ပေါ်လာသည်။

“ပြီးခဲ့တာတွေ ပြီးပါစေတော့ကွယ်၊ ဒေါ်ဒေါ်လည်း အသက်လေးဆယ်ကျော်ပါပြီ၊ တည်ငြိမ်ကျင့်ရက်မှု ရနေပါပြီ၊ တကယ်ဆိုရင် မင်းရဲ့အမေထက်တောင် အသက်ကြီးသေးတယ်ကွယ်”

ဝါယင်လုံက ပြုံးကာ ...

“လေးဆယ်ကျော်ကော ဘာဖြစ်လဲ”

“ဟေ ...”

ယင်ယင် ခေါင်းထောင်လာသည်။

ဝါယင်လုံအား နားမလည်နိုင်စွာ ကြည့်ရင်း ...

“မင်း ဘာကိုဆိုလိုတာလဲ”

“အသက်လေးဆယ်ဆိုတာ ငယ်တဲ့အရွယ် မဟုတ်သလို ကြီးတဲ့အရွယ်လည်း မဟုတ်သေးပါဘူး”



ယင်ယင် ခေါင်းခါယမ်းလိုက်လေ၏။

“မင်း မှားသွားပြန်ပြီ”

ဝါယင်လုံက အားကျမခံ ပြောလေသည်။

“မမှားပါဘူး ဒေါ်ဒေါ်၊ ကျွန်တော့် ဘိုးဘိုး ပိုင်ရှောင်ထင်းရဲ့ စကားတွေသာကြားရင် ကျွန်တော် မမှားဘူးဆိုတာ ဒေါ်ဒေါ်သိလာမှာပါ”

သူ၏စကားကြောင့် ယင်ယင် စိတ်ဝင်စားသွားလေ၏။

“မင်းရဲ့ဘိုးဘိုးက ဘာပြောလို့လဲ၊ အသက်ကြီးတဲ့လူတွေဟာ အတွေ့အကြုံ ကြီးမားကြတယ်”

ဝါယင်လုံက ...

“ဘိုးဘိုးပြောတာလည်း ကြားဖူးတယ်၊ ဟိုတစ်နေ့က စကားတွေလည်း ကြားရတယ်၊ ဒါကြောင့် ကျွန်တော် မမှားဘူးပြောတာပေါ့၊ ဘိုးဘိုးက ပြောတယ်၊ နှစ်ယောက်စလုံးဟာ သိပ်ချစ်ကြတယ်တဲ့”

ယင်ယင်၏မျက်နှာ ရဲခနဲဖြစ်သွားသည်။ ယောဂီဝတ်စုံ၏နောက်ကွယ်၌ တကယ့်အမှန်တရား ရှိနေသေး၏။

ယင်ယင် မသိမသာ ခေါင်းငုံ့ထားလိုက်၏။

ဝါယင်လုံက ဆက်ပြောသည်။

“ဒေါ်ဒေါ်ဟာ ဖေဖေ့ကိုချစ်ပေမယ့် ဂိုဏ်းစည်းကမ်းကိုလည်း ဖောက်ဖျက်ရဲဘူး၊ ဒါကြောင့် ပေးအပ်တဲ့ အပြစ်ဒဏ်ကို ကြိတ်မှိတ်ခံခဲ့တယ်၊ ကျွန်တော်တို့ ဝါမိသားစုရဲ့ အကျိုးကိုလည်း ကာကွယ်ခဲ့တယ်”

ပြောရင်း ယင်ယင်ကို အကဲခတ်ကြည့်လိုက်သည်။

ယင်ယင်မှာ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်သတိရလာနေဟန်ရှိပါသည်။

ယင်ယင်၏မျက်နှာသည် သွေးရောင်လွှမ်းကာ နီသွားလိုက်၊ သွေးဆုတ်သွားသကဲ့သို့ ဖြူစွတ်လိုက်၊ နီလိုက် ဖြူလိုက် တစ်လှည့်စီ ဖြစ်နေသည်။

သူမ၏ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာသည်။

နှလုံးသားထဲတွင် စူးဝင်နေသော ဆူးတစ်ချောင်းကို သူမ မပယ်နုတ်နိုင်ဘဲ ရှိနေပေ၏။

ယင်ယင်ကိုကြည့်ရင်း ဝါယင်လုံနှင့် ချန်မင်မင်တို့ စိတ်မကောင်းဖြစ်လာကြသည်။

အမှန်လည်း သူမသည် ဝါမိသားစုအတွက် အနစ်နာခံခဲ့သလိုဖြစ်ခဲ့ရသည် မဟုတ်လား။

ထိုသို့ အနစ်နာခံခြင်းအတွက် ရရှိသော အကျိုးရလဒ်မှာ သူမတစ်ကိုယ်တည်း သိုင်းလောကတွင် အပေါင်းအဖော်မဲ့ ဖြစ်နေရခြင်းသာတည်း။

သူမသည် ယောဂီတစ်ယောက် ဖြစ်ခဲ့ရချေပြီ။

ယင်ယင်၏ နှုတ်ခမ်းများ တလှုပ်လှုပ် တရွရွ ဖြစ်လာသည်။

မျက်နှာလည်း ငိုမလိုရယ်မလို ဖြစ်လာသည်။

စူးရှအက်ကွဲသော လေသံဖြင့် ...

"တော်တော့ ... ဒီစကားကို မင်းအဘိုးပြောတာ ဟုတ်မှ ဟုတ်ရဲ့လား၊ ငါမယုံဘူး"



ဝါယင်လုံ တည်ကြည်သော မျက်နှာထားဖြင့် ...

"အကယ်ပြောတာပါ ဒေါ်ဒေါ်၊ ကျွန်တော် မလိမ်ပါဘူး"

"မင်းအဘိုးကပဲ ပြောသတဲ့လား"

ဝါယင်လုံ ပြုံးလိုက်သည်။

ယင်ယင်ကို သူ စကားဖြင့် ဆွဲဆောင်နိုင်ပြီဖြစ်ကြောင်းရိပ်မိ ၆သည်။

ဘိုးဘိုးတစ်ယောက်တည်း ပြောတာမဟုတ်ပါဘူး၊ ဝါမိသားစုအားလုံးက ပြောတာပါခင်ဗျာ"

ယင်ယင်၏မျက်နှာ ပျော့ပျောင်းလာသည်။

ငါမယုံဘူး"

သူမသည် လေသံကလေးဖြင့် ပြောလိုက်လေ၏။

ဝါယင်လုံက ...

"ယုံပါခင်ဗျာ၊ ဒေါ်ဒေါ်ဟာ ဖေဖေ့အပေါ် မေတ္တာကြီးမားလှတယ်ဆိုတာ ဝါမိသားစုဝင်တိုင်း သိကြပါတယ်၊ ဒေါ်ဒေါ့်ရဲ့ မေတ္တာတရားကို နားလည်ကြပါတယ်၊ ဒေါ်ဒေါ်ဟာ အနှိပ်စက်ခံခဲ့ရတယ်၊ ရက်စက်မှုတွေ လည်စင်းခံခဲ့ရတယ်၊ အခုတော့ ဒီကိစ္စတွေ ပြီးပါပြီလေ"

ယင်ယင် သက်ပြင်းချကာ ...

"ပြီးရင် ရှေ့ဆက်စရာ ဘာလိုသလဲ၊ ပြီးမှန်းသိလျက်နဲ့ မင်းဘာကြောင့် အစပြန်ဖော်ချင်ရတာလဲ"

"အကြောင်းရှိလို့ပါ"

"ဘာအကြောင်းလဲ"

"ဒေါ်ဒေါ့်ဘက်က ကျွန်တော် မခံနိုင်လို့ပါ"

"ဟေ..."

ယင်ယင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဝါယင်လုံအား မယုံကြည်နိုင်စွာ ကြည့်နေ၏။

"မင်း... မင်း ဘယ်လိုပြောလိုက်တာလဲ"

ဝါယင်လုံက တည်ကြည်သော မျက်နှာထားဖြင့် ...

"အနှစ်နှစ်ခံခဲ့သလောက် အကျိုးမရှိခဲ့တဲ့ ဒေါ်ဒေါ့်အတွက် ကျွန်တော် မခံနိုင်ဘူးလို့ ပြောတာပါ"

ယင်ယင် အသာအယာပြုံးသည်။

"ကျုပ်ကတော့ ဘာမှမဖြစ်တာ၊ မင်းကြားဝင်ပူစရာ မလိုဘူး"

"မဟုတ်သေးဘူး ဒေါ်ဒေါ်၊ အခုအချိန်မှာ ယောဂီဝတ်ပြီး ဘဝကို အရှုံးပေးထားတဲ့ ဒေါ်ဒေါ့်ကို ကျွန်တော်တို့က တစ်လှည့်ပြန်ပြီး ပြုစုယုယဖို့ အချိန်ရောက်လာပါပြီ"

ယင်ယင် ရယ်မောလိုက်သည်။

အတန်ကြာအောင် ရယ်မောနေသဖြင့် ဝါယင်လုံ စိတ်ရှည်လက်ရှည် စောင့်နေရသည်။

ယင်ယင် ရယ်မောပြီးမှ ...

"မင်း ဒီလိုပြောတဲ့အတွက် မင်းအဖေ အပြစ်တင်မှာကို မကြောက်ဘူးလား"



ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေ အပြစ်မတင်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဖေဖေဟာ ဒေါ်ဒေါ့်ကိုပြုစုဖို့ စောင်မျှော်နေရှာပါတယ်"

ယင်ယင် ငိုင်ကျသွားသည်။

ဝါယင်လုံက ဆက်ပြောသည်။

"ဖေဖေဟာ ဒေါ်ဒေါ့်အပေါ် အခုအထိ မေတ္တာကိုစောင့်မျှော်နေတုန်းပါပဲ"

ယင်ယင် မျက်နှာထူပူသွားသည်။

လူငယ်လေးတစ်ယောက်က သူမ၏ မေတ္တာရေးရာကို ပြောဆိုနေသည်။

ပိုဆိုးသည်မှာ ပြောနေသည့် လူရွယ်ကလေးမှာ သူမချစ်သူ၏ သားဖြစ်နေသည် မဟုတ်လား။

ယင်ယင် လက်ကာပြရင်း ...

"တော်ပါပြီကွယ်၊ ပြီးတာတွေ ပြီးပါစေတော့၊ အခုအတိုင်းနေတာက ပိုပြီးကောင်းပါတယ်"

စကားစဖြတ်ရန် ပြောလိုက်ရသည်။

ဝါယင်လုံက မရပ်ဘဲ စောဒကတက်လိုက်လေ၏။

"အဲ့ဒါ ဒေါ်ဒေါ် မှားတာပေါ့"

"မှားလည်းကောင်းတယ်၊ မမှားလည်းကောင်းတယ်၊ တော်ပြီ ဆက်မပြောနဲ့တော့"

ဝါယင်လုံ မည်သို့ ရှေ့ဆက်ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ယင်ယင်က ...

"ကဲ ... မင်းအစ်ကိုအကြောင်း မမေးတော့ဘူးလား"

ဝါယင်လုံက ခေါင်းမာစွာဖြင့် ...

"ဒေါ်ဒေါ်အကြောင်းပြီးမှ သူ့အကြောင်း ပြောမယ်"

သူ၏စကားကို ယင်ယင် မကြားဟန်ဆောင်ရင်း ...

"မင်းအစ်ကိုအကြောင်း မမေးတော့ဘူးလား၊ မမေးရင် ကျုပ်သွားတော့မယ်"

ဝါယင်လုံ သက်ပြင်းချလိုက်လေသည်။

သူ့အစ်ကိုအကြောင်းလည်း စုံစမ်းရဦးမည်ဖြစ်သည်။

သူ့အစ်ကို အန္တရာယ်ကျရောက်နေခြင်း ရှိမရှိသိရန် အရေးကြီးသည်။

သို့သော် ယင်ယင်နှင့် တွေ့တုန်းတွေ့ခိုက် ယင်ယင်၏ရင်ထဲမှ ခံစားချက်များ ရှင်းလင်းသွားစေရန်နှင့် ဝါမိသားစု၏ သဘောထား ကို ရှင်းပြရန် ပို၍အရေးကြီးသည်ဟု ယူဆသည်။

ထို့ကြောင့် ယင်ယင်၏အကြောင်းကိုသာ ဆက်ပြောသင့်သည်ဟု ယူဆ၏။

မည်သို့ဆက်ပြောရမှန်း မသိ၍ အကြံအိုက်နေပေတော့သည်။

ထိုအချိန်တွင် ချန်မင်မင်ကသူ့အားမသိမသာ လက်ခုတ်လိုက်ပြီး တီးတိုးပြောလေ၏။

"အစ်ကိုကြီးအကြောင်း မေးလေ"

ဝါယင်လုံ ငိုင်နေသည်။



ယင်ယင့် စိတ်မရှည်နိုင်တော့သည့်အလား။

"မင်း မမေးတော့ဘူးလား၊ မမေးရင် ကျုပ်သွားတော့မယ်"

သူမ ထွက်သွားမည်ဆိုလျှင် ဟန့်တားရမည်မဟုတ်ကြောင်း ဝါယင်လုံ နားလည်လိုက်လေ၏။

ယင်ယင် ရုတ်ခြည်း ထွက်သွားမည်ကို မလိုလားပါ။

သူ၏အစ်ကိုကြီးအကြောင်း မေးရင်း အချိန်ဆွဲကာ စိတ်ပြောင်းသွားမှ သူပြောလိုရာ ဆက်ပြောရန် ဆုံးဖြတ်လိုက်သည်။

ယင်ယင်ကို တစ်ချက်ကြည့်ပြီး မေးလိုက်လေ၏။

"ဒေါ်ဒေါ် ... ကျွန်တော့်အစ်ကို ဘယ်လိုလုပ်ပြီး သွေးကြောပိတ်ခံရသလဲဆိုတာ ပြောပြပါ"

သူ၏ စကားလမ်းကြောင်း လှည့်သွားပြီဖြစ်၍ ယင်ယင် သက်ပြင်းချနိုင်ခဲ့လေသည်။ သူမ၏ ဘဝဇာတ်ကြောင်းချည်း တဝဲဝဲ တလည်လည် မပြောချင်ပါ။

ဝါယင်လုံ၏ အမေးစကားကို ဖြေလိုက်သည်။

"သူ့ရဲ့ ချိုင်းကြားမှာ သွေးကြောပိတ်ခံရတာ"

"ဒေါ်ဒေါ် ဖွင့်မပေးနိုင်ဘူး ဟုတ်လား"

"ဟုတ်တယ် ... ဒေါ်ဒေါ် အတွေ့အကြုံမရှိလို့ မဖွင့်ပေးနိုင်တာပေါ့"

"ဘယ်လိုထူးခြားနေလို့လဲဟင်"

"ချိုင်းကြားကို လက်တို့ရင် ဘယ်သူမဆို ရယ်မောမိမှာပဲ မဟုတ်လား၊ ယားယံလာပြီး ရယ်မောစေတဲ့၊ သွေးကြောပဲရှိတယ်"

"အဲ့ဒီ ရယ်တဲ့သွေးကြော အပိတ်ခံရတာလား"

"ဟုတ်တယ်"

"ထူးခြားလိုက်တာ"

ချန်မင်မင် အော်မိလေ၏။

ယင်ယင်က သူမကိုလှမ်းကြည့်ပြီး ဆက်ပြောသည်။

"ရယ်တဲ့သွေးကြောဆိုတော့ ထိရင် အတောမသတ်အောင် ရယ်မောနေမှာအမှန်ပဲ"

ဝါယင်လုံ မျက်နှာပျက်သွားသည်။

သူ့အစ်ကိုအတွက် စိတ်ပူလာ၏။

ထို့ကြောင့် အလျင်စလို မေးလိုက်မိလေ၏။

"ဒေါ်ဒေါ်... အစ်ကိုကြီးဟာ သွေးကြောထိပြီးတဲ့နောက် တစ်ချိန်လုံး ရယ်မောနေတာပဲလား"

ရယ်စရာသည် တစ်ခါတစ်ရံ ဝေဒနာဖြစ်တတ်ပါသည်။

ယင်ယင် ခေါင်းခါယမ်းလိုက်သည်။

"သူကံကောင်းတယ်၊ လုံးဝမရယ်ဘဲ မူးမေ့ပြီး လဲသွားတယ်၊ သတိလည်းလစ်သွားတယ်"

ဝါယင်လုံ မျက်မှောင်ကြုတ်သွားသည်။

"မူးမေ့လဲတာ သွေးကြောနဲ့ မဆိုင်ဘူးထင်တယ်၊ ထိခိုက်ဒဏ်ရာ ရသွားလို့လား၊ ဒါမှမဟုတ် အဆိပ်များမိသွားသလား"

"ကျုပ် သေသေချာချာ စမ်းသပ်ကြည့်ပြီးပါပြီ၊ ဒဏ်ရာလည်း မရှိဘူး၊ အဆိပ်လည်း မမိပါဘူး"



"ထူးဆန်းလိုက်တာ"

ယခုတစ်ကြိမ် ချန်မင်မင် အော်လိုက်ခြင်း မဟုတ်ပါချေ။

ဝါယင်လုံ အော်လိုက်ခြင်းသာ ဖြစ်ပါသည်။

ယင်ယင်က ဆက်ပြောလေ၏။

"ဒီလို သွေးကြောပိတ်တာ ငါလည်း တစ်ခါမှမကြုံဘူးဘူး၊ ဒါကြောင့် ဘယ်လို ဖွင့်ပေးရမှန်းမသိအောင် ဖြစ်သွားခဲ့ရတယ်"

ဝါယင်လုံ သက်ပြင်းချလိုက်သည်။

"အစ်ကိုကြီးကို ဖေဖေတစ်ယောက်ပဲ ဖွင့်ပေးနိုင်မယ်ထင်ပါရဲ့"

ပြောရင်း ဖခင်ဖြစ်သူ၏အကြောင်းပါလာသည်။

ယင်ယင်၏မျက်နှာတွင် ထူးခြားသည့် အရိပ်အယောင်များ ပေါ်ထွက်လာပြီး ချက်ချင်း ပြန်လည်ပျောက်ကွယ်သွားသည်။

ချန်မင်မင် ထိတ်လန့်နေသည်။

ယင်ယင်ကိုကြည့်ရင်း ကြားဝင်မေးလေ၏။

"ဒေါ်ဒေါ် မျက်နှာမှာ ဇာပဝါအုပ်ထားတဲ့လူက ဘယ်သူလဲဟင်"

"ကျုပ်လည်းမသိဘူး၊ သူ့မျက်နှာကို မတွေ့ရပေမယ့် လူငယ်တစ်ဦးဆိုတာတော့ သေချာတယ်"

"ကျူးယင်ဂိုဏ်းရဲ့ လက်အောက်ငယ်သားများလား"

ယင်ယင် ခေါင်းခါယမ်းလိုက်သည်။

"လက်အောက်ငယ်သားတော့ မဖြစ်နိုင်ဘူး၊ သူ့ရဲ့ပညာ ထက်မြက်နေပုံထောက်ရင် ဂိုဏ်းချုပ်နဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေနိုင်တယ်လို့ ထင်ရတာပဲ"

"ကျူးယင်ဂိုဏ်းချုပ်နဲ့ ဘာမှမပတ်သက်ဘဲတော့နေမှာ မဟုတ်ဘူး"

ချန်မင်မင်က ဆက်ပြောသည်။

ယင်ယင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ ... မပတ်သက်ရင်လည်း အကြံတူတွေပဲဖြစ်မှာပေါ့၊ အခု ကျူးယင်ဂိုဏ်းချုပ်နေရာကို ဆက်ခံတဲ့လူ ဘယ်သူလဲဆိုတာ မင်းတို့သိကြလား"

ချန်မင်မင်နှင့် ဝါယင်လုံတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

နှစ်ယောက်စလုံး အဖြေမပေးကြပေ။

အဘယ့်ကြောင့် နှုတ်ဆိတ်နေသနည်း။ သူတို့မှမသိကြပေသကိုး။

ယင်ယင်က ဆက်ပြောသည်။

"အခု ကျူးယင်ဂိုဏ်းချုပ်ဟာ ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ သူ့နာမည်က မေစုလို့ခေါ်တယ်"

မေစု၏အမည်ကို ကြားရလျှင် ဝါယင်လုံ၏ ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

ယင်ယင်၏ စကားသံက သူ၏နားထဲသို့ တိုးဝင်လာသည်။

"မေစုက ဝါချီကို ပွေ့ထားတယ်၊ ဓာပဝါနဲ့လူက သူဖမ်းလို့ရလာတာလို့ ပြောနေတယ်"

"သူတို့က ဝါချီကို လုနေကြတာလား"



ချန်မင်မင် မေးလိုက်သည်။

ယင်ယင် ခေါင်းညိတ်ကာ ...

"ဖြစ်နိုင်တယ်"

"သူတို့ အတူတူ မဟုတ်လား"

"အတူတူလို့ ကျုပ်ထင်ပေမယ့် မှားနေတယ်ကွယ့်"

"ဘာဖြစ်လို့လဲ"

"သူတို့က ဝါချီကို သူရထိုက်တယ်၊ ငါရထိုက်တယ်လို့ ငြင်းခုန်နေကြလို့ပေါ့"

ဝါယင်လုံ စိတ်ဝင်စားလာ၏။

ယင်ယင်က ဆက်ပြောသည်။

"မေစုက အော်ငေါက်ထုတ်လိုက်တယ်၊ နောက်ဆုံး ဓာပဝါနဲ့လူ အလျှော့ပေးသွားတယ်"

"အင်း ... ဒီလူဘယ်သူလဲဆိုတာ စဉ်းစားလို့ကိုမရဘူး၊ အဲ့ဒါဟာ ဒီကိစ္စမှာ ဝှက်ဖဲတစ်ချပ်လို ဖြစ်နေတယ်"

ဝါယင်လုံက ပြောသည်။

ချန်မင်မင်က သူ၏စကားကို ထောက်ခံလိုက်လေ၏။

"ဟုတ်တယ် ... စဉ်းစားရ ကျပ်တယ်"

ပြောပြီး ယင်ယင်ကို မေးသည်။

"သူတို့ကို ဘယ်အချိန်လောက်က ဘယ်နေရာမှာ တွေ့တာလဲ"

"မနေ့က နေ့လယ်အချိန်ပါ၊ ဒီကသွားရင် မိုင်ငါးဆယ်လောက် ဝေးတဲ့ တစ်နေရာမှာ တွေ့ခဲ့တာပဲ"

"ဒေါ်ဒေါ်ကော ကျင်လင်ကို လာတာပဲလား"

"ဟုတ်တယ်"

"ကျူးယင်ဂိုဏ်းချုပ်နဲ့ ဓာပဝါနဲ့လူ အခု ဘယ်ရောက်သွားကြပြီလဲဆိုတာကော ဒေါ်ဒေါ် သိသလား"

"ဓာပဝါနဲ့လူက အရှေ့မြောက်ဘက်သွားတယ်"

"ကျူးယင်ဂိုဏ်းချုပ်ကော ..."

"သူလည်း အရှေ့မြောက်ဘက်ကိုပဲ သွားတယ်၊ ဒါပေမယ့် နှစ်ယောက်သား ပြိုင်တူသွားကြတာ မဟုတ်ဘူး၊ ကျူးယင်ဂိုဏ်းချုပ်မေစုက နောက်မှလိုက်သွားတာ၊ ဘယ်သွားကြတယ်ဆိုတာ ငါလည်း မသိဘူး"

ယင်ယင်သည် ဝါယင်လုံကော ချန်မင်မင်ပါ မသိဟုထင်သဖြင့် ကျူးယင်ဂိုဏ်းချုပ်အကြောင်း ပြောပြနေလေ၏။

သူတို့သည် ထိုအကြောင်းကို ပြောပြီးနောက် အားလုံး တိတ်ဆိတ်သွားကြ၏။ အားလုံးအတွေးကိုယ်စီနှင့် တိတ်ဆိတ်သွားခြင်း ဖြစ်ပါတော့သည်။

* * *



အခန်း(၄၁)

## စကားဝက်ပါ

စကားဝိုင်းသည် အတန်ကြာ တိတ်ဆိတ်သွားလေ၏။ ထိုတိတ်ဆိတ်နေသော စကားဝိုင်းကို ဖြိုခွဲလိုက်သူမှာ ချန်မင်မင်သာ ဖြစ်ပါလေ၏။ သူမသည် အတွေးဝက်ပါထဲ၌ တဝဲဝဲတလည်လည် ဖြစ်နေပြီးနောက် မေးခွန်းတစ်ခုကို မေးလိုက်လေ၏။

"ဒေါ်ဒေါ် ... ကျင်လင်ကလာတာဆိုရင် အဘိုးအိုတစ်ယောက်ကို မတွေ့မိဘူးလားဟင်"

သူမ၏ အဘိုးဖြစ်သူအား ရည်ရွယ်၍ မေးလိုက်ခြင်းဖြစ်လေသည်။

ယင်ယင် ခေါင်းခါယမ်းလိုက်သည်။

"ငါသတိမထားမိဘူး"

ချန်မင်မင်က သက်ပြင်းချရင်း ...

"အင်း ... ဒါဆို အရှေ့ပင်လယ်ဘက်ကို ရောက်လောက်ပြီထင်တယ်"

ယင်ယင် မျက်မှောင်ကြုတ်သွားကာ ပြန်မေးလေ၏။

"မင်း ဘယ်သူ့ကို ပြောနေတာလဲ"

"ကျွန်မအဘိုး ချင်ယွင်ကို ပြောနေတာပါ"

"မင်းတို့က သူ့ကိုလိုက်ရှာမလို့လား"

"ဟုတ်တယ်"

"ဘယ်လိုကိစ္စ ရှိလို့လဲ"

ချန်မင်မင်က ဝါယင်လုံကို ညွှန်ပြရင်း ...

"သူ့အဆိပ်မိထားတာ ဖြေဆေးတောင်းမလို့ပါ"

ထိုစကားကြားလျှင် ယင်ယင်၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

ဝါယင်လုံကို စိုက်ကြည့်ရင်း ...

"မင်း အဆိပ်မိထားတယ် ဟုတ်လား"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ..."

"မင်း ဘာအဆိပ်သင့်တာလဲ၊ အဆိပ်မိတဲ့ လက္ခဏာလည်း မတွေ့ရပါလား"

"ကြယ်တံခွန်ဂိုဏ်းက အဆိပ်ပါ၊ ကျွန်တော်ဟာ အဆိပ်ကို ဝမ်းအတွင်းတစ်နေရာမှာ အတွင်းအားနဲ့ ထိန်းချုပ်ထားနိုင်ခဲ့လို့ အဆိပ် မိတဲ့ လက္ခဏာ မပေါ်တာပါ ခင်ဗျာ"

ယင်ယင် စိတ်ရှုပ်သွားလေသည်။

ချန်မင်မင်က ညည်းညူလိုက်လေ၏။



"ဘိုးဘိုးက တောင်ပိုင်း၊ ဒါမှမဟုတ် အရှေ့ပင်လယ်ကိုသွားမယ်လို့ ပြောခဲ့တယ်"

ယင်ယင်က ...

"မင်းရဲ့ ဘိုးဘိုးက ဘယ်သူလဲ"

"ချင်ယွင်ပါ"

ချင်ယွင်ကို ဘာကြောင့် တွေ့ချင်တာလဲ"

"ဘိုးဘိုးတစ်ယောက်ပဲ အစ်ကို့အဆိပ်ကို ဖြေနိုင်မှာမို့ပါ"

"သြော် ..."

"ဒေါ်ဒေါ် သွားရင်းလာရင်း ဘိုးဘိုးကိုတွေ့ရင် ပြောပေးပါရှင်၊ ကျွန်မတို့ သူ့ကို ကျင်လင်မှာ စောင့်နေမယ်လို့"

ယင်ယင် ခေါင်းခါယမ်းလိုက်သည်။

"ငါ သူ့ကို တွေ့ချင်မှတွေ့မှာ"

ချန်မင်မင် ကြိတ်ပြုံးလိုက်လေသည်။

သူမသည် ယင်ယင် သွားမည့်နေရာကို သိလို၍ အကြံဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

သူမ၏အဘိုးသည် တောင်ပိုင်း သို့မဟုတ် အရှေ့ပင်လယ်သို့ သွားမည်ဟု ပြောခဲ့သည်။

ယင်ယင်ကို တွေ့လျှင် ပြောပါဟုလည်း မှာသည်။

ယင်ယင်က တွေ့လျှင် ပြောမည်ဆိုပါက ယင်ယင်သည် တောင်ပိုင်း သို့မဟုတ် အရှေ့ပင်လယ်သို့ သွားမည်ဖြစ်ကြောင်း သိလာနိုင်သည်။

ယခုတော့ အရှေ့ပင်လယ်လည်း မဟုတ်တော့။ တောင်ပိုင်းသို့လည်း သွားမည်မဟုတ်ကြောင်း သေချာနေပေသည်။

သွားရန်မှာ အနောက်ဘက်ဒေသတစ်ခုတည်းသာ ရှိတော့သည်။

ချန်မင်မင် စဉ်းစားတွေးတောနေစဉ်မှာပင် ယင်ယင်၏ ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင် ... ဟင်း ... ငါသိပြီ၊ မင်းတို့က ငါသွားမယ့်နေရာကို သိချင်နေကြတယ် မဟုတ်လား"

ချန်မင်မင် ရင်ထိတ်သွားသည်။

ယင်ယင်ကို မော့ကြည့်မိလေ၏။

ယင်ယင်၏ မေးခွန်းမှာ ချန်မင်မင်၏ အရှိက်ကိုထိသည်။ ပစ်မှတ်တည့်တည့်ကိုမှန်သည်။

ယင်ယင်က ရယ်မောရင်း ...

"တော်ပြီ ... မင်းတို့နဲ့ စကားဆက်ပြောလို့ မလွယ်ဘူး၊ ငါသွားမယ့်နေရာကို အစ်အောက်မေးနေကြတာကိုး"

ချန်မင်မင်ကလည်း ရောယောင် ရယ်မောလိုက်သည်။

"အရှက်ပြေ ခေါင်းခါယမ်းရင်း ...

"အို ... မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်"

"တော်တော် ... မင်းတို့ ဉာဏ်မများနဲ့၊ ပွင့်ပွင့်လင်းလင်း မေးစရာရှိတာ မေးပါ၊ ငါဖြေနိုင်တာမှန်သမျှ ဖြေပေးမယ်"

"ကျွန်မတို့ ဒေါ်ဒေါ်နေရာကိုသိချင်တာ သက်သကပါ၊ ဘယ်လို ရည်ရွယ်ချက်မှမရှိပါဘူး၊ ဒေါ်ဒေါ်ကို နှောင့်ယှက်ဖို့လည်း မကြံရွယ်ပါဘူးရှင်"



ယင်ယင်က ဝါယင်လုံကို ကြည့်ပြီး ...

"ဒီအကြံ မင်းအကြံမဟုတ်လား၊ ငါ့ဘ၀ အခုတည်ငြိမ်မှု ရနေပြီ၊ ယောဂီဘ၀ရောက်နေတာ နှစ်နှစ်ရှိပြီ၊ ပျော်ပိုက်နေပါပြီကွယ်၊ ငါ့ကို မနှောင့်ယှက်ကြပါနဲ့တော့ ..."

ဝါယင်လုံ ပြုံးလိုက်သည်။

ယင်ယင်၏ အကြောင်းမေးရန် လမ်းစပေါ်လာပြီဟု တွေးမိသည်။

"ဒေါ်ဒေါ် အခြေခံအတွေးကစပြီး မှားနေပါတယ်"

"ငါမမှားဘူး၊ ငါက ငါ့ကိုယ်ငါ အနစ်နာခံတယ်၊ အကျိုးစွန့်လွှတ်တယ်၊ ဒါဟာ မင်းတို့မိသားစု ကောင်းစားဖို့ပဲ၊ ဘာပဲဖြစ်ဖြစ် ဒီသဘောနဲ့ငါ လုပ်တာမို့ ကျေနပ်တယ်၊ ငါ့အယူအဆ မှန်တယ် ဆိုတာ မှန်တယ်ဆိုတာ ဘယ်တော့မှ သံသယမဖြစ်ဘူး"

ဝါယင်လုံက အချက်ကျကျ မေးလိုက်လေသည်။

"ဒေါ်ဒေါ် ယောဂီဝတ်တော့ သံယောဇဉ်ကို ဒီတစ်သက် ဖြတ်ထားနိုင်ပါ့မလား၊ မေ့နိုင်ပါ့မလား၊ တည်ငြိမ်မှုကော ရနိုင်ပါ့မလားခင်ဗျာ၊ ကျွန်တော် အခုလိုမေးတာ စိတ်မဆိုးပါနဲ့"

ယင်ယင် ငိုင်ကျသွားသည်။

သူမ၏ရင်ထဲ သံယောဇဉ်မပြတ်သည်ကတော့ သေချာပေသည်။

သူမ ဘယ်ရောက်ရောက် ကြီးမားသော မေတ္တာနှင့် သံယော
ဇဉ်ကို မေ့ချ၍ရနိုင်မည်ကား မဟုတ်ပါချေ။

ဝါယင်လုံက ဆက်ပြောလိုက်သည်။

"ကျွန်တော် အမှန်အတိုင်း ပြောပြပါ့မယ်၊ ဖေဖေဟာ ဒေါ်ဒေါ်
ကို အခုထက်ထိ မမေ့သေးပါဘူး၊ ဒါကို မေမေ၊ ဘွားဘွား၊ အို ...
ဝါမိသားစု တစ်စုလုံးက သိကြပါတယ် ခင်ဗျာ"

ယင်ယင်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်
တောက်ပြောင်လာသည်။

ဝါယင်လုံ အားတက်သွားသည်။

ယင်ယင်အား ကရုဏာသက်စွာ ကြည့်ရင်း ...

"ဒေါ်ဒေါ် ဖေဖေ့အတွက် ဒေါ်ဒေါ် ထည့်ပြီးမစဉ်းစားတော့
ဘူးလားဟင်၊ ဖေဖေ့အတွက် မစဉ်းစားတော့ဘူးလား"

ယင်ယင် မျက်လုံးပြူးသွားသည်။

ဝါယင်လုံကို နားမလည်နိုင်စွာ ကြည့်ကာ ...

"ဟော ... ငါက ဘာကိုထည့်တွက်ရမှာလဲ၊ ဘာကို စဉ်းစား
မှာလဲ"

ဖေဖေဟာ ဒေါ်ဒေါ်လိုအဖြစ်မျိုး ကြုံခဲ့ရရင် ဘုန်းကြီးဝတ်
သွားမယ် ထင်သလား"

ယင်ယင် ရယ်မောလိုက်လေ၏။

"မင်းက ကပ်သီးကပ်သပ် မေးဘာပဲ"

"မဟုတ်ဘူး ဒေါ်ဒေါ်၊ ကျွန်တော် အမှန်အတိုင်း မေးနေတာ
ပါ"



"နေစမ်းပါဦး ... မင်း ဘာကြောင့် ဒီမေးခွန်းကို မေးရတာ
လဲ"

"ဖေဖေဟာ ဒေါ်ဒေါ်ကို အခုအထိ ချစ်နေတုန်းဆိုတာ ထင်
ရှားပေါ်လွင်စေချင်လို့ပါ"

"အို ... ကျုပ်ကတော့ ..."

သူမက ဝါယင်လုံ၏ ဖခင်ကို ယခုတိုင် မေတ္တာမရှိဘဲနေသည်
မဟုတ်ဟု ပြောမည်ပြုပြီးမှ စကားတစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်
လိုက်သည်။

ပြောရန် မသင့်တော်ကြောင်း စဉ်းစားမိသည်။

ဝါယင်လုံက သက်ပြင်းချကာ ...

"ဒေါ်ဒေါ် စိတ်ဝင်စားမယ်ဆိုရင် ကျွန်တော် ပုံပြင်ကလေး
တစ်ပုဒ် ပြောပြချင်ပါတယ်"

ယင်ယင် ကြောင်အမ်းအမ်းဖြင့် မေးလေ၏။

"ဘာဆိုင်လို့လဲ"

"ဆိုင်လို့ပြောတာပါ"

"ကဲ ... ဒီလိုဆိုရင် နားထောင်ရအောင် ပြောစမ်းပါဦး"

ဝါယင်လုံက ပုံပြင်ကို ပြောပြသည်။

"သားအဖနှစ်ယောက် ခရီးထွက်လာကြတဲ့အကြောင်းပါ၊ ခရီး
သည် သားအဖနှစ်ယောက်ဟာ လမ်းမှာပိတ်ဆို့နေတဲ့ ကျောက်တုံး
ကြီး တစ်တုံးကို တွေ့ခဲ့ကြတယ်၊ ကျောက်တုံးကကြီးတော့ လမ်းပိတ်
နေတယ်၊ ဆက်သွားလို့ မရဘူးပေါ့၊ အဲဒီအခါမှာ ဖခင်ဖြစ်သူက
သားကို ပြောပါတယ် ....၊

"ငါ့သား လမ်းပိတ်နေတဲ့ ကျောက်တုံးကြီးကို ဖယ်လိုက်ပါ၊ ဒီလိုအမိန့်ပေးတဲ့အခါမှာ သားကလည်း ကျောက်တုံးကြီးကို ဖယ်ရှားပစ်ဖို့ အမျိုးမျိုးကြိုးစားတော့တာပေါ့၊ ဒါပေမယ့် သူ့ရဲ့ခွန်အားနဲ့ ဖယ်ရှားပစ်ဖို့ မတတ်နိုင်ရှာဘူး၊ ချွေးတဒီးဒီးကျအောင် ကြိုးစားပေမယ့် ဖယ်လို့မရဘူး"

ချန်မင်မင်က ဝါယင်လုံကို ကြည့်လိုက်သည်။

ပြီးလျှင် တီးတိုးညည်းညူလိုက်လေသည်။

"အဓိပ္ပာယ်မရှိတာ ဘာတွေလျှောက်ပြောနေတာလဲ"

သူမ၏ စကားကြားသွားသော ယင်ယင်က လက်ကာပြရင်း

"နေပါစေ ... သူပြောချင်တာ ပြောပါစေ"

ဝါယင်လုံက ဆက်ပြောသည်။

"သားဖြစ်သူက ကျောက်တုံးကြီးကို နည်းအမျိုးမျိုးနဲ့ ဖယ်ရှားလို့ မရနိုင်တဲ့အဆုံး အဖေ ကျွန်တော် ကြိုးစားလို့မရဘူးလို့ ပြောရှာတယ်၊ ဒီအခါ အဖေက ငါ့သား မင်း အားအကုန်သုံးတာပဲလားလို့ ပြန်မေးတယ်၊ သားဟာလည်း မောလွန်းလို့တောင် ငိုချင်နေပြီ၊ ကျွန်တော် ရှိသမျှအားကုန်သုံးပြီး ဖယ်ရှားတာပါလို့ ပြန်ပြောတယ်၊ ဒီတော့ အဖေလုပ်သူက ဘာပြန်ပြောသလဲဆိုတာ သိကြပါသလား"

စကားကို ဆက်မပြောဘဲ မေးခွန်းထုတ်ကာ ယင်ယင်နှင့် ချန်မင်မင်ကို မေးလေ၏။

သူ၏ပုံပြင်ကို ဂရုစိုက်နားထောင်နေသည့် ယင်ယင်က ဝင်ပြောလေ၏။



"အို ... သူ့အဖေ ကူပြီးရွှေ့ရမှာပေါ့"

ထိုအခါမှ ချန်မင်မင်ကလည်း ...

"ဟုတ်တယ် ... ဟုတ်တယ်၊ သူ့အဖေဝိုင်းကူရွှေ့မှ ကျောက်တုံးကြီး ရွှေ့သွားမှာပေါ့၊ တစ်ယောက်အားနှင့်မရ၊ နှစ်ယောက်အားနှင့် ဆောင်သော်ရ၏ပေါ့"

သူမက ထောက်ခံပြောဆိုလိုက်သည်။

ဝါယင်လုံ ပြုံးရင်း ...

"ကျွန်တော် မေးတာ အဖေ ဘာပြန်ပြောသလဲဆိုတာပါ"

ယင်ယင်က မျက်မှောင်ကြုတ်ကာ ...

"ဒါတော့ တို့လည်း ဘယ်ပြောတတ်မလဲကွယ့်"

"ဟုတ်တယ် ... ကျွန်မတို့ ဘယ်သိနိုင်မလဲ၊ သူပြောချင်ရာ ပြောမှာပေါ့"

ဝါယင်လုံကပင် အဖြေကို ပြောပြလိုက်ရသည်။

"သူ့အဖေက ပြောတယ်၊ ငါ့သား နားထောင်ပါ၊ မင်းမှာ ခွမ်းအားရှိသလောက် အကုန်မထုတ်ရသေးဘူး၊ အနည်းဆုံး ငါ့ကို အဖေရယ် ကူရွှေ့ပေးပါလို့ အကူအညီ တောင်းနိုင်တယ်၊ ဒါဆိုရင် ပါးစပ်ဟရုံနဲ့ ကျောက်တုံးကြီး ရွှေ့သွားမှာပဲ၊ အဲ့ဒီလိုပြောပြီး သူတို့သားအဖ နှစ်ယောက် အတူတူ ဖယ်ရှားပစ်ကြတယ်၊ ကျောက်တုံးကြီးလည်း လမ်းမပေါ်ကနေ လမ်းဘေးရောက်သွားတော့တာပေါ့"

ပြောပြီး အဓိပ္ပာယ်ပါပါ ယင်ယင်ကို ကြည့်လိုက်လေသည်။

ယင်ယင်သည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေဟန်ရှိသည်။

အတန်ကြာမှ ဆတ်ခနဲ ခေါင်းထောင်လာပြီး ပြောလေ၏။

"မင်းပြောတဲ့ ပုံပြင်ရဲ့အဓိပ္ပာယ်ကို ငါသိပြီ"

သူမ၏စကားကြားရလျှင် ဝါယင်လုံ သဘောကျစွာ ရယ်မောရင်း ...

"ဒေါ်ဒေါ် တွေးမိမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ တကယ်တော့ ဒေါ်ဒေါ်ဟာ ဖေဖေ့အတွက် အနစ်နာခံခဲ့တယ်၊ အခက်အခဲဒုက္ခတွေက လွတ်မြောက်လာတဲ့ အချိန်မှာ ဘာကြောင့် ကျွန်တော်တို့ဆီကို မလာခဲ့တာလဲ၊ ဒေါ်ဒေါ် လာမယ်၊ ဖေဖေနဲ့ တွေ့မယ်ဆိုရင် အခုလောက်အထိ ခံစားနေစရာ မလိုတော့ဘူးပေါ့"

ယင်ယင်၏မျက်နှာထား တင်းမာသွားသည်။

"ကျုပ်က သူ့အတွက် အနစ်နာခံခဲ့တယ်၊ အခက်အခဲဒုက္ခတွေကို ဖြတ်ကျော်ပြီးတဲ့နောက် အစစအရာရာ အေးချမ်းသွားချိန်မှာ ကျုပ်ကလာပြီး ဒူးထောက်ရမှာလား၊ တကယ်ဆို ကျုပ်ကို သူကလာမခေါ်သင့်ဘူးလား"

သူ၏ဖခင်နှင့် ယင်ယင်တို့ နှစ်ယောက်အကြား ယခုတိုင် အဘယ်ကြောင့် မပြေမလည်ဖြစ်ခဲ့ရသည်ကို ဝါယင်လုံ ကောင်းစွာသိလိုက်ချေပြီ။

ဝါမိသားစုသည် တစ်နေ့ ယင်ယင် ရောက်လာလိမ့်မည်ဟု ယူဆထားခဲ့ကြသည်။

စောင့်ကြိုရန် ပြင်ဆင်ထားကြသည်။

ယင်ယင်ကမူ သူ့အား လိုက်ရှာသင့်သည်။ သူ့ထံ လာသင့်သည်ဟု ယူဆ၏။



အနစ်နာခံခဲ့သူ တစ်ယောက်အနေနှင့် လာစရာမလိုဟု ယူဆထားပုံရသည်မှ မဟုတ်ပါလား။

ဝါယင်လုံ တွေးတောနေသလို ယင်ယင်လည်း တွေးမိသည်။

"အင်း ... သူ့မှာ အကျပ်အတည်းရှိတာ သေချာတယ်၊ ပုံပြင်ထဲကလို ငါတို့နှစ်ယောက် ဘဝတည်ဆောက်ဖို့ ငါသွားပြောရုံနဲ့ ပြီးပြတ်သွားမှာပဲ၊ ငါက အခုအထိ သူ့ကို သံယောဇဉ်ရှိတုန်းပဲ မဟုတ်လား၊ တကယ်ဆို အခက်အခဲ ဘေးအန္တရာယ်က လွတ်မြောက်ပြီးတဲ့နောက်ပိုင်း သူ့ကို ငါသွားတွေ့သင့်တယ်၊ သူကကော ငါ့အပေါ် ဘယ်လိုသဘောထားမလဲ၊ သူလည်း သံယောဇဉ်မကုန်တာ သေချာတယ်၊ ငါ့အတွက် အရာရာကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့တာပဲ၊ ငါ မာနတားခဲ့တာ မှားများမှားနေပြီလား"

ထိုစကားလုံးများသည် သူမ၏ရင်တွင်း၌ ပဲ့တင်ထပ်နေပေတော့သည်။

ယင်းသို့ တွေးတောနေသော်လည်း နှုတ်ဖျားကမူ ...

"ဩော် ... ငါက မင်းအဖေကို ရှာရဦးမယ် ဟုတ်လား၊ သူ့အတွက် ငါ ဘယ်လောက်အနစ်နာခံခဲ့ရသလဲ၊ ပြန်စဉ်းစားကြည့်ပါဦး၊ လာချင်းလာရင် သူကသာ ငါ့ဆီကိုလာသင့်တယ် မဟုတ်လား"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ ... ဒါကြောင့်လည်း ဝါမိသားစုထဲမှာ ဒေါ်ဒေါ်ဟာ အဖေလာသင့်တယ် ယူဆပြီး ဖေဖေ့ဆီကို မလာတာလို့ ပြောနေကြတာပဲ"

ထိုစကားကြားလျှင် ယင်ယင် မျက်လုံးပြူးသွားသည်၊

ဝါယင်လုံအား 'တကယ်လား' ဟု မေးရန်ကြံပြီးမှ မမေးဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

သူမသည် ရှက်လည်းရှက် မျက်နှာလည်းပူမိသည်။

သူမ၏ နှလုံးသား တင်းမာ၍ မနေနိုင်တော့ပါချေ။

ဝါယင်လုံက ...

"ဒေါ်ဒေါ် ... ယောဂီဘဝက ထွက်လိုက်ပါ၊ ကျွန်တော်တို့နဲ့ အတူလာနေပါ၊ ဝါမိသားစုက ဒေါ်ဒေါ့်ကို တစ်လှည့် ပြန်ပြီး ပြုစုပါရစေ"

ယင်ယင်၏ စိတ်ထား ပျော့ပျောင်းလာသည်။

ဝါယင်လုံ၏ စကားများကြောင့် သူမ အထင်မှားနေပြီဖြစ်ကြောင်း သိလာသည်။

သူမသည် ဝါမိသားစုထံ သွားရမည်ကိုရှက်ခဲ့သည်။

ရှက်စိတ်မှ မာနစိတ်သို့ ကူးပြောင်းခဲ့သည်။

သူမက မသွားဘဲ သူမထံလာရမည်ဟု တစ်ယူသန် စွဲခဲ့လေသည်။

ယခုမူ သူမ၏မာနများ အရည်ပျော်ကျသွားပြီ ဖြစ်ပါသည်။

ဝါယင်လုံကိုကြည့်ကာ သက်ပြင်းချရင်း ...

"မင်းပြောတာ မဖြစ်နိုင်တော့ပါဘူးကွယ်၊ ငါ့ဘဝ ပြည်ဖုံးကားချခဲ့တာ ကြာပါပြီ"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။



"သံယောဇဉ်ဆိုတာ ပြည်ဖုံးကားချလို့ ရတဲ့အရာမှ မဟုတ်တာ၊ ဒေါ်ဒေါ်ဟာ ဖေဖေ့ကို အခုထိ မျှော်လင့်နေတုန်းပဲဆိုတာ ကျွန်တော်သိပါတယ်၊ ဝါမိသားစုဂေဟာကိုသာ လိုက်ခဲ့ပါ၊ ဒေါ်ဒေါ် စိတ်ချမ်းသာစေရမယ်၊ ကျွန်တော် လုံးဝ တာဝန်ယူပါတယ်ခင်ဗျာ"

"မင်းရဲ့စိတ်ထားကို သိရလို့ ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါပေမယ့် မဖြစ်နိုင်တော့ပါဘူး"

"ဒေါ်ဒေါ် ဘာဖြစ်လို့ အားပျော့တာလဲ၊ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ"

ယင်ယင် ရှက်ပြုံး ပြုံးရင်း ...

"ချစ်တာက ချစ်တာပဲ၊ ရယူဖို့မှမဟုတ်တာ"

"အို ... ဒေါ်ဒေါ် မျှော်လင့်ထားသမျှ ဒီလိုနဲ့ပြီးလို့ ဘယ်ဖြစ်မလဲ၊ ဒေါ်ဒေါ်နဲ့ ဖေဖေ ..."

သူ၏စကားမဆုံးမီ ယင်ယင်က ကြားဖြတ်ပြောလိုက်လေသည်။

"အင်း ... မင်းပြောတဲ့ စကားတွဟာ တဖြည်းဖြည်းနဲ့ ငါ့အပေါ် ရှိသေမှုမရှိတော့ဘူး"

ဝါယင်လုံ ပြုံးလိုက်သည်။

သို့သော် ချက်ချင်း မျက်နှာထားကို တည်ကြည်လေးနက်သောအသွင် ပြောင်းလဲလိုက်၏။

တစ်ဖန် ... လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ...

"ကျွန်တော် စေတနာလွန်ကဲပြီး ပြောမိတဲ့အတွက် အမှားပါရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ခင်ဗျာ"

သူက ယခုတိုင် အလျှော့မပေးချေ။

ယင်ယင် သက်ပြင်းချလိုက်သည်။

"မင်း တော်တော် ဖွဲ့ကောင်းပါလား၊ လောကမှာ ငါ့ရဲ့ဆုံးဖြတ်ချက်ကို ပြင်နိုင်တဲ့လူ မရှိတော့ဘူးဆိုတာ မင်း နားလည်စေချင်တယ်၊ ငါ့ကို ဖျောင်းဖျလို့မရတော့ပါဘူး၊ မင်း ကြိုးစားရင် မောရုံပဲရှိမယ်၊ မင်းဘယ်လောက် ကြိုးစားပေမယ့် မင်းအဖေနဲ့ ဝါမိသားစုကလူတွေ မင်းပြောသလို စိတ်ထားနိုင်ကြမှာမဟုတ်ဘူး၊ မင်း ငယ်ပါသေးတယ်၊ မင်းသဘောနဲ့ လုပ်လို့ရမှာမဟုတ်ပါဘူး"

ဝါယင်လုံက ...

"ဒီအတွက် တွေးမပူပါနဲ့ဗျာ၊ အဖေ အမေ အဘွားအထိ ကျွန်တော် တာဝန်ယူပါတယ်"

ယင်ယင် မျက်မှာင်ကြုတ်သွားသည်။

"မင်းက ဘာတာဝန်ယူမှာလဲ"

"ကျွန်တော် သူတို့ကို သေသေချာချာ ရှင်းပြမှာပေါ့၊ သူတို့ လက်မခံလို့ မရပါဘူး၊ ဒေါ်ဒေါ်သာ ကျွန်တော်ပြောတာ လက်ခံပါဗျာ၊ ဝါမိသားစုက ဒေါ်ဒေါ့်ကို ကြိုဆိုနေကြမှာပါ"

ယင်ယင် သဘောကျစွာ ရယ်မောလိုက်လေ၏။

ဝါယင်လုံက သူမအားစိုက်ကြည့်ရင်း ...

"ဒေါ်ဒေါ်က ကျွန်တော့်ကို မယုံလို့လား"

ယင်ယင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး"



"ဒါဖြင့် ..."

"ငါက လက်မခံနိုင်လို့ပါ"

ဝါယင်လုံ စိတ်ပျက်သွားသည်။

"ဒါတော့ ဒေါ်ဒေါ် အတ္တလွန်ကဲတာပဲ"

"ငါ့ကို ဘယ်လိုပြောပြော မင်းပြောလို့မရဘူးဆိုတာတော့ နားလည်ထားစေချင်တယ်"

ဝါယင်လုံက ပခုံးတွန့်ကာ ...

"ဒေါ်ဒေါ်ရယ် ... အသည်းနှလုံးဆိုတာဟာ ကျောက်ခဲသလနဲ့ လုပ်ထားတာမှ မဟုတ်ဘဲဗျာ"

ဝါယင်လုံသည် ယင်ယင် ခါးခါးသီးသီး ငြင်းဆန်နေသည်ကို စိတ်မပျက်ဘဲ ဆက်၍ ဖျောင်းဖျပြောဆိုနေသည်။

ယင်ယင် ရယ်မောလိုက်သည်။

"ငါ့နှလုံးဟာ ကျောက်ခဲသလဲမဟုတ်ပါဘူး၊ ဒါပေမယ့် ခံစားချက်မရှိတော့တာ အမှန်ပဲ"

"ဒီလိုဆို ဒေါ်ဒေါ် လက်တုံ့ပြန်ချင်သလား"

"ဟေ ..."

ရုတ်တရက် မေးလာသော ဝါယင်လုံ၏ မေးခွန်းကြောင့် ယင်ယင် တအံ့တသြ ဖြစ်သွားရသည်။

ယင်ယင် မျက်မှောင်ကြုတ်ကာ ...

"မင်း ဘာကိုဆိုလိုတာလဲ"

"ဒေါ်ဒေါ်ရဲ့ ခံစားချက်တွေအတွက် လက်တုံ့ပြန်ချင်လားလို့ မေးတာပါ"

"ငါက ဘယ်လို လက်တုံ့ပြန်ရမှာလဲ"

"အမေ့ကို ဒါမှမဟုတ် ဝါမိသားစုကို"

ဝါယင်လုံ ခပ်တည်တည်ပြောသည်။

ယင်ယင် တွေဝေသွားသည်။

အတန်ကြာအောင် ငေးငိုင်သွားသည်။

သူတို့၏ စကားသံများ ခေတ္တတိတ်ဆိတ်သွား၏။

တအောင့်မျှကြာသွားတော့မှ ယင်ယင် သက်ပြင်းမှူိုင်းမှူိုင်း ချရင်း ...

"မင်းက ကျုပ်လက်တုံ့ပြန်ချင်လို့ မင်းပြောတာကို လက်ခံတာလို့ ထင်နေတယ် ဟုတ်လား"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"အခုဖြစ်ပျက်ခဲ့တဲ့ ကိစ္စမှာ နည်းလမ်းနှစ်ခုပဲ ရှိပါတယ်၊ ဒေါ်ဒေါ်ဟာ ဝါမိသားစုမှာ တစ်သက်လုံးနေဖို့ လာချင်လာ၊ ဒါမှမဟုတ်ရင် ဝါမိသားစုကို တစ်သက်လုံး ခံစားလာရတဲ့ ခံစားချက်တွေအတွက် လက်တုံ့ပြန်တာပဲ ရှိတော့တယ် မဟုတ်လား"

ယင်ယင် တွေဝေနေသည်။

ဝါယင်လုံက ဆက်ပြော၏။

"ဒေါ်ဒေါ့်ကို ကျွန်တော်တို့ တစ်ယောက်တည်း ပစ်ထားရမှာလား၊ ဝါမိသားစုက ဒေါ်ဒေါ့်ကို ဥပေက္ခာပြုထားရမှာလား"

ယင်ယင် သက်ပြင်းချလိုက်သည်။

"အင်း... ငါဒီအချက်ကို မတွေးခဲ့မိဘူး"



ဝါယင်လုံသည် သူပစ်လိုက်သော မြားချက် မှန်သွားပြီဟု သိလျှင် နောက်ထပ် စကားမြားချက်များ ထပ်မံပစ်လေတော့သည်။

"ကျွန်တော်တို့ ဝါးမိသားစုဟာ တရားမျှတမှုအတွက် အစဉ်အမြဲ ရပ်တည်ခဲ့ပါတယ်၊ ကျွန်တော်တို့ကြောင့် ဘယ်သူ့ကိုမှ မနစ်နာစေရပါဘူး၊ အခု ကျွန်တော်တို့ မိသားစု အန္တရာယ်ကျရောက်နေပါပြီ၊ ဒေါ်ဒေါ် လက်တုံ့ပြန်တာ အင်မတန် ရက်စက်တယ်လို့ ပြောရတော့မှာပဲ"

အမှန်တော့ ယင်ယင်၏ လက်ချက် မဟုတ်ကြောင်း သိသော်လည်း မသိဟန်ဆောင်ကာ ယင်ယင်စိတ်ကို တမင်ဆွပေးနေခြင်း ဖြစ်သည်။

ယင်ယင် နှုတ်ခမ်းတင်းတင်းစေ့လိုက်သည်။

မျက်နှာလည်း ပျက်သွားသည်။

ဝါယင်လုံအား မကျေမနပ် ကြည့်လိုက်ပြီးမှ ...

"ငါ လက်တုံ့မပြန်ရဘူးလား၊ လက်တုံ့ပြန်တော့ကော ဘာဖြစ်သေးသလဲ"

"ကျွန်တော်တို့က ဒေါ်ဒေါ့်အပေါ် ဘယ်သူမှ မတရားမလုပ်ချင်ကြပါဘူး၊ မနစ်နာစေချင်ပါဘူး၊ အကြောင်းစုံသိရင် ဖေဖေ ဒေါ်ဒေါ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမှာပါ"

ယင်ယင် မဲ့ပြုံး ပြုံးကာ ...

"မင်းအဖေ ထွက်လာကော ဘာဖြစ်ရဦးမှာလဲ"

ဝါယင်လုံစိတ်ထဲမှ ကြိတ်ပြုံးလိုက်သည်။

"ဖေဖေဟာ ကျွန်တော့်ကိုလွှတ်ပြီး ဒေါ်ဒေါ့်ကို ရှာခိုင်းစေခဲ့ပါတယ်"

ယင်ယင် အံ့ဩစွာကြည့်ရင်း …

"မင်း တကယ်ပြောတာလား"

"ကျွန်တော် သက်သေပြပါ့မယ်"

ဝါယင်လုံ ရဲဝံ့စွာ ပြောသည်။

ယင်ယင် လက်ကာပြရင်း …

"နေဦး … ငါမေးဦးမယ်"

"မေးပါ ဒေါ်ဒေါ်"

ယင်ယင် မေးမည်ဟု ပြောပြီးမှ တွေဝေနေပြန်သည်။

အတော်ကလေးကြာသည်အထိ မမေးဖြစ်သေးချေ။

ဝါယင်လုံ ငံ့လင့်နေစဉ်မှာပင် ရုတ်တရက်မေးလာလေ၏။

"မင်းအဖေ ကျုပ်ကိုလိုက်ရှာနေသလား"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ … လိုက်ရှာနေပါတယ်"

"မင်း တကယ်ပြောတာနော်"

"တကယ်ပါ … ကျွန်တော့်အရင် ဖေဖေ ဒေါ်ဒေါ့်ကို ရှာတွေ့ပါစေလို့ ကျွန်တော် ဆုတောင်းမိပါသေးတယ်ဗျ"

ယင်ယင်သည် ဝါယင်လုံ၏ စကားကို လုံးဝ ယုံကြည်သွားသည်။

သူမ ယောဂီဝတ်ခဲ့ရသည်မှာ အဘယ်ကြောင့်ပါနည်း။



ရင်မှဖြစ်သည့် သံယောဇဉ်ကို ကြိုးစားမေ့ပျောက်လို၍ ဖြစ်သည်။

ဝါယင်လုံ၏ ဖခင့်အတွက် ရင်နှင့်အမျှ ခံစားခဲ့ရသည်။

ထိုအတွက် သူမအား ချော့မော့နှစ်သိမ့်မှုကို လိုလားသည်။

ဝါဂေဟာသို့ သွားလိုသော်လည်း သိက္ခာကျမည်ကို စိုးရိမ်ပြီး မသွားဖြစ်ခဲ့ချေ။

ဝါယင်လုံ၏ ဖခင်ကသာ သူမကို လိုက်ရှာသင့်သည်ဟု ယူဆပြီး ဓာတ်မြှုပ်နေခဲ့သည်။

ယခု ဝါယင်လုံ၏ဖခင်က လိုက်ရှာနေသည်ဟူသော သတင်းကို ကြားသိလိုက်ရပြီ မဟုတ်ပါလား။

ဝါယင်လုံ၏ ဖခင်သည် သူမအား အကြောင်းမဲ့ လိုက်ရှာခြင်း မဟုတ်ပါ။

သူသည် သူမအပေါ် တကယ်ပဲ သံယောဇဉ် မပြတ်နိုင်ဘဲသေးသည်လော။

သူ၏မ၏လုပ်ရပ်များ မှာယွင်းနေပြီလား။

ယင်ယင် ဟိုတွေးဒီတွေးဖြင့် စကားမပြောနိုင်ဘဲ ဖြစ်နေရသည်။

ဝါယင်လုံက အခြေအနေကို အကဲခတ်ပြီး ဝင်ပြောလေသည်။

"ဖေဖေဟာ ဒေါ်ဒေါ့်ကို လိုက်ရှာနေပါတယ်၊ ဒေါ်ဒေါ် ရှေ့ဆက် သဘောထား တင်းတင်းမာမာ မနေသင့်ပါဘူးခင်ဗျာ"

ယင်ယင် သက်ပြင်းချလိုက်ပြန်သည်။

ယနေ့ည ရင်မောစွာဖြင့် သက်ပြင်း ဘယ်နှစ်ကြိမ် ချမိသည်ကို ပင် မှတ်မိနိုင်မည်မဟုတ်ချေ။

ဝါယင်လုံကို စိုက်ကြည့်ရင်း ...

"အင်းလေ ... မင်းအဖေကို ပြောလိုက်ပါ၊ တစ်ချိန်က ယင်ယင် သေသွားပါပြီ၊ အခု ယောဂီမုန်းပဲ ရှိတော့တယ်လို့၊ ငါ့ကို လိုက်မရှာပါနဲ့တော့လို့ ရှာရင် သူပင်ပန်းရုံပဲရှိမယ်"

ဝါယင်လုံ စိတ်မကောင်းဖြစ်သွားသည်။

ယင်ယင်အား လွယ်လွယ်ကူကူ ဖျောင်းဖျ၍ မရကြောင်း သူ နားလည်သဘောပေါက်လာပြီ ဖြစ်ပါ၏။

"ဒေါ်ဒေါ် ... ဒေါ်ဒေါ် အခုထိ ..."

သူ၏စကားမဆုံးမီ ယင်ယင် လက်ကာပြရင်း ...

"တော်ပြီ ... နောက်မပြောတော့၊ ငါပြောတာ မင်းအဖေကို ပြောဖို့မမေ့နဲ့"

စကားဆုံးသည်နှင့် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားကာ အမှောင်ရိပ်အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

သူမ ရုတ်တရက် ထွက်သွားမည်ဟု ဝါယင်လုံနှင့် ချန်မင်မင် တို့ ထင်မိကြချေ။

သူတို့ ဟန့်တားရန် အချိန်မရတော့ပါ။

ဝါယင်လုံ ရင်ထိတ်သွားပြီး ...

"ဒေါ်ဒေါ် ... ဒေါ်ဒေါ်"

သူ မည်သို့ပင် အော်ဟစ်ခေါ်သော်လည်း ယင်ယင် လုံးဝ လှည့်မကြည့်ဘဲ ထွက်သွားတော့သည်။



ဝါယင်လုံ နောက်မှ ပြေးလိုက်သွားရန် ဟန်ပြင်၏။

ချန်မင်မင် သူ၏လက်ကိုဆွဲကာ ဟန့်တားလိုက်သည်။

"သူသွားပါစေတော့၊ သူ့နောက်လိုက်သွားရင်လည်း မီမှာမှ မဟုတ်ဘဲ၊ မလိုက်ပါနဲ့တော့ရှင်"

ဝါယင်လုံ ခြေလှမ်းရပ်ကာ ခေါင်းငိုက်စိုက်ကျသွားသည်။

ယင်ယင်ကား အမှန်ပင် ထွက်သွားပြီဖြစ်သည်။

သူမအား မည်သည့်အချိန်မှ ပြန်၍ ဆုံတွေ့နိုင်ပါမည်နည်း။

မျှော်လင့်ချက် အနည်းငယ်မျှသာရှိကြောင်း တွေးမိရာ စိတ်မကောင်းဖြစ်နေမိလေတော့သည်။

ဝါယင်လုံသည် အမှောင်ရိပ်သို့ ငေးကြည့်နေသည်။

ချန်မင်မင်က ဝါယင်လုံအား ကြည့်ပြီး ...

"သူသွားပါစေတော့ရှင်"

ဟု တီးတိုးပြောလိုက်သည်။

ဝါယင်လုံ ပင့်သက်မှုတ်ထုတ်လိုက်သည်။

"အင်း ... သွားမယ်ဆိုတာနဲ့ တကယ့်ကို ထွက်သွားတော့တာပဲ"

"အခု သူစိတ်ရှုပ်နေပုံရတယ်၊ ဝေခွဲမရဖြစ်နေတယ်၊ ရှင် စိတ်ချလက်ချနေပါ၊ သူစိတ်လှုပ်ရှားနေပြီ၊ တကယ်လို့များ နောက်တစ်ခါတွေ့ခဲ့ရင် သူဟာ ရှင့်ဆွဲဆောင်မှုနောက်ကို ပါလာမှာပါ"

ဝါယင်လုံ စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်သည်။

"သူ့ကို နောက်တစ်ခါတွေ့ဖို့ မလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူက ဘယ်အတွေ့ခံတော့မလဲ"

"အို ... ဒါများလွယ်ပါတယ်ရှင်"

ချန်မင်မင်သည် ဝါယင်လုံ၏ နားနားတိုးကပ်ပြီး တီးတိုးပြောလိုက်လေ၏။

ဝါယင်လုံ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

ချန်မင်မင်၏ စကားဆုံးသွားလျှင် ဝါယင်လုံ၏ မျက်နှာတွင် အပြုံးရိပ်များ ထွက်ပေါ်လာသည်။

"အင်း ... မင်းပြောတာ မဆိုးဘူး ညီမလေး"

"အို ... အစ်ကိုနဲ့ ညီမ လောင်းတောင် လောင်းဝံ့ပါတယ်ရှင်"

"ကောင်းပြီလေ ... ညီမပြောတာ ကျုပ်လက်ခံပါ့မယ်"

"ဒါဖြင့် သွားကြစို့"

သူတို့နှစ်ယောက်သည် ရှေ့ဆက်အချိန်မဖြုန်းတော့ဘဲ အမှောင်ရိပ်အတွင်းသို့ တိုးဝင်ကာ ထွက်ခွာသွားကြလေတော့သည်။

ဝန်းကျင်တစ်ခုလုံးလည်း ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

＊ ＊ ＊



## အခန်း(၄၂)
## လှူပျောက်ရှာခြင်း

အရှေ့ဘက်ဆီ၌ ရောင်နီပျို့အန်လုဆဲဆဲ။

ရောင်နီတောက်စ၌အလွန်ကြည့်ကောင်း၍ မိုးလင်းလုလုဖြစ်နေလေပြီ။

ဝါယင်လုံနှင့် ချန်မင်မင်တို့သည် ဖြတ်လမ်းအတိုင်း လျှောက်လာခဲ့ကြ၏။

တဖြည်းဖြည်း ခရီးတွင်ကာ မြစ်ဝသို့တိုင် ရောက်လာကြသည်။

လမ်းတစ်လျှောက် အမောဖြေအနားယူလိုက်၊ ခရီးဆက်လိုက်ဖြင့် လာခဲ့ကြရာ မြစ်ဆိပ်ကလေးတစ်ခုသို့ ရောက်လာကြသည်။

ချန်မင်မင်က မြစ်ဆိပ်အနီးသို့ဆင်းကာ လှေတစ်စီး ငှားရမ်းလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် လှေကလေးဖြင့် ခရီးဆက်လာခဲ့ကြ၏။

ကျိုင်လင်မြို့သို့ ဦးတည်ပြန်လာခဲ့ကြခြင်း ဖြစ်ပေသည်။

ရေလမ်းဖြင့် လာခြင်းကြောင့် ရန်သူများ သူတို့အား သတိထားမိကြမည် မဟုတ်ပါချေ။

ရေစုန်ဖြစ်၍ ခရီးတွင်နိုင်သည်။

ဤသည်မှာလည်း ချန်မင်မင်၏ အကြံဖြစ်ပါသည်။

အမှန်ပင် ရေလမ်းခရီးသည် ကုန်းလမ်းထက် အန္တရာယ်နည်းသည်။ ကြားဖြတ်မည့် ရန်သူလည်း မရှိချေ။

ရန်သူဟူ၍ လုံးဝမတွေ့ခဲ့ချေ။

လမ်းတစ်လျှောက်လုံး ချန်မင်မင်က သူမသိလိုသမျှကို မရပ်မနား မေးလာသည်။

ဝါယင်လုံလည်း သူသိသမျှ ဖြေနိုင်သမျှ ဖြေကြားခဲ့သည်။

ဝါယင်လုံမှာ ယင်ယင်၏အကြောင်းကို စဉ်းစားတွေးတောနေရာ လောလောဆယ် ဝါချီ၏ အန္တရာယ်ကို မေ့လျော့နေခဲ့၏။

လှေမှာ ရေစုန်နှင့်လိုက်လာရသည်ဖြစ်၍ ခရီးတွင်သည်။

တစ်နေ့တာအချိန်ကုန်ဆုံးပြီး ညနေမိုးချုပ်သွားသည်နှင့် သူတို့၏ လှေကလေးသည်လည်း ကျိုင်လင်မြို့အနီးသို့ ရောက်လာခဲ့လေတော့သည်။

သူတို့နှစ်ယောက် လှေပေါ်မှနေ၍ ကုန်းပေါ် တက်မိသည်နှင့် ဝါယင်လုံသည် အရင်ဦးစွာ ချန်မင်မင်အား အိမ်ပြန်ခိုင်းရမည်ဟု အသိဝင်လာသည်။

ထို့ကြောင့် ...



"ညီမလေး အိမ်ပြန်နှင့်ပေတော့၊ အစ်ကိုတော့ သွားစရာကိစ္စလေး နည်းနည်းရှိလို့ သွားလိုက်ဦးမယ်"

သူ၏စကားကြားရလျှင် ချန်မင်မင် မျက်မှောင်ကြုတ်သွားလေသည်။

"အစ်ကိုက ဘယ်သွားမှာလဲ"

"ငွေဂေဟာကို သွားမှာပါ"

"ဒါဖြင့် အတူသွားမယ်"

ဝါယင်လုံ မျက်လုံးပြူးသွားသည်။

ငွေဂေဟာဆိုသည်ကား အပျော်ဂေဟာတစ်ခု ဖြစ်သည်မဟုတ်လား။

ချန်မင်မင်ကဲ့သို့ မိန်းကလေးတစ်ယောက် လိုက်လာရန်မသင့်ချေ။

ဝါယင်လုံ ခေါင်းခါယမ်းလိုက်လေသည်။

"ညီမလိုက်လို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ၊ အစ်ကိုတောင် သွားသေးတာပဲ၊ ကျွန်မဘာ ဖြစ်လို့မလိုက်ရမှာလဲ"

"မဟုတ်ဘူး ... ဒီနေရာဟာ ကောင်းတဲ့နေရာ မဟုတ်ဘူး"

ဝါယင်လုံ ခေါင်းကုတ်ကာ ပြောလေသည်။

ချန်မင်မင် နားလည်သဘောပေါက်အောင် သူမကို မရှင်းပြတတ်ချေ။

ထို့ကြောင့် စိတ်ရှုပ်နေသည်။

ချန်မင်မင် စာဒကမတက်မီ ဦးအောင်လှ၍ စကားလှည့် ပြောလိုက်၏။

“ကျုပ်တို့ လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ဒါကြောင့် လူခွဲလုပ်ရလိမ့်မယ်၊ ညီမ အိမ်ပြန်ပြီး ချန်ရီ ရှိမရှိ ကြည့်ပါ”

“ကြည့်ပြီး ဘာလုပ်ရမှာလဲ”

ချန်မင်မင် နှုတ်ခမ်းစူကာ မေးသည်။

ဝါယင်လုံက…

“ရှိရင် စောင့်နေ၊ အစ်ကို လာခဲ့မယ်”

ချန်မင်မင် ခေါင်းခါယမ်းလိုက်သည်။

“အိမ်ကိုပြန်စရာ မလိုပါဘူး၊ သူက အိမ်မှာငြိမ်ငြိမ်ထိုင်နေတတ်တဲ့ လူမျိုးမှမဟုတ်တာ၊ သူ့အကြောင်း ကျွန်မ ကောင်းကောင်း သိပါတယ်၊ သူက လှုပ်လှုပ်ရှားရှားမလုပ်ရရင် အိပ်မပျော်တတ်တဲ့ လူမျိုးပါ”

ဝါယင်လုံ ငိုင်ကျသွားသည်။

ချန်မင်မင်အား ပထုတ်ရန် မလွယ်ကူကြောင်း သူနားလည် သွားသည်။

ချန်မင်မင်က ဆက်ပြောသည်။

“သူဟာ အခုအချိန်လောက်ဆိုရင် ယီကျောင်နန်နဲ့ အတူပါ သွားလောက်ပြီ၊ ဒါကို ကျွန်မသိတယ်”

“ဒီလိုမဟုတ်သေးဘူး၊ သူဟာ ကတိတည်တယ်ဆိုတာ ကျုပ် သိတယ်၊ သူက ကျုပ်ကို ကျင်လင်မှာ စောင့်နေမယ်လို့ ပြောသွား



တယ်၊ ယီကျောင်နန်ရဲ့ ကိစ္စဟာ မင်းအစ်ကိုနဲ့တွေ့မှ သိနိုင်မယ်၊ ဒီနယ်ဟာ ကျုပ်အတွက် စိမ်းနေတယ်၊ ဒါကြောင့် မင်း အစ်ကိုကို လိုက်မရှာနိုင်ဘူး၊ တွေ့ဖို့မလွယ်ဘူး”

ချန်မင်မင် ခေါင်းညိတ်လိုက်သည်။

“ကျွန်မ သိပါတယ်၊ သူ့ကို ဘယ်မှာတွေ့နိုင်မလဲဆိုတာ ကျွန်မ တွက်ဆနိုင်ပါတယ်၊ ကျွန်မတို့နှစ်ယောက် ရှန်ဂူကန်ကိုသွား ကြရအောင်”

“အခုတော့ သွားလို့မဖြစ်သေးဘူး၊ လူကယ်ဖို့ ပိုပြီးအရေး ကြီးတယ်”

ချန်မင်မင် ပြုံးလိုက်သည်။

“အစ်ကိုက ဘာတွေလောနေတာလဲ၊ အစ်ကို့မှာ လက်ခြောက် ဘက် ပါလို့ ဟိုဟာလည်း လုပ်ချင်၊ ဒီဟာလည်း လုပ်ချင် ဖြစ်နေ တာလား၊ ဘယ်အလုပ်ဖြစ်ဖြစ် တစ်ခုပြီးမှတစ်ခု လုပ်ရတာပဲ၊ အခု အစ်ကို့ဟာက တစ်ကြိမ်တည်းနဲ့ ရေအိုးခြောက်အိုး ထမ်းချင်နေတယ်၊ ဘယ်သူမှ ဒီလိုမလုပ်နိုင်ဘူး၊ စဉ်းစဉ်းစားစားလည်း ပြောပါ”

“ဟုတ်တယ်လေ … ဒါကြောင့် ပြောနေတာပေါ့”

“ကျွန်မ ပြောပြမယ် နားထောင်၊ အခု အမျိုးသမီးဂေဟာကို သွားရမယ်၊ ဝါချီရဲ့ အခြေအနေကို စုံစမ်းရမယ်၊ ပြီးမှ အစ်ကို ချိန်ရီကို ရှာပြီး ယီကျောင်နန်နဲ့ကိစ္စကို ဆက်လုပ်ရမယ်”

ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

ချန်မင်မင်သည် သူတစ်ယောက်တည်း သွားမည်ကို စိတ်မချ၍ ပြောနေခြင်းဖြစ်ကြောင်း နားလည်သည်သည်။

ထို့ကြောင့် ...

အခုသွားတာ ရန်ဖြစ်ဖို့မှမဟုတ်ဘဲ၊ ဒီနေရာကို မိန်းကလေး တွေ သွားဖို့ မသင့်ဘူး"

ချန်မင်မင် အားကျမခံ ပြန်ပြောလေသည်။

"ရန်မဖြစ်ဘူးလို့ ဘယ်သူက အာမခံမလဲ၊ တကယ်လို့ ဖြစ် လာရင် ဘယ်လိုလုပ်မလဲ၊ ကျွန်မ မိန်းကလေးလို မဝတ်ပါဘူး၊ ယောကျ်ားလေးတစ်ယောက်လို ရုပ်ဖျက်ပြီး သွားမယ်"

ဝါယင်လုံ စိတ်ညစ်သွားလေသည်။

သူသည် ချန်မင်မင် လိုက်မလာနိုင်အောင် အကြောင်းအမျိုး မျိုးပြကာ အတင်းပြန်ခိုင်းလေသည်။

သို့သော် ချန်မင်မင်က ခေါင်းမာစွာဖြင့် ငြင်းပယ်သည်။

ဝါယင်လုံ အတန်တန် တားမြစ်သော်လည်း မရချေ။

ကြာသော် စိတ်ပျက်ပြီး မည်သို့ဟန့်တားရမှန်းပင် မသိတော့ ချေ။

ဝါယင်လုံ ရှေ့ဆက်လျှောက်သွားသည်။

ချန်မင်မင်က နောက်မှလိုက်လာသည်။

သူတို့နှစ်ယောက် မြို့ထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာခဲ့ကြ တော့၏။

သူသည် ချင်မင်မင်ကို အသက်ငယ်သေးသဖြင့် ဟိုအကြောင်း ဒီအကြောင်းပြော၍မရဟုထင်သည်။

တကယ်တော့ ချန်မင်မင် အသက်ငယ်သည်မှာ မှန်သည်။



သို့သော် သူ့မိခင်နှင့် သိုင်းလောကအတွင်း လှည့်လည်နေခဲ့သဖြင့် ယခုမှ သိုင်းလောကထဲ ဆင်းလာသော ဝါယင်လုံထက်ပင် အတွေ့ အကြုံရှိသည်။ အတွေ့အကြုံရင့်ကျက်သည်။ အရွယ်နှင့်မမျှသော ဗဟုသုတ ဟင်လေးအိုးဖြစ်ကြောင်း ဝါယင်လုံ မသိပေ။

သူတို့ မြို့ထဲဝင်လာမိခဲ့ကြလေပြီ။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် လှမ်းသွားနေကြခြင်း ဖြစ်၏။

ဝါယင်လုံမှာ ချန်မင်မင်အား ပထုတ်ရန် နည်းလမ်းရှာဖွေ၍ နေရသဖြင့် စိတ်ပျက်ကာ ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေသည်။

ထို့ကြောင့် သူ့အနီးသို့ လူတစ်ယောက် ချဉ်းကပ်လာသည် ကို ရုတ်တရက် သတိမပြုမိချေ။

ချဉ်းကပ်လာသူမှာ အဝတ်အစားများစုတ်ပြဲ၍ ဖာထေးရာများ ပြည့်နေသည်။

ဖုန်အလိမ်းလိမ်း ချေးအလိမ်းလိမ်း ကပ်ငြိနေသည်။

လက်ထဲတွင် ခွက်တစ်လုံးနှင့် တုတ်တစ်ချောင်း ကိုင်ဆောင် ထား၍ သူတောင်းစား တစ်ယောက်ဖြစ်ကြောင်းသိသာသည်။

ထိုလူ အနီးရောက်လာမှ ဝါယင်လုံ သတိဝင်လာသည်။

ထိုလူကို အကဲခတ်ကြည့်လိုက်မိသည်။

ထိုလူက ဝါယင်လုံ၏အနီးသို့ ရောက်သည်နှင့် အရိုအသေ ပေးလိုက်ပြီး မေးလေတော့၏။

"ခင်ဗျားက ဝါယင်လုံ ဟုတ်ပါသလားဗျာ"

ဝါယင်လုံ အံ့သြသွားသည်။

သူတောင်းစားသည် အဘယ့်ကြောင့် သူ့အမည်ကို သိနေရပါသနည်း။

ထူးခြားချက်တစ်ခုခု ရှိရမည်ဟု တွေးမိသည်။

သူတောင်းစားမှာလည်း သာမန်လူတစ်ယောက် မဟုတ်ကြောင်း ရိပ်မိသောအခါ အင်္ကျီအိတ်ထဲ လက်နှိုက်ကာ အကြွေများ ထုတ်ယူ၍ သူတောင်းစား၏ ခွက်ထဲသို့ ထည့်ပေးလိုက်သည်။

ထိုသို့ထည့်လိုက်စဉ် ခွက်ထဲ၌ စက္ကူခေါက်ကလေးတစ်ခုရှိနေသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။

သူတောင်းစား၏မျက်နှာ ပြုံးရွှင်သွားသည်။

"ဟိုမိန်းမ ပြောတာမဆိုးဘူး၊ အပေးအကမ်း ရက်ရောသားပဲ၊ ကဲပါလေ၊ ခွက်ထဲက စာရွက်ခေါက်ကလေးဟာ ခင်ဗျားအတွက်ပါ နှိုက်ယူထားလိုက်သည်။

သူတောင်းစားလည်း ချက်ချင်းလှည့်ထွက်သွားသည်။

ဝါယင်လုံက သူ့အားဟန့်တားရန် စဉ်းစားပြီးမှ မတားတော့ဘဲ လွှတ်ပေးလိုက်သည်။

သူတောင်းစား ခပ်သွက်သွက် ထွက်သွားပြီး လမ်းချိုးလေးတစ်ခုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

သူတောင်းစား ထွက်သွားပြီးမှ ဝါယင်လုံက စာရွက်ခေါက်ကလေး ဖွင့်ဖတ်ကြည့်လိုက်သည်။

စာထဲတွင် ...



"ဝါချီ ဘာမှမဖြစ်ဘူး၊ သူ့အတွက်မပူနဲ့၊ ကိုယ့်အန္တရာယ်ကိုသာ သတိထား"

ဟု ရေးသားထား၏။

စာ၏အောက်ဘက်တွင် ရေးသားသူ၏ အမည်နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိဘဲ ထူးဆန်းသော ပုံတစ်ပုံသာ ရေးဆွဲထားသည်ကို တွေ့ရ၏။

ယင်းပုံမှာ စက်ဝိုင်းတစ်ခုကို အောက်ဘက်မှ အမြီးတပ်ထားသလို ရှိ၏။

ယပ်တောင်တစ်ချောင်းနှင့်လည်း ခပ်ဆင်ဆင်တူသည်။

ချန်မင်မင်သည် ဝါယင်လုံ၏ ပခုံးပေါ်မှ ကျော်ကာ စာကိုဖတ်ကြည့်နေ၏။

သူမသည် ထူးဆန်းသော ပုံကို တွေ့သည်နှင့် ချက်ချင်းမေးသည်။

"ဟင် ... ဒါကဘာလဲ၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်းလား၊ ယပ်တောင်တစ်ချောင်းလား"

ဝါယင်လုံ ပြုံးလိုက်သည်။

ထို့နောက် ထူးဆန်းသော အမှတ်အသားအကြောင်း ရှင်းပြလိုက်လေ၏။

"ဒါဟာ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အမှတ်အသားတစ်ခုပါ၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်းတော့ မဟုတ်ဘူး၊ ယပ်တောင်ဆိုတာတော့ မှန်တယ်၊ သေသေချာချာကြည့်မှ ယပ်တော်လို့ သိရမှာ"

"ဒီလူက ယပ်တောင်ကို လက်နက်အဖြစ် အသုံးပြုတာယ်ပေါ့"

"ဟုတ်တယ် ... သူ့ရဲ့လက်နက်က ယပ်တောင်ပဲ"

ချန်မင်မင် ပခုံးတွန့်လိုက်လေသည်။

"ယပ်တောင်ကို လက်နက်အဖြစ် အသုံးပြုတယ်ဆိုတော့ သူ့ရဲ့ သိုင်းပညာဟာ ကြောက်ခမန်းလိလိ ထက်မြက်နေမယ်ဆိုတာ သံသယ ဖြစ်စရာမလိုဘူး"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"မှန်တယ်၊ သိုင်းပညာ သိပ်တော်တဲ့ လူတစ်ယောက်ပါ"

"သူနဲ့ အစ်ကို ဘယ်လိုပတ်သက်နေသလဲ"

"သူ့နာမည်ကို အစ်ကိုတို့ကတော့ 'ဘိုးဘိုးကျူ' လို့ပဲ ခေါ်ကြတယ်၊ သူဟာ ခြေဦးတည်ရာ လျှောက်သွားနေတဲ့ ခြေသလုံး အိမ်တိုင် သိုင်းသမားတစ်ယောက်ပဲ၊ အစ်ကို့အဒေါ်ရဲ့ ယောကျ်ားနဲ့ ဆိုရင် ဂိုဏ်းတူဘကြီးပေါ့၊ အစ်ကိုတို့အတွက်ကတော့ အဘိုးပေါ့၊ သူဟာ စ,တတ် နောက်တတ်တယ်၊ သူနဲ့တွေ့ရင် အမြဲ ရယ်မောရတယ်၊ ဝါမိသားစုက လူငယ်လူရွယ်တိုင်းလိုလို သူ့ကိုတွေ့ချင်စိတ် ရှိကြတယ်၊ အခု စာရေးထားပုံဟာ ခပ်သွက်သွက်ရှိနေတာမို့ အရေး တကြီး ရှိပုံရတယ်"

"ဘယ်လို အရေးကြီးတာလဲ"

ဝါယင်လုံ စဉ်းစားပြီးမှ ...

"သူဟာ ကျုပ်အစ်ကိုကို ကယ်တင်ပြီး တစ်နေရာကို ထွက်သွားပြီထင်တယ်၊ ဒါကြောင့် ခပ်မြန်မြန်ရေးခဲ့တာ ဖြစ်မှာပေါ့"



ချန်မင်မင် သက်ပြင်းချလိုက်သည်။

သူတို့သည် ဝါချီအတွက် စိုးရိမ်ပူပန်စရာမလိုတော့ချေ။

ပခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးတစ်ခု ကျသွား၍ စိတ်လက်ပေါ့ပါး သွားသည်။ သူမသည် ဝါမိသားစုဝင်တစ်ယောက်ကဲ့သို့ ဝါချီအတွက် စိတ်ပူနေခြင်းဖြစ်သည်။

ဝါယင်လုံကို ပြုံးပြရင်း ...

"ဒီလိုဆိုရင်လည်း အိမ်ကိုပဲသွားကြတာပေါ့၊ အိမ်မှာ အစ်ကို က စောင့်နေမယ်ထင်တယ်"

ဝါယင်လုံ မငြင်းနိုင်တော့ချေ။

ဝါချီအတွက် စိတ်အေးရပြီမို့ ချန်ရီနှင့်တွေ့ဖို့သာ ကျန်တော့ သည် မဟုတ်လား။

"နေဦး ... ညီမ၊ အစ်ကို တည်းခိုခဲ့တဲ့ တည်းခိုခန်းမှာ သွား ပြီး ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေယူလိုက်ဦးမယ်၊ ပြီးတော့မှ သွားကြ တာပေါ့"

"ကောင်းပြီလေ ..."

ချန်မင်မင်သည် လမ်းကျွမ်းသူပီပီ လူရှင်းသော လမ်းများမှ ရှေ့ဆောင်ခေါ်သွားသည်။

ဝါယင်လုံ လိုက်သွား၏။

ညနေဆည်းဆာအချိန်ကို ကျော်လွန်ပြီး မီးထွန်းချိန်ရောက် နေပေပြီ။

အိမ်တိုင်း အိမ်တိုင်း မီးထွန်းညှိထားကြသည်။

အချို့အိမ်များမှ မီးရောင်သည် လမ်းမပေါ်သို့ပင် ဖြာကျလျက် ရှိနေလေ၏။

ပထမဦးစွာ ဝါယင်လုံ တည်းခိုခဲ့သည့် တည်းခိုခန်းသို့ ရောက်ရှိသွားကြ၏။

တည်းခိုခန်းတွင် ကျသင့်ငွေပေးချေပြီး ကျန်ရစ်ခဲ့သည့်ပစ္စည်းပစ္စယများကို ထုပ်ပိုးသိမ်းဆည်းကာ ယူဆောင်ခဲ့သည်။

ထို့နောက် ချန်မင်မင်၏ အိမ်သို့ သွားကြသည်။

ချန်မင်မင်၏အိမ်သို့ ရောက်သောအခါ ချန်ရိကိုမတွေ့ရချေ။ ချန်မင်မင်ပြောသည့်အတိုင်းပင်။

ချန်မင်မင်သည် ဝါယင်လုံအတွက် အခန်းပြင်ဆင်ပေးပြီး အိမ်သူအိမ်သားများထံတွင် ယီကျောင်နန်နှင့် ချိန်ရိတို့၏ သတင်းကို စုံစမ်းသည်။

ထိုအခါ ယီကျောင်နန်မှာ အနောက်ဘက်သို့ထွက်သွားကြောင်း သတင်းရ၏။

ချိန်ရိမှာမူ ယီကျောင်နန်နောက်သို့ လိုက်သွားခြင်းမဟုတ်ဟု သိရသည်။ ချန်ရိသည် ခြေဗွေပါသူဖြစ်သည်။ သူသည် အိမ်ကပ်သည် မရှိပေ။

သို့သော် ချန်ရိအိမ်ပြန်မလာသည်မှာ နှစ်ရက်ရှိပြီဟု သိရသည်။

သူမသည် ရောက်တုန်းရောက်ခိုက် ဝါယင်လုံကို ကောင်းစွာ ဧည့်ခံသည်။



တစ်ဦးတည်း ဧည့်ဝတ်ကျေပွန်စွာ ဒိုင်ခံပြုစုလေတော့သည်၊ ဤသို့ဖြင့် ညမှောင်လာသည်။

မီးအိမ်များလည်း ငြိမ်းသွားကြပြီ။

ညဉ့်နက်သော်လည်း ဝါယင်လုံ အိပ်မပျော်သေးချေ။

ထိုစဉ် ချန်မင်မင်ရောက်လာပြီး ပန်းဥယျာဉ်ထဲတွင် လမ်းလျှောက်ရန် ခေါ်၍ လိုက်လာခဲ့သည်။

လူလွှတ်ခေါ်ခိုင်းလိုက်ပြီဖြစ်ရာ မကြာမီ ချန်ရိ ပြန်ရောက်လာလိမ့်မည်ဟု နှစ်ယောက်စလုံး ယုံကြည်ထားကြသည်။

ချန်ရိကို စောင့်ရင်း ပန်းဥယျာဉ်အတွင်း၌ အနားယူအပန်းဖြေနေမိကြသည်။

ပန်းဥယျာဉ်အတွင်း၌ ရောင်စုံပန်းများ ဖူးပွင့်နေသည်။

လေပြည်လေညင်းကလေး ဝေ့ယမ်းတိုက်ခိုက်လာသောအခါ ပန်းရနံ့များ သင်းကြိုင်ထုံနေသည်။

အေးမြလတ်ဆတ်မှုကို ခံစားရသည်။

စိတ်ကြည်နူးဖွယ် အလွန်ကောင်း၏။

လှပချောမောသော ချန်မင်မင်နှင့်အတူ ပန်းဥယျာဉ်အတွင်း၌ အပန်းဖြေနေရသည်ကို ဝါယင်လုံ၏ စိတ်ထဲ သာယာလာမိလေသည်။ မည်သူမဆို ချန်မင်မင်နှင့် ဤသို့ လမ်းလျှောက်နေရလျှင် ကျေနပ်မိမည်သာ ဖြစ်၏။

အမှတ်တမဲ့ ချန်မင်မင်ကို ကြည့်မိသည်။

ချန်မင်မင်၏ လှပချောမောသော မျက်နှာကလေးမှာ ရင်ထဲ အသိမ့်သိမ့် တငြိမ့်ငြိမ့် စွဲမက်စရာပင်။

ဝါယင်လုံမှာ ငေး၍သာကြည့်နေမိတော့သည်။

ချန်မင်မင်သည်လည်း ဝါယင်လုံနှင့် အတူနေရသည်ကို ကြည်နူးနှစ်သိမ့်နေဟန်ရှိသည်။

သူမ၏ ရင်ထဲ၌ ဝါယင်လုံ တစ်ယောက်တည်းသာ ရှိနေ၍ အခြားကိစ္စများကို စိတ်မဝင်စားတော့ချေ။ ငယ်ရွယ်နုနယ်သော ချန်မင်မင်၏ နှလုံးသား၌ ဝါယင်လုံသာ တံဆိပ်ကပ်ပြီး ဖြစ်သွားသည်။

သူတို့နှစ်ယောက် ပန်းဥယျာဉ်အတွင်း အတန်ကြာအောင် အပန်းဖြေပြီးမှ ရောက်တတ်ရာရာ ပြောဆိုနေကြသည်။

ပြောရင်း ပြောရင်း ဝါယင်လုံ အဆိပ်မိသည့်အကြောင်းသို့ ရောက်သွားသည်။

ဝါယင်လုံ အဆိပ်မိခြင်းနှင့် ပတ်သက်၍ ကြယ်တံခွန်ဂိုဏ်းအကြောင်း ပါလာသည်။

တစ်ဆက်တည်း ချန်မင်မင်၏အဘိုး ချင်ယွင်၏အကြောင်းလည်း ပါလာသည်။

ချန်မင်မင်က ...

"အစ်ကိုရဲ့ ခန္ဓာကိုယ်မှာ မိထားခဲ့တဲ့အဆိပ်ဟာ ကြယ်တံခွန်ဂိုဏ်းက အဆိပ်ဆိုတော့ ဘိုးဘိုးချင်ယွင် အဆိပ်ဖြေပေးမှ လုံးလုံးလျားလျား ပျောက်ကင်းမှာ သေချာတယ်"

မှန်သည်။

ဝါယင်လုံသည် အဆိပ်မကြောက်သူဖြစ်သော်လည်း ကြယ်တံခွန်ဂိုဏ်း၏ ထူးခြားသော အဆိပ်ကိုမူ ခံနိုင်စွမ်း မရှိခဲ့ချေ။



သို့ဖြစ်၍လည်း ချင်ယွင်ကို အားကိုးနေရခြင်း ဖြစ်သည်။

ချင်ယွင် မည်သည့်နေရာသို့ ရောက်နေပါသနည်း။

ချင်ယွင်ကို သတိရလာလျှင် ချင်ယွင်က သူ့အား သိုင်းပညာသင်ပေးခဲ့သည်ကိုပါ ပြန်လည်သတိရလာသည်။

ဝါယင်လုံ သဘာကျစွာ ပြုံးလိုက်ပြီး ...

"ဘိုးဘိုးချင်ယွင်က အစ်ကို့ကို အဆိပ်ကုပေးမယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ပြီးတော့ သူက အစ်ကို့ကို ပြောင်းပြန်သွေးလှည့်ပမာ ပေးခဲ့သေးတယ်၊ သူ့ကို ကျေးဇူးဆပ်လို့ မကုန်အောင်ပါပဲ ညီမရယ်"

ကျေးဇူးတရားကို သိတတ်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါသည်။

ကျေးဇူးတရားသည် အပြန်အလှန်ရှိသော တရားတစ်ခုဖြစ်၏။ ကျေးဇူးမသိသော လူသည် လူမိုက်ဖြစ်လေ၏။

ချန်မင်မင်က ခေါင်းညိတ်လိုက်ပြီး ...

"ဘိုးဘိုးချင်ယွင်ကလည်း စိတ်နေစိတ်ထား ထူးခြားတဲ့ လူတစ်ယောက်ပဲ၊ သူက အစ်ကို့ကို သိုင်းပညာသင်ပေးတာ ကျွန်မအံ့သြမိတယ်၊ သူ့တစ်သက်မှာ ပြောင်းပြန် သွေးလှည့်ပညာကို အစ်ကိုနဲ့ သူ့သားကိုပဲ သင်ပေးတာ၊ အင်း ... သူ့သားက ဘယ်ပျောက်နေသလဲ မပြောတတ်ဘူး၊ အစအန ရှာလို့မတွေ့ဘူး"

ဝါယင်လုံ စိတ်မကောင်းဖြစ်သွားသည်။

ချင်ယွင် သိုင်းလောက၌ လှုပ်ရှားနေသည်မှာ ပျောက်ဆုံးသွားသော သားဖြစ်သူအား လိုက်လံရှာဖွေနေခြင်းပင် မဟုတ်ပါလား။

ချင်ယွင်၏ သားသည် အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်သည်။ အဆင့်မြင့်သိုင်းသမားတစ်ဦး အဘယ့်ကြောင့် ပျောက်ဆုံးရသနည်း။

ချင်ယွင်၏ သား ပျောက်ဆုံးသွားခြင်းသည် သွေးရိုးသားရိုး ကိစ္စတစ်ခု မဖြစ်နိုင်ချေ။

ဝါယင်လုံ သက်ပြင်းချပြီး မေးလိုက်မိ၏။

"ဘိုးဘိုးချင်ယွင်ရဲ့ သား ပျောက်သွားတာဟာ အတော်ကြာပြီ မဟုတ်လား"

ချန်မင်မင် ခေါင်းညိတ်သည်။

"ဟုတ်တယ်လေ"

"အင်း ... ဒီကိစ္စဟာလည်း ကြယ်တံခွန်ဂိုဏ်းရဲ့ လက်ချက် မကင်းဘူးလို့ အစ်ကို ထင်တယ်"

ချန်မင်မင် ပြုံးလိုက်သည်။

"ဟုတ်တယ် ... ကျွန်မလည်း သူတို့ကို မသင်္ကာဘူး၊ သိုင်းလောကက အဆင့်မြင့်သိုင်းသမားတွေ တစ်ယောက်ပြီးတစ်ယောက် ပျောက်ဆုံးသွားတာဟာ ကြယ်တံခွန်ဂိုဏ်းရဲ့ လက်ချက်ပဲဖြစ်ရမယ်၊ ကျွန်မတို့ သိရသလောက် ကြယ်တံခွန်ဂိုဏ်းဟာ သိုင်းသမားတွေကို ဖမ်းဆီးနေဟယ်ဆိုတာပဲ"

"ရှန်မုံဂိုဏ်းကကော၊ သူလည်း အန္တရာယ်ရှိတာပဲ"

"သူတို့လည်း ကြယ်တံခွန်ဂိုဏ်းနဲ့ အလိုတူအလိုပါဆိုတာ သိပါတယ်ရှင်"

ဝါယင်လုံ ရင်လေးလာသည်။



ကြယ်တံခွန်ဂိုဏ်းနှင့် ရှန်မုံဂိုဏ်းတို့၏ ရည်ရွယ်ချက်ကို သူ ရိပ်တန်သလောက် ရိပ်မိပြီး သိတန်သလောက် သိခဲ့ရသည်။

"သူတို့ဟာ အရင်က နာမည်ကျော်ခဲ့တဲ့ အဆင့်မြင့်သိုင်းသမား တွေကို လုပ်ကြံခဲ့ပာယ်၊ ဒါမှမဟုတ် ဖမ်းဆီးပြီး အသုံးချမယ်၊ သူတို့ အကြံဟာ အင်မတန် ကြောက်စရာကောင်းတယ်"

ချန်မင်မင်၏ မျက်နှာပေါ်တွင် မုန်းတီးစက်ဆုပ်သည့် အရိပ်အယောင်များ ပေါ်ထွက်လာသည်။

"ကြယ်တံခွန်ဂိုဏ်းနှင့် ရှန်မုံဂိုဏ်းတို့သည် သိုင်းလောကသားများအတွက် အဓိကအန္တရာယ်များ ဖြစ်ကြသည်။

ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက်လည်း ကြီးစွာ အနှောင့်အယှက် ပြုနေသည်။

တရားဥပဒေစိုးမိုးမှုရှိမှသာ ရပ်ရွာအေးချမ်းသာယာနိုင်မည် ဖြစ်သည်။

ဥပဒေမဲ့ ဒုစရိုက်သမားများ အုံနှင့်ကျင်းနှင့် ဖွဲ့စည်းတည်ရှိနေပါက ရပ်ရွာအေးချမ်းရေး သာယာနိုင်မည် မဟုတ်ပါ။

ထိုအဖွဲ့အစည်းများကို တရားမျှတပြီး ဥပဒေစိုးမိုးရေးကို လိုလားသော အထက်လမ်းသိုင်းသမားများက ဥပဒေဘက်တော်သားများနှင့် လက်တွဲကာ ဖြိုခွဲနှိမ်နင်းပစ်ရမည် ဖြစ်ပါသည်။

ဝါယင်လုံက

"တကယ်လို့များ ဘိုးဘိုးချင်ယွင်ရဲ့ သားကို ကြယ်တံခွန်ဂိုဏ်းက ဖမ်းထားတယ်ဆိုရင် မရရအောင် ရှာပြီး ကယ်တင်ရမှာပဲ၊

ကြယ်တံခွန်ဂိုဏ်းက အကျုးမရှိဘဲ ဖမ်းထားမှာမဟုတ်ဘူး၊ သူတို့က အဆင့်မြင့်သိုင်းသမားတွေကို မလှုပ်နိုင်အောင် နည်းတစ်မျိုးမျိုးနဲ့ ချုပ်ကိုင်မယ်၊ ပြီးတော့ သူတို့အတွက် အလုပ်လုပ်ခိုင်းလိမ့်မယ်၊ သူတို့ခိုင်းတာမလုပ်ဘဲ နေလို့မရတဲ့ ဘဝမျိုးရောက်ပြီဆိုရင် သွားပြီပေါ့၊ သိုင်းလောကတစ်ခုလုံး ပျက်စီးရတော့မှာပေါ့”

ချန်မင်မင်လည်း သဘောပေါက်သည်။

“သူတို့ရဲ့လုပ်ရပ်တွေဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ အကြံအစည်လည်း ကြီးမားတယ်၊ ဒါကြောင့် အမျိုးသမီးဂိုဏ်းကို အားကိုးအားထား ပြုရမှာပဲ၊ သူတို့ကို စုံစမ်းထောက်လှမ်းခိုင်းရမယ်၊ သူတို့ကို မျက်ခြည်ပြတ်ခံလို့မဖြစ်ဘူး၊ သိုင်းလောကထဲက နာမည်ကျော် သိုင်းသမားတွေ ဘယ်နည်းဘယ်ပုံ ပျောက်သွားကြတာလဲ၊ နောက်ထပ် ဘယ်သူတွေ ပျောက်ဦးမလဲ၊ ကျွန်မတို့ဟာ အထက်လမ်း အောက်လမ်း အဆင့်မြင့် သိုင်းသမားတွေကို စောင့်ကြည့်သင့်တယ်၊ ဒါပေမယ့် အဲဒီလိုပဲ လုပ်နိုင်မှာမဟုတ်ပါဘူးလေ”

သူမက စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။

ဝါယင်လုံက ...

“အစ်ကိုတို့ စိတ်ပျက်နေလို့မဖြစ်ဘူး၊ အခုဆိုရင် အောက်လမ်းသိုင်းသမား အင်အားစုတွေဟာ တဖြည်းဖြည်း အားကောင်းလာတယ်၊ သိုင်းလောကထဲမှာ တစိမ့်စိမ့်ဝင်ပြီး နေရာယူကြတယ်၊ သူတို့ကို နည်းလမ်းရှာပြီး ဖြိုခွဲရလိမ့်မယ်၊ ဒါမှမဟုတ်ရင် သိုင်းလောကကြီး ပျက်စီးဖို့ပဲရှိတော့တယ်”



စိတ်ပျက်အားလျော့နေရုံဖြင့် ပြဿနာတစ်ခုသည် အလိုလို ဖြေရှင်းပြီးသား ဖြစ်နိုင်မည်မဟုတ်ပါ။ ထိုင်နေရုံဖြင့် လိုရာသို့ရောက် မည်မဟုတ်ပါ။ လျှောက်မှသာ ရောက်နိုင်ပါသည်။

မည်သည့် ကိစ္စမဆို လိုလျှင်ကြံဆ နည်းလမ်းရသည် မဟုတ် လား။

“စိတ်ပျက်ပြီး လက်မှိုင်ချနေရုံဖြင့် နည်းလမ်းကောင်းများ ရှိနိုင်မည် မဟုတ်ပါ။

မကောင်းမှု ဒုစရိုက်သမားများ အင်အားကြီးမားလာလေလေ ရွာအေးချမ်းသာယာမှု ပျက်ပြားလေလေပင် ဖြစ်သည်။

သို့ဖြစ်ရာ မကောင်းမှုဒုစရိုက်သမား အင်အားကြီးထွားမလာ ပြည်သူပြည်သားများသည် သက်ဆိုင်ရာ မြို့စား နယ်စား ဘုရင့် ပ်မတော်သားများနှင့် ပူးပေါင်းပြီး ဒုစရိုက်သမားများကို ဖြိုခွင်း နင်းရန် အထူးပင် လိုအပ်ပေသည်။

သူတို့နှစ်ယောက် စကားကောင်းနေစဉ် ပန်းဥယျာဉ်ထဲသို့ သုံးယောက် လှမ်းဝင်လာကြသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက် မအိပ်ဘဲနေကြ၍သာ ထိုလူသုံးဦးကို တွေ့ ကြရခြင်း ဖြစ်သည်။

ချန်မင်မင်ကမူ အားရဝမ်းသာ ဖြစ်သွားကာ ထအော်၏။

“ဟော ... အစ်ကို့ကို လိုက်ရှာခိုင်းလိုက်တဲ့လူတွေ ပြန်လာ ကြပြီ”

ထိုလူသုံးယောက်သည် ချန်မင်မင်ရှေ့သို့ ရောက်လျှင် ဦးညွှတ် ရဝပြုလိုက်ကြ၏။

ချန်မင်မင်က သူတို့၏မျက်နှာ မသာမယာဖြစ်နေသည်ကို အကဲခတ်ကြည့်မိ၏။ အခြေအနေကောင်းပုံမရချေ။

"ဘယ်လိုလဲ ... ရှာမတွေ့ကြဘူးလား"

လူသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ ရှာလို့မတွေ့ပါဘူး"

"ရှင်တို့က တစ်မြို့လုံးနှံ့အောင် ရှာပြီးပြီလား"

"ဟုတ်ပါတယ်"

ချန်မင်မင် သက်ပြင်းချလိုက်သည်။

"သူကိုရှာမတွေ့ဘူးဆိုတော့ သူ ဘယ်ထွက်သွားတယ် ထင်သလဲ"

လူသုံးယောက် တိတ်ဆိတ်နေကြသည်။

အတန်ကြာမှ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ...

"မ ... မပြောတတ်ပါဘူး ခင်ဗျာ"

ချန်မင်မင် လက်ဝှေ့ယမ်းပြလိုက်၏။

"ကဲ ... ကဲ ... ရှင်တို့ သွားကြပေတော့"

လူသုံးယောက်သည် ချက်ချင်းပင် အလျင်အမြန် ထွက်သွားကြသည်။

ထိုလူများ၏ သတင်းပို့ချက်အရ ချိန်ရိကို ရှာမတွေ့ကြောင်း ဝါယင်လုံ နားလည်မိသည်။

ချန်ရိ မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။



သူ့အား ရန်သူများက ဖမ်းဆီးသွားပြီလော။

ချန်ရိ ပျောက်ဆုံးနေခြင်းသည် ယီကျောင်နန်နှင့် ပတ်သက်နိုင်သည်ဟု နှစ်ယောက်စလုံး တွေးမိကြ၏။

ချန်မင်မင်က ဝါယင်လုံကို လှမ်းကြည့်ရင်း ...

"အစ်ကို ချန်ရိကိုတော့ ရှာလို့မတွေ့ဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲ"

ဝါယင်လုံ ပခုံးတွန့်လိုက်၏။

"မနက်မှ ရှာကြတာပေါ့"

ချန်မင်မင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်၊ မနက်ဖြန်မှ သူ့ကိုရှာကြမယ်၊ အခုတော့ လုပ်စရာရှိသေးတယ်"

ဝါယင်လုံ မျက်မှောင်ကြုတ်ကာ ...

"ဘာလုပ်မှာလဲ"

"ရှန်ဝူကန်ဘက် သွားကြမယ်လေ"

"ဘာသွားလုပ်မှာလဲ"

"ကျန်းနန်းသမားတော်အိမ်ကိုသွားပြီး အကဲခတ်ကြတာပေါ့"

တစ်ညတာအချိန်ကို အိပ်စက်၍ ဖြုန်းတီးပစ်ရမည့်အတူတူ ကျန်းနန်းသမားတော်၏ အိမ်ကိုသွား၍ အကဲခတ်ကြည့်သည်က ပိုကောင်းသည်ဟု တွက်ဆမိသည်။

ကံကောင်းလျှင် သဲလွန်စများ ရလာနိုင်၏။

ရန်သူကို ခြေရာခံလိုက်နိုင်မည် ဖြစ်သည်။

ဝါယင်လုံ ခေါင်းညိတ် သဘောတူလိုက်သည်။

"ကောင်းပြီလေ ... သွားကြတာပေါ့"

ချန်မင်မင်က လက်ကာပြရင်းပြော၏။

"ခဏနေဦး ... သွားလာလှုပ်ရှားလို့ကောင်းအောင် ကျွန်မ ရှုပ်ဖျက်လိုက်ဦးမယ်၊ ပြီးမှ သွားကြတာပေါ့"

စကားဆုံးသည်နှင့် ပန်းဥယျာဉ်ထဲမှထွက်ကာ အိမ်ထဲသို့ ဝင် သွားသည်။

ဝါယင်လုံက ပန်းဥယျာဉ်ထဲမှပင် စောင့်နေလိုက်၏။

မကြာမီ ချန်မင်မင် ပြန်ထွက်လာသည်။

သူမသည် ယောကျ်ားကလေးတစ်ယောက်ပမာ ရုပ်ဖျက်လာ သည်။

သို့သော် မျက်စိစူးသူတိုင်းက လှပချောမောပြီး နုနယ်သော သူ၏မျက်နှာကလေးကို မြင်ရုံဖြင့် မိန်းကလေးမှန်း သိနိုင်ပါသည်။

ဝါယင်လုံက ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ ရှန်ဂူကန် ဘက်သို့ ထွက်ခွာလေကြတော့၏။

* * *



အခန်း (၄၃)

## ကျူးယင်ဂိုဏ်းချုပ်အသစ်

ရှန်ဂူကန်။

ရှန်ဂူကန်နှင့် မလှမ်းမကမ်းတွင် ကျန်းနန် သမားတော်၏ အိမ်ဂေဟာ ရှိသည်။

ညဦးသန်းခေါင်ယံအချိန်ပင်။

အေးမြလတ်ဆတ်သော လေများလည်း တိုက်ခတ်လာသည်။

သို့သော် လေပြည်ကလေးက ဝါယင်လုံနှင့် ချန်မင်မင်တို့၏ ရင်ကို အေးမြအောင် မစွမ်းဆောင်နိုင်ခဲ့ချေ။

အဘယ့်ကြောင့်ဆိုသော် ရှန်ဂူကန်အနီးသို့ ရောက်သည်လဲနှင့် အရုပ်ဆိုး အကျည်းတန်သော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရ သောကြောင့်ပင်တည်း။

ရှန်ဂူကန်အနီးမှ ခံ့ညားထည်ဝါလှသော ကျန်းနန်သမားတော် ၏ စံအိမ်သည် ကြည့်မကောင်း မြင်မကောင်းအောင် အရုပ်ဆိုး အကျည်းတန်နေလေပြီ။

ယခင် လက်ရာပြောင်မြောက်စွာ ဆောက်လုပ်ထားခဲ့သော ဆောက်အအုံကြီးသည် ယခုမူ ပြာပုံကြီးဖြစ်နေသည်။

နေရာအနှံ့ မီးလောင်ကျွမ်းထားသော တိုင်ငုတ်များ တွေ့ရ၏။

ဝါယင်လုံ ရင်ထိတ်သွားသည်။

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

ချန်မင်မင်က ...

"ရန်သူလက်ချက် မိသွားပြီထင်တယ်"

သူတို့နှစ်ယောက် မီးလောင်ပြင်သို့ ခပ်သွက်သွက်ကလေး ပြေးသွားကြသည်။

ဝါယင်လုံသည် ဤနေရာသို့ နှစ်ကြိမ်တိုင်တိုင် ရောက်ဖူးသည်။

ချန်မင်မင်မှာမူ မကြာခဏ ရောက်ခဲ့ဖူးသည်။

သူတို့၏ရင်ထဲတွင် ဆို့နင့်သော ခံစားချက်များ ခံစားလာကြသည်။

သူတို့ တွေးကာ ဒေါသဖြစ်ကြသည်။

ဝါယင်လုံက တက်ခေါက်ရင်း မကျေမနပ် ရေရွတ်လေ၏။

"တောက် ... လူမဆန်တဲ့ အလုပ်မျိုး လုပ်သွားကြတာပဲ"

ချန်မင်မင်သည် မီးလောင်ပြင်အတွင်း၌ အလောင်းများ တွေ့ပိုတွေ့ငြား လိုက်လံရှာဖွေနေသည်။

သူတို့နှစ်ယောက် အတန်ကြာ ရှာဖွေသော်လည်း မီးလောင်ကျွမ်းထားသော အလောင်းဟူ၍ မတွေ့ရချေ။



ဤသို့ဆိုလျှင် ကျန်နန်သမားတော်သည် အသတ်ခံရခြင်း မဟုတ်ဘဲ အဖမ်းခံရခြင်းဖြစ်ကြောင်း သိသာ၏။

ကျန်နန်းသမားတော်အား ဖမ်းဆီးကာ ခြေရာလက်ရာ ဖျောက်ဖျက်သည့်အနေနှင့် အဆောက်အအုံကို မီးရှို့သွားကြခြင်း ဖြစ်လိမ့်မည်။

ဝါယင်လုံက ညည်းညူသည်။

"ကျန်နန်သမားတော်က အင်မတန် စေတနာကောင်းတယ်၊ သဘောထားလည်း ပြည့်ဝတဲ့လူပါ၊ ဘယ်သူနဲ့မှလည်း ရန်ငြိုးမရှိဘူး၊ ဘာကြောင့် သူ့ကို ဒုက္ခပေးကြသလဲ၊ စဉ်းစားမရနိုင်အောင်ပဲ"

ချန်မင်မင်က ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... ကျန်နန်သမားတော်ကို ဘာကြောင့် ဖမ်းသွားတာလဲ၊ ဒီအချက်ဟာ စဉ်းစားစရာပဲ၊ ဘယ်သူတွေက ဖမ်းသွားသလဲဆိုတာ သိရအောင် သဲလွန်စရှာရမယ်"

ပြောပြောဆိုဆို မီးလောင်ပြင်တွင် သဲလွန်စတွေ့လိုတွေ့ငြား လိုက်လံရှာဖွေလေသည်။

ဝါယင်လုံလည်း ချန်မင်မင်၏စကား မှန်ကန်ကြောင်း သိ၍ သဲလွန်စကို လိုက်ရှာသည်။

မီးလောင်ပြင်အတွင်း အတော်ကလေးကြာအောင် ရှာဖွေလိုက်ကြသော်လည်း သံသယဖြစ်စရာ သဲလွန်စဟူ၍ မတွေ့ရချေ။

ချန်မင်မင် မျက်မှောင်ကြုတ်ကာ ...

"အင်း ... ရန်သူဟာ တော်တော် ပိပိရိရိနိုင်တာပဲ၊ ခြေရာ

လက်ရာ မကျန်အောင် လုပ်သွားနိုင်တယ်၊ သံသယဖြစ်စရာ သဲလွန်စ လုံးဝမတွေ့ရဘူး၊ အံ့သြစရာတောင် ကောင်းနေပြီ"

ဝါယင်လုံသည် သဲလွန်စ မတွေ့သဖြင့် စိတ်ဓာတ်ကျဆင်းသွားလေသည်။

ထိုအချိန်တွင် ကောင်းကင်ပေါ်၌ လထွက်လာပြီဖြစ်သည်။

ကြည်လင်အေးမြသော လရောင်သည် ကမ္ဘာမြေပေါ်သို့ ဖြာကျလာသည်။

လရောင်ဖြင့် သူတို့ဖတ်ဝန်းကျင်ကို ထင်ထင်ရှားရှား တွေ့မြင်လာနိုင်သည်။

ယခင်ကထက် ပို၍ စေ့စေ့စပ်စပ် ရှာနိုင်လာကြလေ၏။

အတန်ကြာသောအခါ အဝေးတစ်နေရာမှ အလင်းရောင်ကလေး လက်ခနဲ ထွက်ပေါ်လာသည်ကို တွေ့လိုက်၏။

တစ်ခဏမျှ လက်ခနဲထွက်ပေါ်လာပြီး ပျောက်ကွယ်သွားခြင်းဖြစ်သည်။

ဝါယင်လုံမှာ မြင်တွေ့လိုက်ရသည် သူ့မျက်လုံးများ မှားများမှားနေသည်လားဟု အတွေးဝင်လာသဖြင့် ...

"ညီမ ဟိုဘက်က လက်ခနဲ ဖြစ်သွားတာ တွေ့လိုက်သလား"

ချန်မင်မင်ကို မေးလိုက်သည်။

ချန်မင်မင်လည်း သူ့ကြည့်နေသည့်ဘက်သို့ စိုက်ကြည့်နေကြောင်း တွေ့မြင်ရသည်။

သူက မေးလိုက်သည်နှင့် ခေါင်းညိတ်ကာ ...



"ဟုတ်တယ် ... လက်ခနဲဖြစ်သွားတာ တွေ့လိုက်တယ်"

"တို့ သွားကြည့်ရအောင်"

ချန်မင်မင် သဘောတူလိုက်၏။

"သွားကြည့်မယ်လေ"

သူတို့နှစ်ယောက် သတိကြီးစွာထားရင်း အလင်းရောင် လက်ခနဲ ထွက်ပေါ်လာရာဆီသို့ ဦးတည်သွားကြသည်။

ချန်မင်မင်ကဆိုလျှင် အသင့်ပါလာသော ဓားကိုပင် ဆုပ်ကိုင်ထားသည်။ ဤသည်မှ ရန်သူအလစ်မတိုက်နိုင်အောင် ပြင်ဆင်ခြင်းဖြစ်သည်။

အချိန်မရွေး ရန်သူနှင့် တွေ့နိုင်ကြောင်း ခန့်မှန်းထားပုံရလေသည်။

သူတို့ ခြေသံလုံလုံဖြင့် လာခဲ့ကြ၏။

မကြာမီ ရေကန်ကလေးတစ်ခုဆီသို့ ရောက်ရှိလာကြသည်။

ရေကန်ကလေးသည် ကျန်နန်သမားတော်၏ စံအိမ်အတွင်းမှ ပြုပြင်ဖန်တီးထားသော ရေကန်ကလေး ဖြစ်သည်။

ထိုအချိန်က ချမ်းသာကြွယ်ဝသော အိမ်ဂေဟာတိုင်းတွင် ခြံဝင်းအတွင်း၌ ပန်းဥယျာဉ်များ၊ ရေကန်များ၊ တောင်အတုများ ပြုလုပ်ထားတတ်ကြသည်။

တောင်အတုဆိုသည်မှာ မြေကြီးမှုစုပုံ၍ တကယ့် တောင်တစ်လုံးပမာ ဖန်တီးထားခြင်းဖြစ်သည်။

တကယ့် တောင်အစစ်လောက် မြင့်မားခြင်းမရှိသော်လည်း ရေကန်နှင့် တောင်အတုသည် လိုက်ဖက်သည်၊ ပနာရလှသည်။

ကျုန်းနန်သမားတော်၏ ခြံဝင်းအတွင်းမှ ရေကန်ကလေးအနီး၌လည်း တောင်အတုတစ်လုံးရှိပါသည်။

ရေကန်ထဲတွင် တံတားကလေးတစ်ခုလည်း ရှိသည်။

အဆောက်အအုံနှင့် အလှမ်းကွာဝေးခြင်း၊ ရေကန်အလယ်ကို ဖြတ်ကျော်ဆောက်လုပ်ထားခြင်းတို့ကြောင့် တံတား မီးလောင်မသွားခဲ့ခြင်း ဖြစ်ပုံရသည်။

ရေကန်အနီးသို့ရောက်လျှင် ပန်းဥယျာဉ်ထဲ၌ မြေကြီးမို့မို့များ တွေ့ရသည်။

တစ်စုံတစ်ယောက်က ကျွင်းတူးပြီး ပြန်ဖို့ထားခြင်း ဖြစ်သည်။

လူသေအလောင်း မြှုပ်နှံထားသည့် မြေပုံများပမာ ရှိနေသည်။

ဝါယင်လုံ၏ ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။

မြေပုံများကို ငေးကြည့်ရင်း ကြိတ်၍တွေးမိလိုက်၏။

"ကျုန်းနန်သမားတော်ရဲ့ မိသားစုတွေတော့ ကံဆိုးရှာပြီ ထင်ပါရဲ့"

မြေပုံများကို တွေ့ရသည်နှင့် ချန်မင်မင်ကို ဝါယင်လုံကက သတိပေးလေ၏။

"ညီမ သတိထား"

ချန်မင်မင် ခေါင်းညိတ်သည်။ သူမသည် ဝါယင်လုံထက်ပင် သတိရှိသည်။ ဝင်လာကတည်းက ဓားကိုင်ထားသူ မဟုတ်ပါလော။

သူတို့စိတ်ထဲတွင် အမှတ်အသားပြုထားသည့်အတိုင်း အလင်းရောင် ထွက်ပေါ်လာသည့်နေရာကို ရှာဖွေကြသည်။



တောင်အတုကလေးကို ကွေ့ပတ်သွားသည်နှင့် မြက်ခင်းပြင်တစ်ခုဆီသို့ ရောက်လာသည်။

မြက်ခင်းပြင်သည် ပန်းဥယျာဉ်နှင့် ဆက်စပ်လျက်ရှိသည်။

မြက်ခင်းပြင်အဆုံးတွင် အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

ထိုအိမ်ကလေးအတွင်း မီးရောင်ထွက်ပေါ်နေသည်။

လေတိုက်၍ ဝါးပင်များ လှုပ်ရှားသွားလျှင် မီးရောင်ထွက်ပေါ်လာလိုက် ကွယ်ပျောက်သွားလိုက် ဖြစ်နေသည်။

ဝါယင်လုံ ဝမ်းသာသွားသည်။

"ဟိုအိမ်ကလေးဆီက မီးရောင်ထွက်နေတယ်"

"ဟုတ်တယ်... အထဲမှာ လူရှိသလား မပြောတတ်ဘူး"

"တို့ သွားကြည့်ရအောင်"

သူတို့နှစ်ယောက် ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် အိမ်ကလေးဆီသို့ လှမ်းသွားကြသည်။

သူတို့နှစ်ယောက် အိမ်ကလေးဆီသို့ ရောက်လုရောက်ခင်အချိန်တွင် ရုတ်တရက် အနောက်ဘက်မှ အေးစက်မာကျောသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို မမျှော်လင့်ဘဲ ကြားလိုက်ရလေတော့သည်။

"ဧည့်သည်တွေလား"

ဝါယင်လုံတို့ လန့်သွားကြသည်။

မီးလောင်မြေသို့ ညကြီးမင်းကြီးရောက်လာသူများမှာ မည်သည့်နည်းနှင့်မျှ ဧည့်သည် မဖြစ်နိုင်ပေ။

သို့သော် လေသံကတော့ သံမှန်ပင်။

"ရှင်တို့ ဘယ်သူ့ကိုလိုက်ရှာနေကြတာလဲ"

ချန်မင်မင်က ပြောကြလေ၏။

ဝါယင်လုံက လက်ကိုခပ်တင်းတင်း ဆုပ်ကိုင်လိုက်သဖြင့် စကားမပြောဖြစ်တော့ချေ။

"ကျွန်မကို လိုက်ရှာနေကြတာထင်တယ်၊ ဘယ်မှာမှ လိုက်ရှာမနေနဲ့၊ ကျွန်မ ဒီမှာရှိတယ်"

မမျှော်လင့်ဘဲ ထွက်ပေါ်လာသောအသံကြောင့် ဝါယင်လုံနှင့် ချန်မင်မင်တို့၏ ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားကြလေတော့သည်။

ရှေ့သို့သာ အာရုံရောက်နေသဖြင့် အနောက်ဘက်တွင် လူတစ်ယောက် ရောက်နေခြင်းကို သူတို့ သတိမပြုမိကြခြင်းပင်။

ဝါယင်လုံနှင့် ချန်မင်မင်တို့ ပြိုင်တူ နောက်လှည့်ကြည့်လိုက်ကြသည်။

သူတို့၏အနောက်ဘက်တွင် လူတစ်ယောက် မလှုပ်မယှက် ရပ်နေသည်။

ထိုလူသည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထား၍ ထင်ရှားစွာ တွေ့မြင်ရခြင်း ဖြစ်ပေသည်။

ညအမှောင်။

လသာသာ။

လူတစ်ယောက်။

အထူးသဖြင့် မိန်းမတစ်ယောက်သာ။



မိန်းမသည် လုံးဝမလှုပ်ရှားချေ။

လေတိုက်ခတ်လာသည့်အခါ သူ၏အဝတ်အစားများသာ တဖျတ်ဖျတ် လူးလွန့်လှုပ်ရှားသွားသည်။

ထိုလူကို သေသေချာချာ တွေ့မြင်ရလျှင် ဝါယင်လုံ သက်ပြင်းချလိုက်သည်။

ထိုလူကို သူကောင်းစွာသိပါ၏။

ထိုလူသည် ကျူးယင်ဂိုဏ်းချုပ် နေရာကို ဆက်ခံမည့် မေစုပင် မဟုတ်ပါလား။

မေစုကို ချန်မင်မင်လည်း ကောင်းစွာသိ၏။

ချန်မင်မင် သက်ပြင်းချလိုက်သည်။

"ဘယ်သူများလဲလို့၊ ကျူးယင်ဂိုဏ်းချုပ် မေစုကိုး"

သူမက တီးတိုးရေရွတ်လိုက်သည်။

မေစု၏အသံသည် ကြည်အေးသည်၊ ချိုသာသည်။

သို့သော် အေးစက်ကာ ခက်ထန်မာကျောနေသည်။

ရန်လိုခြင်း၊ မုန်းတီးခြင်း စသည့်အသွင်များ ဆောင်နေတော့သည်။

မေစု၏လက်ထဲတွင် ဓားတစ်ချောင်း ကိုင်ဆောင်ထားသည်။

ဝါယင်လုံနှင့် ချန်မင်မင်တို့အား အေးတိအေးစက် စိုက်ကြည့်နေသည်။

ချန်မင်မိမှာ မေစုနှင့် စကားမပြောဘူးသော်လည်း မြင်ဖူးထား၏။

ထို့ကြောင့် မေစုအပေါ် ရန်လိုသည့် စိတ်ထားမရှိချေ။

မေစုအား ပြုံးပြလိုက်ပြီး တီးတိုးပြောသည်။

သို့သော် မေစု ကောင်းစွာကြားပါသည်။

"လက်စသတ်တော့ ကျူးယင်ဂိုဏ်းကျုပ် မေစုဟာ အင်မတန်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကိုး"

မေစုသည်လည်း ချန်မင်မင်ကို မြင်ဖူးထားသည်။

ချန်မင်မင်သည် ယောကျ်ားလေးတစ်ယောကအသွင် ရုပ်ဖျက်ထားသော်လည်း ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း မေစု သိရှိလေသည်။

မေစုက ခက်ထန်မာကျောသော လေသံဖြင့် ...

"ဟုတ်တယ် ... ငါက ကျူးယင်ဂိုဏ်းချုပ် မေစုပဲ"

ချန်မင်မင် မျက်မှောင်ကြုတ်သွား၏။

မေစု၏ မာကျောသော လေသံကို မနှစ်မြို့သဖြင့် နှာခေါင်းရှုံ့လိုက်မိလေ၏။

မေစုသည် အလွန်မာနကြီးလိမ့်မည်ဟုလည်း တွေးမိသည်။

ဝါယင်သုံမှာမူ မေစု၏အကြောင်း ကောင်းစွာသိထားသူဖြစ်လေ၏။

သူ ချန်မင်မင်နှင့် ယှဉ်တွဲရပ်ရင်း လက်နှစ်ဖက်ဆုပ်၍ ဦးညွတ်ကာ စကားစလိုက်လေသည်။

"မေစု ... ခင်ဗျား အခုလို ကျူးယင်ဂိုဏ်းချုပ် ဖြစ်လာတာကို ဝမ်းသာဂုဏ်ယူပါတယ်ဗျာ"



သူ၏စကားကြားရလျှင် မေစုက တောင်ဝှေးကို မြေပေါ်တစ်ချက်ဆောင့်လိုက်ပြီး ...

"ဟွန်း ... မင်း ဝမ်းသာဖို့ပဲဖြစ်ဖြစ် ဝမ်းနည်းဖို့ပဲဖြစ်ဖြစ် အချိန် မမီတော့ဘူး"

ဝါယင်လုံ အံ့သြသွားကာ ...

"မေစု မင်းဘာပြောလိုက်တာလဲ"

မေစုက ခွန်းတုံ့ပြန်ရန် ဟန်ပြင်ပြီးမှ မပြောတော့ချေ။

ဝါယင်လုံနှင့် ချန်မင်မင် ယှဉ်တွဲရပ်နေသည်ကို သူကြည့်မရဖြစ်နေသည်။

ဝါယင်လုံနှင့် ချန်မင်မင်တို့သည် လွန်စွာ လိုက်ဖက်ညီသည်။

ဤသည်မှာ သူမ၏ မျက်လုံးထဲ သဲဝင်ခြင်းပင် ဖြစ်၏။

သူမ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားရသည်။

မနာလိုခြင်းလား၊ မုန်းတီးခြင်းလား မဝေခွဲနိုင်ချေ။

ဝါယင်လုံက ...

"မိန်းကလေးရဲ့ စကားကို ရှင်းပြနိုင်မလားဗျာ"

ထပ်မံမေးလိုက်သည်။

သူ ဘာကြောင့် ဝမ်းနည်းရမည်ကို သိလိုသည်။

မေစု နှာခေါင်းရှုံ့ကာ ဘုဆတ်ဆတ်မေးသည်။

"ရှင်တို့ ဝါမိသားစုက လူတွေဟာ ယဉ်ကျေးမှုမရှိ၊ လောကဓံ မသိတဲ့ လူတွေလား"

ဝါယင်လုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

နောက်မှ မေစု၏ စကားဆိုလိုရင်းကို နားလည်သွားလေသည်။

မေစုသည် ကျူးယင်ဂိုဏ်းချုပ် ဖြစ်နေသည်။

ဂိုဏ်းချုပ်ဟူသည် သာမန်လူတစ်ယောက် မဟုတ်ပါ။

ထို့ကြောင့် သူမအား ဂိုဏ်းချုပ်ဟု လေးလေးစားစား ခေါ်ရမည်ဖြစ်ပြီး မိန်းကလေး သို့မဟုတ် မေစုဟု မခေါ်သင့်ချေ။

ထိုသည်ကို ရည်ရွယ်ကာ ပြစ်တင်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ဝါယင်လုံ နားလည်သဘောပေါက်သွားသည်နှင့် ပြုံးလိုက်သည်။

မေစုအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ...

"ဝါမိသားစုက လူတွေဟာ ယဉ်ကျေးပါတယ်၊ လောကဝတ်သိကြပါတယ်၊ ဒါပေမယ့် အဲဒီလူတွေထဲမှာ ကျုပ်တော့မပါဘူးဗျ"

သူ၏စကားကို မေစု ကျေနပ်မည်မဟုတ်ချေ။

ကျန်နန်သမားတော်အား မည်သူမည်ဝါက ဖမ်းဆီးသွားသည်ကို မေစုသာ ပြောပြနိုင်မည်ဟု ချန်မင်မင် ယုံကြည်သည်။

ထို့ကြောင့် ဝါယင်လုံ၏ အင်္ကျီစကိုဆွဲကာ စကားပြောမမှားစေရန် သတိပေးလိုက်လေ၏။

ဤအချက်ကို နားလည်သော ဝါယင်လုံကလည်း စိတ်မပူရန် မျက်ရိပ်ပြလိုက်သည်။

"ကျုပ်ကတော့ လူပေါ့ လူသွမ်းတစ်ယောက်ပါ၊ ကျန်တာတော့ ဆက်မပြောပါရစေနဲ့တော့ဗျာ"



ပြောလည်း ပြော၊ ရယ်လည်းရယ်သည်။

မေစုသည် တစ်ခါက သူ့အားမုန်းစရာကောင်းသည်ဟု ပြောခဲ့ဖူးသည် မဟုတ်ပါလား။

ထို့ကြောင့် ပြောရင်း ရယ်မိခြင်းဖြစ်သည်။

မေစုက ခပ်တည်တည်ဖြင့် ...

"ဟုတ်တယ် ... တမိသားစုမှာ ရှင်လိုလူမျိုးရှိို့ မကောင်းဘူး၊ ရှင်ဟာ စုနးပြူးတစ်ယောက်ပဲ၊ သိုးမည်းတစ်ကောင်ပဲ"

ဝါယင်လုံ လက်ကာပြရင်း ...

"ဒါတွေ ထားလိုက်ပါတော့လေ၊ ကျုပ် ခင်ဗျားကို စကားတစ်ခွန်းလောက် မေးပါရစေ"

မေစု မျက်မှောင်ကြုတ်ကာ ...

"ရှင်ဟာ တယ်လည်း အမေးအမြန်းထူတာပဲ"

"မေးစရာရှိလို့ပါဗျာ၊ စိတ်မဆိုးပါနဲ့"

မေစု မဲ့ပြုံးပြုံးရင်း ...

"ဘာမေးမှာလဲ၊ ယီစန်းသက်အကြောင်း မဟုတ်လား"

"ခင်ဗျား ဘယ်ဆိုးလို့တုန်း၊ ကျုပ်မေးမှာကို ကြိုသိနေပါလား၊ ဒီလိုဆိုရင် မမေးလည်း ပြောပြဖို့ ကောင်းတာပေါ့ဗျာ"

မေစုက တောင်ဝှေးကို မြေပေါ်ဆောင့်လိုက်လေသည်။

ဝါယင်လုံအား မကျေမနပ်ကြည့်ရင်း ...

"ဝါယင်လုံ ရှင် စကားကောင်းကောင်းပြောပါ"

ဝါယင်လုံ ပခုံးတွန့်လိုက်သည်။

"ကျုပ်အကောင်းပြောတာပဲဗျ"

သူသည် မေစု၏စိတ်ခာတ်ကို မခံချင်အောင် ဆွပေးနေခြင်းဖြစ်သည်။

သို့မှသာ မေစု ပြောပြလာလိမ့်မည်ဟု ယုံကြည်ထားသည်။

မေစုက ...

"ယီအော်မသေခင် ပြောသွားတယ်၊ သူမသိတဲ့လူတစ်စုက သမားတော် ယီစန်းကို ဖမ်းသွားကြတယ်တဲ့"

သူမ၏စကား အမှန်ဖြစ်ကြောင်း ဝါယင်လုံ သိသည်။

မေစုသည် သူ့အား လိမ်ပြောမည်မဟုတ်ဟု ယုံကြည်ထားသည်။

ယီစန်းအား ဖမ်းဆီးသွားသူများကို ဖော်ပြောခြင်း မရှိသော်လည်း သူတို့ ရှာမရခဲ့သည့် သဲလွန်စကို ပြောပြနေသည်မဟုတ်လား။

ယခု သမားတော် ယီစန်းသက်အား အမည်မသိ လူတစ်စုက ဖမ်းဆီးသွားကြောင်း သိရချေပြီ။

ထိုလူများသည် ကြယ်တံခွန်ဂိုဏ်း သို့မဟုတ် ရှန်းမုံဂိုဏ်းမှ လူများဖြစ်ရမည်ဟု ဝါယင်လုံ တွေးမိသည်။

ထို့ကြောင့် မေစုအား မေးကြည့်လိုက်သည်။

"ယီစန်းသက်ကို ဘယ်သူတွေဖမ်းသွားကြတယ်ဆိုတာ ခင်ဗျား သိမှာပါ၊ ဘယ်သူတွေလဲဆိုတာ ပြောပြပါလားဗျာ"

မေစု နှာခေါင်းရှုံ့လိုက်သည်။

"ရှင်က အခုအထိ ကျွန်မကို ဂိုဏ်းချုပ်တစ်ယောက်လို အသိအမှတ် မပြုသေးဘူးလား၊ ဘယ်လိုလဲ ... ရှင်နဲ့တိုက်ခိုက်ပြီးမှ ဂိုဏ်းချုပ်တစ်ယောက်လို ဆက်ဆံမှာလား"

"ပြုပါတယ်၊ ဘာဖြစ်လို့လဲ"

"ဂိုဏ်းချုပ်လို့ အသိအမှတ်ပြုရင် ဂိုဏ်းချုပ်လို့ ခေါ်သင့်တယ်၊ ကျွန်မဟာ သာမန်ဂိုဏ်းသား မဟုတ်ဘူး"

ဝါယင်လုံ ရယ်မောလိုက်သည်။

"ဩော် ... ဒါလား၊ ကျုပ်က ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်လို သဘောထားပြီး ပြောတာပါ၊ ဂိုဏ်းချုပ်ဆိုတဲ့ ရာထူးဟာ ကျုပ်ရဲ့ ခင်မင်ရင်းနှီးမှုကို မဟာန့်တားနိုင်ဘူးဆိုတဲ့ သဘောပေါ့"

သူ၏ စကားက အချက်ကျလှပေသည်။ ဝါယင်လုံသည် စကားပြောတတ်သည်။

မေစုအပေါ် လွန်စွာ ရင်းနှီးသည့် မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုကြောင်း ပြောလိုက်ခြင်းဖြစ်သည်။

သူ၏ စကားကြားရလျှင် မေစု၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

ဝါယင်လုံကသူမအား ပြုံးစစဖြင့် စိုက်ကြည့်နေသည်ကို တွေ့ရလျှင် မျက်နှာ နီမြန်းသွားသည်။

သူမ၏ ရင်ထဲ၌ လှိုင်းတံပိုး ထန်နေပါသည်။

ဝါယင်လုံ၏ရုပ်ပုံသည် သူမ၏ရင်ထဲ၌ လွှမ်းမိုးနေရာယူနေသည် မဟုတ်လား။

ဝါယင်လုံက သူမအပေါ် လွန်စွာခင်မင်ရင်းနှီးကြောင်း ထုတ်

ဖော်ပြောလာသောအခါ မျက်နှာမထားတတ်အောင် ဖြစ်သွားရလေတော့သည်။

မျက်လွှာချကာ ခေါင်းငုံ့ထားမိသည်။

အတန်ကြာမှ အားတင်း၍ ခေါင်းပြန်မော့လိုက်သည်။

သူမအား ပြုံးစစဖြင့်ကြည့်နေသော ဝါယင်လုံကို ရဲတင်းစွာ ပြန်စိုက်ကြည့်လိုက်သည်။

တစ်ဖန် ခပ်မာမာ ပြောလိုက်၏။

"ရှင်က ကျွန်မကလို ပမာမခန့် ပြောတယ်ဆိုတော့ သေချင်ပြီနဲ့ တူတယ်၊ ရှင့်အသက်ကို မနှမြောဘူးလား"

ဝါယင်လုံ အပြုံးမပျက်ဘဲ ...

"သေတယ် ရှင်တယ်ဆိုတာ ကျုပ်အတွက် အထူးအဆန်း မဟုတ်ပါဘူးဗျာ၊ လူဆိုတာ တစ်ချိန်တော့ သေကြရမှာပဲ မဟုတ်လား၊ မသေတဲ့လူရှိရင် ကျုပ်ကိုပြဗျာ"

ချန်မင်မင်သည် ဝါယင်လုံအား မကျေမနပ်ဖြစ်နေသည်။

ဝါယင်လုံက မဆိုင်သည့်ကိစ္စလေးများ လျှောက်ပြောနေသည်ဟုလည်း တွေးတောမိ၏။

ထို့ကြောင့် မေစု၏ ခက်ထန်သာ စကားကြားရလျှင် ကြားဝင် ပြောလိုက်သည်။

"သေတယ် ရှင်တယ်ဆိုတာ ပါးစပ်နဲ့ပြောလို့ရတဲ့ ကိစ္စမှ မဟုတ်ဘဲ၊ ယှဉ်ပြိုင်ကြည့်မှသိမှာပေါ့"

သူမသည်လည်း ဝါယင်လုံနှင့် မေစုတို့ ရင်းရင်းနှီးနှီးရှိနေသည်ကို မကျေမနပ်ဖြစ်မိသည်။



ဒမစု၏ ဝါယင်လုံအပေါ်ထားသော စိတ်ထားကို အကဲခတ်မိသည်။

ထို့ကြောင့် တမင် ရန်စကားပြောလိုက်ခြင်းပင်။

မေစုက ချန်မင်မင်ကို လှည့်ကြည့်လိုက်သည်။

သူ၏အကြည့်တွင် မုန်းတီးမှုများ ပါဝင်နေသည်။

ချန်မင်မင်က တမင်အရွဲ့တိုက်ကာ ...

"ကဲ ... ပြောစမ်းပါဦး၊ အပြစ်မဲ့တဲ့ ကျန်နန်သမားတော်ကြီးသားစုကို ရှင်တို့ ဘာလုပ်ပစ်လိုက်ကြသလဲ၊ ရှင်တို့ လုပ်ရပ်တရားမှုတမှု ရှိရဲ့လား၊ တရားမျှတမှုဆိုတာကော ရှင် သိရဲ့လား"

မေစု အေးစိအေးစက်ပြုံးရင်း ...

"ဘာလဲ ... ဒီကိစ္စဟာ ငါ့လက်ချက်လို့ ထင်နေသလား"

"ရှင်မဟုတ်ရင် ဘယ်သူရှိမလဲ၊ ရှင်တို့ ကျူးယင်ဂိုဏ်းဟာ"

သူမ၏ စကားမဆုံးမီ ဝါယင်လုံက ကြားဖြတ်ပြောလိုက်လေသည်။

ချန်မင်မင်သည် ကျူးယင်ဂိုဏ်းချုပ်အား စွပ်စွဲပြောဆိုတော့ မည်ကို သိ၍ အချိန်မီကြားဖြတ်ပြောလိုက်ခြင်းဖြစ်သည်။

"ညီမ ကျူးယင်ဂိုဏ်းဟာ ထိပ်တန်းသိုင်းအဖွဲ့တစ်ခုပါ၊ သူသတ်၊ မီးရှို့တဲ့ အောက်တန်းကျတဲ့အလုပ်မျိုး မလုပ်ပါဘူး၊ ညီမ အထင်မလွဲပါနဲ့၊ ကျူးယင်ဂိုဏ်းရဲ့ လက်ချက်မဟုတ်ပါဘူး"

မေစု ရောက်လာသည်ကို ထောက်ချင့်ပြီး ယိစန်းသက် ပျောက်ဆုံးသွားသည့် ကိစ္စများ ကျူးယင်ဂိုဏ်း၏ လက်ချက်မဟုတ်ကြောင်း ဝါယင်လုံ ကောင်းစွာ နားလည်သဘောပေါက်ထားသည်။

သူ၏စကားကြားရလျှင် မေစု နှာခေါင်းရှုံ့ကာ ...

"ဟွန်း ... အခုမှလာပြီး မြှောက်ပင့်မနေစမ်းပါနဲ့ရှင်၊ ရှင်ဟာ သိပ်ကိုမုန်း ..."

မုန်းစရာကောင်းသူဟု ပြောမည်ကြံရွယ်ပြီးမှ မပြောဘဲ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ဝါယင်လုံက ပြုံးကာ ...

"ကျုပ်က အမှန်ကို အမှန်အတိုင်း ပြောတာပါ၊ ကဲ ... ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားသိထားတာရှိရင် ကျုပ်ကိုပြောပြပါလားဗျာ ခင်ဗျားပြောပြရင် ကျုပ်တို့ အများကြီး အကျိုးရှိသွားမှာပဲ၊ ခင်ဗျားကိုကျေးဇူးတင်ပါတယ်ဗျာ"

ပြောပြောဆိုဆို ဦးညွှတ်အရိုအသေပြုလိုက်သည်။

သူ၏အမူအရာမှာ မနောက်ပြောင်ကျီစယ်နေသည်နှင့် တူ၏။

အရိုအသေပြုဟန်မှာ မေစုသည် ရာထူးကြီးနှင့်မလိုက်အောင် ငယ်ရွယ်သူဖြစ်နေ၍ နောက်ပြောင်သည့် သဘောမျိုးဖြစ်နေသည်။

မေစု မသိဟန်ဆောင်နေလိုက်သည်။

ဝါယင်လုံ၏ စိတ်ထားကို သူမ မခန့်မှန်းတတ်တော့ချေ။

ဝါယင်လုံအား စိုက်ကြည့်ရင်း ...

"ယီစန်းသက် ဘယ်မှာရှိနေတယ်ဆိုတာ ရှင်သိချင်သလား"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"သိချင်ပါတယ်ဗျာ"

"ရှင် တကယ်သိချင်တာနော်"



"ဟုတ်ပါတယ် ... ပြောပြရင် ခင်ဗျားကို ကျေးဇူးအများကြီး တင်မိမှာ အမှန်ပါပဲ"

မေစု ခေါင်းခါယမ်းပြလိုက်သည်။

"ကျေးဇူးတင်တာကို မလိုချင်ဘူး"

သူမ၏စကားကြောင့် ဝါယင်လုံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မေစုကို နားမလည်နိုင်စွာကြည့်ရင်း ...

"ဘာဖြစ်လို့လဲ"

"ကျေးဇူးဆိုတာ တန်ဖိုးမရှိဘူးလို့ ကျွန်မ ထင်တယ်"

"ဟာ ... ဒီလိုထင်ရင် ခင်ဗျားမှားသွားမှာပေါ့"

"ကိစ္စမရှိဘူး၊ ကျွန်မကတော့ ကျေးဇူးတင်တာ မလိုချင်ဘူး"

မေစု ခေါင်းမာစွာပြောသည်။

ဝါယင်လုံ သက်ပြင်းချရင်း ...

"ဒါဖြင့် ခင်ဗျား ဘာလိုချင်သလဲ"

"တန်ဖိုး ..."

"ဗျာ ..."

"ကျွန်မပေးမယ့် သတင်းရဲ့ တန်ရာတန်ဖိုး လိုချင်တယ်"

မေစုသည် ငွေကြေးမက်မောသူမဟုတ်ဟု ဝါယင်လုံ ယုံကြည်သည်။

တန်ရာတန်ဖိုးတောင်းနေသည်မှာ အကြောင်းတစ်ခုခုရှိရမည်ဟု တွေးမိလာသဖြင့် ...

"ကောင်းပြီလေ … တန်ရာတန်ဖိုးတော့ ပေးသင့်တာပေါ့၊ ကျုပ်ပေးပါ့မယ်၊ ခင်ဗျား ဘယ်လို တန်ရာတန်ဖိုး လိုချင်တယ်ဆိုတာသာ ပြောပါဗျာ"

မေစု အေးတိအေးစက်ဖြင့် …

"တန်ဖိုးက သိပ်ကြီးတယ်"

"ဗျာ … ကျုပ်မဝယ်နိုင်လောက်အောင် တန်ဖိုးကြီးနေလို့လား"

"ဟုတ်တယ် … "

ဝါယင်လုံ သက်ပြင်းချလိုက်သည်။

"ဒါတော့ ခင်ဗျား ကျုပ်ကို အထင်သေးတာပဲ၊ ကျုပ်က နမြောတွန့်တိုတတ်တဲ့ လူတစ်ယောက်မဟုတ်ဘူးဗျ"

"ကျွန်မက ရှင့်ကို အထင်မသေးပါဘူး၊ ငွေရေးကြေးရေး ပြောတာလည်း မဟုတ်ဘူး"

"ဒီလိုဆိုရင် … "

သူ၏စကားမဆုံးမီ မေစုက ကြားဖြတ်ပြောလိုက်လေသည်။

"တန်ဖိုးအဖြစ် ရှင့်အသက်ကို ပေးနိုင်ပါ့မလား"

"ဗျာ … "

ဝါယင်လုံ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

မေစုက သူ့အသက်ကို တောင်းလာလိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။

ဤတွင် ချန်မင်မင်က ဒေါနှင့်မောနှင့် ဝင်ပြောလာလေသည်။

"ရှင်လိုချင်တိုင်း ရမယ်ထင်သလား"



မေစုတာ သူ့အား လုံးဝအဲရေးမစိုက်ချေ။

ဝါယင်လုံကိုသာ စိုက်ကြည့်နေသည်။

ဝါယင်လုံ သက်ပြင်းချလိုက်သည်။

ချန်မင်မင်အား လက်ကာပြရင်း လေသံအေးအေးဖြင့် ဖျောင်းဖျပြောဆိုလိုက်လေသည်။

"ညီမလေး စိတ်မဆိုးပါနဲ့ကွယ်၊ သူတောင်းတဲ့ဈေးက ကြီးလွန်းတော့ ဈေးဆစ်ရဦးမယ်"

မေစု ခါးခါးသီးသီး ခေါင်းခါယမ်းလိုက်သည်။

"ဈေးမဆစ်နဲ့၊ ကျွန်မ လုံးဝမလျှော့နိုင်ဘူးရှင့်"

ဝါယင်လုံ ပခုံးတွန့်လိုက်သည်။

"အင်း … ဈေးဆစ်လို့မရရင်တော့ ခက်ပြီ"

ပြောရင်း မေစုကို ပြုံးပြကာ …

"ကျုပ် အသက်ပေးရမယ့် နည်းလမ်းကလွဲပြီး တခြားနည်းလမ်း မရှိတော့ဘူးလားဗျ၊ စဉ်းစားကြည့်ပါဦးဗျာ"

"မရှိဘူး … စဉ်းစားစရာမလိုဘူး"

"အင်း … ကျုပ်အသက်ကို ကိုယ့်ဘာသာ ပေးရမှာလား၊ ဒါမှမဟုတ် ခင်ဗျားက ယူမှာလား"

မေစု မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်ကိုယ်တိုင် လက်နှစ်ဖက်နဲ့ လာပေးရမယ်"

ဝါယင်လုံ ရယ်မောလိုက်သည်။

"ခင်ဗျားက တကယ်ပဲ သဘောထား တင်းမာနေတာကိုး"

"ရှင်ပဲ သေတယ်ရှင်တယ်ဆိုတဲ့ကိစ္စဟာ အရေးမကြီးဘူး ဒို"

ချန်မင်မင် ဒေါသထွက်လာသဖြင့် ကြားဝင်ပြောပြန်သည်။

"ရှင်ကော သေရမှာ မကြောက်ရင် ရှင် အသက်ဆုံးခံပါလား၊ ရှင်ကတော့ သေရမှာကြောက်တယ် မဟုတ်လား"

မေစုသည် သူမ၏စကားကို တမင် မကြားဟန် ဆောင်နေသည်။

မေစုက ဂရုမစိုက်လေ ချန်မင်မင် ဒေါသထွက်ရလေလေပင်။

သို့သော် မေစုထံမှ စကားပြန်မရ၍ ရှေ့ဆက်မပြောနိုင်ဘဲ ဖြစ်ရ၏။

မေစုက ဂါယင်လုံကိုကြည့်ကာ ပြောသည်။

"ရှင် ကျွန်မရဲ့ ကျင်လင်ဂိုဏ်းခွဲကို သိတယ်မဟုတ်လား"

ဂါယင်လုံ ရယ်မောလိုက်လေသည်။

"ဟဲ ... ဟဲ ... ဘာလဲ ကျုပ်ကို ဓာက်ထိုးအနေအထားနဲ့ သုံးရက်တိုင်တိုင် ချိတ်ဆွဲထားတဲ့ နေရာကို ပြောတာလား၊ အခု အဲဒီ သစ်ပင်ကော ရှိသေးလို့လားဗျ"

မေစုက မျက်နှာထားတင်းတင်းဖြင့် ...

"ရှင် တခြားစကားတွေနဲ့ ရောမပစ်ပါနဲ့၊ စပါးရော ဖွဲရော လုပ်မပစ်ပါနဲ့"

ချန်မင်မင်က ကြားဖြတ်ပြောပြန်သည်။

"ရှင် စကားပြောတာ အင်မတန်ကြီးကျယ်တယ်၊ ကျုပ်ယင် ဂိုဏ်းက ဘာမို့လဲ၊ ဟင်း ... ကောင်းကောင်းကြီး ဆုံးမပစ်လိုက်မယ်"



မေစု ဉပေက္ခာမပြုထားနိုင်တော့ချေ။ ဂိုဏ်းကို ထိခိုက်ပြီး ပြောလာမြို့မဟုတ်ပါလား။

သူမလည်း ဒေါသထွက်လာပြီ ဖြစ်သည်။

ချန်မင်မင်ကို လှမ်းကြည့်ပြီး အံကိုတင်းတင်းကြိတ်လိုက်သည်။

အခြေအနေ တင်းမာလာသည်ကို တွေ့ရသဖြင့် ဂါယင်လုံက ကြားဝင်ထိန်းလိုက်၏။

မေစုကိုကြည့်ရင်း ...

"ပြောပါဦးဗျာ ... ကျင်လင်ဌာနခွဲက ဘာဖြစ်သလဲ"

"ရှင် မနက်ဖြန်ညနေ အဆောင်ကိုလာခဲ့ပါ၊ ရှင့်ကို စောင့်နေမယ်၊ ရှင် ယီစန်းသက်အကြောင်း သိချင်ရင် တစ်ယောက်တည်း ဘာဖြစ်အောင် လာခဲ့ပါ"

ဂါယင်လုံက မေစုထံမှ သူသိလိုသမျှ အစ်အောက်မေးကြည့်လိုက်သည်။

"ကျုပ်ကတော့ ယီစန်းသက်ကို ချက်ချင်း တွေ့ရမှာလားဗျ"

"အို ... ယီစန်းသက်ကို ကျွန်မ ဖမ်းထားတာမှမဟုတ်ဘဲ"

ဂါယင်လုံ ပြုံးလိုက်သည်။

"ဟုတ်ပါပြီလေ ... ကျုပ် စကားမှားသွားပါတယ်၊ ကျုပ် ရောက်လာတဲ့အခါ ယီစန်းသက်ရဲ့ သတင်းကို ခင်ဗျားပြောပြမှာ လား"

"သိချင်ရင်လာခဲ့ပေါ့၊ ပြောတာ မပြောတာ ကျွန်မ စိတ်အပေါ် မှာ မူတည်တယ်"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"ဒါတော့ မဟုတ်သေးဘူး၊ ကျုပ်လာတဲ့အခါ ခင်ဗျား မပြော ရင် ဘယ့်နှယ်လုပ်မလဲ၊ ခင်ဗျားပြောတာ တရားမျှတမှု မရှိဘူးဗျ၊ သေသေချာချာ စဉ်းစားပါဦး"

မေစု ပခုံးတွန့်လိုက်သည်။

"ဒါကတော့ ရှင့်သဘောပဲလေ၊ လာချင်လည်း လာ၊ မလာ ချင်ရင်လည်း နေပေါ့၊ ကျွန်မက ရှင့်ကို အတင်းမလာခိုင်းပါဘူး"

ဝါယင်လုံ မည်သို့လုပ်ရမှန်းမသိ ဖြစ်သွား၏။

မေစုကို သဘောထားပျော့ပျောင်းလာအောင် ပြော၍မရတော့ပြီ။

မေစုသည် လုံးဝ အလျှော့ပေးမည်မဟုတ်ပါ။

ယီစန်းသက်၏အကြောင်း သိလိုလျှင် မေစု ချိန်းဆိုရာသို့ သွားရန်သာ ရှိပေတော့သည်။

တခြား ရွေးချယ်စရာလမ်း လုံးဝမရှိချေ။

ဝါယင်လုံ ငေးငိုင်နေချိန် ချန်မင်မင်က အသံကျယ်လောင်စွာ ဖြင့် ...

"ဟင်း ... ရှင်မပြောဘဲနဲ့ နေလို့ကိုမရဘူး၊ ရှင့်ကိုဖမ်းပြီး စစ်ဆေးမယ်၊ မပြောဘဲ နေနိုင်မလား ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် ရှေ့သို့ ရုတ်တရက် ခုန်ထွက်ပြေးသွား၏၊ လက်ဝါးနှစ်ဖက်ဖြင့် မေစုအား ကုတ်ဆွဲလိုက်သည်။

သူမ၏ ဖမ်းချုပ်သိုင်းကွက်သည် အစွမ်းထက်မြက်လှပေ၏၊



ချန်မင်မင်၏ သိုင်းကွက် ကြောက်စရာကောင်းကြောင်း မြင်ရုံဖြင့် မေစု သိလိုက်၏။

ချန်မင်မင်သည် အဓိကသွေးကြောများကို ရည်ရွယ် တိုက်ခိုက်လာသည်။

ရှောင်တိမ်းမှု၊ ခုခံမှုနောက်ကျလျှင် သွေးကြောပိတ်ခံရပြီး အဖမ်းခံရလိမ့်မည်။

မေစုလည်း မပေါ့ဆဝံ့ဘဲ အတွင်းအားထုတ်ကာ တောင်ဝှေး ကို ဝှေ့ယမ်းရင်း ခုခံကာကွယ်သည်။

လက်ဝါးတိုက်ကွက်သည် တောင်ဝှေးနှင့် ထိပ်တိုက်တွေ့၍ မရကြောင်း ချန်မင်မင်သိ၏။

ထို့ကြောင့် တဝီဝီမြည်ကာ လေတိုးသံ ထွက်ပေါ်လာလျှင် တိုက်ကွက်ကို ရုပ်သိမ်းကာ ချက်ချင်း နောက်ပြန်ဆုတ်လိုက်လေ သည်။

နောက်ဆုတ်လိုက်ရ၍ သူမ၏မျက်နှာ နီရဲသွားသည်။

တိုက်ကွက် တစ်ကွက်တည်းဖြင့် မေစုအား ဖမ်းချုပ်နိုင်မည် ဟု သူမ ယုံကြည်ခဲ့သည်မှာ အမှားကြီးမှားပြီဖြစ်ကြောင်း လက်တွေ့ သိလိုက်ရလေသည်။

မေစုကို စိုက်ကြည့်ရင်း မဲ့ပြုံးပြုံးကာ ...

"ဟင်း ... တယ်ကောင်းတဲ့ ပညာပါလား၊ ဘယ်လောက်အထိ ခံနိုင်သလဲ၊ စမ်းကြည့်ရဦးမယ်"

သူမသည် ပြောရင်း ထပ်မံတိုက်ခိုက်လိုက်သည်။

မေစုကလည်း ပြန်လည် ခုခံတိုက်ခိုက်သည်။

သူတို့နှစ်ယောက်၏ တိုက်ပွဲသည် ရုတ်ခြည်းဖြစ်ပေါ်လာပြီး အလွန် ပြင်းထန်နေပေ၏။

ဝါယင်လုံ ထိတ်လန့်သွားသည်။

ဆက်၍ တိုက်ခိုက်လျှင် နှစ်ယောက်စလုံး ဒဏ်ရာရရှိနိုင်ကြောင်း တွေးမိလေသည်။

ထို့ကြောင့် ကပျာကယာ ကြားဝင်ဟန့်တားလိုက်၏။

"နေကြပါဦး ... ကျုပ် ပြောစရာရှိသေးတယ်၊ မင်းတို့ ဒီလို တိုက်ခိုက်နေရင် ဘယ်လိုလုပ် ပြောရတော့မလဲ၊ မေစု ရပ်လိုက်ပါ၊ ညီမလေး ချန်မင်မင်လည်း ရပ်လိုက်ပါ"

မေစုနှင့် ချန်မင်မင်တို့သည် တစ်ယောက်အပေါ် တစ်ယောက် မကျေနပ်ကြသော်လည်း ဝါယင်လုံ၏ စကားကိုမူ နားထောင်ကြ၍ တော်သေးသည်ဟု ဆိုရပေမည်။

နှစ်ယောက်စလုံး၏ တိုက်ကွက်များ ရပ်သိမ်းကာ နောက်ဆုတ်သွားကြသည်။

ချန်မင်မင်က ဝါယင်လုံကိုကြည့်ကာ ...

"အစ်ကို ဘာပြောချင်လို့လဲ"

မေစုကလည်း လျင်မြန်စွာ ပြောလေ၏။

"ရှင် ပြောစရာရှိတာ မြန်မြန်ပြောပါ"

ဝါယင်လုံက ချန်မင်မင်၏အမေးကို မဖြေဘဲ မေစုကိုပြောသည်။



"ဂိုဏ်းချုပ် မေစု သွားပါတော့၊ ကျုပ်မနက်ဖြန် ခင်ဗျားရှိတဲ့ နေရာကို လာခဲ့ပါ့မယ်"

"ဂိုဏ်းချုပ်ဟု ခေါ်လိုက်၍ မေစု မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ဝါယင်လုံအား ငေး၍ကြည့်နေသည်။

တစ်ခဏကြာမှ သက်ပြင်းချရင်း ...

"ကောင်းပြီ ... ရှင်လာဖြစ်အောင် လာခဲ့ပါ"

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ပြေးထွက်သွားသည်။

"အစ်ကို ... သူ့ကို ဒီအတိုင်းလွှတ်လိုက်လို့ ဖြစ်မလား"

ချန်မင်မင်က မကျေမနပ်ဖြင့် ကွန့်ကွက်စကားဆိုသည်။

မေစုအား လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်ကသည်။

ဝါယင်လုံက အချိန်မီ ဆွဲထားလိုက်ရ၏။

"သူသွားပါစေ ညီမရယ်"

ချန်မင်မင် လက်လျှော့လိုက်ရလေတော့သည်။

မေစုသည် ချန်မင်မင်၏ စကားကြားသည်နှင့် ခြေလှမ်းရပ်ကာ ချာခနဲလှည့်ကြည့်လေ၏။

ပြီးလျှင် ချန်မင်မင်ကို လက်ညှိုးထိုးကာ မေးသည်။

"ရှင်က ချန်ရှိညီမ မဟုတ်လား"

ချန်မင်မင် ရင်ကော့ရင်း ...

"ဟုတ်တယ်"

"ရှင့်နာမည် ဘယ်သူလဲ"

"ချန်မင်မင် ရှင်ကောင်းကောင်းမှတ်ထားပါ၊ နောက်တစ်ခါ မေးရင် ဖြေမှာမဟုတ်ဘူး"

"ကောင်းပြီလေ ... နောက် တွေ့ကြသေးတာပေါ့"

စကားဆုံးသည်နှင့် ဝေးရာသို့ ပြေးထွက်သွား၏။

မေစုသည် ကိုယ်ဖော့ပညာ ထက်မြက်သူဖြစ်သည်။

တစ်ခဏအတွင်းမှာပင် အဖြူရိပ်ကလေးအဖြစ် အမှောင်ထု အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

* * *



အခန်း(၄၄)

## ရှန်းမုံဂိုဏ်း အကျဉ်းသား

မေစု ထွက်ခွာသွားပြီ ဖြစ်လေပြီ။

မေစုသည် ယီစန်းသက်အား မည်သူမည်ဝါက ဖမ်းဆီးထားသည်ကို သေသေချာချာ သိပုံရ၏။

ထို့ကြောင့် မေစုကို လွှတ်ရန်မသင့်ဟု ချန်မင်မင် ထင်မြင်မိသည်။

ဝါယင်လုံကိုကြည့်ကာ မကျေမနပ်ဖြစ်နေသည်။

"အစ်ကို ... ဘာဖြစ်လို့ သူ့ကိုလွှတ်ပေးလိုက်ရတာလဲ"

ဝါယင်လုံက အဖြေမပေးချေ။

သူမ၏ လှပချောမောသော မျက်နှာကလေးကိုသာ ငေးကြည့်နေသည်။

ချန်မင်မင်သည် ရုပ်ဖျက်ထားသော်လည်း လွန်စွာ ချောမော လှပနေ၏။

မကျေနပ်သည့် ပုံသဏ္ဌာန်ကပင် ချစ်စရာတစ်မျိုး ဖြစ်နေသည်။

မေစု၏အလှနှင့် သူမ၏အလှ တစ်မျိုးတစ်ဘာသာစီ ဖြစ်သည်။

နှစ်ယောက်စလုံး လှကြသူများ ဖြစ်သည်။

ချန်မင်မင် မကျေမနပ်ဖြစ်နေခြင်းကြောင့် ပခုံးကလေးကို အသာပုတ်ရင်း ချော့မော့နှစ်သိမ့်လိုက်သည်၊

"သူ့ကို မလွှတ်လို့မဖြစ်ဘူး ညီမရဲ့၊ သူက ဒီကို တစ်ယောက်တည်း လာမယ်ထင်သလား"

ချန်မင်မင် မျက်မှောင်ကြုတ်ကာ ...

"သူက ကျူးယင်ဂိုဏ်းသားတွေကိုပါ ခေါ်တယ်ဆိုပါတော့"

"ဟုတ်တယ်"

"တစ်ယောက်မှ မတွေ့ရပါလား"

"ဘယ်တွေ့မလဲ၊ သူတို့ပုန်းနေကြမှာပေါ့၊ မေစုကို တိုက်ခိုက်ရင် သူတို့ ပုန်းကွယ်ရာကထွက်လာပြီး မေစုဘက်က ဝင်ကူကြလိမ့်မယ်၊ ဒါဆိုရင် တိုက်ပွဲကြီးတစ်ခု ကျိန်းသေ နွှဲရတော့မှာပဲ"

ချန်မင်မင် မဲ့ပြုံးပြုံးလိုက်သည်။

"ဟွန်း ... သူတို့ လူများတော့ရော ကျွန်မ ကြောက်ရမှာလား၊ ကောင်းကောင်းကြီး ဆုံးမပစ်လိုက်မယ်၊ ကျွန်မက သူနဲ့ တိုက်ရလို့ ဆယ်သက်သေပါစေ၊ သေပါတယ်"

"မဟုတ်ဘူးလေ၊ သူ့ကိုတိုက်ခိုက်ရင် ယီစန်းသက်ရဲ့ သတင်းကို ဘယ်လိုလုပ် သိရတော့မှာလဲ"



"ချန်မင်မင်က မဲ့ရွဲ့လိုက်၏။

"အခုရော သိရလို့လား"

"ဩော် ... ညီမရယ်"

"ယီစန်းသက်ရဲ့ သတင်းက ဘယ်လောက်တန်လို့လဲ"

"အစ်ကိုတို့က သူ့ရဲ့ သတင်းကို လိုအပ်နေတယ်လေ"

"မဟုတ်ဘူး၊ အစ်ကို့အသက်နဲ့ လဲရမယ်လို့ သူမို့လို့ ပြောရက်တယ်"

"ညီမလေး စိတ်မဆိုးနဲ့၊ ဒါဟာ သိုင်းလောကလေ၊ သိုင်းလောကဆိုတာ ဒီလိုပဲ၊ တစ်ခါတစ်ရံ အသက်ကို လောင်းကြေးတင်ရတယ်ကွယ့်"

"အို ... မဟုတ်တာ၊ အခုသတင်းက အစ်ကို့အသက်နဲ့ လဲရမယ့် သတင်းမှမဟုတ်တာ"

ဝါယင်လုံ သက်ပြင်းချကာ ...

"သူကပြောရုံပဲရှိပါတယ်၊ အစ်ကို့အသက်ကို တကယ်ယူမှာမဟုတ်ဘူး"

ချန်မင်မင်က သူ့အား မော့ကြည့်လိုက်သည်။

တစ်ဖန် မကျေမနပ်ဖြင့် မြေပေါ်ခြေဆောင့်ရင်း ...

"ဟွန်း ... သူ့အကြောင်း မသိဘူးထင်သလား၊ သူ့အကြည့်က မရိုးသားဘူး၊ အစ်ကိုကလည်း သူ့ကို တစ်ချိန်လုံး စူးစိုက်ကြည့်နေခဲ့တာပဲ မဟုတ်လား"

"ဟား ... ဟား ... ဟား"

ဝါယင်လုံ ရယ်မောလိုက်သည်။

"ညီမက တယ်လည်း ကလေးဆန်တာကိုး၊ ကလေးကလား စကားတွေ လျှောက်မပြောပါနဲ့ကွယ်"

"ဘာကလေးဆန်တာလဲ၊ ကျွန်မ ကလေးဆန်တာ မဟုတ်ဘူး၊ အစ်ကိုက သူ့ကိုစိုက်ကြည့်နေတာ မဟုတ်လား၊ ဘာလဲ … ငြင်းချင်သေးလို့လား"

ရှေ့ဆက်ပြောလျှင် ချန်မင်မင် စိတ်ဆိုးပြေတော့မည်မဟုတ်ကြောင်း တွေးမိရာ ဝါယင်လုံက စကားလမ်းကြောင်းလွှဲကာ ပြောလိုက်လေသည်။

"ဒါထက် ညီမကို မေးစရာတစ်ခုရှိတယ်"

ချန်မင်မင် မျက်မှောင်ကြုတ်ကာ …

"ဘာမေးမလို့လဲ"

"ညီမ သူ့ကိုတိုက်ခိုက်လိုက်တဲ့ သိုင်းကွက်ဟာ အင်မတန်ပြင်းထန်ပြီး အစွမ်းထက်လှပါတယ်၊ အဲဒီသိုင်းကွက်ဟာ ဘာသိုင်းကွက်လဲဆိုတာ သိပါရစေ"

ချန်မင်မင်လည်း စိတ်ပြောင်းသွားသည်။

ဝါယင်လုံ၏ ပရိယာယ် အောင်မြင်ပါသည်။ ချန်မင်မင် စိတ်ဆိုးနေလျှင် ဘာပြောပြော စိတ်ဆိုးနေမည်သာ ဖြစ်သည်။ သူ့ကို ပြေရာပြေကြောင်း ပြော၍ရမည်မဟုတ်ချေ။

ဤသည်ကို ဝါယင်လုံ သိသည်။

ထို့ကြောင့် လမ်းကြောင်း စကားကြောင်းကို ပြောင်းလိုက်ခြင်းဖြစ်သည်။



ချန်မင်မင်၏ အာရုံသည် ဝါယင်လုံမေးသည့် မေးခွန်းဘက်သို့ ပြောင်းလဲသွား၏။ သူ့ကိုအာရုံပြောင်း၍ မေးခြင်းဖြစ်ကြောင်း သိပုံမရချေ။

ချန်မင်မင်က ရှင်းပြသည်။

"ဒါဟာ ဖမ်းချုပ်သိုင်းကွက်တစ်ခုပါ၊ ဒုတိယသိုင်းကွက်ကတော့ 'ငွေဆင်လေးကောင်' သိုင်းကွက်တဲ့"

ဝါယင်လုံ ပြုံးလိုက်သည်။

"ညီမ သိုင်းကွက်နာမည်က ထူးခြားလှချည်လား"

"ဒါ ကျွန်မကိုယ်ပိုင်သိုင်းကွက် မဟုတ်ဘူး၊ ဘိုးဘိုးချင်ယွင်တီတွင်ထားတဲ့ သိုင်းကွက်ပဲ၊ ဘာလဲ အစ်ကိုက သင်ချင်လို့လား၊ ကျွန်မ သင်ပေးမယ်လေ"

ဝါယင်လုံ ရုတ်တရက် အဖြေမပေးနိုင်အောင် ဖြစ်သွားသည်။

သူက မသင်လိုဟု ငြင်းပယ်လိုက်လျှင် ချန်မင်မင် စိတ်ဆိုးသွားပေမည်။ ထိုအခါ မုန့်လုံးကိုစက္ကူကပ်ဆိုသကဲ့သို့ မူလလမ်းကြောင်းသို့ ပြန်ရောက်သွားပေလိမ့်မည်။

သင်ချင်သည်ဆိုပြန်လျှင်လည်း အခွင့်အရေးယူရာကျမည်မဟုတ်ပါလား။ ထို့ကြောင့် ဝါယင်လုံ အခက်ကြုံသွားရတော့သည်။

ချန်မင်မင်က …

"ပြောလေ အစ်ကိုသင်ချင်သလား၊ ကျွန်မ သင်ပေးမယ်လေ"

ဝါယင်လုံ သက်ပြင်းချကာ ငြင်းလိုက်သည်။ မငြင်းရဲ ငြင်းရဲဖြင့် ငြင်းလိုက်ခြင်းဖြစ်သည်။

"ညီမတို့ မိသားစုရဲ့ သိုင်းပညာ အစ်ကိုသင်လို့ မကောင်းဘူးကွယ်၊ ဒါကြောင့် မသင်ပါရစေနဲ့"

ချန်မင်မင်သည် တခစ်ခစ်ဖြင့် ရယ်လေတော့၏။ ဝါယင်လုံကို လက်ဝါးဖြင့် ထုကာ ပြောလေတော့သည်။

"အစ်ကို တကယ် မုန်းဖို့ကောင်းတယ်"

ဝါယင်လုံ အံ့ဩသွား၏။

"ဘာဖြစ်လို့လဲညီမရဲ့"

"အစ်ကို ညီမတို့ရဲ့ မိသားစုပညာကို မသင်ချင်ဘူးလို့ ပြောတယ်နော်"

"ဟုတ်တယ်လေ ... အဲ့ဒါ ဘာဖြစ်သလဲ"

"ညီမတို့ရဲ့ ပညာတစ်ခုကို အစ်ကို တတ်ထားတာ ဘယ်လိုလုပ်မလဲ"

"ညီမတို့ မိသားစုပညာကို အစ်ကိုဘယ်မှာသင်ဖူးလို့လဲ ညီမရယ်"

"ဟင်း ... အစ်ကို့ကို ကျွန်မ ဘိုးဘိုးက သိုင်းပညာတစ်မျိုး သင်ပေးခဲ့တယ်လေ၊ အဲဒီပညာနဲ့ အစ်ကိုပဲ အဆိပ်ကို တစ်နေရာမှာ စုထားနိုင်ခဲ့တယ်လို့ အစ်ကိုပဲ ပြောခဲ့တာမဟုတ်လား၊ ကျွန်မက သိုင်းပညာသင်ပေးလို့ ဘာဖြစ်မှာတဲ့လဲ၊ ကျွန်မတို့ရဲ့ မိသားစု သိုင်းပညာကို အစ်ကို သင်ဖူးထားပြီပဲ"

"မဟုတ်ဘူးလေ ... ဘိုးဘိုးချင်ယွင်က လူကြီးဆိုတော့ ကိစ္စမရှိဘူး၊ ညီမက ..."



"သူ၏စကားမဆုံးမီ ချန်မင်မင် ကြားဖြတ်ပြောလိုက်လေသည်။

"လာပြန်ပြီလား၊ ကလေးဆိုတဲ့စကား၊ ဘာလဲ အစ်ကိုက ကျွန်မကို အထင်သေးနေတာလား၊ အထင်သေးရင်လည်း သေးတယ်လို့ ရှင်းရှင်း ပြောလိုက်စမ်းပါရှင်"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ညီမကို အထင်သေးတာမဟုတ်ဘူး"

"အထင်မသေးရင် လက်ခံရမှာပေါ့"

"အစ်ကို လက်မခံပါရစေနဲ့ကွယ်"

ချန်မင်မင်၏မျက်နှာ ညိုသွားသည်။

ဝါယင်လုံကို မကြည့်ဘဲ တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်သည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာကြောင်း အမှတ်မထင် ဝါယင်လုံ မြင်တွေ့သွားခဲ့သည်။

ထို့ကြောင့် စိတ်မကောင်းဖြစ်ရသည်။

ချန်မင်မင် စကားမပြောဘဲ တိတ်ဆိတ်နေသည်။

ဝန်းကျင်တွင် ငြိမ်သက်နေတော့သည်။

အတန်ကြာလျှင် ဝါယင်လုံ စကားစလိုက်၏။

သူက သိသိသာသာကြီး စကားလမ်းကြောင်း ပြောင်းလိုက်ခြင်း ဖြစ်သည်။

"မီးရောင်မြင်ရတဲ့ အိမ်ထဲမှာ လူရှိမယ်ထင်တယ်၊ သွားကြည့်အောင်"

ပြောပြောဆိုဆို ဝါးရုံတောဆီသို့ လှမ်းသွားသည်။

ချန်မင်မင် လိုက်မလာလျှင် အခက်ဟုတွေးမိသည်။

သို့သော် သူ့နောက်မှ လိုက်လာသည့် ချန်မင်မင်၏ ခြေသံ ကြားရမှ စိတ်သက်သာရာရသွား၏။

ထိုအချိန်တွင် အဝေးမှ လေချွန်သံများ ထွက်ပေါ်လာသည်။

လေချွန်သံများသည် ဟိုမှသည်မှ ထွက်ပေါ်လာပြီး တဖြည်း ဖြည်း ဝေးကာ ပျောက်ကွယ်သွား၏။

ပတ်ဝန်းကျင်တွင် သူတို့အား အမှောင်ရိပ်ခိုကာ စောင့်ကြည့် နေသော မေစု၏လူများ ရှိနေသည်မှာ ထင်ရှား၏။

မေစုထွက်သွားပြီး သူတို့က နောက်ယောင်ခံလိုက်ခြင်း မရှိမှ ပြန်လည်ထွက်ခွာသွားကြခြင်း ဖြစ်သည်။

ချန်မင်မင်သည် ယခုမှ ဝါယင်လုံ၏ ပြောစကားများကို ယုံကြည်လက်ခံသွား၏။

သူတို့သည် မေစု၏လူများကို အရေးစိုက်ရန်မလိုတော့ဘဲ ဝါးရုံတောမှ အိမ်ကလေးဆီသို့ ဦးတည်သွားကြတော့သည်။

ဝါးရုံတော၏ အနောက်ဘက်တွင် ကျောက်အိမ်ကလေး တစ်လုံး ရှိသည်။

ယင်းကျောက်အိမ်ကလေးအတွင်းမှ မီးရောင် ထွက်ပေါ်နေ ခြင်း ဖြစ်သည်။

ဝါယင်လုံနှင့် ချန်မင်မင်တို့သည် ကျောက်အိမ်ကလေးအနီး သို့ ခြေသံလုံလုံနင်းကာ ချဉ်းကပ်သွားကြသည်။



ကျောက်အိမ်ကလေး၏ ဝင်ပေါက်တံခါးမှာ အတွင်းဘက်မှ အခိုင်အမာ ပိတ်ထားသည်ကို တွေ့ရ၏။

အတွင်းဘက်၌ လူရှိရမည်မှာ သေချာသည်။

ဝါယင်လုံလည်း ချန်မင်မင်ကို အသံမထွက်ရန် အချက်ပြပြီး ကျောက်အိမ်ကလေး၏ တစ်ခုတည်းသော ပြတင်းပေါက်အနီးသို့ ရောက်အောင် တိုးကပ်သည်။

ပြတင်းပေါက်တံခါးသည် စက္ကူဖြင့် လုပ်ထားခြင်းမဟုတ်ဘဲ သစ်သားဘောင်ခွေကာ မှန်များတပ်ဆင်၍ အခိုင်အမာပြုလုပ်ထား ခြင်း ဖြစ်သည်။

ဝါယင်လုံက ပြတင်းပေါက်မှနေ၍ အတွင်းဘက်သို့ ချောင်း ကြည့်လိုက်သည်။

အတွင်းဘက်၌ မီးရောင်ရှိနေခြင်းကြောင့် ကောင်းစွာ တွေ့မြင် ရသည်။

ဝါယင်လုံက ပြတင်းပေါက်မှ ချောင်းကြည့်လိုက်သောအခါ ကျောက်အိမ်အတွင်း၌ လူတစ်ယောက်ရှိနေသည်ကို တွေ့ရ၏။

ထိုလူသည် ကုန်းကုန်းကွကွဖြင့် တစ်စုံတစ်ခုအား လိုက်လံ ရှာဖွေနေပုံရသည်။

ထိုလူသည် သူတို့အပြင်ဘက်၌ ရောက်နေသည်ကို သတိပြုမိပုံ မရချေ။

သူတို့ လုံးဝအသံမထွက်ချေ။ အသံလုံသည်။

တစ်စုံတစ်ခုအား လိုချင်ဇောဖြင့် သဲကြီးမဲကြီး ရှာဖွေနေ ကြောင်း သူတို့တွေ့ရှိရလေ၏။

အမှောင်ထဲ၌ ရှာဖွေရန် မဖြစ်နိုင်သည့်အတွက် မီးအိမ်တစ်လုံး ခပ်မှိန်မှိန် ထွန်းညှိထားရသည်။

ထိုသို့ မီးအိမ်ထွန်းညှိထား၍ ဝါယင်လုံတို့ ရောက်လာခဲ့ကြသည်ကိုကား သူ တွေးမိမည်မဟုတ်ချေ။

အလင်းရောင်ကို အသုံးပြုလျှင် လွန်စွာသတိထားရသည်။

ယခုကဲ့သို့ အကာလ ညအခါမျိုး၌ ပို၍သတိထားရသည်။

ထိုလူသည် သတိမပြုမိ၍လော၊ ဂရုပင်မစိုက်၍လောဆိုသည်ကိုမူ ပြောမရပါချေ။

ဝါယင်လုံက ချန်မင်မင်ကို လှည့်ကြည့်လိုက်၏။

လှပချောမောသော ချန်မင်မင်၏မျက်နှာကလေး သုန်သုန်မှုန်မှုန် ဖြစ်နေသည်ကို တွေ့ရ၏။

ဝါယင်လုံ စိတ်မကောင်း ဖြစ်သွားသည်။

ချန်မင်မင်သည် သူ့အပေါ် သံယောဇဉ်ကြီးမားစွာ တွယ်တာနေမိကြောင်းလည်း ရိပ်မိပါ၏။

သူ့ကြောင့် ချန်မင်မင် စိတ်မကောင်း မဖြစ်စေလိုပါချေ။

ခက်သည်မှာ သူသည် ချန်မင်မင်ထံမှ သိုင်းပညာ မသင်လိုခြင်း ဖြစ်သည်။

ချန်မင်မင်တို့အား အထင်သေး၍ကား မဟုတ်ချေ။

ကိုယ်ပိုင်သိုင်းပညာရပ်များ ရှိပါလျက် သူတစ်ပါးမိသားစု၏ မူပိုင်သိုင်းပညာအား သင်ယူရမည်ကို မဝံ့မရဲဖြစ်နေခြင်းကြောင့်တည်း။

သူလှည့်ကြည့်သည်ကိုတွေ့ရလျှင် ချန်မင်မင်က စိတ်မကောင်းသော လေသံဖြင့် တီးတိုးစကားဆိုလေသည်။



"အစ်ကို့ကို ကျွန်မ တစ်ခုပြောချင်တယ်"

ဝါယင်လုံ ခေါင်းညိတ်ပြလိုက်သည်။

"ပြောပါ ..."

"ကျွန်မတို့ရဲ့ ဘိုးဘွားတွေလက်ထက်က သိုင်းပညာ အဆင့်အတန်း နိမ့်ကျခဲ့ပါတယ်၊ ဒါပေမယ့် တစ်နေ့မှာ ကံကောင်းထောက်မပြီး သိုင်းပညာတစ်ခု ရခဲ့တယ်၊ အဲ့ဒီအချိန်ကစပြီး သိုင်းလောကမှာ ဒုတိယအဆင့်ကနေပြီး ပထမအဆင့်ကို တက်လာခဲ့တာပါ၊ သူများရဲ့ သိုင်းပညာသင်လို့ ဘာမှ ရှက်စရာမလိုပါဘူး၊ ကိုယ်က မကောင်းတာ မလုပ်ရင် ပြီးတာပဲ မဟုတ်လား"

သူမ၏စကားသည် သဘာဝကျနေသဖြင့် ဝါယင်လုံသည် ခေါင်းညိတ်လက်ခံလိုက်ရပြန်၏။

"ဟုတ်ပါတယ်"

ချန်မင်မင်က ဆက်ပြောသည်။

"အစ်ကို တရုတ်ရှေးဆိုးစကားတစ်ခုကို သိသလား"

"ညီမလေး ပြောမှ သိမှာပေါ့"

"ပင်လယ်ငါးသလောက်ကြီးကို လိုချင်ရင် ငါးသိမ် ငါးမွှားလေးနဲ့ ဖမ်းရတယ်ဆိုတဲ့ စကား၊ အစ်ကိုက ကြီးမားတဲ့ကိစ္စတစ်ခု ဆောင်ရွက်တဲ့နေရာမှာ အသေးအဖွဲ့ကိစ္စလေးတွေကို ရှောင်နေလို့ မဖြစ်ပါဘူး၊ ဒါကို အစ်ကို နားလည်ရဲ့လား"

ဝါယင်လုံ ပြုံးပြီး ပြောလိုက်၏။

"အစ်ကို နားလည်ပါတယ်ကွယ်"

"အစ်ကို့လို ဒုစရိုက်သမားတွေကို နှိမ်နင်းမယ့်လူဟာ သူများထက် ပိုပြီး သိုင်းပညာထူးချွန်နေသင့်တယ်"

"အစ်ကို နားလည်ပါပြီကွယ်၊ ဒုစရိုက်သမားတွေကို နှိမ်နင်းဖို့ ထိပ်တန်းသိုင်းပညာ သင်ယူရဦးမယ်ဆိုတာ အမှန်ပါပဲ၊ ဒါပေမယ့် အစ်ကို့အတွက် အချိန်မရသေးလို့ပါ၊ အစ်ကို့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ် မဟုတ်လား"

ချန်မင်မင်၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

သူမသည် ဝါယင်လုံ၏သိုင်းပညာထက်မြက်ကြောင်း ကောင်းစွာ သိထားပါ၏။

သို့သော် ထိပ်ထိပ်ကျဲ ဒုစရိုက်သမားနှင့် ယှဉ်ပြိုင်ရန် များစွာလိုသေးကြောင်း ရိပ်မိသည်။

ဒုစရိုက်သမားများသည် အုံနှင့်ကျင်းနှင့် ရှိနေကြသည်။

သူတို့အား တစ်ဦးကောင်း တစ်ယောက်ကောင်း ရှင်းလင်းသုတ်သင်ရန် မလွယ်ကူပါချေ။

ဒုစရိုက်သမားများ၏ ရန်သူသည် သိုင်းပညာအဆင့် လွန်စွာမြင့်မားနေမှသာ အခက်အခဲ အန္တရာယ်များကို ကျော်လွှားနိုင်ပေမည်။

ချန်မင်မင်၏ မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာသည်။

ဝါယင်လုံက နှစ်သိမ့်လိုက်သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ညီမရယ်၊ ကဲ ... ကဲ ... အစ်ကို သူခိုးဖမ်းလိုက်ဦးမယ်၊ ညီမကြည့်နော်"



စကားဆုံးလျှင် ပြတင်းပေါက်ဘောင်ကို တဒုန်းဒုန်း မြည်အောင် လက်သီးဆုပ်ဖြင့် ထုလိုက်သည်။

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် အတွင်းဘက်မှ လူမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

ချက်ချင်းပင် ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်လေ၏။

ဝါယင်လုံက ထိုသူအား ပြုံးပြလိုက်ပြီး ...

"ဗျို့ ... မိတ်ဆွေ၊ ခင်ဗျား တယ်လည်း ဖွဲကောင်းတာကိုး၊ ဒီလောက်အကြာကြီး ပုန်းနေရသလား၊ ဘာကြောင့် ထွက်မလာသေးတာလဲဗျ"

သူက အပြင်မှကြည့်နေသည်မှာ ကြာပြီဖြစ်ကြောင်း သွယ်ဝိုက်ပြောလိုက်ခြင်း ဖြစ်သည်။

အတွင်းဘက်မှ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားသည်။

ထိုစဉ် ဝါယင်လုံက ပြတင်းပေါက် တံခါးဘောင်ကို လက်ဝါးစောင်းဖြင့် တအားလွှဲ၍ ရိုက်ချလိုက်သည်။

အတွင်းအား အသုံးပြုကာ ရိုက်ချလိုက်၍ ပြတင်းပေါက်ကျိုးပဲ့ကြေမွကာ အပေါက်ဟောင်းလောင်း ဖြစ်သွားတော့သည်။

သူမျှော်လင့်ထားလို အလင်းရောင်တစ်ချက် ဝင်းလက်သွားကာ အတွင်းဘက်မှလူက ဓားတစ်ချောင်းဖြင့် ဆီးကြိုတိုက်ခိုက်လာလေ၏။

ဝါယင်လုံ အသာအယာ ရှောင်တိမ်းပေးလိုက်သည်။

ထို့နောက် ခြေဖြင့် ထိုလူ၏ဓားကိုင်ထားသော လက်ကို ခေါက်ထုတ်ပစ်လိုက်လေသည်။

"အား . . ."

ထိုလူ စူးရှစွာအော်ရင်း လက်ထဲမှာ ဓား ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ကျသွားသည်။

ဓားပြန်ကောက်ရန် ဟန်ပြင်လိုက်သောအခါ ဝါယင်လုံက ဓားပြားကို ခြေဖြင့်နင်းထားလိုက်ပြီ ဖြစ်ပါသည်။

ထိုလူသည် ပိတ်ထားသော တံခါးမကြီးဘက်သို့ ပြေးသွားသည်။

မင်းတုပ်ကိုဖွင့်ကာ ထွက်ပြေးရန် ကြံရွယ်သည်။

သို့သော် ပြတင်းပေါက်မှ ခုန်ဝင်လာသော ချန်မင်မင်က သူ့ထက် လျင်မြန်နေသည်။

"မပြေးနဲ့ . . ."

အော်ငေါက်ရင်း တစ်ဟုန်ထိုး ခုပ်အုပ်ကာ လက်ငါးချောင်းဖြင့် ဆွဲကုပ်လိုက်၏။

မေစုအား တိုက်ခိုက်သလို ဖမ်းချုပ်တိုက်ကွက်ဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ထိုလူသည် မေစုမဟုတ်ပါ။

မေစုလောက် သိုင်းပညာမတော်ဖြင့် ချန်မင်မင်၏ ဆွဲကုပ်ခြင်းကို ခံလိုက်ရသည်။

ချန်မင်မင်က ထိုလူ၏ ပခုံးကို ဆုပ်ကိုင်မိသည်နှင့် . . .

"သွားစမ်း . . ."

ဟု အော်ငေါက်ကာ ဝါယင်လုံဘက်သို့ ဆွဲပစ်လိုက်သည်။



ထိုသူလည်း ဝါယင်လုံဘက်သို့ လွင့်ထွက်သွားတော့၏။

ဝါယင်လုံက အလိုက်သင့်ပင် ဆီးကြိုဖမ်းဆီးကာ ခြေလက်များ မလှုပ်နိုင်အောင် သွေးကြောပိတ်ထားလိုက်သည်။

သူတို့သည် ရန်သူတစ်ယောက်ကို လွယ်လင့်တကူ ဖမ်းဆီးနိုင်ခဲ့ပြီဖြစ်သည်။

ထိုလူသည် မလှုပ်မယှက် တောင့်တောင့်ကြီး ရပ်နေသည်။

သွေးကြောပိတ်ခံထားရသော်လည်း စကားပြောနိုင်ပါသေးသည်။

သူက ဝါယင်လုံနှင့် ချန်မင်မင်တို့အား မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေ၏။

လွန်စွာ စက်ဆုပ်မုန်းတီးပြီး ဓားမတတ် ဝါးမတတ် စိုက်ကြည့်နေခြင်း ဖြစ်သည်။

ဝါယင်လုံမှာ သူ၏အကြည့်ကို မမှုချေ။ ရန်သူ၏ မုန်းတီးသည့် အကြည့်များ စွမ်းလျှင် သူတို့ ပြာဖြစ်သွားသည်မှာ ကြာပြီဖြစ်၏။

ထိုသူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး သဘောကျစွာ ပြုံးလိုက်လေ၏။

ထိုလူ၏ ဝတ်စားဆင်ယင်ပုံကိုကြည့်ကာ သူတွေ့ခဲ့ဖူးသော ချိုဟွာကို ပြန်လည်သတိရမိသည်။

ထိုလူဝတ်စားဆင်ယင်ပုံသည် ချိုဟွာနှင့် တူနေသည်။

အမှန်ဆိုလျှင် . . .

ထိုလူသည် ရှန်းမုံဂိုဏ်းမှ ချူဟွာတစ်ယောက်ပင် ဖြစ်နေပေတော့သည်။

ဝါယင်လုံက အခန်းကို အကဲခတ်ကြည့်လိုက်ပြန်သည်။

အခန်းသည် ပေ ၂၀ ခန့် ကျယ်ဝန်းသည်။

ခုတင်တစ်လုံးနှင့် ထိုင်ခုံသုံးလေးလုံး ရှိသည်။

လူတစ်ယောက် အေးအေးဆေးဆေး အနားယူရာ အခန်းဖြစ်ကြောင်း မြင်ရုံဖြင့် သိသာနိုင်ပေသည်။

မည်သူနေထိုင်သည့် အခန်းပေနည်း။

ဝါယင်လုံက ချူဟွာကိုကြည့်ကာ မေးလိုက်၏။

"မင်းက ရှန်းမုံဂိုဏ်းက ချူဟွာမဟုတ်လား"

ထိုလူက အဖြေမပေးဘဲ သူ့အား စိုက်ကြည့်နေသည်။ သူ၏အကြည့်၌ အမုန်းမီးတောက်နေ၏။

ဝါယင်လုံ ပခုံးတွန့်ကာ ပြောသည်။

"ကျုပ်မေးတာကို ကောင်းကောင်းမွန်မွန် ဖြေပါ၊ မင်းက ကောင်းကောင်းမွန်မွန် ဖြေရင် မိတ်ဆွေတစ်ယောက်လို သဘောထား ဆက်ဆံမယ်"

ထိုလူက ခံပြင်းစွာ ရယ်မောလိုက်လေ၏။

"ဟား ... ဟား ... ဟား ... မင်းတို့က ကျုပ်ကို မိတ်ဆွေတစ်ယောက်လို ဆက်ဆံနိုင်မယ်တဲ့လား၊ ဟွန်း ... ဝေးပါသေးတယ်၊ မင်းတို့နဲ့ ကျုပ်ဟာ ရန်သူတွေပဲ၊ ဘာဖြစ်လို့ ရန်သူကို မိတ်ဆွေလို သဘောထားမယ်လို့ ပြောနေရတာလဲ"



"ခင်ဗျားက မိတ်ဆွေဖြစ်ချင်ရင်လည်း လွယ်တယ်၊ ရန်သူဖြစ်စေချင်ရင်လည်းလွယ်တယ်၊ မိတ်ဆွေဆိုရင်တော့ ကောင်းကောင်းမွန်မွန် ဆက်ဆံမယ်၊ ရန်သူဆိုရင်တော့ ခင်ဗျားရဲ့ အသက်အန္တရာယ်ကို အာမမခံနိုင်ဘူး၊ ဒါက ကျုပ်သဘောထားပဲ၊ ခင်ဗျားရဲ့ သဘောထားကို သိချင်တယ်"

ထိုသူ မျက်နှာပျက်သွားသည်။

သူ၏အသက်အန္တရာယ်ကို တွေးတောကာ ကြောက်ရွံ့ထိတ်လန့်သွားပုံရသည်။

ချန်မင်မင်က ကြားဖြတ်ပြောလိုက်သည်။

"အစ်ကို ... ဒီလူတွေကို ကောင်းကောင်းမွန်မွန် ဆက်ဆံလို့မရဘူး၊ နည်းနည်းလောက် အသားနာမှ မေးတာဖြေလိမ့်မယ်၊ သူတို့အသက်မသေဘူးဆိုရင် သူတို့ ဘာကိုမှ ပြောမှာမဟုတ်ဘူး"

ပြောပြောဆိုဆို ရှေ့တိုးလာသည်။

ထိုသူကို နှိပ်စက်ညှဉ်းပန်းမည့်ပုံသဏ္ဍာန် ဟန်ဆောင်သည်။

ထိုလူ၏မျက်လုံးများ ပို၍ ပြူးကျယ်သွားသည်။

တုန်ရင်သော လေသံဖြင့် ...

"မင်း ... မင်းတို့ ... ကျုပ်ကို ဘာလုပ်ကြမလို့လဲ"

ဝါယင်လုံ ခေါင်းခါပြလိုက်သည်။

"ဘာမှမလုပ်ပါဘူး"

"ဘာမှမလုပ်ဘူးဆိုရင် ကျုပ်ကိုလွှတ်ပေးပါ"

"ခင်ဗျားကို လွယ်လွယ်နဲ့ ဘယ်လွှတ်ပေးနိုင်မလဲဗျ"

ထိုလူ ဒေါသထွက်လာသည်။

ဝါယင်လုံက လေသံအေးအေးဖြင့် မေးသည်။

"ခင်ဗျား ကျုပ်မေးတာကို ဖြေမယ်ဆိုရင် လွတ်ပေးဖို့ အာမခံတယ်၊ ကျုပ်တို့ သိချင်တာ သိဖို့ လူတစ်ယောက်ကို ဖမ်းခေါ်သွားဖို့ မလိုပါဘူး"

ထိုလူ တွေဝေသွားသည်။

ဝါယင်လုံ မယုံကြည်နိုင်စွာကြည့်ကာ ...

"ခင်ဗျားစကား ကျုပ်ယုံရမှာလား"

"ယုံရမှာပေါ့၊ ကျုပ်တို့က ခင်ဗျား ကို အချိန်မရွေး သတ်သင်ပစ်လိုက်လို့ ရတယ်ဆိုတာ နားလည်စမ်းပါ"

"ကောင်းပြီ ... ခင်ဗျားတို့ ဘာသိချင်သလဲ"

ဝါယင်လုံ စဉ်းစားလိုက်သည်။ သူ့၌မေးစရာများစွာ ရှိသည်။ ပြီးမှ မေးလိုက်သည်။

"ပထမ ခင်ဗျားနာမည် ပြောပါ"

"ချင်မင်တ"

"ရှန်းမုံဂိုဏ်းမှာ ဘယ်အဆင့်ရှိသလဲ"

"ဒါတော့ ပြောခွင့်မရှိပါဘူးဗျာ"

ဝါယင်လုံက အတင်းအကျပ်မေးရန် စိတ်ကူးပြီးမှ လက်လျှော့လိုက်သည်။

မေး၍လည်း ထိုလူက ဖြေမည်မဟုတ်ကြောင်း တွေးမိလေသည်။



"ကောင်းပြီ ... ယီစန်းသက်အကြောင်း မေးမယ်၊ ခင်ဗျားက ဘယ်လိုကြောင့် သူ့ကိုဖမ်းတာလဲ၊ ဒါက အသေးအမွှားပါ၊ ကျုပ်က မေးချင်လို့ ပေးတာ"

အထက်က အမိန့်ပေးလို့ပါ"

"သူ့ရဲ့ခြံဝင်းကိုမီးရှို့ဖျက်ဆီးတာ၊ သူ့ရဲ့မိသားစုတွေကို လုပ်ကြံတာရော"

"ဒါကတော့ ..."

"ခင်ဗျား ဆင်ခြေမပေးနဲ့၊ ခင်ဗျားတို့မှာ လူစိတ်မရှိဘူးဆိုတာ ပေါ်လွင်နေတယ်"

ဝါယင်လုံ မကျေမနပ်ဖြင့် ပြောလိုက်သည်။

ချင်မင်တဆိုသူလည်း ပါးစပ်ပိတ်သွားလေတော့၏။

ထိုစဉ် ချန်မင်မင်က ဒေါသတကြီးဖြင့် ဝင်ပြောသည်။

"ရက်စက်ယုတ်မာတဲ့လူကို အရှင်မထားနဲ့၊ သတ်ပစ်လိုက်စမ်းပါ"

ပြောပြောဆိုဆို ရှေ့တိုးလာသည်။

သူ၏အမူအရာကိုကြည့်ကာ ချင်မင်တ ချွေးများပြန်လာလေတော့သည်။

ဝါယင်လုံက ချန်မင်မင်ကိုလည်း ဟန့်တားလိုက်သည်။

"ညီမ လက်လွန်ခြေလွန် မလုပ်လိုက်ပါနဲ့၊ သူ့ကို မေးစရာရှိသေးတယ်"

သူ၏စကားကြောင့် ချန်မင်မင် နောက်ပြန်ဆုတ်သွားသည်။ ချန်မင်မင် စိတ်ဆိုးဒေါသထွက်သွားလျှင် မလွယ်ပေ။

ဝါယင်လုံက ချင်မင်မင်ကိုကြည့်ကာ ...

"ယီစန်းသက် ဘယ်မှာရှိတယ်ဆိုတာ ပြောပါ"

"ဒါတော့ ကျုပ်မသိဘူးဗျ"

"ခင်ဗျားပြောတာ ကျုပ်မယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူး"

"ကောင်းပြီလေ ... ခင်ဗျား ဝါယင်လုံဆိုတဲ့ နာမည် ကြားဖူးမှာပေါ့၊ ဝါယင်လုံဆိုတာ ကျုပ်ပဲ၊ အခုချက်ချင်း ကျုပ်အကြောင်း သိစေရမယ်"

ဝါယင်လုံသည် စိတ်ဆိုးလာပြီဖြစ်သည့်အလျောက် ထိုလူ၏ သွေးကြောတစ်နေရာသို့ လက်ညှိုးဖြင့် ထောက်လိုက်သည်။

ထိုသွေးကြောသည် ယားယံနာကျင်စေသော သွေးကြောဖြစ်သည်။

ချင်မင်တသည် ယီစန်းသက်အား ဖမ်းဆီးသွားသည့်အဖွဲ့တွင် တစ်ယောက်အပါအဝင်ဖြစ်ရမည်ဟု သူအခိုင်အမာ ယုံကြည်ထား၏။

ချင်မင်တသည် ကောင်းကောင်းမွန်မွန် မေး၍ ဖြေမည်မဟုတ်ဘဲ လိမ်လည်ပြောနေမည်ဖြစ်ကြောင်း ရိပ်မိ၍ ဓာမင်သွေးကြောကို တို့ကိုက်ခြင်း ဖြစ်၏။

သွေးကြောတောက်ခံရသည်နှင့် ချန်မင်တ၏ တစ်ကိုယ်လုံး ယားယံလာ၏။

ပုရွက်ဆိတ် ထောင်ပေါင်းများစွာ သွေးကြောထဲတွင် တိုးဝင်သွားလာနေသည်ဟု ခံစားလိုက်ရ၏။



ယားယံလာသလို နာကျင်လာ၏။

ချင်မင်တ၏ မျက်နှာ ဆီးရွက်ခန့်သာ ရှိတော့၏။

ချွေးသီးချွေးပေါက်များလည်း ကျဆင်းလာ၏။

တအောင့်မျှအကြာတွင် ဝေဒနာကို မခံစားနိုင်တော့ဘဲ ...

"ကျုပ် ... ကျုပ်ကို သတ်ပစ်လိုက်"

ဟု အော်ဟစ်လိုက်၏။

သူက အမှန်အတိုင်းဖြေမည်မပြောဘဲ သတ်ပစ်ခိုင်းသည့်အတွက် ခေါင်းမာလှသည်မှာ ထင်ရှားနေ၏။

ဝါယင်လုံက ထိုလူ့ကို ဖမ်းဆီးရမိသည်နှင့် သတင်းရယူဖို့လောက်သာ စိတ်ကူးသည်။ လူကိုလည်း မလိုချင်ပေ။ အသက်ကိုလည်း မလိုချင်ပေ။ သူ့ကြောင့် ရန်သူတစ်ဦး သေဆုံးသွားလျှင်ပင် စိတ်မကောင်းသူဖြစ်သည်။ ယခုကဲ့သို့ အကျဉ်းသားမျိုးကို မည်သည့်နည်းနှင့်မျှ သွေးအေးအေးဖြင့် သတ်နိုင်သူမဟုတ်ချေ။ အကျဉ်းသားသည် ခေါင်းမာနေ၏။

ဝါယင်လုံက ဒီအတိုင်း လက်ပိုက်ကြည့်နေ၏။

လူဆိုး လူမိုက်တစ်ဦးအား နောင်ကြဉ်အောင် ဆုံးမရသော်လည်း သူစိတ်မကောင်းချေ။

ကျင်မင်တက ဝေဒနာကို အံကြိတ်ခံ၏။

သို့သော်လည်း ကြာကြာမခံနိုင်ဘဲ ...

"ကျုပ် ... ကျုပ်ကို သွေးကြောဖွင့်ပေးပါ၊ ဒါမှမဟုတ် သတ်ပစ်လိုက်ပါ၊ အခံရခက်လှချည်ရဲ့"

ဟု အော်ဟစ်ညည်းညူနေ၏။

ဝါယင်လုံ လက်ပိုက်ကြည့်နေသောအခါ အော်ဟစ်ဆဲဆိုလာလေ၏။

ဝါယင်လုံက ...

"ခင်ဗျားက ကျုပ်ကိုဆဲဆိုရင် ဝေဒနာ ပိုပြီး ခံစားရမှာပေါ့"

"ကျုပ်ကို သတ်ပစ်လိုက်၊ ဒါမှမဟုတ် သတ္တိရှိရင် သွေးကြောဖွင့်ပေးလိုက်၊ ကျုပ်တို့ အသေတိုက်မယ်"

"စိတ်ချ ... သွေးကြောဖွင့်ပေးမယ်၊ ဒါပေမယ့် ကျုပ်မေးတာဖြေမှရမယ်၊ ရှန်းမုံဂိုဏ်းချုပ်ဟာ ဘယ်သူလဲ၊ အင်အား ဘယ်လောက်ရှိသလဲဆိုတာ ပြောပါ"

ချင်မင်တသည် တစ်စက်ကလေးမှ အဖြေမပေးချေ။

ဝါယင်လုံသာ လက်မြှောက်ရတော့၏။

ရှန်းမုံဂိုဏ်းသည် လွန်စွာ စည်းကမ်းတင်းကျပ်ပြီး လက်အောက်ငယ်သားများသည် ခေါင်းဆောင်ဖြစ်သူ မည်သူမည်ဝါဟု သိခွင့်မရှိကြောင်း တွေးမိလာ၏။

ဝါယင်လုံ သက်ပြင်းချလိုက်၏။

"ကဲပါလေ ... ခင်ဗျား ခေါင်းမာနေပေမယ့် ကျုပ် ခွင့်လွှတ်လိုက်ပါ့မယ်"

စကားဆုံးလျှင် သွေးကြောများ ဖွင့်ပေးလိုက်၏။

ချင်မင်တ ခံစားနေရသော ဝေဒနာများ ချက်ချင်း သက်သာသွားသလို ခြေလက်များ လှုပ်ရှားနိုင်တော့၏။



ယခုလို သွေးကြောဖွင့်ပေးသည့်အတွက် ချင်မင်တ မယုံကြည်လောက်အောင် ဖြစ်နေ၏။

ဝါယင်လုံအား နားမလည်နိုင်စွာ ကြည့်နေ၏။

ဝါယင်လုံက ...

"ကျုပ်ကတော့ ကတိတည်တယ်၊ ခင်ဗျားကို မသတ်ဘူး၊ လွှတ်ပေးလိုက်မယ်၊ ဒါပေမယ့် ခင်ဗျားမသွားခင် ကျုပ်မေးတာ ဖြေသွားပါဦးဗျာ"

ဝါယင်လုံ၏ အပြုအမူမှာ ချင်မင်တအဖို့ မယုံကြည်လောက်စရာ အပြုအမူဖြစ်သည်။

သူ့ကိုလည်း အကြောဖွင့်ပေးသည်။ ပြန်လွှတ်ပေးမည်ဟုလည်း ပြောသေးသည်။ ပြောသည့်အတိုင်း လုပ်မည့်သူဟုလည်း ယုံကြည်ရသည်။ မီးခဲကို ရေအေးအေးနှင့် လောင်းလိုက်သလို ဖြစ်သွားသည်။

သူသည် ဝါယင်လုံးအား မယုံကြည်နိုင်စွာ စိုက်ကြည့်မိသည်။

ဝါယင်လုံအား လေးစားသွားပုံရ၏။

"မေးပါ ... ကျုပ်ဖြေနိုင်သမျှ ဖြေပါ့မယ်"

"ကောင်းပြီ ... ယီစန်းသက် အသက်ရှင်နေသေးသလား၊ ဒါမှမဟုတ် သေပြီလား ... ပြောပါ"

သူ အသက်ရှင်နေသေးပါတယ်"

"ဒါဖြင့် သူဘယ်မှာရှိသလဲ"

"သူ့ကို ဖမ်းခေါ်သွားကြပါပြီ၊ ဘယ်ကိုပို့မယ်၊ ဘယ်မှာ ချုပ်ထားတယ်ဆိုတာတော့ ကျုပ်မသိပါဘူးဗျာ"

"ကျုပ်ယုံပါတယ်၊ ဒါထက် ခင်ဗျား ဒီမှာ ဘာကြောင့် တစ်ယောက်တည်း ကျန်နေခဲ့တာလဲ"

"ကျုပ်မှာ တာဝန်ရှိသေးလို့ပါ"

"ဘာတာဝန်လဲ"

ချင်မင်မင်က သက်ပြင်းချရင်း ...

"မပြောပါရစေနဲ့ဗျာ၊ ကျုပ်ကိုခွင့်လွှတ်ပါ"

အတင်းအကျပ်မေး၍လည်း ဖြေမည်မဟုတ်ကြောင်း ဝါယင်လုံ နားလည်၏။

ထို့ကြောင့် မမေးတော့ဘဲ အခြား စကား လှည့်မေးလေသည်။

"ခင်ဗျားတစ်ယောက်တည်းလား၊ ကျန်တဲ့ ချိုဟွာတွေရော"

"သူတို့ ကျင်လင်မြို့ထဲမှာ ရှိဦးမယ် ထင်တယ်"

"နေရာကိုပြောပါ"

"မိုးမျှော်နန်းတွင်းမှာပါ"

ဝါယင်လုံ မျက်မှောင်ကြုတ်သွားသည်။ ချင်မင်တကို စိုက်ကြည့်ရင်း ...

"မိုးမျှော်နန်းတွင်းဆိုတာ လူတိုင်းသွားလို့ရတဲ့ နေရာပဲ၊ အဲဒီနေရာက အကျယ်ကြီးပဲ"

"အဲဒီမှာ သူတို့ရှိနေမှာပါ၊ ခင်ဗျား သွားရှာကြည့်ရင် တွေ့မှာပဲ"

"ထားလိုက်ပါတော့လေ၊ ခင်ဗျားတို့ ယီစန်းသက်ကို ဖမ်းတာဘာ့ကြောင့်လဲ၊ ရှန်းမုံဂိုဏ်းချုပ်က ဘယ်သူလဲ"

ချင်မင်တက ခေါင်းခါယမ်းလိုက်သည်။



"ခင်ဗျားမေးတာ များပြီ၊ ပြီးတော့ ကျုပ်ဖြေခွင့်မရှိတဲ့ မေးခွန်းဖြစ်နေတယ်"

ဝါယင်လုံ သက်ပြင်းချလိုက်သည်။

ဆက်မေးရန်လည်း အကြောင်းမရှိတော့ချေ။

ထို့ကြောင့် လက်ဝှေ့ယမ်းပြကာ ခွင့်ပြုလိုက်၏။

"ကဲပါလေ ... ခင်ဗျား သွားနိုင်ပြီ၊ သွားပေတော့ ..."

သူ၏စကားကို ချင်မင်တ မယုံနိုင်ဘဲ ဖြစ်နေသည်။

ထွက်မသွားသေးဘဲ ဝါယင်လုံကို ငေးကြည့်နေလေ၏။

ဝါယင်လုံ မျက်မှောင်ကြုတ်ကာ ...

"ဘာလဲ ... ခင်ဗျား မသွားတော့ဘူးလား"

ချင်မင်တသည် ချန်မင်မင်ကို ကြည့်လိုက်သည်။

ချန်မင်မင်က လုံးဝမလှုပ်ရှားဘဲ နေရာတွင် ရပ်နေသည်။

သူမ၏ မျက်နှာတွင် ချင်မင်တအား လွှတ်ပေးမည်ကို မနှစ်မြို့သည့်ပုံ ပေါ်လွင်နေသည်။

ဝါယင်လုံက လွှတ်ပေးခြင်းကို မကြိုက်သော်လည်း ဟန့်တားမည့်ပုံ မတွေ့ရချေ။

ချင်မင်တသည် စိတ်သက်သာရာ ရသွားသည်။

ချက်ချင်းပင် ပြတင်းပေါက်အနီးသို့ လှမ်းသွားပြီး အပြင်ဘက်သို့ ခုန်ထွက်လိုက်သည်။

ထို့နောက် အမှောင်ထုထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

* * *

## အခန်း(၄၅)
# နောက်ယောင်ခံလိုက်နည်း

ချင်မင်တ ထွက်ပြေးသွားခဲ့လေပြီ။

ဝါယင်လုံသည် ချင်မင်တ ထွက်သွားသော ပြတင်းပေါက်အား ငေးကြည့်နေ၏။

ချန်မင်မင်က သူ့အားကြည့်နေသည်။

အခန်းကလေးအတွင်း၌ တိတ်ဆိတ်ငြိမ်သက်၍နေသည်။

အတော်ကလေးကြာမှ တိတ်ဆိတ်ငြိမ်သက်ခြင်းကို သည်းမခံနိုင်တော့သည့်အလား ချန်မင်မင်က စကားစလိုက်လေသည်။

"အစ်ကို ဘာကြောင့် သူ့ကို လွှတ်ပေးလိုက်တာလဲ"

သူမ၏အမေးစကားကြားရလျှင် ဝါယင်လုံ မချိုပြုံး ပြုံးလိုက်လေ၏။

"ညီမကလည်း သူထွက်ပြေးသွားလို့ကော လွှတ်မှာတဲ့လား။ တို့နှစ်ယောက်စလုံး သူ့ကို အချိန်မရွေး ပြန်ဖမ်းနိုင်တယ်"



ချန်မင်မင် မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် သူ့ကို တမင်လွှတ်ပေးလိုက်တဲ့ သဘောပေါ့"

"ဟုတ်တယ်"

"သူ့နောက်က လိုက်ချောင်းမှာလား"

"ဟုတ်တယ်၊ သူဟာ ရှန်းမုံးဂိုဏ်းရဲ့ စုရပ်ကို ပြန်သွားမှာပဲ၊ အဲဒီမှာ ယီစန်းသက်ကို ပြန်တွေ့နိုင်တယ်"

ချန်မင်မင်၏ သုန်မှုန်နေသော မျက်နှာကလေး ကြည်ကြည်လင်လင် ဖြစ်လာသည်။ သူသည် ဝါယင်လုံ၏ ပရိယာယ်ကို မသိခဲ့ချေ။ ထို့ကြောင့် သုန်မှုန်နေခြင်းဖြစ်သည်။

ဝါယင်လုံ၏ ဉာဏ်ထက်မြက်မှုကို ကြိတ်၍ ချီးကျူးမိလိုက်သည်။

"ကဲ ... အစ်ကို ကျွန်မတို့ လိုက်သွားကြရအောင်"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

"တို့ သိပ်လောစရာမလိုပါဘူး၊ ဒီမှာ သူတစ်ယောက်တည်း ကျန်နေခဲ့တာထောက်ရင် တစ်စုံတစ်ခုကို ရှာနေတယ်ဆိုတာ ထင်ရှားတယ်၊ သူက ဘာကိုရှာတာလဲ၊ ဘာကိုလိုချင်သလဲဆိုတာ သိချင်တယ်၊ သူ့ကိုကြည့်ရတာ လိုချင်တဲ့ပစ္စည်း ရသွားပုံမပေါ်ဘူး"

"အစ်ကိုပြောတာ ဖြစ်နိုင်တယ်၊ သူ သွားသာသွားရတယ်၊ ထွက်သွားချင်ပုံလည်း မပေါ်ဘူး၊ သူဆက်ရှာနေချင်သေးတယ်ဆိုတာ သိသာတယ်"

သူတို့နှစ်ဦးသည် ချင်မင်တ ရှာဖွေခဲ့သလို ကျောက်အိမ်ကလေးအတွင်း၌ လိုက်လံရှာဖွေကြသည်။ အသေးစိတ် ရှာဖွေကြသည်။

ထူးခြားချက် တစ်စုံတစ်ခုများ တွေ့ရလေမလားဟူသော မျှော်လင့်ချက်ဖြင့် ရော်ရမ်း မှန်းဆကာ ရှာကြခြင်း ဖြစ်လေသည်။

အခန်းတွင်း၌ ပစ္စည်း အနည်းအကျဉ်းသာရှိပြီး ရှင်းရှင်းလင်းလင်းဖြစ်နေသည်။

ချင်မင်က မွှေနှောက်ထားသော်လည်း ပစ္စည်းမည်မည်ရရ မရှိ၍ ရှုပ်ပွနေခြင်းမတွေ့ရချေ။

အတော်ကလေးကြာအောင် ရှာပြီးလျှင် ဝါယင်လုံသည် ထူးခြားမှုတစ်ခုကို အမှတ်မထင် သတိပြုမိသွားသည်။

အခန်းတွင်းရှိ ခုတင်၏ခြေထောက်များမှာ ဝါးဖြင့်ပြုလုပ်ထားခြင်း ဖြစ်၏။

ဝါးဖြင့်ပြုလုပ်ထားခြင်းကြောင့် အတွင်းဘက်တွင် အခေါင်းပေါက်ရှိနိုင်သည်။

တစ်စုံတစ်ခုအား ဝှက်ထား၍ ရနိုင်သည်။

ထိုသို့စဉ်းစားမိသည်နှင့် ဝါယင်လုံသည် ခုတင်ခြေထောက်များကို သတိပြုရှာဖွေလေသည်။

မကြာမီ သူ၏ယူဆချက် မှန်ကန်ကြောင်း တွေ့လာရလေ၏။

ခုတင်၏ ခြေထောက်တစ်ခုတွင် လျှို့ဝှက်အံဖုံးကလေးတစ်ခုကို အမှတ်မထင် စမ်းမိသည်။

အံဖုံးဖွင့်လိုက်သောအခါ အပေါက်ကလေး ဖြစ်သွားပြီး ဝါးလုံးအခေါင်းပေါက်ထဲသို့ ပစ္စည်းတစ်ခု ထည့်သွင်းထားကြောင်း တွေ့ရသည်။



ဝါယင်လုံ လက်နှိုက်၍စမ်းကြည့်သောအခါ ရှည်မျော့မျော့ အရာဝတ္ထုတစ်ခု ပါလာသည်။

မီးရောင်ဖြင့် ကြည့်လိုက်သောအခါ ကျောက်စိမ်းပေတံတစ်ချောင်း ဖြစ်နေသည်ကို တွေ့ရလေ၏။

ရိုးရိုးပေတံမဟုတ်ဘဲ ကျောက်စိမ်းဖြင့်ပြုလုပ်ထားပြီး ပေတံပေါ်တွင် အတွင်းအားကျင့်စဉ်နှင့် လက်ဝါးသိုင်းကွက်များ ရေးသားထားသည်ကို တွေ့၏။

တီထွင်ခဲ့သူ၏ စိတ်ကူးဉာဏ် ထက်မြက်ပုံကို ဝါယင်လုံ မချီးကျူးဘဲ မနေနိုင်ပါတော့ချေ။

ယင်းကျောက်စိမ်းပေတံသည် ယီစန်းသက် ကိုးကွေ့တိုက်ပွဲတွင် ရရှိခဲ့သော ပစ္စည်းတစ်ခုဖြစ်သည်။

ဝါယင်လုံက ကျောက်စိမ်းပေတံကို သိမ်းဆည်းလိုက်သည်။

ချန်မင်မင်က တစ်ချက်လှမ်းကြည့်ပြီး စိတ်ဝင်စားဟန် မပြချေ။ သူသည် ဝါယင်လုံ ပစ္စည်းရှာမည်ဟု ဆိုသဖြင့်သာ ပစ္စည်းရှာရသည်။ သူ့စိတ်ကတော့ ချင်မင်တ နောက်သို့ လိုက်ကြည့်ချင်နေသည်။

ထို့ပြင် ဝါယင်လုံအား ချင်မင်တနောက်သို့ လိုက်သွားရန်သာ လောဆော်နေတော့သည်။

"အစ်ကို ကျွန်မတို့ လိုက်သွားကြရအောင်၊ တော်တော်ကြာ မျက်ခြည်ပြတ်သွားဦးမယ်"

"မပူပါနဲ့၊ သူမလွတ်နိုင်ပါဘူး"

ပြောပြီး မီးခွက်ကို မှုတ်လိုက်သည်။

ထို့နောက် အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။

အပြင်ဘက်ရောက်သောအခါ လရောင် ထိုးကျနေသောလည်း ပတ်ဝန်းကျင်အမှောင်ထု ကြီးစိုးလျက် ရှိနေ၏။

ချင်မင်တ၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ။

ချန်မင်မင်က အရုပ်လေးမျက်နှာကို ငေးကြည့်လိုက်တော့သည်။

ပြီးမှ မေးလိုက်၏။

"ဘယ့်နှယ်လဲ ... သူဘယ်ကို ထွက်ပြေးသွားတယ်ဆိုတာ အစ်ကို သိသလား"

သူမသည် ချင်မင်တနောက်သို့ လိုက်ရမလွယ်ကူတော့ဟု အခိုင်အမာ ယုံကြည်ထားပုံရသည်။

ဝါယင်လုံ ပြုံးကာ ...

"အစ်ကိုက သူ့ကို သွေးကြောဖွင့်ပေးတဲ့အခါ အမွှေးမှုန့်တစ်မျိုး သူ့ပခုံးမှာ ဖြူးလိုက်တယ်၊ သူဘယ်လောက်ပြေးပြေး အစ်ကို့လက်က မလွတ်ပါဘူး၊ အမွှေးနံ့ခံပြီး လိုက်သွားနိုင်ပါတယ်၊ ဝါမိသားစုရဲ့ ခြေရာခံလိုက်တဲ့အခါ အသုံးချနေကျ အမွှေးနံ့တစ်မျိုးပဲ"

ပြောရင်း တိုက်ခတ်လာသော လေကိုရှူရှိုက်လိုက်သည်။

ပြီးမှ အရှေ့ဘက်ကို ညွှန်ပြရင်း ...

"သူ အရှေ့ဘက်ပြေးသွားတယ်၊ လိုက်ကြစို့"

စကားဆုံးသည်နှင့် မြားတစ်စင်းပမာ ပြေးထွက်သွားသည်၊ ချန်မင်မင် ပါးစပ်အဟောင်းသား ဖြစ်နေသည်။



ငေးငိုင်နေပြီးမှ သတိဝင်လာကာ ဝါယင်လုံနောက်သို့ ပြေးလိုက်သွားလေတော့သည်။

ဝါယင်လုံနှင့် ချန်မင်မင်တို့သည် ကိုယ်ဖော့ပညာ အသုံးပြုကာ လျင်မြန်ပေါ့ပါးစွာ ပြေးသွားကြသည်။

ဝါယင်လုံက အမွှေးနံ့ထွက်သောလမ်းကြောင်းအတိုင်း ပြေးသွားခြင်းဖြစ်သည်။

ချန်မင်မင်သည် ချင်မင်တအား မီမှမီပါ့မလားဟူသော အတွေးဖြင့် စိုးရိမ်ကြောင့်ကြမှုဖြစ်ကာ နောက်မှလိုက်နေရသည်။

အတော်ကြာအောင် ပြေးလာမိသောအခါ **တောအုပ်တစ်ခုသို့** ရောက်ရှိလာကြလေ၏။

တောအုပ်ထဲသို့ လူရိပ်တစ်ခု ပြေးဝင်သွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရ၏။ ထိုလူရိပ် မည်သူနည်း။ ချင်မင်တမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ချေ။

လရောင်ကြောင့် ချင်မင်တဖြစ်ကြောင်း ချန်မင်မင် မှတ်မိသည်။

သူမ လွန်စွာ ဝမ်းသာသွားသည်။ သူမသည် ချင်မင်တနောက်သို့ လွန်စွာပင် နောက်ယောင်ခံချင်နေသူ မဟုတ်ပါလား။

"ဟိုမှာ ... ဟိုမှာ"

ဝါယင်လုံအား အော်ပြောလိုက်သည်။

ဝါယင်လုံ ခြေလှမ်းရပ်ကာ သစ်ပင်တစ်ပင်နောက်သို့ ပုန်းကွယ်လိုက်၏။

တစ်ဆက်တည်းပင် ပြေးလိုက်လာသော ချန်မင်မင်ကို သစ်ပင်နောက်သို့ ဆွဲသွင်းလိုက်သည်။

ချန်မင်မင် ကြောင်အမ်းအမ်းဖြစ်နေစဉ် ...

"ညီမ စကားမပြောနဲ့၊ တို့ နောက်ယောင်ခံလိုက်လာတာ သိသွားရင် သူက တခြားလမ်းကို ထွက်သွားမှာသေချာတယ်၊ တို့ ပင်ပန်းတာပဲ အဖတ်တင်လိမ့်မယ်၊ သူလမ်းလွဲသွားမှာ စိုးရိမ်လို့ပါ"

ချင်မင်မင် ပါးစပ်ပိတ်သွားလေတော့၏။

တော်ပါသေးသည်။

ချင်မင်တသည် ချန်မင်မင်၏စကားကို မကြားချေ။

သူတို့လှမ်းကြည့်လိုက်ချိန်တွင် ချင်မင်တ ခြေလှမ်းရပ်သွားသည်ကို တွေ့ရ၏။

တစ်ဆက်တည်းပင် စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ရပ်လိုက် ... ဘယ်သူလဲ"

မေးသံနှင့်အတူ သစ်ပင်များနောက်ကွယ်တွင် လူရိပ်များ လှုပ်သွားသည်ကို တွေ့ရ၏။

ချင်မင်တက ဖြေကြားသည်။

"မိုးပေါ်က မိတ်ဆွေ"

"ကောင်းပြီ ... သွားနိုင်ပြီ"

ချင်မင်တလည်း တောအုပ်ထဲသို့ဝင်ကာ ကွယ်ပျောက်သွားလေတော့သည်။



ထိုအခါ ဝါရင်လုံက ...

"ကောင်းလို့ပေါ့၊ သူတို့ ကင်းပုန်းတွေချထားတယ်၊ စကားဝှက်နဲ့ အမေးအဖြေ လုပ်ရတယ် ညီမရဲ့"

"ဟုတ်တယ် ... ကျွန်မတို့လည်း ချင်မင်တလို ဖြေနိုင်ရင်ပြီးတာပဲ မဟုတ်လား"

"စမ်းကြည့်ရမှာပေါ့"

စကားဆုံးလျှင် သူတို့နှစ်ယောက်သည် ကင်းပုန်းများရှိရာသို့ ဦးတည်လျှောက်သွားကြသည်။

သစ်တောအုပ်ရှေ့သို့ ရောက်လာသည်နှင့် ...

"ဘယ်သူလဲ ... ရပ်လိုက်"

ဟူသော ဟန့်တားသံနှင့်အတူ အမှောင်ရိပ်ထဲမှ လူလေးယောက် ခုန်ထွက်လာကြသည်ကို တွေ့မြင်လိုက်ရသည်။

ဝါယင်လုံက ခပ်တည်တည်ဖြင့် ...

"မိုးပေါ်က မိတ်ဆွေ"

ဟု ဖြေကြားလိုက်၏။

သူ၏စကားကြားလျှင် ကင်းပုန်းစောင့်နေသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"မိုးပေါ်ကမိတ်ဆွေဆိုရင် တစ်ယောက်တည်း လာရမှာပေါ့၊ နှစ်ယောက်လာတဲ့အခါ စကားဝှက်က ကြယ်တစ်စုံပဲ၊ တို့လူမဟုတ်ဘူး၊ ရန်သူဟေ့"

ကင်းပုန်းစောင့်နေသူများသည် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်ကြ၏။

တချို့က အော်ဟစ် အချက်ပေးရန် ဟန်ပြင်ကြ၏။

အခြေအနေမကောင်းတော့မှန်းသိလျှင် ဝါယင်လုံ ရှေ့သို့ ခုန် ထွက်သွားပြီး လက်ဦးအောင် တိုက်ခိုက်လိုက်၏။

ချန်မင်မင်လည်း တုံ့ဆိုင်းမနေဘဲ ဝါယင်လုံနှင့်အတူ တက်ညီ လက်ညီ တိုက်ခိုက်လိုက်၏။

သူတို့၏ မြင့်မားသော သိုင်းပညာကြောင့် တစ်ခဏအတွင်း မှာပင် ကင်းပုန်းစောင့်နေသူ လေးယောက်အား သွေးကြောပိတ်နိုင် ခဲ့ကြ၏။

ထိုလူလေးယောက်ကို ချုံပုတ်များအောက်သို့ ဆွဲသွင်းပြီး တော အုပ်ထဲသို့ ဆက်၍ ဝင်လာခဲ့ကြတော့သည်။

ရှေ့မှသွားနေသော ချင်မင်တသည် တောအုပ်အတွင်းပိုင်း တိုးပင်သွား၏။

သမ်းတစ်လျှောက် ကင်းပုန်းသုံးလေးခုကို စကားဝှက်များပြော ၍ ဖြတ်ကျော်သွားခဲ့၏။

ဝါယင်လုံနှင့် ချန်မင်မင်တို့မှာ စကားဝှက်ကို လိမ်ကာ မသုံးဝံ့ တော့ချေ။

ထို့ကြောင့် ချင်မင်တ ဖြတ်ကျော်သွားပြီး တစ်ခဏအကြာ တွင် တိတဆိတ် ချဉ်းကပ်သွားပြီး ကင်းပုန်းစောင့်သူများကို တိုက် ခိုက်လိုက်ကြ၏။

ရှေ့နည်းတူ သွေးကြောပိတ်ကာ ချုံပုတ်များအောက်သို့ ထိုး သွင်းထားပြီး ချင်မင်တနောက်သို့ ဆက်၍လိုက်သွားကြ၏။



ကင်းပုန်းလေးခုကို ဖြတ်ကျော်ပြီးလျှင် တောအုပ်အလယ်၌ အိမ်အိုဟောင်းကြီးတစ်လုံး ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ယင်းအိမ်အိုဟောင်းကြီးမှ မီးရောင်များ ထွက်ပေါ်နေသည် ကိုလည်း တွေ့ရ၏။

ချင်မင်တ၏ ခရီးလမ်းဆုံးသို့ ရောက်ချေပြီ။

ဝါယင်လုံက ...

"သူ့ကို အလွတ်ပေးလို့မရဘူး"

သူ၏စကားဆုံးသည်နှင့် ရှေ့သို့ပြေးသွား၏။

ချန်မင်မင်လည်း လိုက်သွား၏။

အနောက်ဘက်မှ လေတိုးသံများ ထွက်ပေါ်လာရာ ချင်မင်တ ထိတ်လန့်ကာ လှည့်ကြည့်လိုက်လေ၏။

သူ၏မျက်စိထဲတွင် အမည်းရိပ်များ တိုးဝင်လာသည်ကိုတွေ့ ရပြီး တစ်ကိုယ်လုံး ထုံကျဉ်သွားလေတော့သည်။

သူ မလှုပ်ရှားနိုင်သလို စကားလည်း မပြောနိုင်တော့ချေ။

အနီးသို့ရောက်လာသော ချန်မင်မင်က မေးလိုက်၏။

"အစ်ကို သူ့ကို လွှတ်လိုက်ပြီးမှ ဘာကြောင့် ပြန်ဖမ်းရတာ လဲ"

ဘာကြောင့် ဖမ်းသည်ကို သူမသိလိုသည်။

ဝါယင်လုံက ပြုံးကာ ...

"သူက ယိစန်းရဲ့ ကျောက်အိမ်ကလေးမှာ လိုက်ရှာနေတာ တွေ့တယ်မဟုတ်လား၊ သူ တခြားဘာတစ်ခုခု ရသွားသေးသလဲ သိချင်လို့ပါ"

စကားဆုံးလျှင် ချင်မင်တ၏ ကိုယ်ပေါ်တွင် ခပ်သွက်သွက် ရှာဖွေကြည့်လိုက်၏။

မကြာမီ ချင်မင်တ၏ အိတ်ထဲမှ ဆေးပုလင်းကလေးတစ်လုံးအား တွေ့လိုက်ရ၏။

ဝါယင်လုံက ပုလင်းကလေးကို မြှောက်ပြရင်း . . .

"ဒီပုလင်းဟာ သမားတော် ယီစန်းသက်ရဲ့ ဆေးပုလင်းဆိုတာ သေချာတယ်"

ပြောပြီး သိမ်းဆည်းလိုက်၏။

ဆက်ရှာ၍ ဘာမှမတွေ့ရသည့်အဆုံး ချင်မင်တကို ချုံတစ်ခုအတွင်းသို့ သွင်းလိုက်၏။

ထို့နောက် မီးရောင်များ ထွက်ပေါ်နေသည့် အိမ်အိုဟောင်းကြီးအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားကြလေတော့သည်။

※ ※ ※

## အခန်း(၄၆)
# ရန်သူဝိုင်းခြင်း

အိမ်အိုဟောင်းကြီးအတွင်းမှ မီးရောင်များထွက်ပေါ်နေသည်။

တောအုပ်အလယ်တွင် အိမ်အိုဟောင်းကြီးတစ်လုံး ရှိနေသည်မှာ ထူးဆန်းအံ့သြစရာကောင်းနေ၏။

ပိုင်ဆိုင်ခဲ့သူများသည် ဤနေရာကို စွန့်ခွာသွားခဲ့ကြဟန်ရှိသည်။ စွန့်ခွာခဲ့သည့် ကာလမှာလည်း ကြာမြင့်လှဟန်တူသည်။

ယခုအခါ ကြယ်တံခွန်ဂိုဏ်းနှင့် ရှန်းမုံဂိုဏ်းမှ လူများကအပိုင်စီးကာ ဌာနခွဲတစ်ခုအဖြစ် ဖွင့်လှစ်ထားကြဟန်ရှိသည်။

အနီးသို့ရောက်သည်နှင့် အတွင်းဘက်မှ ငြင်းခုန်နေကြသောဆူဆူညံညံ အသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရလေတော့သည်။

ဝါယင်လုံနှင့် ကျန်မင်မင်တို့သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြပြီး အိမ်နံရံဆီသို့ ပြေးကပ်လိုက်ကြသည်။

ထို့နောက် ပြိုပျက် ပေါက်ပြဲနေသော အိမ်နံရံမှနေ၍ အတွင်းဘက်သို့ ချောင်းကြည့်လိုက်၏။

အတွင်းဘက်၌ လူတစ်စုရှိနေပါသည်။

ထိုလူများသည် ကြယ်တံခွန်ဂိုဏ်းမှ လူများနှင့် ရှန်းမုံဂိုဏ်းမှ လူများဖြစ်ကြသည်။

သူတို့သည် ကိစ္စတစ်ခုအတွက် အချင်းများနေကြပုံ ရသည်။

ရှန်းမုံဂိုဏ်းမှ ခေါင်းဆောင်တစ်ယောက်ဖြစ်ပုံရသူသည် ထွားကျိုင်းသန်မာသူတစ်ယောက် ဖြစ်သည်။

ထိုလူသည် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထားလေသည်။ အဝတ်အစားမှာလည်း သစ်လွင်သည်။

ထိုသူသည် ရှန်းမုံဂိုဏ်းမှ ဌာနခွဲမှူး တစ်ယောက်ဖြစ်သော 'မုန်းစီးလျှံ' ဆိုသူဖြစ်သည်။

မုန်းစီးလျှံနှင့် စကားအချီအချ ပြောသူမှာ ကြယ်တံခွန်ဂိုဏ်းမှ ဌာနခွဲမှူးတစ်ယောက်ဖြစ်သော 'ဖန်လုံ' ဆိုသူဖြစ်လေသည်။

ဖန်လုံသည် အလွန်အရုပ်ရှည်သူ ဖြစ်ပါ၏။

သူသည် မုန်းစီးလျှံနှင့် ငြင်းခုံရင်း မကျေမနပ်ဖြစ်နေသည့်အလား သူ၏မျက်နှာတစ်ခုလုံး နီရဲနေသည်။

ဖန်လုံက အသံကျယ်ကျယ်ဖြင့် ...

"ဒီကိစ္စတွေကို ဆောင်ရွက်တဲ့နေရာမှာ ကျုပ်တို့ ကြယ်တံခွန်ဂိုဏ်းဟာ အဓိကကျကျ ဆောင်ရွက်ခဲ့တယ်၊ ဒါကြောင့် ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ကျုပ်တို့ကြယ်တံခွန်ဂိုဏ်းကပဲ ခေါင်းဆောင်ရပါလိမ့်မယ်"



သူ၏စကားကို မုန်းစီးလျှံက ခါးခါးသီးသီး ငြင်းဆန်သည်။

"ခင်ဗျားတို့ တစ်ဖက်သတ် ဆုံးဖြတ်ချက်ချလို့ ဘယ်ဖြစ်မလဲဗျ၊ ကြယ်တံခွန်ဂိုဏ်းရယ်၊ ကျုပ်တို့ ရှန်းမုံဂိုဏ်းရယ်၊ ကျူးယင်ဂိုဏ်းရယ် ပူးပေါင်း မဟာမိတ်ဖွဲ့ခဲ့ကြတာပဲ၊ ခင်ဗျားတို့ရဲ့ ခေါင်းဆောင်မှုအောက်မှာ ကျုပ်တို့ လိုက်နာဆောင်ရွက်ရမယ်ဆိုတာ သဘာဝမကျသေးဘူး၊ ရှန်းမုံဂိုဏ်းကလည်း ကျရာတာဝန်ကို ကျေပွန်အောင် လုပ်တာပဲ၊ တကယ်တမ်း ခေါင်းဆောင်လိုက်မယ်ဆိုရင် ကျုပ်တို့ ရှန်းမုံဂိုဏ်းကပဲ ဦးဆောင်လုပ်သင့်တာပေါ့"

သူတို့သည် ခေါင်းဆောင်မှုအတွက် အခြေအတင် ငြင်းခုံနေကြခြင်း ဖြစ်သည်။

ဝါယင်လုံ ပြုံးလိုက်သည်။

သူတို့သည် ပူးပေါင်းဆောင်ရွက်ရင်း သိုင်းလောကအား အပိုင်စီးရန် ကြံရွယ်နေကြ၏။

သူတို့၏ အကြံအစည်များ အောင်မြင်ပြီး သိုင်းလောကကို လွှမ်းမိုးလာနိုင်ပါက ခေါင်းဆောင်၍ ချုပ်ကိုင်နိုင်ရန် ယခုကတည်းက နေရာလုနေကြသည်မှာ ရယ်စရာကောင်းနေသည်။

မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိသေးဘဲ နှုတ်ခမ်းနာနှင့် တည့်ပါ့မလားဟူသော စိုးစိမ်ပူပန်မျိုးပင်။

သူတို့သည် မြို့စားများ၊ ဘုရင့်တပ်မတော်သားများ၏ တိုက်ခိုက်နှိမ်နင်းမှုကို မေ့လျော့နေကြသည်။

မုန့်စီးလျှံနှင့် ဖန်လုံတို့ အတန်ကြာအောင် ငြင်းခုံကြသည်။

နှစ်ယောက်စလုံး အလျှော့မပေးကြပါ။

နောက်ဆုံး နှစ်ယောက်စလုံး လက်လျှော့လိုက်ကြသည်။

သို့မဟုတ်လျှင် ငြင်းခုံမှု ပြီးစီးမည်မဟုတ်ဟု နှစ်ယောက်စလုံး နားလည်လိုက်၍ဖြစ်သည်။

“ကောင်းပြီလေ ... ခေါင်းဆောင်မှုအတွက် နောက်မှ ဆက်ပြီး ဆွေးနွေးကြတာပေါ့”

ဖန်လုံက ပြောသည်။

မုန့်စီးလျှံက ...

“ဟုတ်တယ် ... ကျုပ်တို့ရဲ့ ခေါင်းဆောင်တွေကိုယ်တိုင် ဒီကိစ္စကို ဆွေးနွေးကြတာ ပိုကောင်းတယ်”

သူတို့ သဘောတူကြပြီးလျှင် ကျူးယင်ဂိုဏ်းအကြောင်း ပြောဆိုကြပြန်သည်။

ဖန်လုံက ...

“ကျူးယင်ဂိုဏ်းကလူတွေ အခုထိ ရောက်မလာသေးဘူး၊ သူတို့ အစည်းအဝေးတက်ဖို့ ပျက်ကွက်တာဟာ ကျုပ်တို့ မဟာမိတ်အဖွဲ့ကို မလေးစားတဲ့ သဘောပဲ”

သူ၏စကားကို မုန့်စီးလျှံက ထောက်ခံလိုက်သည်။

“ဟုတ်တယ် ... ဟုတ်တယ်၊ ကျူးယင်ဂိုဏ်းချုပ်ကို ကျွန်တော် သဘောမကျဘူး၊ ကျူးယင်ဂိုဏ်းချုပ် မေစုဟာ ဝါမိသားစုအပေါ် သဘောထား ပျော့ပျောင်းတယ်၊ တစ်ချိန် ကျုပ်တို့ ကျူးယင်ဂိုဏ်းကိုလည်း ဖြိုခွဲပစ်မှာပဲဗျ၊ သူဟာ စိတ်မချရဘူး”



ထိုစကားများကြားရလျှင် ဝါယင်လုံ စိတ်မကောင်းဖြစ်သွားတော့သည်။

ကျူးယင်ဂိုဏ်းချုပ် မေစုသည် ကြယ်တံခွန်ဂိုဏ်း၊ ရှန်းမုံဂိုဏ်းတို့နှင့် ပူးပေါင်းထားသော်လည်း မတရားလုပ်ရပ်များကို စက်ဆုပ်နေကြောင်း တဖြည်းဖြည်း ပေါ်လွင်ထင်ရှားလာလေသည်။

ချန်မင်မင်က လွတ်ခနဲ ပြောမိလေ၏။

“မေစုက ဘယ်ဆိုးလို့တုန်း၊ ကြယ်တံခွန်ဂိုဏ်းနဲ့ ရှန်းမုံဂိုဏ်းက လူတွေတောင် သူ့ကို မကျေနပ်ကြတော့ဘူး”

သူမ၏ စကားကို အိမ်အိုဟောင်းအတွင်းရှိ လူများ ကြားသွားမည်ကိုစိုးရိမ်ပြီး ဝါယင်လုံက ကပျာကယာ ဟန့်တားလိုက်သည်။

“ရှူး ... တိုးတိုး၊ စကားမပြောနဲ့”

သူ ဟန့်တားသော်လည်း နောက်ကျသွားချေပြီ။

အဆင့်မြင့် သိုင်းသမားများဖြစ်ကြသော မုန့်စီးလျှံနှင့် ဖန်လုံတို့သည် အပြင်ဘက်မှ စကားသံ တီးတိုးထွက်ပေါ်လာသည်ကို ကြားဖြစ်အောင် ကြားသွားကြသည်။

“ဘယ်သူလဲ”

သူတို့သည် ပြိုင်တူအော်ငေါက်ရင်း အပြင်ဘက်သို့ ခုန်ထွက်လာကြသည်။

သူတို့၏နောက်မှ ငယ်သားများလည်း ပြေးလိုက်လာကြသည်။

ဝါင်လုံနှင့် ချန်မင်မင်တို့မှာ အိမ်အိုဟောင်းကြီးအနီးမှ ခွာရန် ဟန်ပြင်လိုက်ကြ၏။

သို့သော် သူတို့ နောက်ကျသွားချေပြီ။

တစ်ခဏအတွင်းမှာပင် မုန်းစီးလျှံနှင့် ဖန်လုံတို့ ခေါင်းဆောင်သော လူသိုက် အပြင်သို့ရောက်လာကြသည်။

ဝါယင်လုံတို့ကိုလည်း ဝိုင်းရံထားလိုက်ကြလေတော့သည်။

ဝါယင်လုံ သက်ပြင်းချလိုက်၏။

တိုက်ခိုက်ခြင်းမပြုဘဲ လွတ်မြောက်နိုင်တော့မည်မဟုတ်ချေ။

မုန်းစီးလျှံက အမိန့်ပေးလိုက်၏။

"ဟော့ ... မင်းတို့ ဘယ်ကလဲ၊ ဒီမှာဘာလာလုပ်ကြတာလဲ၊ သူတို့ကို ဖမ်းလိုက်ကြစမ်း"

သူ့အော်ငေါက်မှုသည် ပတ်ဝန်းကျင်၌ ပဲ့တင်ထပ်သွားသည်။

သူ၏အမိန့်ပေးသံအဆုံးတွင် ငယ်သားလေးယောက်သည် ချက်ချင်း ခုန်ဝင်တိုက်ခိုက်လာကြလေသည်။

ဝါယင်လုံသည် ရုတ်တရက် တိုက်ခိုက်ခြင်း ခံရသည်နှင့် စဉ်းစားခြင်းပင် မပြုဘဲ လက်ဝါးနှစ်ဖက်ဆန့်ထုတ်ကာ ခုခံလိုက်လေ၏။

သူက လက်ဝါးယမ်းလိုက်နှင့် ...

"ဝုန်း ... ဝုန်း ... ဝုန်း ... ဝုန်း"

အသံများ ထွက်ပေါ်လာပြီး ပြေးဝင်တိုက်ခိုက်လာသူ လေးယောက် အနောက်ဘက်သို့ ပြန်လည်လွင့်စဉ်သွားကြလေတော့သည်။

မုန်းစီးလျှံနှင့် ဖန်လုံတို့ မျက်လုံးပြူးသွားကြသည်။

ယခုမှ သူတို့ ဝါယင်လုံကို သေသေချာချာ ကြည့်မိသည်။



ဝါယင်လုံဖြစ်ကြောင်း သိသွားသည်နှင့် လုံးဝအလွတ်မပေးဘဲ ဖမ်းဆီးထားရန် ဆုံးဖြတ်ကြတော့သည်။

သူတို့သည် ဌာနမှူးရာထူး ရထားပြီးသည့်နောက်ပိုင်း တိုက်ခိုက်ဖြိုခွဲရမည့် ထိပ်တန်းသိုင်းသမားများကို ဂရုပြုလေ့လာထားကြသည်။

အထူးသဖြင့် ဝါမိသားစုအကြောင်းကို စုံစုံစေ့စေ့ လေ့လာထားကြသည်။ ဂိုဏ်းချုပ်များကလည်း မှာကြားထားသည်။

သို့ဖြစ်လေရာ ...

ဝါယင်လုံကို မြင်မြင်ခြင်း မှတ်မိသွားကြခြင်း ဖြစ်ပေလေတော့သည်။

"အားလုံး ဝင်တိုက်ကြ"

မုန်းစီးလျှံနှင့် ဖန်လုံတို့ အော်ပြောလိုက်ကြသည်။

ထို့နောက် တိုက်ပွဲအတွင်းသို့ သူတို့ကိုယ်တိုင် ခုန်ဝင်လာကြသည်။

ငယ်သားလေးယောက် ရှုံးနိမ့်သွားသည်ကို တွေ့ရသဖြင့် ကျန်ငယ်သားများ ရုတ်တရက် ဝင်မတိုက်ဝံ့ကြချေ။

သို့သော် ...

ခေါင်းဆောင်များကိုယ်တိုင် တိုက်ခိုက်နေပြီဖြစ်ရာ မတတ်သာတော့ဘဲ ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

သူတို့၏ သိုင်းပညာများမှာ ဝါယင်လုံ၊ ချန်မင်မင်တို့ထက်များစွာ အဆင့်နိမ့်ကျသည်။

လူများသည့်အတွက် ဝိုင်းရံတိုက်ခိုက်နိုင်ခြင်းဖြစ်သည်။

မုန်းစီးလျှံနှင့် ဖန်လုံတို့နှစ်ယောက်ကသာ အမာခံပြီး တိုက်ခိုက်သည်။

ဝါယင်လုံနှင့် ချန်မင်မင်တို့သည်လည်း ညာသံများပေးကာ ဝိုင်းရံထားသူများကို ထိုးဖောက်တိုက်ခိုက်ကြသည်။

သူတို့နှစ်ယောက်သည် တက်ညီလက်ညီ တိုက်ခိုက်ကြရာ မုန်းစီးလျှံနှင့် ဖန်လုံတို့ပင် နောက်ဆုတ်ပေးလိုက်ရ၏။

ငယ်သားများဆိုလျှင် တစ်ခဏအတွင်းပင် လေးငါးယောက်ခန့် ထိခိုက်ဒဏ်ရာရရှိသွားကြသည်။

ဝါယင်လုံ အချိန်ဆွဲမတိုက်ခိုက်လိုပါချေ။

ချန်မင်မင်ဘက်သို့ လှည့်ကာ ...

"ညီမ ထိုးဖောက်ထွက် ..."

သူ၏စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားသည်။

မျက်နှာ ညိုမည်းလာပြီး တစ်ကိုယ်လုံး တုန်တုန်ရင်ရင် ဖြစ်လာ၏။

ဝါယင်လုံ၏ ထူးခြားသော ဖြစ်အင်ကိုကြည့်ပြီး ချန်မင်မင် ထိတ်လန့်သွားလေသည်။

"အစ်ကို ... အစ်ကိုဘာဖြစ်တာလဲ"

ဝါယင်လုံသည် ရေခဲတောင်ပေါ်သို့ ရောက်ရှိနေသူ တစ်ယောက်အလား ခိုက်ခိုက်တုန်အောင် ချမ်းနေဟန်ရှိသည်။

မျက်နှာမှာလည်း တဖြည်းဖြည်း ညိုလာသည်။



သူ၏မျက်ဝန်းများ ရီဝေနေ၏။

တစ်စုံတစ်ခုသော ဝေဒနာ အပြင်းအထန် ခံစားနေရကြောင်း သိသာနိုင်လေသည်။

ချန်မင်မင် နားလည်လိုက်ပါပြီ။

ဝါယင်လုံမှာ အဆိပ်များ ပြန်ထလာနေပြီ မဟုတ်ပါလား။

အဆိပ်ကို အတွင်းအားဖြင့် ထိန်းချုပ်စုစည်းထားခဲ့သော်လည်း ယခု အတွင်းအား ထုတ်ဖော်တိုက်ခိုက်လိုက်ခြင်းကြောင့် အဆိပ်များ စုစည်းရာမှ ပျံ့နှံ့သွားခြင်းဖြစ်သည်။

အဆိပ်ပြန်ထလာသည့်အတွက် တိုက်ခိုက်ရန် မဖြစ်နိုင်တော့ချေ။

ဝါယင်လုံက ချက်ချင်း မြေပေါ်ထိုင်ချလိုက်သည်။

ထို့နောက် အသက်ပြင်းပြင်းရှူရှိုက်ရင်း အတွင်းအားဖြင့် အဆိပ် များကို ပြန်လည်ထိန်းချုပ်ရန် ကြိုးစားလိုက်လေသည်။

ဝါယင်လုံ မြေပေါ်ထိုင်ချလိုက်သည်ကို တွေ့ရလျှင် မုန်းစီလျှံနှင့် ဖန်လုံတို့ ဝမ်းသာသွားကြသည်။

"တိုက်ကြ ..."

သူတို့သည် အော်ဟစ်အမိန့်ပေးပြီး ဝါယင်လုံထံသို့ ခုန်ဝင်လာကြသည်။

ချန်မင်မင် ထိတ်လန့်သွားသည်။

ဝါယင်လုံမှာ ရန်သူများ၏ တိုက်ခိုက်မှုကို မမည်သို့မျှ ခုခံနိုင်တော့မည် မဟုတ်ချေ။

ချန်မင်မင် အံတင်းတင်းကြိတ်ကာ ...

"ရပ်လိုက်ကြစမ်း"

အော်ငေါက်ရင်း ဝါယင်လုံရှေ့သို့ခုန်ဝင်ကာ အကာအကွယ်ပြုလျက် တိုက်ခိုက်ပစ်လိုက်သည်။

သူမ၏တိုက်ခိုက်မှုသည် ကြောက်ခမန်းလိလို ပြင်းထန်နေပေသည်။

တိုက်ခိုက်နေသူများသည် သူမ၏ ခုခံတိုက်ခိုက်မှုကြောင့် နောက်ဆုတ်သွားရပြန်သည်။

ယခုတစ်ကြိမ် ဝါယင်လုံနှင့် ချန်မင်မင်တို့ နှစ်ဦးပေါင်း တိုက်ခိုက်ခြင်း မဟုတ်တော့ပါ။

ချန်မင်မင်သည် ဝါယင်လုံကို ဂရုစိုက်ကာကွယ်ရင်း တိုက်ခိုက်နေခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်ခိုက်မှုအား တစ်ယောက်လျှော့သွား၍ တစ်တပ် လျှော့သွားသည် ဆိုရပေမည်။

မုန်းစီးလျှံနှင့် ဖန်လုံတို့သည် ဝါယင်လုံကိုသာ အဓိကထား တိုက်ခိုက်ရန် အမိန့်ပေးနေကြသည်။

ငယ်သားအချို့သည် ချန်မင်မင်ကို တိုက်ခိုက်ပြီး အချို့က ဝါယင်လုံအား အလစ်တွင် တစ်ချက်တစ်ချက် ဝင်တိုက်သည်။

ထို့ကြောင့် ချန်မင်မင် အခက်ကြုံနေရပေတော့သည်။

မုန်းစီးလျှံနှင့်ဖန်လုံတို့ ကိုယ်တိုင်ကမူ ချန်မင်မင်ကို ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြသည်။



ချန်မင်မင် မလှုပ်နိုင်အောင် တိုက်ခိုက်ထားပြီး သူတို့၏ ငယ်သားများက ဝါယင်လုံကို ဖမ်းနိုင်မည်ဖြစ်လေသည်။

ဝါယင်လုံကို ဖမ်းနိုင်ပါက ချန်မင်မင် အလိုလို အရှုံးပေးရမည် ဖြစ်ကြောင်း နားလည်ထားကြသည်။

ချန်မင်မင်မှာ တစ်ဖက်က ရန်သူကိုတိုက်ခိုက်ပြီး တစ်ဖက် ဝါယင်လုံအား ကာကွယ်နေရသည်။

ထို့ကြောင့် လူအင်အားဖြင့် ဝိုင်းရံတိုက်ခိုက်လာသည့်အခါ တဖြည်းဖြည်း အကျပ်ရိုက်လာလေတော့သည်။

တိုက်ရင်းခိုက်ရင်း ဒဏ်ရာရမလိုဖြစ်လာသည်။

မောပန်း၍ ခြေကုန်လက်ပန်းကျလာတော့သည်။

မုန်းစီးလျှံနှင့် ဖန်လုံတို့မှာ အသာစီးရလာသဖြင့် ဝမ်းသာပျော်ရွှင်နေကြသည်။

ချန်မင်မင်၏ သိုင်းပညာထက်မြက်ကြောင်း သူတို့ရိပ်စားမိကြသည်။

တစ်ယောက်ချင်း ယှဉ်ပြိုင်လျှင် သူတို့နိုင်မည်မဟုတ်ပါ။

ချန်မင်မင်သည် ယောကျ်ားကလေးတစ်ယောက်အဖြစ် ရုပ်ဖျက်ထားခြင်းကြောင့် လူရွယ်တစ်ယောက်ဟုသာ ထင်မိကြ၏။

သူတို့အဖွဲ့ထဲသို့ သွတ်သွင်းလိုသည်။

တိုက်ခိုက်ရင်း မုန်းစီးလျှံက အော်လိုက်၏။

"ဟေ့ ... မင်းလက်နက်ချပြီး အရှုံးပေးပါ၊ ကျုပ်တို့အဖွဲ့ထဲ ဝင်မယ်ဆိုရင် မင်းအတွက် ရာထူးကောင်းကောင်း ရစေမယ်လို့ ကျုပ် အာမခံတယ်"

ချန်မင်မင်က သူ၏စကားကို လုံးဝအရေးမစိုက်ဘဲ ခပ်ကြမ်းကြမ်း ဖိတိုက်လိုက်၏။

ထိုအခါ မုန်းစီးလျှံ နောက်ဆုတ်သွားရသည်။

မုန်းစီးလျှံ ဒေါသထွက်လာပြီး အော်ဟစ်သည်။

"မင်းက ဆုပေးတဲ့အရက်ကို မသောက်ချင်ဘူး၊ ဒဏ်ပေးတဲ့အရက်ကိုမှ သောက်ချင်တယ်ထင်တယ်၊ သေပေတော့ ..."

ထို့နောက် ချန်မင်မင်ကို အားကုန်တိုက်ခိုက်တော့သည်။

ချန်မင်မင်က ခုခံကာကွယ်နေသဖြင့် သူ၏တိုက်ကွက်များ ထိရောက်မှုမရှိခဲ့ပေ။ ပစ်မှတ်ကို လွဲချော်နေသော မြားကဲ့သို့ ဖြစ်လာသည်။

သူတို့သည် လူအင်အားအများအပြားဖြင့် ဝိုင်းရံတိုက်ခိုက်နေကြသော်လည်း ချန်မင်မင်နှင့် ဝါယင်လုံတို့၏ အင်္ကျီစကိုပင်ထိအောင် မတိုက်ခိုက်နိုင်ကြသေးချေ။

တိုက်ရင်းခိုက်ရင်း ချန်မင်မင် ခြေကုန်လက်ပန်းကျသွားမှသာ သူတို့ အနိုင်ရကြမည်ဖြစ်သည်။

မုန်းစီးလျှံက ချန်မင်မင်အား စည်းရုံးသိမ်းသွင်းနေသည်ကို တွေ့သောအခါ ဖန်လုံကလည်း အားကျမခံပြောလေပြန်၏။

"ဟေ့ ... မင်းသာ ကျုပ်တို့နဲ့ပူးပေါင်းမယ်၊ ကျုပ်တို့အဖွဲ့ထဲ ဝင်မယ်ဆိုရင် လက်ထောက်ဂိုဏ်းခွဲမှူးရာထူးရအောင် ကျုပ်ပြောပေးမယ်၊ ဘယ့်နယ်လဲ"

ချန်မင်မင် ဒေါသထွက်လာသည်။



ဖန်လုံနှင့် မုန်းစီးလျှံတို့အား အထင်သေးစွာကြည့်ရင်း ...

"ခင်ဗျားတို့အဖွဲ့က ဘာမို့လို့လဲ"

"ဟား ... ဟား ... ဟား ... ကျုပ်တို့အဖွဲ့တွေဟာ မကြာခင် သိုင်းလောကသားတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရမယ့် အဖွဲ့တွေ ဖြစ်လာကြတော့မယ်ဆိုတာ မင်း မှတ်ထားစမ်းပါ"

ချန်မင်မင် တံတွေး ထွီခနဲ ထွေးကာ ...

"ခင်ဗျားတို့ဂိုဏ်းက ဂိုဏ်းချုပ်က ကျုပ်ရဲ့ အစေခံလုပ်ပြီး သူ့ထက်မြင့်တဲ့ ရာထူးယူပါဆိုရင်တောင် ကျုပ် လက်မခံဘူး"

သူ၏စကား ကြားရလျှင် မုန်းစီးလျှံနှင့် ဖန်လုံတို့ ဒေါသ အမျက်ချောင်းချောင်း ထွက်သွားကြလေတော့သည်။

မုန်းစီးလျှံက အော်သည်။

"သေချင်ပြီထင်တယ်၊ ကျုပ်တို့ဂိုဏ်းချုပ်ကိုတောင် စော်ကားရဲတယ်"

"ဟုတ်တယ်ဟေ့ ... ဒီကလည်း မင်းကိုမဆုံးမဘဲ မနေဘူး"

ဖန်လုံကလည်း ပြောသည်။

သူတို့နှစ်ယောက်သား ဝိုင်း၍ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြသည်။

ချန်မင်မင်ကလည်း တိုက်ခိုက်မှုမှန်သမျှကို အပြင်းအထန် ခုခံသည်။

သူမ တဖြည်းဖြည်း မောပန်းလာသည်။

အများနှင့်တစ်ယောက် တိုက်ခိုက်နေခြင်းဖြစ်ရာ တစ်ချိန်မဟုတ် တစ်ချိန် ရှုံးသွားမည်ဟု သိထား၏။

သူမတစ်ယောက်တည်း ထွက်သွားနိုင်ပေသည်။

သို့သော် ဝါယင်လုံကို ရန်သူ့လက်ထဲ ထားမပစ်ခဲ့လိုချေ။ ထို့ကြောင့် အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်နေခြင်းဖြစ်ပေသည်။

သူမ၏တိုက်ခိုက်မှုကြောင့် ဝါယင်လုံအား တစ်ချက်အလစ် ဝင်တိုက်သော ငယ်သားများမှာ အဝေးသို့ ကားခနဲ ကားခနဲ လွင့်စဉ် သွားကြသည်။

တိုက်ပွဲအခြေအနေသည် အဆုံးအပြတ်မပေါ်သေးပါ။

မည်သူနိုင်မည် မည်သူရှုံးမည်ဟု မသိရသေးပါ။

ဤအတိုင်း ဆက်၍တိုက်ခိုက်သွားပါက နောက်ဆုံး မှန်းစီးလျှံတို့သာ နိုင်ရမည်ဖြစ်ပါသည်။

ချန်မင်မင်နှင့် ဝါယင်လုံတို့ အခက်ကြုံနေစဉ် ရုတ်တရက် တေးကဗျာတစ်ပုဒ် ရေရွတ်လိုက်သည့် အသံကို ကြားလိုက်လေ၏။

တိုက်ပွဲနှင့် တေးကဗျာရွတ်ဆိုသံမှာ လားလားမျှ မသက်ဆိုင်ချေ။

တိုက်ခိုက်နေသူအားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

တေးကဗျာရွတ်ဆိုသံသည် တဖြည်းဖြည်း ကျယ်လောင်ကာ နီးကပ်လာ၏။

တေးကဗျာသံဆုံးသည်နှင့် မြင်ကွင်းအတွင်းသို့ လူနှစ်ဦး ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရတော့သည်။

* * *

## အခန်း(၄၇)
## အဘိုးအိုနှစ်ဦး

လူနှစ်ယောက်သည် လက်နှစ်ဖက် နောက်ပစ်ရင်း စကားတပြောပြောနှင့် လျှောက်လာနေကြသည်။ သူတို့သည် တေးကဗျာ မရွတ်ကြတော့ပါ။

သူတို့သည် ပန်းဥယျာဉ်အတွင်း လေညင်းခံရင်း စကားလက်ဆုံ ကျနေသူများပမာ ရှိနေကြ၏။ အဘိုးအိုနှစ်ယောက်သာတည်း။

နှစ်ယောက်စလုံး ဆံပင်များသာမက မျက်ခုံးမွေးများပါ ဖြူဆွတ်နေသည်။

အဘိုးအို နှစ်ယောက်အနက် ပုပုဝဝ ပုဂ္ဂိုလ်က ...

"အင်း ... ကလေးတစ်ယောက်အတွက် လူကြီးနှစ်ယောက် လာရတာတော့ မကောင်းဘူးထင်တယ်ကွ"

သူ၏လက်ထဲတွင် နီးဖြင့်ယက်လုပ်ထားသောယပ်တောင်တစ်ချောင်း ကိုင်ဆောင်ထား၏။

ထိုအဘိုးအိုကို တွေ့သည်နှင့် ချန်မင်မင်မှာ ဝါယင်လုံပြောခဲ့သည့် ဘိုးဘိုးကျူးဆိုသူကို သတိရလာသည်။

မှန်ပေသည်။

ယပ်တောင်ကိုင်ထားသူမှာ ဘိုးဘိုးကျူး (ဝါ) ကျူးထုံ ပင်ဖြစ်သည်။

ကျူးထုံနှင့်အတူ တွဲလျှောက်လာသော အဘိုးအိုသည် ဝါယင်လုံ၏အဘိုး ပိုင်ရှောက်ထင်း ဖြစ်သည်။

ပိုင်ရှောက်ထင်းအား တွေ့ရသည်နှင့် မှန်းစီးလျှံနှင့် ဖန်လုံတို့ မျက်လုံးပြူးကျယ်သွားကြ၏။

"ဟင် ... ပိုင်ရှောက်ထင်းပါလား"

ဟုလည်း အထိတ်တလန့် ရေရွတ်မိကြလေသည်။

ချန်မင်မင်မှာမူ ဝမ်းသာပျော်ရွှင်သွား၏။

ဝါယင်လုံအတွက် စိတ်ချရပြီဖြစ်သောကြောင့်တည်း။

ဝါယင်လုံ၏ နံဘေးတွင် ဆတ်ခနဲ ထိုင်ချရင်း နှိပ်နယ်ပြုစုပေးနေတော့သည်။

ဝါယင်လုံ ဝေဒနာ ခံစားနေရသည်ကိုကြည့်ပြီး သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

သူမသည် မည်မျှကြာအောင် တွေဝေနေမိမှန်း မသိ။

"ညီမ ... အစ်ကို့အတွက် သိပ်ပင်ပန်းနေပြီလား"

ဝါယင်လုံ၏ ချိုသာသော စကားကြားရမှ ပြန်လည် သတိဝင်လာ၏။



ဝါယင်လုံ၏ မျက်နှာတွင် သွေးရောင်ပေါ်လာပြီဖြစ်သည်။ လန်းလန်းဆန်းဆန်း ရှိနေသည်။

အဆိပ်များကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သေချာ၏။

ချန်မင်မင်၏ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

ဝါယင်လုံ၏ ရင်ခွင်ထဲသို့ ခေါင်းဝှေကာ ငိုချလိုက်သည်။

ဝါယင်လုံက သူမအား အလိုက်သင့် ပွေ့ဖက်ထားလိုက်မိသည်။

သူမ၏ ကျောကုန်းကလေးကို ပုတ်ရင်း နှစ်သိမ့်ပေးနေလေ၏။

"တိတ်ပါ ညီမရယ်၊ အစ်ကို ဘာမှမဖြစ်တော့ပါဘူး"

ချန်မင်မင်ကို ချော့မော့နှစ်သိမ့်ပြီး ထိုင်ရာမှ ထလိုက်သည်။

တစ်ဖန် ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့အား နှုတ်ဆက်လိုက်သည်။

လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်ကြသည်။

ဘိုးဘိုး၊ ဘဘကျူး"

ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့က အသိအမှတ်ပြုဟန်ဖြင့် ခေါင်းညိတ်လိုက်ကြသည်။

ဖန်လုံသည် ပိုင်ရှောက်ထင်းတို့ ရောက်လာသည့်အတွက် မကျေမနပ်ဖြစ်နေသည်။

ဝါယင်လုံအား ဖမ်းဆီး၍ ရတော့မည်မဟုတ်ကြောင်း နားလည်လိုက်၏။

ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့ တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာလျှင် သူတို့လူများသော်လည်း ရှုံးနိမ့်သွားမည်ဟု ကောင်းစွာနားလည်သဘောပေါက်ထားသည်။

ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့အား မကျေမနပ်ကြည့်ကာ ပြောလိုက်၏။

"ခင်ဗျားတို့ ဒီနေရာက မြန်မြန်ထွက်သွားကြရင် ကောင်းမယ်ထင်တယ်"

ပိုင်ရှောက်ထင်းက သူ့အား လုံးဝ အရေးမစိုက်ချေ။

ဝါယင်လုံကိုကြည့်ကာ ...

"ယင်လုံ ... ငါပြောတယ်မဟုတ်လား၊ မဖြစ်စလောက် သိုင်းပညာနဲ့ အရဲမစွန့်ဖို့ဆိုတာလေ၊ အခုတော့ ဒုက္ခကြုံတွေ့ပြီ မဟုတ်လားကွ ဟော"

သူက ကရုဏာဒေါသော အပြစ်တင်ပြောလိုက်ခြင်း ဖြစ်လေသည်။

ဝါယင်လုံ ပြုံးလိုက်သည်။

"အဘိုးစကားကို ကျွန်တော် နားလည်ပါတယ်၊ မပစ်ပယ်ခဲ့ပါဘူး"

"ဘာ ... ဒါ နားထောင်တာလား၊ နားမထောင်လို့ မင်း ဒုက္ခရောက်တာပေါ့၊ နားထောင်ရင် ဘယ်ဖြစ်မလဲ၊ ဘိုးလည်းမနေရ၊ ဘွားလည်းမနေရနဲ့ အားလုံးဒုက္ခရောက်တာပဲ"



ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ခင်ဗျာ၊ ယောကျ်ားဆိုတာ အန္တရာယ်ကြားထဲမှာ စွန့်စားဝံ့တဲ့သတ္တိ ရှိရမယ်မဟုတ်လား၊ အခုလိုဖြစ်ရတာဟာ ဖြစ်သင့်ဖြစ်ထိုက်လို့ပါပဲ"

ပိုင်ရှောက်ထင်း နှာခေါင်းရှုံ့လိုက်သည်။

"ဟင်း ... ငါဂိုဏ်းအဖွဲ့ တည်ထောင်တုန်းက အားလုံးအပေါ် ချုပ်ကိုင်နိုင်ခဲ့တယ်၊ ဘယ်သူကမှ ငါ့စကား မလွန်ဆန်ဝံ့ကြဘူး၊ သေဆိုရင်သေ၊ ရှင်ဆိုရင်ရှင်ပဲ၊ အခုတော့ မြေးတစ်ယောက်ကိုတောင် ငါ မထိန်းနိုင်တော့ပါလား"

သူသည် ချန်မင်မင်ကို ကြည့်၍ပြောလေ၏။

"မိန်းကလေး ... မင်းက ငါ့မြေးကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်"

အမှန်စင်စစ် ဝါယင်လုံ ရှက်သွားအောင် ပြောလိုက်ခြင်းဖြစ်သည်။

သူ၏စကားကြားမှ ချန်မင်မင်သည် ယောကျ်ားကလေးအသွင် ရုပ်ဖျက်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိသွားကြပြီး မှန်းစီးလျှံနှင့် ဖန်လုံတို့ အံ့သြသွားကြသည်။

ပိုင်ရှောက်ထင်း၏ စကားအဆုံးတွင် ကျူးထုံ ရယ်မောရင်း

"ဟဲ ဟဲ ... ဝါယင်လုံ မင်း စန်းပွင့်လှချည်လား၊ ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် မင်းဘေးမှာရှိနေတာ ကံကောင်းလို့ပဲဟေ့"

သူက ကျီစယ်လိုက်၏။

ချန်မင်မင် မျက်နှာ ရဲခနဲဖြစ်သွားသည်။

ကျူးထုံသည် အလွန် နောက်ပြောင်ကျီစယ်တတ်သူ ဖြစ်ကြောင်း ဝါယင်လုံ ကြိုတင်ပြောပြထား၍ စိတ်မဆိုးမိချေ။

စိတ်ဆိုး၍လည်း မရချေ။ သူမသာ နာသွားမည်ဖြစ်သည်။

သူတို့သည် မုန်းစီးလျှံတို့ မရှိလေဟန်ဖြင့် ပြောဆိုနေကြခြင်း ဖြစ်သည်။

ထို့ကြောင့် မုန်းစီးလျှံနှင့် ဖန်လုံတို့ ခံပြင်းဒေါသထွက်နေကြတော့သည်။

မုန်းစီးလျှံက ...

"ခင်ဗျားတို့ ဒီနေရာကိုရောက်လာမိတာ ကံဆိုးပြီမှတ်"

သူသည်စကားဆုံးသည်နှင့် တိုက်ခိုက်ရန် ပြင်လိုက်၏။

သူ့အား ဖန်လုံက အချိန်မီဆွဲထားလိုက်သည်။

"မလုပ်နဲ့၊ ဒီလူတွေရဲ့သိုင်းပညာ ကြောက်စရာကောင်းတယ်"

သူက တီးတိုးသတိပေးလိုက်သည်။

မုန်းစီးလျှံလည်း ရုတ်တရက် မတိုက်ဝံ့တော့ချေ။

ထိုစဉ် ကျူးထုံ မျက်မှောင်ကြုတ်ကာ သူတို့ဘက် လှည့်လာသည်။

ဝါယင်လုံကို ညွှန်ပြပြီး မေးလိုက်လေ၏။

"မင်းတို့ သူ့ကို ဝိုင်းတိုက်ကြတာလား"

မုန်းစီးလျှံ မကျေမနပ်ဖြင့် လက်ဝှေ့ယမ်းပြလိုက်သည်။



ထိုအခါ ဝိုင်းရံထားသော ငယ်သားများ ချက်ချင်း နောက်ဆုတ်လိုက်ကြလေသည်။

ဖန်လုံက ပိုင်ရှောက်ထင်းအား အလစ်ချောင်းတိုက်ရန် ကြံစည်ထား၏။

ထို့ကြောင့်လည်း မုန်းစီးလျှံကို ဟန့်တားခဲ့ခြင်းဖြစ်သည်။

မုန်းစီးလျှံ လမ်းဖွင့်ပေးထားသည်ကို တွေ့ရလျှင် ...

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ သူတို့ကို လွှတ်ပေးလိုက်မလို့လား"

ဟု မကျေမနပ်ဖြင့် ပြောလိုက်သည်။

မုန်းစီးလျှံ သက်ပြင်းချလိုက်သည်။

စိတ်ထိန်းချုပ်ထားရသော လေသံဖြင့် ...

"အခြေအနေကို ကျုပ် ကောင်းကောင်း နားလည်သွားပြီ၊ သူတို့ကို ဟန့်တားလို့ မဖြစ်တော့ဘူး"

"ဘာလဲ ... သူတို့ သိုင်းပညာထက်မြက်တယ်ဆိုတာနဲ့ ခင်ဗျား ကြောက်သွားပြီလားဗျ"

"ကြောက်တယ် မကြောက်ဘူးဆိုတာ တစ်ချိန် အဖြေပေးလာပါလိမ့်မယ်၊ အခုတော့ ကျုပ် သူတို့ကို မဟန့်တားတော့ဘူး"

မုန်းစီးလျှံ ခွင့်မပြုလျှင် သူ၏လက်အောက်ငယ်သားများ ဟန့်တားကြလိမ့်မည် မဟုတ်ချေ။

ဖန်လုံသည် သူ၏လက်အောက်ငယ်သားများကို အသုံးပြုကာ ဟန့်တားရုံဖြင့် အင်အားလုံလောက်မည်မဟုတ်ကြောင်း နားလည်၏။

ထို့ကြောင့် ဂိုဏ်းချုပ်အမည်ဖြင့် ခြိမ်းခြောက်လိုက်လေသည်။

"*ကျုပ်က သူတို့ကို အလစ်တိုက်ခိုက်ဖို့ အကြံရှိတယ်၊* ဝိုင်းထားတဲ့လူတွေကို နောက်ဆုတ်ခိုင်းတော့ ကျုပ်အကြံ အထမမြောက်နိုင်တော့ဘူး၊ ဒီကနေ့ကိစ္စ ဂိုဏ်းချုပ်ကို ဘယ်လိုပြန်ပြီး အစီရင်ခံရမလဲ"

မုန်းစီးလျှံက သူ၏အမေးကို မဖြေဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ယိုစဉ် ချန်မင်မင်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဘိုးဘိုး သူတို့ကို လွှတ်မပေးပါနဲ့၊ ယီစန်းသက်အကြောင်း မေးစရာရှိသေးတယ်"

မုန်းစီးလျှံ လက်ကာပြလိုက်သည်။

"မိန်းကလေး ကျုပ်တို့ကို အထင်မလွဲပါနဲ့၊ သူ့ကို ကျုပ်တို့ဖမ်းထားတာ မဟုတ်ပါဘူး၊ အထူးဧည့်သည်အဖြစ် ခေါ်ထားတာပါ၊ သူ့ကို ဆေးတစ်မျိုး ဖော်စပ်ခိုင်းစရာရှိလို့ပါ၊ ကိစ္စပြီးရင် အိမ်ပြန်ပို့ပေးပါ့မယ်"

"ဘာ ... အိမ်ပြန်ပို့ပေးပါ့မယ်၊ ဟုတ်လား ... ရှင်တို့လက်ချက်ကြောင့် သူ့အိမ်ဂေဟာ မီးလောင်ပြင် ဖြစ်နေပြီလေ၊ ရှင်တို့စကားယုံမယ်များ ထင်နေသလား၊ ရှင်တို့ သူ့ကို အဆိပ်ဖော်စပ်ခိုင်းမလို့မဟုတ်လား၊ အဆိပ်ဖော်စပ်ပြီးရင် ဝါမိသားစုကို လုပ်ကြံကြမယ်မဟုတ်လား"



သူမသည် အော်ကြီးဟစ်ကျယ် စွပ်စွဲပြောဆိုလိုက်သည်။

ဝါယင်လုံက သူမအား ဖျောင်းဖျလိုက်သည်။

"ညီမ ဒါတွေပြာမနေပါနဲ့တော့၊ ဘိုးဘိုးတို့ စိစဉ်တာကိုနားထောင်လက်ခံတာ အကောင်းဆုံးပါပဲ"

မုန်းစီးလျှံသည် စကားတစ်လုံးမျှမပြောဘဲ စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ချန်မင်မင်ကို ကြည့်နေလေသည်။

ချန်မင်မင်က ...

"အို ... အစ်ကိုကလည်း ဘိုးဘိုးတို့ကဒီကိစ္စမှမသိတာ၊ သူများလိမ်ပြောတာ ခံရလိမ့်မယ်"

ဝါယင်လုံ ရယ်မောလိုက်၏။

"ဘိုးဘိုးတို့ကို ဘယ်သူမှလိမ်လို့ မရပါဘူးကွယ်"

ထိုစဉ် ပိုင်ရှောက်ထင်းက သူတို့နှစ်ယောက်ကိုကြည့်ပြီး မေးလိုက်၏။

"ကဲ ... မင်းတို့ ထွက်သွားကြမလား၊ ဒါမှမဟုတ် သူတို့နဲ့တိုက်ခိုက်ကြမလား ဆုံးဖြတ်ပါ"

ဝါယင်လုံတို့အား တိုက်ခိုက်လိုလျှင်လည်း သဘောအတိုင်းတိုက်ခိုက်နိုင်သည်။

မတိုက်ဘဲ ထွက်သွားလိုလျှင်လည်း ထွက်သွားနိုင်၏။

မည်သည့်ကိစ္စကိုမျှ အရေးမထားသည့်သဘောဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစကားကြားသောအခါ ဖန်လုံ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားသည်။

သို့သော် သူက စတင်တိုက်ခိုက်ရန် မဝံ့မရဲ ဖြစ်နေသည်။

ထိုစဉ် မုန်းစီးလျှံက ကြားဝင်ပြောလိုက်၏။

"ကျုပ်တို့ သူတို့ကို ရန်သူလိုသဘောမထားပါဘူးဗျာ၊ ဧည့်သည်အဖြစ် ဖိတ်ခေါ်တာ သူတို့ဆန္ဒမရှိရင်လည်း မခေါ်ချင်တော့ပါဘူး"

သူ၏စိတ်ထား ပြောင်းလဲသွားပုံကို ဖန်လုံပင် အံ့သြနေမိသည်။

ကျူးထုံ ရယ်မောလိုက်သည်။

"တကယ်လည်း ရယ်စရာကောင်းပါလား၊ မင်း တော်တော်စကားတတ်တာပဲ"

ပိုင်ရှောက်ထင်း သက်ပြင်းချလိုက်၏။

"အင်းလေ ... ဒီလိုဆိုရင်လည်း သွားကြဖို့ပဲ ရှိတော့တာပေါ့ကဲ ... ယင်လုံ တို့သွားကြစို့"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

ထို့နောက် ချန်မင်မင်၏ လက်ကိုဆွဲကာ ပိုင်ရှောက်ထင်း၊ ကျူးထုံတို့နှင့်အတူ ထွက်လာခဲ့သည်။

ချန်မင်မင်က မုန်းစီးလျှံနှင့် ဖန်လုံတို့အား မျက်စောင်းထိုးလိုက်သည်။

သူတို့ကို လွှတ်မထားသင့်ဟု ယူဆလေသည်။

သူမ တိုက်ခိုက်ချင်သော်လည်း ဝါယင်လုံ ခွင့်ပြုမည်မဟုတ်၍ အသာငြိမ်နေလိုက်ရသည်။

ကြယ်တံခွန်ဂိုဏ်းနှင့် ရှန်းမုံဂိုဏ်းသာများသည် သူတို့ထွက်သွားကြသည်ကို နောင့်ယှက်ဟန့်တားခြင်း မပြုကြချေ။



အားလုံး လက်ပိုက်ကြည့်နေကြသည်။

သူတို့ ဟန့်တား၍လည်း ရနိုင်မည်မဟုတ်ကြောင်း နားလည်သဘောပေါက်ထားကြသည်။

ဖန်လုံက မုန်းစီးလျှံကို မကျေမနပ်ကြည့်လိုက်သည်။

မုန်းစီးလျှံက သူ့အား အေးတိအေးစက်ဖြင့် ပြန်ကြည့်နေသည်ကို တွေ့ရလေသည်။

ဖန်လုံ ပို၍ ဒေါကန်သွားသည်။

ပိုင်ရှောက်ထင်းတို့ ထွက်သွားသည်ကို လှည့်ကြည့်ရင်း အော်ပြောလိုက်သည်။

"တစ်နေ့တော့ တွေ့ကြဦးမှာပေါ့ ပိုင်ရှောက်ထင်း"

အော်သံကြားလိုက်ရသော ပိုင်ရှောက်ထင်းက ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... စိတ်ချပါ၊ မင်းကိုစောင့်နေမယ်"

စကားဆုံးလျှင် လူလည်း အဝေးသို့ရောက်သွားလေတော့သည်။

ဝါယင်လုံတို့လူစု ထွက်ခွာသွားကြပြီဖြစ်သည်။

မုန်းစီးလျှံနှင့် ဖန်လုံတို့သည် ဝါယင်လုံတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ မှင်တက်နေမိကြသူများပမာ ငေးမောကြည့်နေရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

* * *

## အခန်း(၄၈)
# နောင်သောက်မည့် အရက်

ကြယ်တံခွန် ဂိုဏ်းသားများနှင့် ရှန်းမုံ ဂိုဏ်းသားများသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ကြလေပြီ။

ဝါယင်လုံနှင့် ချန်မင်မင်တို့သည် ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့ကြလေ၏။

သူတို့ ကိုယ်ဖော့ပညာအသုံးပြုပြီး ပြေးသွားကြရာ မကြာမီ ဆယ်မိုင်ခန့် ခရီးပေါက်လာကြသည်။

ကျင်လင်မြို့အနီးသို့ ပြန်လည်ရောက်ရှိလာကြ၏။

ထိုအခါမှ ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့ ခြေလှမ်းရပ်လိုက်ကြသည်။

သူတို့ ရပ်နားသောနေရာမှာ တောင်ကုန်းလေးတစ်ခုဖြစ်သည်။

ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့က မြေပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။



သူတို့သည် ထိပ်သီးသိုင်းပညာရှင်များ ဖြစ်ကြသော်လည်း မုန်းစီးလျှံတို့အား လွှတ်ပေးလိုသည်မှာ ထူးဆန်း၏။

သူတို့တိုက်ခိုက်လျှင် မုန်းစီးလျှံတို့ ခံနိုင်မည်မဟုတ်ဟု ယူဆထားသည်။

ဝါယင်လုံသည်လည်း ချန်မင်မင်နည်းတူ ခံစားနေရ၏။

သို့သော် အဘိုးဖြစ်သူသည် အကြောင်းမရှိဘဲ ယခုလို လုပ်မည်ဟု တွေးမိကာ မမေးဘဲနေလိုက်ခြင်းဖြစ်သည်။

ချန်မင်မင်ကမူ မမေးဘဲ မနေနိုင်ချေ။

ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့ကို တစ်လှည့်စီကြည့်ရင်း မေးလိုက်မိလေ၏။

"ကျွန်မတို့ ဒုက္ခရောက်နေချိန်မှာ ဘိုးဘိုးတို့ ဘယ်လိုအချိန်မီ ရောက်လာကြတာလဲ"

သူမ၏စကားကြားသောအခါ ပိုင်ရှောက်ထင်းနှင့် ကျူးထုံတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် နှစ်ယောက်စလုံး ပြိုင်တူရယ်မောလိုက်ကြလေ၏။

ချန်မင်မင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

မျက်မှောင်ကြုတ်ရင်း ...

"ဘိုးဘိုးတို့ ဘာကိုသဘောကျပြီး ရယ်တာလဲ"

ကျူးထုံက

"ဟ ... ရယ်မှာပေါ့၊ ငါတို့က အဲဒီကို မင်းတို့ထက်အရင်စောပြီး ရောက်နေကြတာကွ"

"ရှင် ..."

မရှင်နဲ့ ... တို့က မင်းတို့ အရင်ရောက်နေတာ၊ သူတို့ပြော စကားတွေကို နားထောင်နေတာ၊ မင်းတို့ရောက်လာလို့ သူတို့ဆက် ပြောမယ့် စကားတွေ မကြားရတော့ဘူး၊ နို့မဟုတ်ရင် သူတို့အကြံ အစည် ဘယ်လိုဆိုတာတောင် သိနိုင်မှာပဲ"

ချန်မင်မင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူတို့က အပြစ်ဆိုမည်ကြံကာ ရှိသေးသည်။

သူတို့အား ပြန်လည်၍ အပြစ်ဆိုနေသည် မဟုတ်ပါလော။

သူတို့ထက်စော၍ ရောက်နေသည်ဆိုလျှင် သူတို့သာ မဝင်ရှုပ် ပါက ရှန်းမုံဂိုဏ်းမှလူများနှင့် ကြယ်တံခွန်ဂိုဏ်းမှ လူများ၏ အကြံ အစည်ကို သိရမည်မှာ အမှန်ဖြစ်လေသည်။

ချန်မင်မင် ငြိမ်ကျသွားသည်။

သို့သော် ချက်ချင်းပင် အပြစ်ပြောစရာစကား ရှာတွေ့သွား၏။

"ဟင် ... ဘိုးဘိုးတို့ စောပြီး ရောက်နေတယ်ဆိုရင် အစ်ကို ဒုက္ခရောက်တာကို ဘာကြောင့် လက်ပိုက်ကြည့်နေရတာလဲ၊ တစ်ခုခု ဖြစ်ရင် မခက်ဘူးလား"

ကျူးထုံက လက်ကာပြလိုက်သည်။

"ဟော့ ... ဟော့ ... ကျုပ်ကို အပြစ်မတင်နဲ့၊ ဒါ ကျုပ်အပြစ် မဟုတ်ဘူး၊ သူ့အဘိုးက နေရာတကာ ဝင်ရှုပ်ချင်တဲ့ မြေးကို မှတ် လောက်သားလောက်အောင် တမင်ပစ်ထားတာ၊ ရှင်းပြီလား"

"နောင်ကြဉ်အောင်လုပ်တာ ထားပါတော့၊ တကယ်လို့တစ်ခုခု ဖြစ်သွားရင် မခက်ဘူးလား"



"ဒါ ကျုပ်နဲ့ မဆိုင်ဘူးလေ"

"ဆိုင်ပါတယ်၊ ဘိုးဘိုးဟာ ကျွန်မတို့ ဒုက္ခရောက်နိုင်တယ် ဆိုတာ သိတာပဲ၊ ကြားဝင်ဖျောင်းဖျသင့်တာပေါ့"

"ဟ ... ဒီကောင်မလေး ဘယ့်နှယ်ကြောင့် ငါ့ကို လိုက်ပြီး အပြစ်တင်နေတာလဲ"

ချန်မင်မင်နှင့် ကျူးထုံတို့ တစ်ယောက်ကိုတစ်ယောက် စကား နိုင်လုကာ ပြောနေကြသည်။

ပိုင်ရှောက်ထင်းသည် သူတို့နှစ်ယောက်အားကြည့်ကာ သဘော ကျစွာဖြင့် တဟားဟား ရယ်မောနေလေသည်။

အတန်ကြာ ရယ်မောပြီးမှ ...

"မိန်းကလေး ... မင်းဆရာက ဘယ်သူလဲဆိုတာ ကျုပ် မသိ ရဘူး၊ ဒါပေမယ့် မင်းရဲ့သိုင်းပညာကို မြင်ရုံနဲ့ မင်းဆရာဟာ အင် မတန် ထက်မြက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရမယ်လို့ ယုံကြည်တယ်"

ချန်မင်မင်သည် သူမ၏အကြောင်းကို တစ်ထိုင်တည်း ပြော ပြလိုက်သည်။

"ကျွန်မ ဆရာဟာ ကျွန်မရဲ့ အဘိုးပါပဲရှင်၊ နာမည်ကတော့ ချင်ယွင်လို့ ခေါ်ပါတယ်၊ ဖခင်က 'ယန်တောင်' ဖြစ်ပါတယ်၊ မေမေကတော့ 'ရှင်ဝလန်' ပါ၊ အခုဆိုရင် မေမေဟာ ဝါဂေဟာကို ရောက်နေလောက်ပါပြီ"

ပိုင်ရှောက်ထင်း သက်ပြင်းချလိုက်လေသည်။

"အင်း ... ကျုပ်လည်း ဒီရက်ပိုင်းအတွင်းမှာ အလုပ်များနေလို့

အိမ်ပြန်မရောက်ခဲ့ဘူး၊ ရောက်များရောက်ရင်တော့ မိန်းကလေးရဲ့ အမေနဲ့တွေ့မှာ အမှန်ပါပဲ"

ထိုစဉ် ဝါယင်လုံက ကြားဝင်ပြောလာသည်။

"ဘိုးဘိုး ... ဒီတစ်လအတွင်း နေရာအနှံ့ရောက်ခဲ့တယ် ဟုတ်လား"

ပိုင်ရှောက်ထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"ဘိုးဘိုး ... ဘာတွေများ ဒီလောက်တောင် အလုပ်ရှုပ်နေရသလဲ၊ သိချင်လို့ပါ"

ပိုင်ရှောက်ထင်းက သူ့အားစိုက်ကြည့်လိုက်ရင်း ...

"မင်းကြောင့်ပေါ့"

"ဗျာ ... "

ဝါယင်လုံ အံ့သြသွားသည်။

ပိုင်ရှောက်ထင်းက လေသံအေးအေးဖြင့် ...

"မင်းက လျှောက်သွားပြီး လုပ်ချင်ရာတွေ လုပ်နေတယ်၊ မင်းကြောင့် နေရာတကာမှာ ပွက်လောရိုက်နေတယ်၊ သိုင်းလောကလည်း မအေးချမ်းတော့ဘူး"

ထိုစကားကြားရသော ဝါယင်လုံ ခေါင်းငုံ့လိုက်မိလေတော့၏။ သူ့ကြောင့် သိုင်းလောက ဆူပွက်ကုန်သည်ဆိုပါကလား။

အမှန်တော့ သူ့ကြောင့်မဟုတ်ဘဲ ဒုစရိုက်သမားများ ထကြွသောင်းကျန်းလာ၍ဖြစ်ကြောင်း လူတိုင်း သိထားကြသည်။



ပိုင်ရှောက်ထင်းက တမင် ဝါယင်လုံအား ဆူချင်၍ အပြစ်ဖို့လိုက်ခြင်း ဖြစ်၏။

ဤသည်ကို ချန်မင်မင် မခံနိုင်ချေ။

"အို ... ဘိုးဘိုးကလဲ အစ်ကို့ကြောင့် မဟုတ်ပါဘူး၊ ဒုစရိုက်သမားတွေ ထကြွသောင်းကျန်းလာလို့ပါ၊ အောက်လမ်းသိုင်းသမားတွေ ထကြွလှုပ်ရှားလာရင်လည်း သိုင်းလောက ဆူပွက်လာတာပဲ"

သူမက ဝင်၍ ဓောဒကတက်လိုက်၏။

ပိုင်ရှောက်ထင်း ပြုံးလိုက်သည်။

"အေးလေ ... ဒုစရိုက်သမားတွေ ထကြွ သောင်းကျန်းလာတယ်ဆိုတာ အမှန်ပဲ၊ ငါ့မြေးကလည်း နေရာတကာမှာ ဝင်ပါနေတာပဲ မဟုတ်လား"

ငြင်းခုံနေလျှင် လိုရင်းစကားကို ရောက်တော့မည် မဟုတ်ကြောင်းသိရာ ဝါယင်လုံက ကြားဖြတ်မေးလိုက်လေ၏။

"ဘိုးဘိုး ... ဘာတွေလုပ်ခဲ့သလဲ ပြောပြပါလားဟင်"

ပိုင်ရှောက်ထင်း သက်ပြင်းချလိုက်သည်။

"မင်းသိချင်ရင် ပြောပြရမှာပေါ့၊ ငါ လူကောင်းတွေ ပြန်ရှာပြီး စုစည်းနေတာကွ"

ဝါယင်လုံ မျက်မှောင်ကြုတ်သွား၏။

ပိုင်ရှောက်ထင်း၏ စကားအဓိပ္ပာယ်ကို သူနားမလည်ချေ။

"ဘိုးဘိုးက လူတွေစုနေတယ် ဟုတ်လား"

"ဟုတ်တယ် ... အရင် ငါထူထောင်ခဲ့တဲ့ ဂိုဏ်းကလူတွေကို

ပြန်ရှာပြီး လူစုရတယ်၊ ပြီးတော့ ငါ့လူတွေကို ရှန်းမုံဂိုဏ်းနဲ့ ကြယ်တံခွန်ဂိုဏ်းရဲ့သတင်းတွေကို စုံစမ်းခိုင်းရတယ်”

ပိုင်ရှောက်ထင်းသည် ယခင်က သိုင်းအဖွဲ့အစည်းတစ်ခု တည်ထောင်ခဲ့ဖူးလေသည်။

နောက်ပိုင်းမှ သိုင်းလောကတွင် ကျင်လည်ကျက်စားရသည်ကို ငြီးငွေ့ပြီးထိုသိုင်းအဖွဲ့ကို ဖျက်သိမ်းပစ်လိုက်ခြင်း ဖြစ်၏။

ပိုင်ရှောက်ထင်း တည်ထောင်ခဲ့သော သိုင်းအမည်မှာ ‘နတ်အလံ’ ဂိုဏ်းဟုခေါ်တွင်လေသည်။

ပိုင်ရှောက်ထင်းက ဂိုဏ်းချုပ်အထိမ်းအမှတ် တံဆိပ်ပြားတစ်ခုကို အင်္ကျီအိတ်အတွင်းမှ ထုတ်ပြလိုက်သည်။

ထိုတံဆိပ်ပြားသည် ဂိုဏ်းချုပ်၏ အာဏာအမှတ်အသားဖြစ်သည်။

ထိုကံဆိပ်ပြား ကိုင်ဆောင်သူ၏အမိန့်ကို နတ်အလံဂိုဏ်းသားတိုင်း နာခံကြရသည်။

ဖျက်သိမ်းပစ်ခဲ့သည့် ဂိုဏ်းမှ ဂိုဏ်းသားများကိုပင် ပြန်လည်အသုံးချနေရကြောင်း သိရလျှင် ဝါယင်လုံ စိတ်မကောင်းဖြစ်သွားသည်။

နတ်အလံဂိုဏ်းသည် တရားမျှတသော အထက်လမ်းဂိုဏ်းအဖွဲ့အစည်းတစ်ခု ဖြစ်၏။

ဂိုဏ်းသားများသည် ဂိုဏ်းဖျက်သိမ်းလိုက်သည့် အချိန်မှစ၍ သိုင်းလောကကို စွန့်ခွာသွားကြသည်။



အမြို့မြို့အနယ်နယ်တွင် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ရင်း ဘဝ၏အေးချမ်းမှုကို ပိုင်ဆိုင်နေကြသူများဖြစ်သည်။

ဝါယင်လုံ ငိုင်နေသည်ကိုတွေ့ရလျှင် ပိုင်ရှောက်ထင်းက ပခုံးကို အသာပုတ်ရင်း ...

“ငါပြောလိုက်လို့ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ မင်း တစ်ယောက်တည်းကြောင့် မဟုတ်ပါဘူး၊ စီးမာမိသားစုရယ်၊ သိုင်းလောကမှာ ဒုစရိုက်သမားတွေ ထကြွလာတာရယ်၊ ဒါတွေကြောင့် ငါက နတ်အလံဂိုဏ်းကို ပြန်ပြီးအသုံးချနေရတာပါ”

ယင်းသို့ပြောပြီးလျှင် ချန်မင်မင်ဘက်သို့ လှည့်ကာ ...

“ငါ ဘာကြောင့် စောစောစီးစီး ဝင်မကူသလဲဆိုရင် သူတို့နဲ့ မတိုက်ချင်လို့ပဲ၊ သူတို့ဟာ မင်းတို့ကို လွယ်လွယ်ကူကူ အနိုင်မရနိုင်ဘူးဆိုတာ လက်တွေ့သိသွားစေချင်တယ်၊ သူတို့ ခြေမနိုင် လက်မနိုင်ဖြစ်နေချိန်မှာ ငါတို့ရောက်လာတော့ အလိုလို စိတ်လျှော့သွားကြတာပေါ့၊ သူတို့ပြောနေကြတဲ့ စကားတွေအရ ကြယ်တံခွန်ဂိုဏ်း ဂိုဏ်းချုပ်ဟာ ကိုးကွေ့တိုက်ပွဲမှာ ဆုံးရှုံးခဲ့တဲ့ ရတနာတွေကို ပြန်ရအောင်ယူမယ်၊ သိုင်းလောကထဲ ထွက်လာမယ်ဆိုတာ သိရတယ်၊ သူဟာ မပိုင်ဘဲထွက်လာမှာမဟုတ်ဘူး၊ သူတို့အင်အား ဘယ်လောက်စုစည်းနိုင်မာနေပြီလဲဆိုတာ တွက်ဆလို့ရတယ်”

စကားဆုံးလျှင် ကျူးထုံဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

ကျူးထုံက နားလည်သဘောပေါက်သည့်အလား ထိုင်ရာမှ ထလိုက်သည်။

ပိုင်ရှောက်ထင်းလည်း ထလိုက်သည်။

သူတို့သွားကြတော့မည်ဖြစ်ကြောင်း ဝါယင်လုံနှင့် ချန်မင်မင် ရိပ်မိလိုက်ကြသည်။

ဝါယင်လုံက …

"ဘိုးဘိုး သွားတော့မလို့လား"

"ဟုတ်တယ် … ငါ့မှာ လုပ်စရာကိစ္စနည်းနည်းရှိသေးတယ်၊ ငါမသွားခင် မင်းကို တစ်ခုမှာချင်တယ်"

"အမိန့်ရှိပါ ဘိုးဘိုး"

"ကြယ်တံခွန်ဂိုဏ်းနဲ့ ရှန်းမုံဂိုဏ်းရဲ့ လှုပ်ရှားမှုကို မျက်ခြည် မပြတ်ပါစေနဲ့၊ ကျူးယင်ဂိုဏ်းကတော့ ငြိမ်နေတယ်၊ ဖြစ်နိုင်ရင် သူတို့နဲ့တည့်အောင်ပေါင်း၊ အကောင်းဘက်ရောက်လာအောင် ဆွဲ ဆောင်သိမ်းသွင်းရမယ်"

ဝါယင်လုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ … ကျွန်တော် မှတ်ထားပါ့မယ် ခင်ဗျာ"

"အေး … ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ကြားလား"

"ဟုတ်ကဲ့"

စကားဆုံးလျှင် ပိုင်ရှောင်ထင်းက လှည့်ထွက်သွားရန် ဟန်ပြင် လိုက်လေသည်။

ထိုအခါ ချန်မင်မင်က လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုရင်း …

"ဘိုးဘိုးတို့ ဘယ်ကိုသွားကြမှာလဲ၊ သိခွင့်ရှိရင် သိပါရစေ ရှင်"

ပိုင်ရှောက်ထင်း ခေါင်းခါပြလိုက်သည်။



ဂျူးထိုက တဟားဟား ရယ်မောရင်း …

"ပြောလို့ဖြစ်မလား၊ တို့သွားမယ့်နေရာ မင်းတို့သိရင် မင်းတို့ လိုက်ရှုပ်နေကြဦးမယ် မဟုတ်လား … ဟား ဟား ဟား"

ချန်မင်မင်သည် မေး၍ရမည်မဟုတ်ကြောင်းသိရာ ဆက်မမေး တော့ပါ။

သို့သော်လည်း အချိန်ဆွဲထားလိုသည့် သဘောဖြင့် …

"ရောက်တုန်းရောက်ခိုက် ကျွန်မတို့အိမ်ဝင်ပြီး အရက်တစ်ခွက် လောက် သောက်သွားကြပါဦးလားရှင်၊ ဘိုးဘိုးတို့ကို ကျွန်မ ပြုစု ပါရစေ"

ယခုတစ်ကြိမ် ပိုင်ရှောက်ထင်းက သဘောကျစွာ ရယ်မော လိုက်လေသည်။

"ဟား … ဟား … ဟား … အချိန်မရှိလို့ အခု မသောက်တော့ ပါဘူး၊ အဲ … မင်းတို့ရဲ့ မင်္ဂလာအရက်ကိုတော့ ငါက ဖြစ်အောင် လာပြီး သောက်မယ်ဟေ့"

ထိုစကားကြောင့် ချန်မင်မင် မျက်နှာတွင် ရှက်သွေးဖြာကာ နီရဲသွားရလေသည်။

ဝါယင်လုံအား အမှတ်တမဲ့ ကြည့်ပြီးမှ ချက်ချင်း ခေါင်းငုံ့ ထားလိုက်သည်။

ဝါယင်လုံ ပခုံးတွန့်လိုက်မိသည်။

အနောက်အပြောင်သန်သော ဘိုးဘိုးများနှင့် မလွယ်ဟု တွေး နေမိသည်။

ပိုင်ရှောက်ထင်းက ရယ်မောရင်း …

"ငါ့မြေး ငါမသွားခင် နောက်ဆုံး စကားတစ်ခွန်း ပြောသွားချင်သေးတယ်"

"အမိန့်ရှိပါ ဘိုးဘိုး"

"ရဲနန်နဲ့ ယောဂီရောင်ဝတ်ထားတဲ့ မိန်းကလေးကိုတွေ့ရင် အခုထက်ပိုပြီး ကြိုးစားပေးလို့ ပြောပါ"

ရဲနန်နှင့် ယောဂီရောင်ဝတ်ထားသော မိန်းကလေးတို့အား ဝါယင်လုံ ကောင်းစွာ သိထားသည်။

ထို့ကြောင့် ဦးခေါင်းညိတ်လိုက်ရင်း ...

"စိတ်ချပါ ဘိုးဘိုး၊ ကျွန်တော် သူတို့ကိုတွေ့ရင် တိုက်တွန်းလိုက်ပါ့မယ်"

အေး ... ကောင်းပြီ၊ ဒါဖြင့် ငါတို့သွားမယ်"

စကားဆုံးသည်နှင့် သူတို့နှစ်ယောက် ထွက်သွားကြလေ၏။

ကျူးထုံက ထွက်သွားရင်း ...

"ဟော့ ... မင်္ဂလာအရက်သောက်ဖို့ ငါ့ကိုလည်း ဖိတ်ဖို့မမေ့ကြနဲ့ဦးနော်၊ ဟား ... ဟား ... ဟား"

တမင် နောက်ပြောင်သွားသေးသည်။

ဝါယင်လုံလည်း မျက်နှာမထားတတ်အောင် ဖြစ်သွားရသည်။

ချန်မင်မင်ကား ခေါင်းမဖော်တော့။

သူတို့ တွေဝေငေးမောနေစဉ် ကျူးထုံနှင့် ပိုင်ရှောက်ထင်းတို့ ထွက်ခွာသွားကြသည်။

သူတို့၏အရိပ်များသည် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားကာ နောက်ဆုံး မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေတော့သည်။



ဝါယင်လုံက သွားကြရန် ပြောမည်ပြု၏။

သူကြည့်လိုက်သည်နှင့် ချန်မင်မင် တစ်ဖက်သို့ မျက်နှာလွှဲသွားသည်ကို တွေ့ရ၏။

ဝါယင်လုံ အံ့သြသွား၏။

ချန်မင်မင် သူ့အား စိတ်ကောက်နေပြန်ချေပြီ။

အဘယ်ကြောင့်ပါနည်း။

ချန်မင်မင်ကို စိုက်ကြည့်သည်။ ပြီးမှ ...

"ညီမ သွားကြစို့လေ"

သူ၏စကားကြားလျှင် ချန်မင်မင် ရှေ့မှ ခပ်သွက်သွက် ထွက်သွားသည်။

မြေပေါ် ခြေဆောင့်နင်းကာ ထွက်သွားခြင်းဖြစ်သည်။

ဝါယင်လုံ နောက်မှလိုက်သွားသည်။

ယခုတိုင် ချန်မင်မင် စိတ်ကောက်နေသည့် အကြောင်းရင်းကို စဉ်းစားမရသေးချေ။

ချန်မင်မင်ကို အမီလိုက်သွားပြီး မေးလိုက်သည်။

"ညီမ ... မျက်နှာလည်း မကောင်းပါလား၊ ဘယ်လိုဖြစ်နေတာလဲဟင်"

သူ၏စကားကြားရလျှင် ချန်မင်မင် နှုတ်ခမ်းစူရင်း ...

"ဘာဖြစ်ရမှာလဲ"

"ဘာလဲ ... စိတ်ကောက်ပြန်ပြီလား"

"စိတ်ကောက်တာမဟုတ်ဘူး၊ ကျွန်မအပေါ် လိမ်ညာတာကို ကျေနပ်လို့"

"ဟော ..."

ဝါယင်လုံ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ချန်မင်မင်ကို ငေးကြည့်ရင်း ...

"ညီ ... ညီမ၊ ဘယ်လိုပြောလိုက်တာလဲဟင်၊ အစ်ကိုက ညီမကို လိမ်ညာတယ် ဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်မကိုညာလို့ မကျေမနပ် ဖြစ်နေတာ၊ ကဲ ... သိပြီလား"

ချန်မင်မင်သည် ရန်သူ့လက်တွင်း၌ သူ့အတွက် အသက်စွန့် ခုခံကာကွယ် တိုက်ခိုက်ခဲ့သည်။

ချန်မင်မင်၏ မေတ္တာတရားကား ကြီးမားလှသည်။

ချန်မင်မင် စိတ်မကောင်းအောင် မလုပ်လိုချေ။

ဝါယင်လုံ လေသံအေးအေးဖြင့် ...

"ညီမစွပ်စွဲတာကို အစ်ကို နားမလည်ပါလား၊ ဘယ်လိုဖြစ်တယ်ဆိုတဲ့ အကြောင်းရင်းကို ရှင်းပြဦးမှပေါ့"

ချန်မင်မင်က ခြေဆောင့်ရင်း ...

"ရှင်းပြစရာ လိုသေးလို့လား၊ ရဲနန် ယောဂီရောင်ဝတ်တဲ့ မိန်းကလေးဆိုတာ ဘယ်သူတွေလဲ၊ သူတို့အကြောင်း ကျွန်မ ဘာမှ မသိရသေးပါလား၊ အစ်ကိုမပြောချင်လို့ တမင် ထိမ်ချန်ထားတာ မဟုတ်လား"

ထိုစကားကြားမှ ဝါယင်လုံ စိတ်သက်သာရာ ရရှိသွားလေသည်။ ပြုံးလာနိုင်သည်။

"လက်စသတ်တော့ ညီမ စိတ်ကောက်နေတာ ဒါကြောင့်ကိုး"



"ဟုတ်တယ် ... အစ်ကို ညီမကို ညာတယ်"

"ဟား ... ဟား ... မညာပါဘူးကွယ်၊ ညီမက မေးမှမမေးဘဲ အစ်ကို ဘယ်လိုလုပ် ပြောရမလဲ"

"အခု မေးပြီလေ"

"မေးရင် ပြောမှာပေါ့"

ဝါယင်လုံက ချန်မင်မင်နှင့်အတူ လမ်းလျှောက်သွားရင်း ရဲနန်နှင့် ယောဂီရောင်ဝတ်ဆင်ထားသော မိန်းကလေးတို့အကြောင်း ရှင်းပြသည်။ သူသည် ဖုံးကွယ်ထိမ်ချန်ခြင်းမပြုဘဲ အမှန်ကို အမှန်အတိုင်း ပြောပြခဲ့ခြင်းဖြစ်ပါသည်။

အဖြစ်အပျက်များ ကြားသိရမှ ချန်မင်မင် စိတ်ဆိုးပြေသွား၏။

သူမ၏ရင်ထဲ၌ မနာလိုစိတ် ဖြစ်ပေါ်လာခြင်း မရှိချေ။

ဝါယင်လုံ အခြား မိန်းကလေးများနှင့် သိကျွမ်းသည်ကို သူမ မသိဘဲနေမည်ကိုသာ စိုးရိမ်မိသည်။

သူတို့ စကားတပြောပြောနှင့် လျှောက်လာကြရာ မြို့ရိုးအနီးသို့ပင် ရောက်လာကြလေသည်။

အရုဏ်တက်ချိန်ရောက်လုပြီဖြစ်သော်လည်း မြို့ရိုးတံခါးမဖွင့်သေး၍ ကိုယ်ဖော့ပညာ အသုံးပြုကာ သစ်ပင်များမှ တစ်ဆင့် မြို့ရိုးပေါ် ခုန်တက်လိုက်သည်။

တစ်ဖန် မြို့အတွင်းဘက်သို့ခုန်ဆင်းကာ ချန်မင်မင်၏ အိမ်သို့ ပြန်လာခဲ့ကြလေတော့သည်။

※ ※ ※

အခန်း(၄၉)

## ဆွေးမြေ့ စကားပိုင်း

ကျင်လင်ဂေဟာ။

ချန်မင်မင်တို့၏ အိမ်ဂေဟာဖြစ်သည်။

အိမ်သို့ရောက်သည်နှင့် ချန်မင်မင်က မီးအိမ်များ ထွန်းညှိလိုက်သည်။

တစ်ဆက်တည်းပင် အိမ်ဖော်တစ်ယောက်ကို နှိုးကာ ပစ္စည်းထိန်း 'ကုဟုန်ချန်း' ဆိုသူအား သွားခေါ်ခိုင်းသည်။

ချန်မင်မင်သည် အားလုံးက ကြောက်ရွံ့ရိုသေရသော သခင်မလေး တစ်ယောက်သာတည်း။

ကုဟုန်ချင်း ချက်ချင်း လိုက်လာသည်။

ကုဟုန်ချင်း ရောက်လာသည်နှင့် ချန်မင်မင်က မေးလိုက်၏။

"ဘဘရဲ့ ဆေး ဘယ်မှာထားသလဲ"

သူမက ဆေးမေးလိုက်သည်မှာ သူ့အတွက်ဖြစ်ကြောင်း ဝါယင်လုံ နားလည်လိုက်၏။



သူတာ အခွင့်အရေးမယူချင်ပါ။

သို့သော် သူငြင်းပယ်လိုက်လျှင် ချန်မင်မင် စိတ်ဆိုးသွားမည်ကို တွေးပြီး ငြိမ်နေလိုက်၏။

သူမ၏ အမေးစကားကြားလျှင် ကုဟုန်ချန်းက ...

"သခင်မလေးပြောတာ ဘာဆေးများလဲဗျာ"

"ဘာဆေးကို မေးတာလဲ ဟုတ်လား၊ ဘာဆေးရှိရမှာလဲ၊ ကျွန်မတို့ရဲ့ ထိပ်တန်းဆေးလုံးလေ"

"ဒါဆို သခင်မလေးပဲ သိမ်းထားတာပဲ မဟုတ်လား"

ကုဟုန်ချန်း၏ စကားကြားလျှင် ချန်မင်မင်သည် ခေါင်းကုတ်လိုက်သည်။

"ဒုက္ခပဲ ... ငါ ဘယ်မှာသိမ်းထားမိပါလိမ့်"

ဟု ညည်းညူပြီး လိုက်ရှာတော့သည်။

သူမ၏အခန်းတွင်း၌ အတန်ကြာ မွှေနှောက်ရှာဖွေသော်လည်း မတွေ့ရချေ။

ထိပ်တန်းဆေးလုံးမှာ ဆေးဘက်ဝင်သော သစ်သီး၊ သစ်ဥ၊ သစ်မြစ်များ စုပေါင်းကာ ချက်လုပ်ဖော်စပ်ထားခြင်း ဖြစ်သည်။

တစ်နှစ်ခန့်အချိန်ယူဖော်စပ်ပြီးမှ ဆေးလုံး ဆယ်လုံးသာ ရ၏။

ထိုဆေးလုံးကလေးများမှာ အတွင်းအားကို အထောက်အကူပြုစေသည့် အစွမ်းအာနိသင်ရှိသည်။

အတွင်းဒဏ်ရာရလျှင် သို့မဟုတ် အတွင်းအား လျော့ကျသွားလျှင် သောက်ပါက ချက်ချင်း အတွင်းအား ပြည့်ဖြိုးလာနိုင်သည်။

ဝါယင်လုံအတွက် လိုအပ်လှသော ဆေးလုံးများဖြစ်သည်။

နှစ်ပေါင်းများစွာကတည်းက ဆေးလုံးဆယ်လုံးသာ ဖော်စပ်ရရှိထားရာ အသုံးပြုရင်း သုံးလုံးမျှသာ ကျန်တော့သည်။

ထိုဆေးလုံး သုံးလုံးကို ချန်မင်မင်က သိမ်းဆည်းထားခဲ့သည်။

ယခုမူ ထိုဆေးလုံးများ ပျောက်ဆုံးနေပြီတကား။

ချန်မင်မင်သည် မကျေမနပ်ဖြင့် ကုဟုန်ချန်းအား ပြစ်တင်ကြိမ်းမောင်းလေတော့သည်။

"ကျွန်မ သိမ်းထားတယ်ဆိုရင် ကျွန်မအခန်းထဲမှာပဲ ရှိရမှာပေါ့၊ အခုတော့ ပျောက်နေပြီ၊ အိမ်ထဲမှာရှိတဲ့ ပစ္စည်း ဘာကြောင့်ပျောက်ရတာလဲ၊ ဒီအတိုင်းဆိုရင် လူတွေပါ ပျောက်ကုန်လိမ့်မယ်"

သူမသည် ဒေါသတကြီး အော်ငေါက်နေသည်ကို ကုဟုန်ချန်းတစ်ခွန်းမျှ မပြောဘဲ ခေါင်းငုံ့နေသည်။

အကယ်၍ ပစ္စည်းတစ်ခုခု ပျောက်ရှခဲ့ပါလျှင် ပစ္စည်းထိန်းချုပ်တွင် တာဝန်ရှိသည် မဟုတ်ပါလား။

ထိုစဉ် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဒေါသမကြီးနဲ့လေ၊ သိုင်းပညာတိုးတက်ဖို့အတွက် ဆေးဝါးတွေကိုချည်း အားကိုးလို့မှ မရတာ"

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် ဝါယင်လုံနှင့် ချန်မင်မင်တို့ ပြိုင်တူလှည့်ကြည့်မိလိုက်ကြသည်။ ထိုအခါ အခန်းထဲတွင် လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့ရ၏။

မည်သည့်အချိန်က ရောက်နေမှန်းမသိ။ ထိုသူဝင်လာသည့်ခြေသံကိုပင် မကြားခဲ့ရချေ။



ဝါယင်လုံ ရင်ထိတ်သွားသည်။

ထိုလူ၏ ကိုယ်ဖော့ပညာသည် သူတို့ထက် အဆပေါင်းများစွာသာကြောင်း ရိပ်မိလိုက်သည်။

ထိုလူမှာ အဘိုးအိုတစ်ယောက် ဖြစ်နေသည်။ အဘိုးအိုအားတွေ့ရသည်နှင့် ချန်မင်မင်က ဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။

"ဟင် ... ဘိုးဘိုး ပြန်လာပြီ"

အဘိုးအိုသည် ချင်ယွင် ဖြစ်သည်။

ချင်ယွင်က ချန်မင်မင်ကို ပြုံးကြည့်ရင်း ...

"ဘာဆေးတွေ ပျောက်နေတာလဲ"

ချန်မင်မင်က ...

"ကျွန်မတို့ရဲ့ ထိပ်တန်းဆေးလုံးလေ၊ သူခိုး သူခိုးသွားပြီဘိုးဘိုးရဲ့"

ချင်ယွင်က ပြုံးကာမေးလေ၏။

"ငါ့မြေးက အဘိုးကို သူခိုးလို့ ပြောတာလား"

"ရှင် ..."

ချန်မင်မင် ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။

ဝါယင်လုံသည် ချင်ယွင်၏ စကားသံကြားရသည်နှင့် သူ့အားသစ်ပင်တွင် ဇောက်ထိုးဆွဲကာ ချုပ်နှောင်ထားခြင်းခံရစဉ် သိုင်းပညာသင်ပေးသွားသူ ဖြစ်ကြောင်း ချက်ချင်း အမှတ်ရလာလေ၏။

ထိုင်ရာမှထကာ လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်မိသည်။

"ဘိုးဘိုးကို ဂါရဝပြုပါတယ်"

ချင်ယွင်က လက်ကာပြရင်း ...

"နေပါကွယ်၊ ရပါတယ်"

သူသည် ပြောရင်း ချန်မင်မင်ဘက်လှည့်ကာ မေးလိုက်၏။

"ငါ့မြေးက ဘာကြောင့် ထိပ်တန်းဆေးလုံး ရှာနေရတာလဲ"

"ဘိုးဘိုး ဘာဖြစ်လို့ ဆေးကိုယူထားတာလဲ၊ ဘိုးဘိုးသုံးတာ မဟုတ်ဘဲနဲ့"

"ဒါကတော့ကွာ၊ လိုအပ်တဲ့လူတွေ့ရင် အသုံးပြုဖို့ လိုရ မည်ရ ဆောင်ထားတာပေါ့၊ ငါ့မြေးလိုချင်ရင် ဘိုးဘိုးပြန်ပေးမှာပါ"

အမှန်တော့ သိုင်းလောကမှ ထိပ်တန်းသိုင်းသမားများမှာ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ကြသည်ကို သူသိထားသည်။

ထိုသို့ ပျောက်ဆုံးသွားသော သိုင်းသမားများမှာ တစ်စုံတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ လက်ချက်ကြောင့် အဖမ်းခံနေရခြင်း ဖြစ်နိုင်သည်ဟု ယူဆမိသည်။

သို့ဖြစ်၍ သွားရင်းလာရင်း မမျှော်လင့်ဘဲ ပြန်တွေ့၍ ကယ်တင်နိုင်ခဲ့ပါလျှင် ထိုထိပ်တန်း ဆေးလုံးကလေးများ တိုက်ကျွေးရန် လိုအပ်သည်။

ထို့အတွက် သူက ကြိုတင်ဆောင်ထားခြင်းဖြစ်ပါသည်။

ချင်ယွင်က ကုဟုန်ချန်းအား လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"မင်းသွားနိုင်ပြီ၊ မင်းမှာ ဘာမှအပြစ်မရှိဘူး၊ ကျုပ်တို့အတွက် ရေနွေးတစ်အိုး တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်ပါ"

"အမိန့်အတိုင်းပါ သခင်ကြီး"

ကုဟုန်ချန်း ထွက်သွားပြီး မကြာမီ လုလင်တစ်ယောက် ရောက်လာကာ ရေနွေးကြမ်းနှင့် မုန့်များ ချထားပေးသည်။



ချင်ယွင်သည် ရေနွေးကြမ်းနှင့်မုန့်များ ဖြည်းဖြည်းချင်း စားသောက်နေလိုက်သည်။

စားသောက်ပြီးသည်နှင့် သူက ရုတ်တရက် ပြောသည်။

"ငါ သွားစရာရှိသေးတယ်"

သူထွက်သွားရန် ဟန်ပြင်လိုက်သည်။

ချန်မင်မင် အခက်ကြုံနေ၏။

ဝါယင်လုံ အဆိပ်မိထားသည့်အတွက် အတွင်းအားထုတ်မသုံးနိုင်ချေ။

အတွင်းအားတိုးဆေး သောက်လိုက်လျှင် အတွင်းအားထုတ်သုံးသော်လည်း ချက်ချင်းအဆိပ်ပြန်ထလာမည် မဟုတ်ပါ။

အဆိပ်ကို ထိန်းချုပ်မြဲထိန်းချုပ်ထားနိုင်စွမ်း ရှိပေလိမ့်မည်။

ထို့ကြောင့် ဆေးလုံးကလေးများကို အငိုရှိနေ၏။

ချန်မင်မင် ငေးငိုင်နေသည်ကို တွေ့ရလျှင် ချင်ယွင် မျက်မှောင်ကြုတ်သွားပြီး ...

"ငါ့မြေး ... မင်း ဘယ်လိုဖြစ်နေတာလဲ"

ချန်မင်မင်က သက်ပြင်းချကာ ...

"ကျွန်မ ဆေးလုံးလိုချင်လို့ပါ"

"မင်းက ဘာလုပ်မလို့လဲ၊ အရမ်းကာရော မသုံးမိဖို့ အရေးကြီးတယ်ကွယ့်"

"အရမ်းသုံးမှာ မဟုတ်ပါဘူး၊ သူ့မှာ အဆိပ်မိထားလို့ပါ"

ဝါယင်လုံအား ညွှန်ပြရင်း ပြောလိုက်လေသည်။

ချင်ယွင်က ဝါယင်လုံအား အကဲခတ်ကြည့်နေပါသည်။

ပြီးလျှင် မည်သို့မည်ပုံ အဆိပ်မိကြောင်း မေးမြန်းလာတော့၏။

ဝါယင်လုံကလည်း သူဆိပ်မိခဲ့သည့်အကြောင်းများကို ပြောပြလိုက်သည်။

ချင်ယွှင်သည် သူပြောသည့် စကားများကို အလေးအနက်ထား၍ နားထောင်နေသည်။

ဝါယင်လုံ၏ စကားဆုံးသွားသောအခါ ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေ၏။

အတန်ကြာအောင် စကားမပြောဘဲ ငြိမ်သက်နေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အရှေ့ဆီတွင် ရောင်နီများ သန်းလာပြီဖြစ်သည်။

မကြာမီ မိုးစင်စင်လင်းပေတော့မည်။

ချင်ယွှင်ထံမှ သက်ပြင်းချသံ ထွက်ပေါ်လာ၏။

"မင်းအဆိပ်မိတာဟာ တယ်လည်း ထူးဆန်းပါလား၊ ကဲ... တို့ဟစ်နေရာသွားကြရအောင်"

သူက ဝါယင်လုံ၏ အဆိပ်ကို ကုသပေးရန် ခေါ်နေကြောင်း ချန်မင်မင် သိလိုက်၏။

ထို့ကြောင့် ကြားဝင်ပြောလိုက်လေသည်။

"ဘိုးဘိုး... သမီးလည်း လိုက်မယ်"

ချင်ယွှင် ခေါင်းခါယမ်းလိုက်လေသည်။

"ဘယ်သူမဆို လိုက်လို့ရတယ်၊ ဒါပေမယ့် ငါ့မြေးတော့ လိုက်လို့မရဘူး"

"ဘာဖြစ်လို့လဲ ဘိုးဘိုးရဲ့"



"ငါ့မြေးဝင်ရှုပ်မှာ စိုးရိမ်လို့ပေါ့"

ချန်မင်မင် နှုတ်ခမ်းစူလိုက်သည်။

"သမီး ဝင်မရှုပ်ပါဘူး၊ ကတိပေးပါတယ် ဘိုးဘိုးရယ်"

"မဟုတ်သေးဘူး၊ အဆိပ်ကုသတယ်ဆိုတာ ပင်ပန်းတယ်၊ ရက်စက်တယ်၊ မင်းမြင်ရင် ဝင်မရှုပ်ဘဲ နေနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် လိုက်လို့မရဘူး"

ချင်ယွှင်က သူ့အားခေါ်သွားမည်ဟု သိရလျှင် ဝါယင်လုံက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုရင်းပြောလိုက်သည်။

"ဘိုးဘိုး... ကျွန်တော် စကားတစ်ခွန်း ပြောပါရစေ"

ချင်ယွှင်က သူ့အားကြည့်လိုက်ပြီး...

"မင်း ဘာပြောချင်လို့လဲ"

"ကျွန်တော် ကျူးယင်ဂိုဏ်းချုပ်နဲ့ ချိန်းထားတဲ့ကိစ္စ ရှိပါသေးတယ်၊ ဒီကနေ့ည သွားရပါလိမ့်မယ်"

ချင်ယွှင် လက်ကာပြလိုက်သည်။

"ကိစ္စမရှိဘူး၊ သူများကိစ္စထက် ကိုယ့်ကိစ္စက ပိုပြီး အရေးကြီးတယ် မဟုတ်လား"

ဝါယင်လုံ လက်မခံနိုင်ချေ။

သူ၏ခံယူချက်ကို ပြောပြလိုက်သည်။

"ကျွန်တော် လာမယ်လို့ ကတိပေးထားပါတယ် ခင်ဗျာ၊ ကတိမတည်တဲ့သူဟာ ဘယ်နေရာမှာ အသုံးကျမှာမဟုတ်ပါဘူး၊ ကျွန်တော် ချိန်းထားတဲ့အတိုင်း သွားပါရစေ၊ ဘိုးဘိုးဆီကို အချိန်မီ လာခဲ့ပါ့မယ် ခင်ဗျာ"

ချင်ယွင် သဘောကျစွာ ပြုံးလိုက်သည်။

ဝါယင်လုံအား သူနှစ်သက်သဘောကျသွားပြီ ဖြစ်သည်။

လူငယ်သော်လည်း ကတိသစ္စာတည်ကြည်ပြီး သတ္တိရှိကြောင်း သူသိလိုက်ရပြီ မဟုတ်ပါလား။

ထို့ကြောင့် ခွင့်ပြုလိုက်သည်။

"ကောင်းပြီလေ ... မင်း သွားစရာရှိတာ အရင်သွားပေါ့၊ ပြီးရင် ကျုပ်ဆီကိုလာခဲ့ပါ"

"ဟုတ်ကဲ့ ... ကျွန်တော် ဘယ်ကိုလာရမယ်ဆိုတာ အမိန့်ရှိပါ ခင်ဗျာ"

မြို့တောင်ဘက် မြို့ပြင်ကို လာခဲ့၊ ငါစောင့်နေမယ်"

"ဟုတ်ကဲ့ ..."

ချင်ယွင်က အင်္ကျီအိတ်ထဲမှ ပုလင်းကလေးတစ်လုံး နှိုက်ယူကာ ချန်မင်မင်ထံသို့ ပစ်ပေးလိုက်၏။

"ဟောဒီမှာ မင်းရဲ့ ထိပ်တန်းဆေးလုံး"

ချန်မင်မင်မှာ ဆေးလုံးများ ပြန်ရ၍ ဝမ်းသာသွားလေတော့သည်။

ဆေးပုလင်းပေးပြီးလျှင် ချင်ယွင်လည်း အခန်းတွင်းမှ ထွက်ခွာသွားလေတော့၏။

အလာတုန်းကလို ပေါ့ပါးသွက်လက်စွာ ထွက်ခွာသွားရာ လေတိုးသံပင် မကြားလိုက်ရဘဲ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ချင်ယွင် ထွက်သွားလျှင် ချန်မင်မင်နှင့် ဝါယင်လုံတို့ ငြိမ်တူ သက်ပြင်းချလိုက်မိကြလေတော့သည်။



ချန်မင်မင်သည် သူမ၏ဖခင်အခန်းကို ဝါယင်လုံအား ပေး၍ အနားယူစေသည်။

ထိုအခန်းသည် လူမနေသည်မှာ ကြာပြီဖြစ်သော်လည်း အမြဲတစေ သန့်ရှင်းထားသဖြင့် သန့်သန့်ပြန့်ပြန့် ဖြစ်နေ၏။

အချိန်ကလေးရခိုက် အနားယူခိုင်းခြင်း ဖြစ်သည်။

ဝါယင်လုံလည်း ညက အိပ်ရေးပျက်ထား၍ ဘာမှ စဉ်းစားမနေတော့ဘဲ အိပ်ချလိုက်သည်။

သူ့အား ချန်မင်မင်က နှိုးသောအခါ အတော်ပင် နေမြင့်နေပြီဖြစ်ပါသည်။

ချန်မင်မင်သည် ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

ဧည့်ခန်းတွင် စားသောက်ဖွယ်ရာများ အသင့်ပြင်ဆင်ထားလေသည်။

ဝါယင်လုံလည်း မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ဧည့်ခန်းဆောင်ထဲ ဝင်လာသည်။

ထို့နောက် ချန်မင်မင်နှင့်အတူ နံနက်စာ စားသောက်လိုက်ကြ၏။

စကားသောက်ပြီးစီးသွားသောအခါ ချန်မင်မင်က ဖမ်းချုပ်သိုင်းကွက်နှင့် 'ဆင်လေးကောင်' သိုင်းကွက်ကို သင်ပေးသည်။

ဝါယင်လုံလည်း မတတ်သာဘဲ သင်ယူလိုက်ရ၏။

သူတို့နှစ်ယောက် တစ်နေ့လုံး ပျော်ရွှင်စွာ ရယ်ရယ်မောမော စကားပြောရင်း အချိန်ကုန်ဆုံးခဲ့သည်။

ချန်မင်မင်သည် ဝါယင်လုံနှင့်အတူ လိုက်သွားလိုသည်။

မေစုကလည်း တစ်ယောက်တည်းလာရန် မှာခဲ့သည်။

ထို့ကြောင့် လိုက်၍မဖြစ်ချေ။

ချန်မင်မင်သည် ဝါယင်လုံအတွက် စိတ်မချချေ။

မတော်တဆ တိုက်ပွဲဖြစ်ပွားလာလျှင် ဝါယင်လုံ ခြေမနိုင် လက်မနိုင်ဖြစ်မည်ကို တွေးတောစိုးရိမ်မိသည်။

နောက်ဆုံး ဝါယင်လုံက ဖြောင်ကျကျသွားပြီး ချန်မင်မင်က တိတ်တဆိတ်လိုက်ခဲ့ရန် သဘောတူလိုက်ကြသည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားလေ၏။

မကြာမီ နေဝင်ပေတော့မည်။

ရွှေအိုရောင် နေရောင်ခြည်သည် ကမ္ဘာမြေပေါ်သို့ တိမ်းစောင်းကျလာသည်။

ညနေဆည်းဆာအချိန်ရောက်သည်နှင့် ဝါယင်လုံက မေစုချိန်းဆိုရာသို့ ထွက်လာခဲ့လေ၏။

ချန်မင်မင်မှာ ဝါယင်လုံ၏နောက်မှ တိတ်တဆိတ် နောက်ယောင်ခံလိုက်ခဲ့သည်။

မကြာမီ ...

မေစု ချိန်းဆိုထားရာသို့ ရောက်ရှိသွားသည်။

ဝါယင်လုံအား မေစုကိုယ်တိုင် ထွက်ကြိုခြင်းမရှိပါ။

သူ့အား လာရောက်ကြိုဆိုသူများမှာ မေစု၏ ကျူးယင်ဂိုဏ်းသားများ ဖြစ်ကြသည်။

ကျူးယင်ဂိုဏ်းမှ စည်းရုံးရေးမှူး စစ်စစ်စန်းသာ ရာထူးအကြီးဆုံး ပါရှိသည်။



ဝါယင်လုံ မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

"ဂိုဏ်းချုပ်ကိုယ်တိုင် ဘာကြောင့် လာမကြိုတာလဲဗျ"

သူ့အပေါ် တမင် အာရုံစိုက်လာအောင် ပြုလုပ်လိုက်ခြင်းဖြစ်သည်။

သို့မှသာ တိတ်တဆိတ် နောက်ယောင်ခံ လိုက်လာသော ချန်မင်မင်ကို မည်သူမျှ သတိပြုမိကြမည် မဟုတ်ချေ။

စစ်စစ်စန်းက ...

"ဂိုဏ်းချုပ်ကိုယ်တိုင် ထွက်မကြိုတော့ ခင်ဗျား မလာတော့ဘူးလားဗျ"

ဝါယင်လုံက ပခုံးတွန့်ကာ ...

"သူက ဂိုဏ်းချုပ်ဆိုတဲ့ အရှိန်အဝါနဲ့ ဟန့်လုပ်နေတယ်ထင်ပါရဲ့၊ ကျုပ် အပြစ်မပြောတော့ပါဘူးဗျာ"

ပြောပြောဆိုဆို စစ်စစ်စန်းတို့နှင့် လိုက်သွားသည်။

စစ်စစ်စန်းသည် ဝါယင်လုံအား ငယ်သားများ ခြံရံစေပြီး ခေါ်ဆောင်သွားသည်။

မကြာမီ သူတို့သည် မြို့စွန်အဆောက်အအုံတစ်ခုသို့ ရောက်ရှိသွားကြလေ၏။

အဆောက်အအုံရှေ့တွင် မေစုကိုယ်တိုင် ထွက်၍ကြိုဆိုနေသည်။

သူမ၏အနောက်ဘက်တွင် 'လိကျိုရိ' နှင့် 'ကော့ထင်းလု' တို့ ရှိနေကြ၏။

ဝါယင်လုံက မေစုကိုကြည့်လိုက်သည်။

မေစုသည် သူ့အား ပြုံးရွှင်သော မျက်နှာထားနှင့် ကြိုဆိုရင်း တောင်းပန်သည်။

"ကျွန်မ ထွက်လာပြီး မကြိုဆိုတာ ခွင့်လွှတ်ပါရှင်"

ဝါယင်လုံလည်း သက်ပြင်းချကာ လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်လေ၏။

"ကျုပ်လည်း နည်းနည်းနောက်ကျသွားတယ်၊ ခွင့်လွှတ်ပါဗျာ"

မေစု၏ ချိုသာစကားသံကို ယခုတစ်ကြိမ်သာ ကြားဖူး၍ အံ့သြနေပြီး အပြစ်မတင်နိုင်တော့ချေ။

အဆောက်အအုံထဲသို့ ဝင်လိုက်လျှင် စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသည်ကို တွေ့မြင်ရသည်။

အစေအပါးများလည်း အဆင်သင့်ရပ်နေကြသည်။

မေစု၏လက်စွဲတော်. ရှောင်မေတို့ဖြစ်ကြသည်။

အဆောက်အအုံအတွင်း၌ မီးရောင်များ ထိန်ထိန်လင်းအောင် ထွန်းညှိထားသည်။

မေစုက ...

"ကဲ ... ပြောစရာရှိတာ နောက်မှပြောကြတာပေါ့၊ စားစရာ သောက်စရာရှိတာ အလျင်စားလိုက်ပါဦးရှင်"

ဝါယင်လုံ မငြင်းပယ်နိုင်ချေ။

မေစုက သူ့အား ကောင်းကောင်းမွန်မွန် ပြုစုဧည့်ခံနေသည်ကို မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

မေစုကလည်း သူနှင့်အတူ ဝင်၍ စားသောက်သည်။

စားသောက်ရင်း ဝါယင်လုံ ကြိတ်၍တွေးမိသည်။



"အင်း ... သူ့မှာ အကြံအစည်တစ်ခုခုများ ရှိနေသလား မသိဘူး၊ အခြေအနေ စောင့်ကြည့်ဦးမှ"

သူသည် စကားမပြောဘဲ အခြေအနေစောင့်ကြည့်နေလိုက်၏။

အတန်ကြာ စားသောက်ပြီးစီးသွားသောအခါ မေစုက စကားစလိုက်လေသည်။

"ရှင် ကျွန်နန်းသမားတော်အကြောင်း သိချင်သလား"

ဝါယင်လုံ ပြုံးလိုက်ပြီး ...

"ဒါကို မေးစရာမလိုပါဘူးဗျာ၊ ကျုပ် ဒီကို ဘာကြောင့်လာတယ်ဆိုတာ ခင်ဗျား သိပြီးသားပဲ"

မေစု မဲ့ပြုံး ပြုံးလိုက်သည်။

"ရှင်က ကျွန်မ ပြောမယ်လို့ မျှော်လင့်ထားတယ်ပေါ့"

"ဟုတ်တယ်"

"ကျွန်မ ပြောမယ်ထင်သလား"

"ဒါတော့ ခင်ဗျားအပေါ် မူတည်ပါတယ်၊ ကျုပ်က ခင်ဗျား ပြောမယ်လို့ မျှော်လင့်ပြီး လာခဲ့တာပါ"

မေစု မျက်နှာတည်ကြည်သွားသည်။ တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ မပြောဘဲနေရန် ဆုံးဖြတ်လိုက်ပုံရလေသည်။

"ရှင့်ကို ပြောပြမလို့ပါပဲ၊ ကျွန်နန်းသမားတော်ကို ကြယ်တံခွန်ဂိုဏ်းနဲ့ ရှန်းမုံဂိုဏ်းက ဖမ်းသွားကြတယ်"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"ဒါကို ကျုပ်သိပြီးပါပြီ"

"ဒါဖြင့် ရှင် ဘာသိချင်တာလဲ"

"သူတို့ ဘယ်မှာဖမ်းထားကြတယ်ဆိုတာ သိချင်တယ်"

မေစု ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မပြောမယ်လို့ စိတ်ကူးထားပေမယ့် မပြောတော့ဘူး"

"ဗျာ . . ."

ဝါယင်လုံ အံ့သြသွားသည်။

မေစုကို နားမလည်နိုင်စွာကြည့်ကာ မေးလိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

"အန္တရာယ်များတယ်လေ၊ သူ့ကို ဖမ်းထားတဲ့နေရာ သိရင် ရှင်သွားကယ်မှာပဲမဟုတ်လား၊ ရှင့်အတွက် အန္တရာယ် များတယ်၊ ဒါကြောင့် ကျွန်မ မပြောတော့ဘူး"

ဝါယင်လုံ စိတ်ပျက်သွားလေတော့သည်။

သို့သော် စိတ်ကို ချုပ်ထိန်းထားလိုက်ပြီး . . .

"ကောင်းပြီလေ . . . ခင်ဗျား မပြောရင်လည်း နေပါ၊ ကျုပ်က တော့ ကတိအတိုင်း လာခဲ့တာပါ"

မေစု အံ့သြသွားသည်။

"ဘယ်လို . . . ကတိကြောင့် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကျုပ်က လာမယ်လို့ ကတိပေးထားတဲ့ အတွက် လာခဲ့တာပဲ"

မေစု မဲ့ပြုံး ပြုံးကာ . . .

"ရှင်က သိုင်းပညာအားကိုးနဲ့ ကျွန်မတို့ကို မကြောက်လို့ လာတာမဟုတ်လား၊ ဒီမှာရှိတဲ့ လူတွေ သိုင်းပညာအဆင့် ဘယ် လောက်ရှိတယ်ဆိုတာ ရှင်မသိဘူး မဟုတ်လား"



ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

"မင်း ဒီလိုထင်ရင် မှားမှာပေါ့၊ ဒီမှာရှိတဲ့သူတွေ သိုင်းပညာ အဆင့်မြင့်မှန်း ကျုပ်သိပါတယ်"

မေစု ကျေကျေနပ်နပ် ပြုံးလိုက်သည်။

ဝါယင်လုံက သတိထားနေလိုက်၏။

သူ့အား ရုတ်တရက် တိုက်ခိုက်လာနိုင်ကြောင်း နားလည် သဘောပေါက်လိုက်၍ ဖြစ်ပါသည်။

သို့သော် မည်သူမျှ တိုက်ခိုက်လာခြင်း မရှိချေ။

မေစုက သက်ပြင်းချလိုက်သည်။

"ရှင် တကယ်ပြောတာလားရှင့်"

"ကျုပ်က ဘာကြောင့် ညာပြောရမှာလဲ"

"အင်း . . . ဒီလိုဆိုရင်တော့ ရှင်ဟာ အမှန်ကို အမှန်အတိုင်း မြင်တတ်သားပဲ၊ တကယ်လို့များ ရှင်က သူတို့နဲ့ တိုက်ခိုက်ရမယ် ဆိုရင် ဘယ်သူ့ကိုရွေးမလဲ"

အသင့်ရပ်နေကြသော လိကျိုးရိတို့ကို ညွှန်ပြကာ မေးလိုက် ခြင်း ဖြစ်လေသည်။

ဝါယင်လုံ ခေါင်းခါယမ်းလိုက်ပြန်သည်။

"ကျုပ်က တိုက်ခိုက်ဖို့လာတာမှ မဟုတ်ဘဲ၊ ရွေးချယ်စရာမလို ဘူး ထင်တယ်"

ထိုစကားကြားရလျှင် သူ့အား စောင့်ကြည့်နေသော လိကျိုးရိ တို့၏မျက်နှာများတွင် ပြုံးရောင်သန်းသွားကြ၏။

ဝါယင်လုံကို အထင်သေးသည့်သဘော ဖြစ်သည်။

ဝါယင်လုံက တမင် မသိဟန်ဆောင်နေလိုက်သည်။

မေစု သက်ပြင်းချရင်း ...

"ရှင်ဟာ တော်တော့်ကို အံ့သြစရာကောင်းနေပြီ"

"မအံ့သြပါနဲ့ဗျာ၊ ကျုပ်မှာ လုပ်စရာလေးတွေ ရှိသေးတယ်၊ ဒါကြောင့် ယီစန်းသက်ရဲ့အကြောင်း မပြောပြနိုင်ရင်လည်း ကျုပ်ကို သွားခွင့်ပြုပါ"

ပြောရင်း ထိုင်ရာမှ ထလိုက်၏။

ထိုစဉ် လီကျိုရှိနှင့် ကော့ထင်းတုတို့သည် မေစုအား ဂါရဝ ပြုလိုက်ကြပြီး သူ့ထက်ဦးအောင် အပြင်သို့ ထွက်သွားကြသည်ကို တွေ့ရ၏။

အပြင်ဘက်မှနေ၍ ထွက်မသွားနိုင်အောင် ဟန့်တားကြလိမ့် မည်ဟု ဝါယင်လုံ တွေးမိသည်။

သို့သော် သူ ထိတ်လန့်ကြောက်ရွံ့ခြင်း မဖြစ်မိချေ။

အန္တရာယ်ကိုကြောက်လျှင် ဤနေရာသို့ သူလာခဲ့မည်မဟုတ် ပါ။

သူတို့နှစ်ယောက် သွားပြီး မကြာမီ ဝမ်းပင်နှင့် စစ်စစ်စန်းတို့ လည်း မေစုကို ဦးညွှတ်ကာ ထွက်သွားကြသည်။

ထိုသို့ ထွက်သွားကြ၍ အဆောင်အတွင်းဝယ် စုမေ၊ ဝါယင်လုံ နှင့် အိမ်ဖော်များသာ ကျန်ရစ်ခဲ့ကြလေတော့သည်။

စာစဉ်(၄) ပြီး၏

တက္ကသိုလ်နေလင်းအောင်